# Weekly ELEVEN NEWS

No 14 Vol. 7 January 4 Wednesday 2012


# ထင်ရှားကျော်ကြား ၂၀၁၁

## Person of the Year
## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အထူးအချပ်ပို (A) သို့






## မြစ်ဆုံအရေးကိစ္စနှင့် နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်

အထူးအချပ်ပို (A) သို့

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးတွေ့ဆုံမှု

အထူးအချပ်ပို (E) သို့

## အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ရရှိခြင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် လာရောက်ခြင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်ခြင်း

အထူးအချပ်ပို (B) သို့



## အမျိုးသားပြန်လည်သင့်မြတ်ရေး၊ NLD ပါတီ မှတ်ပုံတင်ရန် ဆုံးဖြတ်ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အခန်းကဏ္ဍ

အထူးအချပ်ပို (E) သို့



## လွှတ်တော်အတွင်း ဒီမိုကရေစီကျင့်သုံးမှု ပိုမိုပြင်လာသည့် ပထမအကြိမ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများ

အထူးအချပ်ပို (M) သို့



SPECIAL ISSUE

www.news-eleven.co

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


## စာဖတ်သူများသို့

မိမိတို့ သိရှိရရှိထားသော သတင်းအချက်အလက်များ၊ မိမိတို့ကိုယ်တိုင် တွေ့ကြုံခံစားရသော အခက်အခဲနှင့်နစ်နာမှုများကို အောက်ပါဖုန်းနံပါတ်နှင့် လိပ်စာများသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ထိုသို့ပေးပို့ရာတွင် အချက်အလက် မှန်ကန်တိကျခိုင်လုံမှုအတွက် ပေးပို့အကြောင်းကြားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို ထည့်သွင်းပေးစေလိုပါသည်။ သို့သော် သက်ဆိုင်ရာသတင်းရင်းမြစ်၏အမည်အား ကာယကံရှင်ခွင့်ပြုချက်မရပါက ထည့်သွင်းဖော်ပြမည်မဟုတ်သလို၊ သတင်းရင်းမြစ်နှင့်ပတ်သက်သော လျှို့ဝှက်အပ်သည်များကို မီဒီယာကျင့်ဝတ်အတိုင်းစောင့်ထိန်းပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ လတ်တလောတွင် သတင်းအဖြစ် ဖော်ပြနိုင်ခြင်းမရှိသေးပါကလည်း မှတ်တမ်းများအဖြစ် သိမ်းဆည်းပေးထားမည်ဖြစ်ပါသည်။

*အယ်ဒီတာအဖွဲ့*


ဆက်သွယ်ရန်ဖုန်းနံပါတ် - ၄၀၁၄၁၁၊ ၀၉-၇၃၀၉၅၇၈၉၊ ၀၉-၅၁၁၀၄၈၄၊ ၀၉-၇၃၀၅၂၄၅၅
ဆက်သွယ်ရန် လိပ်စာ - အမှတ် (၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
e-mail: editors@weeklyeleven.com, waiphyofirst11@gmail.com, waiphyo@weeklyeleven.com



| | |
|---|---|
| အယ်ဒီတာချုပ် | ဝေဖြိုး |
| အမှုဆောင်အယ်ဒီတာ | သန်းဇော်ထွန်း |
| သတင်းထောက်ချုပ် | မာန်သူရိန် |
| အကြီးတန်းအယ်ဒီတာ | ဇော်ဇော်အောင်၊ အငယ်ထွေး၊ အောင်စည်ဟိန်း၊ ဟိန်းမင်းလတ်၊ ဖြူနု၊ နေထွန်းနိုင်၊ ကျော်ဇေယျ၊ ဇေဝင်းနောင် |
| အကြီးတန်းသတင်းထောက် | လင်းလင်းခိုင်၊ ယုလွင်စိုး၊ ရတနာဦး၊ ကျော်ထင်၊ ဝေယံဖြိုးဦး၊ ဝင်းမြင့်ကျော်၊ မင်းသီဟဇော်၊ မေသူကျော်၊ စည်သူအောင်၊ ချမ်းမြေ့သူ |
| မျက်နှာဖုံးဒီဇိုင်း | မြင့်မောင်ကျော် |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | ELEVEN MEDIA GROUP |
| ကြော်ငြာမန်နေဂျာ | သန္တာအောင် |
| မန္တလေးရုံးခွဲ | |
| တာဝန်ခံ | စိုးထက်ခိုင် |
| နေပြည်တော်ပျဉ်းမနားရုံးခွဲ | |
| တာဝန်ခံ | နေရိုင်း |
| ထုတ်ဝေသူ | Eleven Media Group (ယာယီ/၁၀၅၉) |
| ပုံနှိပ်သူ | Eleven Press (ယာယီ/၁၆၃၉) |
| စောင်ရေ၊ တန်ဖိုး | ၁၅၀၀၀၊ ၃၅၀ ကျပ် |
| ဖြန့်ချိရေးနှင့်ဂျာနယ်တိုက် | အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄ |


## To Our Readers

ယခုတစ်ပတ်ထုတ် Weekly Eleven News ဂျာနယ် အတွဲ(၇) အမှတ်(၁၄) တွင် ၂၀၁၁ ခုနှစ် နှစ်ချုပ်အဖြစ် "ထင်ရှားကျော်ကြား ၂၀၁၁" ကဏ္ဍကို အထူးအချပ်ပိုစာမျက်နှာ (၂၄)မျက်နှာဖြင့် ထည့်သွင်းဖော်ပြထားကြောင်း အသိပေးအပ်ပါသည်။

# ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက မီဒီယာများနှင့် ပထမဆုံးအကြိမ်တွေ့ဆုံ



ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် ဖွဲ့စည်းခဲ့သည့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသည် ဒီဇင်ဘာလ ၂၉ ရက်နေ့က အဆိုပါကော်မတီရုံးခန်းတွင် မီဒီယာများနှင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့သည်။

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အဓိကတာဝန်မှာ နိုင်ငံတော်အတွင်းဥပဒေနှင့်ညီညွတ်သောဖြောင့်မတ်မှန်ကန်ပြီး အဂတိတရားကင်းစင်သော တရားစီရင်မှုဖြစ်ထွန်းလာစေရန် ပံ့ပိုးပေးခြင်း၊ ဥပဒေဘောင်အတွင်းနေထိုင်ကြသည့် ပြည်သူများ၏ ဘဝလုံခြုံမှုရရှိရန် ဆောင်ရွက်နေသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းများကို ကူညီပံ့ပိုးပေးရန်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံအသီးသီးမှာခက်မသုံးဖြာ အချုပ်အခြာအာဏာဆိုတာရှိပါတယ်။ ခက်မသုံးဖြာရဲ့ပထမမဏ္ဍိုင်ကတော့ ဥပဒေပြုရေးပဲဖြစ်ပါတယ်။ နိုင်ငံမှာလက်ရှိ ရှိနေတဲ့တည်ဆဲဥပဒေတွေကို ပြန်လည်စိစစ်၊ ဆက်လက်ကျင့်သုံးသင့်တဲ့ဥပဒေတွေကိုဆက်သုံး၊ အချို့ကို ပြင်ဆင်ဖြည့်စွက်၊ ဥပဒေသစ်တွေပြဋ္ဌာန်း သည်ဖြင့် ဆောင်ရွက်နေပါပြီ။ ပထမမဏ္ဍိုင်ဖြစ်တဲ့ ဥပဒေပြုရေးလုပ်ငန်းတွေ သက်ဝင်လှုပ်ရှားနေပါပြီ"ဟု တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောကြားခဲ့ပါသည်။

ဒုတိယမဏ္ဍိုင်ဖြစ်သည့်အုပ်ချုပ်ရေး(စီမံခန့်ခွဲရေး)ကို ပြည်ထောင်စုအစိုးရကတာဝန်ယူဆောင်ရွက်နေပြီး ဒီမိုကရေစီနှင့်အံဝင်ခွင်ကျဖြစ်စေမည့် အခွန်လျှော့ချခြင်း၊ ပယ်ဖျက်ခြင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်နေခြင်းစသည့် အုပ်ချုပ်မှုပုံစံများကို ပြောင်းလဲနေကြောင်း သိရသည်။

"တတိယမဏ္ဍိုင်ဖြစ်တဲ့ တရားစီရင်ရေးနဲ့ပတ်သက်လို့ ဒီမိုကရေစီနိုင်ငံသစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့်ပြုပြင်ပြောင်းလဲမှု "အရွေ့" မရွေ့သေးကြောင်း ပြည်တွင်းပြည်ပမီဒီယာတွေက သုံးသပ်ဝေဖန်ကြပါတယ်။ တရားရေးမဏ္ဍိုင်ယိမ်းယိုင်စေတဲ့အကြောင်းတွေကတော့ လွတ်လပ်သော တရားစီရင်ရေးစနစ်မရှိခြင်း(အမိန့်ပေးစနစ်လွှမ်းမိုးနေခြင်း)၊ ထင်သာမြင်သာသော တရားစီရင်မှုမရှိခြင်း၊ အဂတိလိုက်စားခြင်းတို့ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်က ကျယ်ဝန်းပါတယ်။ အောင်မြင်စွာဖော်ဆောင်နိုင်ဖို့ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရန် တရားဥပဒေစိုးမိုးဖို့လိုအပ်ပါတယ်။ တရားဥပဒေကို ညွှန်ကြားချက်က လွှမ်းမိုးထားရင်၊ ညွှန်ကြားချက်ကို နှုတ်မိန့်က လွှမ်းမိုးထားရင် တရားရေးမဏ္ဍိုင် တိမ်းစောင်းယိမ်းယိုင်သွားမှာဖြစ်ပါတယ်။ ဒီနေ့ဒီလွှမ်းမိုးမှုတွေ မရှိတော့ကြောင်း အတိအလင်းပြောကြားလိုပါတယ်"ဟု ဥက္ကဋ္ဌကဆက်လက်ပြောကြားခဲ့သည်။

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအနေဖြင့် မည်သည့်ဥပဒေများကို ပြင်ဆင်သွားဖို့ ရှိပါသလဲဟုမီဒီယာတစ်ခုမှမေးမြန်းချက်ကို "ဒီမိုကရေစီစနစ်ကို သွားနေတဲ့အတွက် ဒီမိုကရေစီနဲ့ ကိုက်ညီတဲ့ဥပဒေတွေ ပေါ်ပေါက်လာဖို့ ဆောင်ရွက်နေပါတယ်။ ၁၉၄၇ ဥပဒေဆိုရင် ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့တာပါ။ ၁၉၇၄ ဥပဒေဆိုရင်လည်း ဆိုရှယ်လစ်စနစ်ကို ကာကွယ်ပေးတဲ့ ဥပဒေဖြစ်ပါတယ်။ အရင်ဥပဒေတွေကို အခုခေတ်နဲ့ကိုက်ညီအောင် ပြင်ဆင်သင့်တာ ပြင်ဆင်မယ်၊ ဆက်သုံးသင့်ရင် ဆက်သုံးမယ်။ အခုတော့ ပထမဦးစားပေးအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးဥပဒေတွေကို ပြင်ဆင်နေပါတယ်။ ဒုတိယကတော့ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့အလုပ်ရှင်၊ အလုပ်သမားဥပဒေ၊ လယ်ယာမြေပိုင်ဆိုင်ခွင့်ဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေတွေကို ဥပဒေကြမ်းကော်မတီမှာလေ့လာပြင်ဆင်နေပါတယ်။ တခြားဥပဒေတွေကိုလည်းဒီနေ့ခေတ်နဲ့ကိုက်ညီအောင်ပြင်ဆင်နိုင်ဖို့အချက်အလက်တွေ ပြုစုနေပါတယ်" ဟု တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌသူရဦးအောင်ကိုက ပြောကြားခဲ့ပါသည်။

အဆိုပါကော်မတီတွင် အဖွဲ့ဝင် ၁၅ ဦးပါဝင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ နှစ်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၁ ဦးတို့ဖြစ်သည်။

# အကျဉ်းထောင်အတွင်း အစာငတ်ခံဆန္ဒပြခဲ့သောအကျဉ်းသားများနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်တွေ့ဆုံ အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ကော်မရှင်က ထပ်လောင်းတင်ပြ

အကျဉ်းထောင်အတွင်း အစာငတ်ခံဆန္ဒပြခဲ့သောအကျဉ်းသားများနှင့်မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်တို့ဒီဇင်ဘာ၂၇ရက်နှင့်၂၈ရက်တို့တွင် တွေ့ဆုံခဲ့ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့်အများပြည်သူအေးချမ်းသာယာရေးကိုထိပါးခြင်းမရှိနိုင်သည့် အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ကော်မရှင်ကနိုင်ငံတော်သမ္မတထံ ထပ်လောင်းတင်ပြခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌခေါင်းဆောင်ပြီးစုစုပေါင်းရှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့လည်းကောင်း၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် လှည်းကူးမြို့နယ်ရှိ လေှာ့လော်အင်းရဲဘက်စခန်းသို့လည်းကောင်း၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင်အဖွဲ့ဝင်လေးဦးပါကိုယ်စားလှယ်အဖွဲ့သည်မြစ်ကြီးနားအကျဉ်းထောင်သို့လည်းကောင်း သွားရောက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့သွားရောက်ခြင်းဖြင့် အကျဉ်းသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုနှင့် ပြစ်ဒဏ်အသီးသီးကျခံနေသည့် အကျဉ်းသားများ၏ အခြေအနေကို မျက်မြင်ကိုယ်တွေ့သိရှိလေ့လာခဲ့ကြောင်း သိရသည်။

အကျဉ်းထောင်အတွင်း၌ မကြာသေးမီက အစာအငတ်ခံဆန္ဒပြခဲ့ကြသောအကျဉ်းသားများကိုခွေးတိုက်၌ထားကြောင်း၊ နှိပ်စက်မှုပြုကြောင်း၊ သောက်ရေကိုပင် မပေးကြောင်းဖြင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စွပ်စွဲချက်များကို ကော်မရှင်တွင်လက်ခံရရှိခဲ့သည်ဟုသိရသည်။

ထို့ကြောင့် အကျဉ်းထောင်သို့ သွားရောက်စဉ်တွင်မကြာသေးမီက အစာငတ်ခံဆန္ဒပြခဲ့သော အကျဉ်းသားများအနက် သုံးဦးကို ကိုယ်စားလှယ်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

တွေ့ဆုံမေးမြန်းခဲ့သောအကျဉ်းသားများက ၎င်းတို့အား သောက်ရေမပေးခြင်းမှာမဟုတ်မှန်ကြောင်း၊ ဆန္ဒပြနေစဉ်နှင့် ဆန္ဒပြပြီးကာလနှစ်ရပ်စလုံးတွင်ဆေးဝါးပြုစုစောင့်ရှောက်မှုကိုစီစဉ်ပေးကြောင်း၊ ခွေးတိုက်၌ထားခြင်းမှာမဟုတ်မှန်ကြောင်း အကျဉ်းသားများကပြောကြားခဲ့သည်ဟု ကော်မရှင်၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

လေှာ့လော်အင်းရဲဘက်စခန်းသို့ သွားရောက်စဉ်တွင် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် စခန်း၌ ဆောင်ရွက်ပေးထားမှုများကို လေ့လာ၍ ရဲဘက်အချို့ကို တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ ရဲဘက်များက ၎င်းတို့၏အမြင်နှင့် စိုးရိမ်ပူပန်မှုတို့ကို ပွင့်လင်းစွာပြောကြားကြကြောင်း၊ ရဲဘက်စခန်းမှတာဝန်ရှိသူများကလည်းရဲဘက်များ၏တင်ပြချက်များကိုဆောင်ရွက်ပေးနိုင်ရန် မှတ်သားခဲ့ကြကြောင်း ကော်မရှင်က တရားဝင်သတင်းထုတ်ပြန်ခဲ့ပါသည်။

ထို့အတူအင်းစိန်အကျဉ်းထောင်၌ထားရှိသည့် အကျဉ်းသားအရေအတွက်သည်အများဆုံးထားရှိနိုင်သည့်အရေအတွက်ထက်များစွာကျော်လွန်လျက်ရှိကြောင်း၊ အကျဉ်းထောင်အတွင်း ကျပ်တည်းစွာနေထိုင်ရမှုသည်အကျဉ်းသားများအဆင်မပြေမှုများ၏ အခြေခံအကြောင်းတရားဖြစ်သဖြင့် အဆိုပါ အခြေအနေကို အချိန်မီ အရေးယူဆောင်ရွက်သင့်ကြောင်း ကော်မရှင်ကသုံးသပ်အကြံပြုခဲ့သည်ဟု သိရသည်။

တွေ့ဆုံမေးမြန်းခဲ့သောအကျဉ်းသားများအနေဖြင့် နိုင်ငံတော်သမ္မတက ထပ်မံ၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိမ့်မည်ဟုစိတ်အားထက်သန်စွာမျှော်လင့်နေကြကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ကော်မရှင်သည် ကျန်ရှိနေသော အကျဉ်းသားများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့်အများပြည်သူအေးချမ်းသာယာရေးကို ထိပါးခြင်းမရှိနိုင်သည့်အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့က နိုင်ငံတော်သမ္မတထံတင်ပြမေတ္တာရပ်ခံခဲ့ကြောင်း၊ အဆိုပါမေတ္တာရပ်ခံချက်ကို ကော်မရှင်ကလေးနက်စွာထပ်လောင်းတင်ပြကြောင်း သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

## ပြည်သူ့လွှတ်တော်တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းပြီးနောက် ဒေသအသီးသီးမှ တရားစီရင်ရေးနှင့်ပတ်သက်သည့် တိုင်ကြားစာ ၆၉ စောင် တိုင်ကြားလာကြောင်း သိရ

ပြည်သူ့လွှတ်တော်တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းပြီးနောက် ဒေသအသီးသီးမှ တရားစီရင်ရေးနှင့်ပတ်သက်သည့် တိုင်ကြားစာ ၆၉ စောင် တိုင်ကြားလာကြောင်း ဒီဇင်ဘာလ ၂၉ ရက်နေ့က မီဒီယာများနှင့် တွေ့ဆုံပွဲတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုကပြောကြားခဲ့သည်။

"ပြည်သူ့လွှတ်တော်မှာ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းလိုက်ကြောင်း သတင်းထုတ်ပြန်တဲ့ အချိန်ကစပြီး ဒေသအသီးသီးက တရားစီရင်ရေးနှင့် ပတ်သက်ပြီး ဥပဒေနှင့်မညီညွတ်မှုများ၊ ဘက်လိုက်မှုကြောင့် ယူဆရသော နစ်နာမှုများအတွက်တိုင်ကြားစာတွေအဆက်မပြတ်ရောက်ရှိလာပါတယ်။ ယနေ့အထိတိုင်ကြားစာပေါင်း ၆၉ စောင် ရောက်ရှိနေပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

အဆိုပါတင်ပြတိုင်ကြားစာများတွင် တရားမမှု ၂၉ မှု၊ ပြစ်မှုဆိုင်ရာအမှု ၃၆ မှုနှင့် အသနားခံစာ ၄ စောင် ပါဝင်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ၃၂ မှု၊ မန္တလေးတိုင်းဒေသကြီးမှ ၁၁ မှု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၈ မှု၊ ပဲခူးတိုင်းဒေသကြီးမှ ၅ မှု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄ မှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁ မှု၊ မကွေးတိုင်းဒေသကြီးမှ ၁ မှု၊ ရှမ်းပြည်နယ်မှ ၅ မှု၊ ချင်းပြည်နယ်မှ ၁ မှု၊ ရခိုင်ပြည်နယ်မှ ၁ မှုတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ တိုင်ကြားမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာများကို ဖတ်ကြားစိစစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူးများနှင့်တွေ့ဆုံပြီး အမှုတွဲ ၆၀ ကို တရားလွှတ်တော်ချုပ်က ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်ကြားစာများ ထိထိရောက်ရောက် တိုင်ကြားနိုင်ရန်နှင့် မည်ကဲ့သို့ တိုင်ကြားရမလဲ သိချင်ပါတယ်ဟု မီဒီယာတစ်ခုမှ မေးမြန်းချက်အပေါ် "တိုင်ကြားတဲ့အခါမှာ သက်သေအထောက်အထား ခိုင်မာမှုရှိရပါမယ်။ နစ်နာမှုရှိလို့ မတရားသဖြင့် ခံရလို့ဆိုပြီး တိုင်ကြားရင် ပြည်သူတွေ မနစ်နာအောင်လေ့လာစိစစ်ပြီးဒေသအသီးသီးက တာဝန်ရှိသူတွေနဲ့ညှိနှိုင်းဆောင်ရွက်သွားမယ်။ အခုဆိုရင် တိုင်ကြားစာ ၆၀ ရှိပါတယ်။ ပြန်လည်စိစစ်ပြီးရင် ဆက်လက်ဆောင်ရွက်စရာရှိတာတွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

*နေပြည်တော်သတင်းအဖွဲ့*

## ဥပဒေနှင့် မညီညွတ်ဘဲ အဂတိလိုက်စားပြီး စီရင်ချက်ချမှတ်သည့် တရားသူကြီးများကို အရေးယူနိုင်မည့် ဥပဒေကို ပြည်သူ့လွှတ်တော်သို့ တင်ပြ ပြဋ္ဌာန်းနိုင်ရန် စီစဉ်နေကြောင်းသိရ



တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက ရှင်းလင်းပြောကြားစဉ်

ဥပဒေနှင့်မညီညွတ်ဘဲ အဂတိလိုက်စားပြီးစီရင်ချက်များကိုချမှတ်သည့်တရားသူကြီးများကို အရေးယူနိုင်မည့်ဥပဒေမျိုးပြည်သူ့လွှတ်တော်သို့ တင်ပြပြဋ္ဌာန်းနိုင်ရန် စီစဉ်နေကြောင်း ဒီဇင်ဘာလ ၂၉ ရက်နေ့က မီဒီယာများနှင့်တွေ့ဆုံပွဲတွင် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောကြားခဲ့သည်။

လက်ရှိကာလတွင် တည်ဆဲဥပဒေများ၌ဥပဒေနှင့်မညီညွတ်သော အဂတိလိုက်စားပြီး စီရင်ချက်များကို ချမှတ်သည့် တရားသူကြီးများကို အရေးယူနိုင်မည့်ဥပဒေမျိုးသတ်သတ်မှတ်မှတ် ပြဋ္ဌာန်းထားခြင်းမရှိသေးသည့်အတွက် ထိုဥပဒေမျိုး ပြည်သူ့လွှတ်တော်သို့ တင်ပြ ပြဋ္ဌာန်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာနေဖို့ ပြည်သူလူထုကို တရားဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ပေးနိုင်ဖို့အတွက် မီဒီယာတွေက တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ပူးပေါင်းကူညီဖို့ လိုအပ်ပါတယ်။ အရင်က ငွေများတရားနိုင်ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေရှိခဲ့ပါတယ်။ ပြည်သူတွေက သနားဖို့ကောင်းပါတယ်။ အဲဒီအတွက်ဥပဒေနဲ့မကိုက်ညီဘဲအဂတိလိုက်စားတယ်လို့ ယူဆလို့ရရင် တရားသူကြီးတွေကိုတရားစွဲအရေးယူနိုင်မယ့်ဥပဒေပေါ်ပေါက်လာဖို့ လွှတ်တော်မှာ အောင်မြင်အောင် တင်ပြဆွေးနွေးသွားပါမယ်**

"တရားရေးမဏ္ဍိုင် တိမ်းစောင်းယိမ်းယိုင်နေမှုတွေမှာ တရားသူကြီးများမှာသာ တာဝန်ရှိတာမဟုတ်ပါဘူး။ တရားရေးအဝန်းအဝိုင်းမှာပါဝင်နေကြတဲ့ ဥပဒေဝန်ထမ်းများ၊ ရှေ့နေများ၊ တရားလို၊ တရားပြိုင်၊ တရားခံများ တရားရုံးဝန်ထမ်းများနဲ့ အမှုပွဲစားများအားလုံးမှာ တာဝန်ရှိပါတယ်။ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာနေဖို့ ပြည်သူလူထုကို တရားဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ပေးနိုင်ဖို့အတွက် မီဒီယာတွေက တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီကို ပူးပေါင်းကူညီဖို့ လိုအပ်ပါတယ်။ အရင်က ငွေများတရားနိုင်ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေရှိခဲ့ပါတယ်။ ပြည်သူတွေက သနားဖို့ကောင်းပါတယ်။ အဲဒီအတွက် ဥပဒေနဲ့ မကိုက်ညီဘဲအဂတိလိုက်စားတယ်လို့ယူဆလို့ရရင်တရားသူကြီးတွေကိုတရားစွဲအရေးယူနိုင်မယ့် ဥပဒေပေါ်ပေါက်လာဖို့လွှတ်တော်မှာ အောင်မြင်အောင်တင်ပြဆွေးနွေးသွားပါမယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။

မဏ္ဍိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ တိမ်းစောင်းယိမ်းယိုင်မှု မရှိစေရန်အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့မီဒီယာတွေက စောင့်ကြည့်ထောက်မပေးနိုင်ဖို့ လိုအပ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုတရားသူကြီးချုပ်သက်တမ်းကို လွှတ်တော်သက်တမ်း၊ သမ္မတသက်တမ်းတို့အတိုင်း ပြုပြင်ဖို့ရှိပါသလားဟု ပြည်တွင်းမီဒီယာမှ မေးမြန်းချက်ကို "လက်ရှိအခြေခံဥပဒေမှာတော့ ပြည်ထောင်စုတရားသူကြီးချုပ်ရဲ့သက်တမ်းကို အသက် ၇၀ အထိသတ်မှတ်ထားပါတယ်။ အဲဒီလိုအခွင့်ထူးခံမဖြစ်သင့်ဘူးလို့ ဝေဖန်အကြံပြုတဲ့စာတွေ လွှတ်တော်ကိုရောက်နေပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးဖြေကြားရရင်တော့သင့်လျော်တဲ့အချိန်မှာ ဥပဒေရေးဆွဲပြီး ပြင်ဆင်နိုင်ဖို့အတွက်လွှတ်တော်ကို တင်ပြသွားဖို့ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

*နေပြည်တော်သတင်းအဖွဲ့*

## အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းနိုင်မှုနှင့် အလုပ်သမားအခွင့်အရေးများအား ကာကွယ်ရန် အလုပ်သမားအဖွဲ့အစည်းဥပဒေပြဋ္ဌာန်းပြီးဖြစ်၍ ၂၀၁၂ ခုနှစ်အတွင်း အာဏာတည်ကာအတည်ပြုမည်

အလုပ်သမား အဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းနိုင်မှုနှင့် အလုပ်သမားအခွင့်အရေးများကာကွယ်ရန် အလုပ်သမားအဖွဲ့အစည်းဥပဒေအား ပြဋ္ဌာန်းပြီးဖြစ်၍ ၂၀၁၂ ခုနှစ်အတွင်း အာဏာတည်ကာအတည်ပြုမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

အလုပ်သမားအဖွဲ့အစည်းဥပဒေအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ နှင့်အညီ အလုပ်သမားများ၏ အခွင့်အရေးများအားကာကွယ်စောင့်ရှောက်ရန်နှင့်အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပြီး ယင်းဥပဒေအား ILO ၏ ပြဋ္ဌာန်းချက်နှင့်အညီ ILOမှ ဥပဒေအကြံပေးအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်းကာ အတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်းသိရသည်။ သို့ရာတွင် ယခုလက်ရှိတွင် ယင်းဥပဒေအားပြဋ္ဌာန်းပြီးဖြစ်သော်လည်းယင်းဥပဒေသည် ၎င်းဥပဒေ၏အခန်း(၁)ပုဒ်မ၁(ခ)တွင် ပါရှိချက်အရ နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့် နေ့ရက်တွင်စတင်အာဏာတည်ရမည်ဟု ပါရှိသောကြောင့်သမ္မတ၏အမိန့်ကြော်ငြာစာထွက်ရှိလာမှသာစတင်အာဏာတည်မည်ဟု သိရှိရသည်။

အလုပ်သမားအဖွဲ့အစည်းဥပဒေပြဋ္ဌာန်းမှုနှင့်ပတ်သက်၍အလုပ်သမားဝန်ကြီးဌာနမှ ပြည်ထောင်စုဒုတိယဝန်ကြီးဦးမြင့်သိန်းက "တိုင်းပြည်ရဲ့အစိုးရသစ်အပြောင်းအလဲမှာ အလုပ်သမားအဖွဲ့အစည်းဥပဒေအသစ်ကို ရေးဆွဲပြီးပြဋ္ဌာန်းလိုက်ပါတယ်။ အဲဒီဥပဒေကို အလုပ်သမားတွေအားလုံးနားလည်သဘောပေါက်ပြီး မှန်မှန်ကန်ကန် ကျင့်သုံးမယ်ဆိုရင် လုပ်သားတွေရဲ့ အခွင့်အရေးအပြည့်အဝရရှိအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အလုပ်သမားအဖွဲ့အစည်းဥပဒေဟောင်းက ၁၉၂၆ ခုနှစ်မှာ The Trade Unions Act ဆိုပြီးရှိခဲ့ပြီး အဲဒီဥပဒေမှာသံဃာတော်များပါဝင်တဲ့ပုဒ်မပါတယ်။ ၁၉၅၅ ခုနှစ်မှာILO ရဲ့ပြဋ္ဌာန်းချက်ဖြစ်တဲ့ အသင်းအဖွဲ့များလွတ်လပ်စွာဖွဲ့စည်းခွင့်ဆိုတဲ့ ပြဋ္ဌာန်းချက်ထဲကပြဋ္ဌာန်းချက် ၈၇ ကိုလက်ခံခဲ့ပြီး အဲဒီပြဋ္ဌာန်းချက်က The Trade Unions Act နဲ့ မညီညွတ်လို့ The Trade Unions Act ကို တော်လှန်ရေးအစိုးရ လက်ထက်ကတည်းကမကျင့်သုံးတော့တဲ့အတွက် အဲဒီဥပဒေက သူ့အလိုလိုပျက်ပြယ်တဲ့အနေအထားကိုရောက်နေပါပြီ။ အဲဒါကြောင့် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ နဲ့အညီ အသင်းအဖွဲ့များလွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ဖို့ အခန်း ၁၄ ခန်းနဲ့ပုဒ်မ ၅၈ ခုပါတဲ့ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေမှာထူးခြားချက်က ဥပဒေနဲ့အညီစနစ်တကျအလုပ်ပိတ်တာ၊ သပိတ်မှောက်တာ လုပ်လို့ရတယ်။ ဘာလို့လည်းဆိုတော့ ဒီဥပဒေကို ILO ရဲ့ပြဋ္ဌာန်းချက်များနဲ့အညီ ILO ကနေဥပဒေအကြံပေးတဲ့အဖွဲ့ကိုခေါ်ပြီး ပူးပေါင်းရေးဆွဲတာပါ။ ကျွမ်းကျင်တဲ့ကိုယ်စားလှယ်တွေပါတဲ့တကယ့်ကို နိုင်ငံတကာစံနှုန်းနဲ့ညီတဲ့ အလုပ်သမား အဖွဲ့အစည်းဥပဒေကို ကျွန်တော်ဦးဆောင်ပြီး ပေါင်းစပ်ညှိနှိုင်းပြီးမှ အတည်ပြုခဲ့တာပါ"ဟု လှိုင်သာယာစက်မှုမြို့တွင်ပြုလုပ်ခဲ့သည့် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်ပတ်သက်၍ အသိအမြင်တိုးမြှင့်ရေးဆွေးနွေးပွဲတွင် ရှင်းလင်းပြောပြခဲ့သည်။

အဆိုပါဥပဒေ ပြဋ္ဌာန်းထားမှုတွင်အလုပ်သမားအဖွဲ့အစည်းအား အဆင့်ဆင့်ဖွဲ့စည်းရာတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းများကို လုပ်ငန်း (သို့) လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့်အလုပ်သမားအနည်းဆုံးဦးရေ ၃၀ ဖြင့် ဖွဲ့စည်းနိုင်ပြီး မြို့နယ်အလုပ်သမားအဖွဲ့အစည်းကိုလုပ်ငန်း(သို့) လုပ်ဆောင်မှုအမျိုးအစားအလိုက်သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အခြေခံအလုပ်သမားအဖွဲ့အစည်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသော အဖွဲ့အစည်းကထောက်ခံလျှင်ဖွဲ့စည်းနိုင်ကြောင်း ပါရှိသည်။ တိုင်းဒေသကြီး (သို့)ပြည်နယ် အလုပ်သမားအဖွဲ့အစည်းကိုလည်း လုပ်ငန်း(သို့)လုပ်ဆောင်မှု အမျိုးအစားအလိုက်သက်ဆိုင်ရာတိုင်းဒေသကြီး(သို့)ပြည်နယ်အတွင်းရှိ မြို့နယ်အလုပ်သမားအဖွဲ့အစည်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသောအလုပ်သမားအဖွဲ့အစည်းကထောက်ခံလျှင်ဖွဲ့စည်းနိုင်ပြီး အလုပ်သမားအဖွဲ့ချုပ်ကိုလည်း လုပ်ငန်း(သို့) လုပ်ဆောင်မှုအမျိုးအစားအလိုက်တိုင်းဒေသကြီး (သို့) ပြည်နယ်အလုပ်သမား အဖွဲ့အစည်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ကိုအလုပ်သမားအဖွဲ့ချုပ်၏ ၂၀ ရာခိုင်နှုန်းအောက် မနည်းသောအလုပ်သမားအဖွဲ့ချုပ်များကထောက်ခံလျှင်ဖွဲ့စည်းနိုင်ပြီး အခန်း(၂)၊ ပုဒ်မ ၅ ၌ ပါရှိချက်အရ အလုပ်သမားအဖွဲ့အစည်းများသည် ကိုယ်ပိုင်အမည်၊ အမှတ်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေကြောင်းသိရကာ အခန်း(၂)၊ ပုဒ်မ ၈ အရအလုပ်ရှင်များသည်လည်း အလုပ်ရှင်အဖွဲ့အစည်းများကို ထိုဥပဒေအရအပြိုင်ဖွဲ့စည်းနိုင်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် ယင်းဥပဒေအခန်း(၃) အရ မှတ်ပုံတင်ခြင်းဆောင်ရွက်သည့်အခါပုဒ်မ ၉ တွင်ပါရှိသည့်အတိုင်းမှတ်ပုံတင်အရာရှိချုပ် သည် နိုင်ငံတော်သမ္မတကတာဝန်ပေးအပ်သူဖြစ်ရမည်ဖြစ်သည်။ အလုပ်သမားအဖွဲ့အစည်းအခန်း(၅) ပုဒ်မ(၁၈)တွင်လည်းအလုပ်ရှင်မှအလုပ်သမားတစ်ဦးအားအလုပ်မှထုတ်ပယ်ရာတွင် အကြောင်းအရင်းသည်အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု၊ လုပ်ဆောင်မှုနှင့်သက်ဆိုင်လျှင်ဖြစ်စေ၊ ဥပဒေများနှင့်ညီညွတ်မှုမရှိဟု ယုံကြည်ရန်အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမားအဖွဲ့အစည်းသည် ယင်းအလုပ်သမားအားပြန်အလုပ်ခန့်ရန် အလုပ်ရှင်အား တောင်းဆိုခွင့်ရှိကြောင်း သိရသည်။

အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးချစ်ရှိန်က "ဒီဥပဒေမှာအလုပ်ပိတ်လိုတဲ့ အလုပ်ရှင်က အလုပ်စပိတ်မယ့် နေ့ရက်နဲ့ကာလကိုသတ်မှတ်ချက်နဲ့အညီအနည်းဆုံး ၁၄ ရက် ကြိုတင်အကြောင်းကြားပြီး ခွင့်ပြုချက်ရမှပိတ်ခွင့်ရှိပါတယ်။ အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းမှာ သပိတ်မှောက်လိုတဲ့အလုပ်သမားအဖွဲ့အစည်းဟာ အဖွဲ့ဝင်အများစုရဲ့ဆန္ဒပြုချက်အရ သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ရဲ့ ညွှန်ကြားချက်နဲ့သပိတ်မှောက်မယ့် နေ့ရက်၊ နေရာ၊ ဦးရေ၊ နည်းလမ်းနဲ့ အချိန်ကာလကိုဖော်ပြပြီး အဲဒီရက်မတိုင်ခင်အနည်းဆုံး ၁၄ ရက်ကြိုတင်အကြောင်းကြားရပါမယ်။ ဒါပေမယ့် အလုပ်ပိတ်တာပဲဖြစ်ဖြစ်၊ သပိတ်မှောက်တာပဲဖြစ်ဖြစ် ရေပေးဝေရေး၊ လျှပ်စစ်ဓာတ်အား၊ မီးသတ်၊ ကျန်းမာရေးဝန်ဆောင်မှု၊ တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်းတွေမှာလုပ်မယ်ဆိုရင်တော့ဥပဒေနဲ့ဆန့်ကျင်တဲ့ကိစ္စလို့ သတ်မှတ်ပါတယ်"ဟုရှင်းပြပါသည်။

## ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာဝန်းကျင်ရှိ ရေမဆေးကျောက်ဈေးကွက်တွင် ဝယ်လက်မရှိသောကြောင့် ဈေးကွက်အေးနေပြီး ဈေးနှုန်းများ ၇၀ ရာခိုင်နှုန်းခန့်ထိကျဆင်း



ဖားကန့်မြို့နယ်၊လုံးခင်း ကျေးရွာဝန်းကျင်ရှိ ရေမဆေးကျောက်ဈေးကွက်တွင် ဝယ်လက်မရှိသောကြောင့် ဈေးကွက်အေးနေကြောင်း သိရသည်။

အောက်တိုဘာလဆန်းပိုင်းမှ စတင်၍ကုန်သည်ဝယ်လက်နည်းပါးလာမှုနှင့်ဈေးနှိမ်ဝယ်ယူမှုများကြောင့် ရေမဆေးကျောက် ဈေးကွက်မှာ ယခင်နှစ်ဈေးနှုန်းများ၏ ၇၀ရာခိုင်နှုန်းခန့်ထိကျဆင်းနေကြောင်းသိရသည်။

ယင်းသို့ဈေးကွက်အနေအထားအရလုံးခင်းကျေးရွာဝန်းကျင်ရှိမှော်များ၌ ရေမဆေးကျောက်ရှာဖွေသူများ အခက်ကြုံတွေ့လျက်ရှိပြီး ဆန်ခါမှော်တွင် လုပ်ကိုင်နေသောကိုမျိုးအောင်က "ကျောက်ရပေမယ့် ပြန်ရောင်းဖို့ ရောင်းလက်မရှိတာကြောင့် ရေမဆေးကျောက်တွေ ပုံနေတယ်။ ဒေသတွင်း အခြေအနေကြောင့်နဲ့ တရုတ်နှစ်ကူးပွဲနီးတာကြောင့် ဈေးကွက်က တော်တော်ပျက်နေတယ်။ တရုတ်ကုန်သည်အများစုက နေရပ်ပြန်ကြတာကြောင့် ဒေသခံလုပ်ငန်းရှင်တချို့လောက်ပဲဝယ်လက်ရှိတော့ ထမင်းစားကျောက်လို့ ခေါ်တဲ့ သောင်းကျောက်၊ သိန်းကျောက်လောက်ပဲ အနည်းငယ်အရောင်းအဝယ်ဖြစ်တယ်။ ဒါကြောင့်ရေမဆေးသမားတွေအနေနဲ့ စားဖို့သောက်ဖို့လောက်နဲ့ရပ်တည်နေကြရတယ်" ဟု ပြောကြားသည်။

"ဝယ်လက်မရှိလို့ ဈေးကွက်အေးတယ်ဆိုပေမယ့် အရင်နှစ်တွေလို မျိုးနှစ်သစ်ကူးကြောင့် အေးတာမျိုးတော့မဟုတ်ဘူး။ ပြောရရင် ကုန်သည် ဝယ်လက်တွေက ကျောက်သားအရည်ပါမပါ ကြည့်တယ်။ ရေမဆေးကျောက်ဆိုတာ အရင်က ဒီလိုပြစရာမလိုဘူး။ခုဈေးနှုန်းတွေက ပုံမှန် ၁၀ သိန်းတန်ကျောက်ကို နှစ်သိန်းလောက်ပေးပြီး နှိမ်ဝယ်တာဆိုတော့ ဈေးကွက်ပျက်တဲ့ သဘောဖြစ်နေတယ်"ဟု လုံးခင်းကျေးရွာအနီးရှိ မှော်ဆီဇာမှော်မှရေမဆေးကျောက်ရှာဖွေလုပ်ကိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

"ထမင်းစားကျောက်လောက်ပဲ အရောင်းအဝယ်ဖြစ်ကြပြီး ထောင်ကျောက်ဆိုတာထားဦးဆယ်ကျောက်၊ ရာကျောက်တွေ မဖြစ်တာတောင် အနည်းဆုံးနှစ်လကျော်ရှိပြီ" ဟု လုံးခင်းကျေးရွာအနီးရှိ မှော်ဆီဇာမှော် မှရေမဆေးကျောက်ရှာဖွေလုပ်ကိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

မင်းသန့်

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကျပ်သန်းပေါင်း ၅၀၀၀ ခန့်အရှုံးပေါ်နေရာမှ ၂၃ သန်းကျော်သာရှုံးသည့်အခြေအနေသို့ရောက်ရှိ

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ယခင်နှစ်များတွင် ကျပ်သန်းပေါင်း ၅၀၀၀ ခန့်အရှုံးပေါ်နေရာမှ ယခုနှစ်တွင် ကျပ်သန်းပေါင်း ၂၃ သန်းကျော်သာ ရှုံးတော့သည့် အခြေအနေသို့ ရောက်ရှိလာကြောင်း သတင်းရရှိပါသည်။

ယခင်နှစ်များက အရှုံးပေါ်ခဲ့ရခြင်းများကို လေ့လာရာတွင် ဒီဇယ်ဆီဈေးနှုန်းများတိုးမြှင့်လာခြင်း၊ ၂၀၀၆ခုနှစ် ဧပြီလ ၁ရက်နေ့မှ စတင်၍ ဝန်ထမ်းများလစာနှုန်းထားများတိုးမြှင့်ပေးခဲ့ခြင်း၊ ၂၀၁၀ခုနှစ်ဆန်းပိုင်းမှ စတင်ကာ ဝန်ထမ်းများအားလုံး၏ အခြေခံလစာကို ကျပ်နှစ်သောင်းစီတိုးမြှင့်ခံစားခွင့်ပြုခဲ့ခြင်း၊ ဌာနမှအငြိမ်းစားဝန်ထမ်းလေးထောင်ကျော်အား တိုးမြှင့်ပင်စင်လစာငွေများခွင့်ပြုခဲ့ခြင်းနှင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းပိုင်း၌ အသုံးပြုနေသည့်သံပြား၊ သံကိုင်း၊ ရေယာဉ်ပြင်ဆက်စပ်ပစ္စည်းများဈေးနှုန်းကြီးမြင့်လာခြင်းနှင့် အခွန်အခများတိုးမြှင့်လာခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ မိမိဘဏ္ဍာငွေပေါ်ရပ်တည်၍ လုပ်ငန်းများကို ဆောင်ရွက်ရတော့ဖြစ်သဖြင့် စီးပွားရေးပိုင်းတွင် အမြတ်ရရှိရေးကိုဆောင်ရွက်ရတော့မည်ဟု သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဝင်ငွေနှင့် အသုံးစရိတ်မမျှတပါက ဌာနအား ဖျက်သိမ်းမည်ဖြစ်သဖြင့် တာဝန်ရှိသူအသီးသီးမှ ဌာနမပျက်စီးစေရေးကို အထူးဂရုပြုပြီး စီးပွားရေးဆန်ဆန် ဝင်ငွေရှာဖွေရမည် ဖြစ်ကြောင်း၊ ဝင်ငွေနှင့် အသုံးစရိတ်မျှတရုံသာမက အမြတ်ရရှိရန်လည်း လိုအပ်ပြီး၊ အမြတ်ရရှိမှသာ ဌာနအတွက်လိုအပ်သည့်သံပြား၊ သံကိုင်းများ၊ စက်အရန်ပစ္စည်းများ စသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ၊ ရေယာဉ်တွဲယာဉ်အသစ်များ ဝယ်ယူတည်ဆောက်နိုင်မည်ဖြစ်ကြောင်းအား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် လုပ်ငန်းဆောင်ရွက်နိုင်မှုရှင်းလင်းခြင်းနှင့် ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရေးအတွက် ခရီးသည်ခ၊ ကုန်တင်ခနှုန်းထားများတိုးမြှင့်သတ်မှတ်ခြင်း အပါအဝင်အဘက်ဘက်မှ ဝင်ငွေတိုးတက်ရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်ခဲ့ပြီး၊ အသုံးစရိတ်များ စိစစ်လျှော့ချသုံးစွဲခဲ့ရာ လက်ရှိအခြေအနေတွင် အမြတ်အစွန်းမရသည့်တိုင် ယခင်နှစ်များက ကျပ်သန်းပေါင်း ၅၀၀၀ ခန့်ရှုံးနေရာမှ ကျပ်သန်းပေါင်း ၂၃ သန်းကျော်သာ ရှုံးသည့်အခြေအနေသို့ တိုးတက် ဆောင်ရွက်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ■

## ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် Spring Fair 2010 ၌ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း(မန္တလေးရုံးခွဲ)မှပြသမည်

ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့တွင် ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပမည့် Spring Fair 2010 ၌ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ရန်နှင့် ပါဝင်ပြသရန် ဖိတ်ကြားလာရာ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း(မန္တလေးရုံးခွဲ)မှ တက်ရောက်ပြသမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ စုံစမ်းသိရှိရသည်။

"ဗီယက်နမ်နိုင်ငံမှာ ကျင်းပမယ့် ပြပွဲမှာ ကျွန်မတို့အသင်းကနေ ဆိုင်ခန်းတစ်ခန်းပါဝင်ပြသမှာပါ။ မြန်မာနိုင်ငံက တွင်းထွက်ကျောက်မျက်တွေကိုပဲ အဓိကပြသမှာပါ။ လက်ကောက်၊ လည်ဆွဲ၊ ဆွဲကြိုးစတဲ့ လက်ဝတ်ရတနာဒီဇိုင်း အစုံကို ခင်းကျင်းသွားမှာပါ"ဟု အဆိုပါအသင်းဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပြောသည်။

မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း(မန္တလေးရုံးခွဲ) အနေဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ အိန္ဒိယနိုင်ငံ မွမ်းဘိုင်းမြို့တွင်ကျင်းပမည့်ပြပွဲသို့ အသင်းဝင်ငါးဦးတက်ရောက်ရန် ရှိကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၁ ရက်နေ့အထိကျင်းပမည့် (၄၇)ကြိမ်မြောက် ဘန်ကောက် ကျောက်မျက်နှင့် လက်ဝတ်ရတနာကုန်စည်ပြပွဲသို့ တက်ရောက်ရန်စိတ်ဝင်စားလျက်ရှိကြောင်းလည်း သိရှိရပါသည်။ ■

## အေးရှားဝေါ်ဆိပ်ကမ်း၌ ကာလတန်ဖိုး ကျပ်သိန်း ၁၀၀၀ ခန့်ရှိ စက်ပစ္စည်းများ တရားမဝင်တင်သွင်းလာမှု စစ်ဆေးတွေ့ရှိ

အေးရှားဝေါ်ဆိပ်ကမ်းသို့ကာလတန်ဘိုး ကျပ်သိန်း ၁၀၀၀ခန့်ရှိ စက်ပစ္စည်းများတရားမဝင်တင်သွင်းလာခြင်းကိုအလုံရဲစခန်းမှအမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရှိရသည်။

အလုံမြို့နယ်၊အေးရှားဝေါ ဆိပ်ကမ်းသို့ စင်ကာပူနိုင်ငံမှ MV KOTA TEGAP-587ဖြင့်ဇူလိုင်လ ၁၈ရက်နေ့က ရောက်ရှိလာသည့် ကုန်သေတ္တာနှစ်လုံးနှင့် ဇူလိုင်လ ၂၄ ရက်နေ့တွင်MV KOTA-RUKUN V-595ဖြင့်ရောက်ရှိလာသည့် ကုန်သေတ္တာသုံးလုံးတို့တွင် သွင်းကုန်လိုင်စင်၌ဖော်ပြထားခြင်းမရှိသည့် ကုန်ပစ္စည်းများတင်သွင်းလာခြင်းကို စစ်ဆေးတွေ့ရှိထားခြင်း ဖြစ်ကြောင်းလည်း သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် သွင်းကုန်လိုင်စင်၌ RECOND' PARTS FOR MULTI PUPPOSE VEHICLE (LEFT HAND DRIVE) ဟု ကြေညာထားသော်လည်း HAND PARTS FOR MULTI PUPPOSE VEHICLE (RIGHT HAND DRIVE) (၂၀) ယူနစ်နှင့် ယင်း၏ အရန်ပစ္စည်း (SPARE PARTS)များ၊ ကာလတန်ဘိုး ကျပ်သိန်း ၁၀၀၀ ခန့်ရှိ စက်ပစ္စည်းများကိုတရားမဝင်တင်သွင်းလာခြင်းဖြစ်ကြောင်း သိရှိရသည်။




## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ နေပြည်တော်-မန္တလေးလမ်းပိုင်းစတင်ဖွင့်လှစ်



ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး၊ နေပြည်တော်–မန္တလေးလမ်းပိုင်းဖွင့်လှစ်ခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက်က မန္တလေးခရိုင်၊ တံတားဦးမြို့နယ်၊ စာကားအင်းလမ်းဆုံ၌ ပြုလုပ်ခဲ့သည်။

နေပြည်တော် လမ်းပိုင်းကူကွဲမှ မန္တလေးလမ်းပိုင်းစကားအင်းလမ်းဆုံအထိ ၄၈ မိုင် ၅ ဖာလုံရှိသော အဆိုပါလမ်းမကြီးတွင် လမ်းမကြီး၏ မြေသားတာပေါင်အကျယ် ပေ ၂၀၀၊ လမ်းလယ်ကျွန်းဧရိယာပေ ၃၀ နှင့်လမ်းမကြီး၏ တစ်ဖက်တစ်ချက်စီတွင် ၂၅ ပေအကျယ် ကွန်ကရစ်လမ်းမများပါရှိသည်။ နေပြည်တော်–မန္တလေးလမ်းပိုင်းသည် နှစ်လမ်းသွား၊နှစ်လမ်းပြန်စနစ်(Two Ways-Tow Lanes)ဖြင့် တည်ဆောက်ထားပြီး မော်တော်ယာဉ်များအနေဖြင့် နေပြည်တော်–မန္တလေးခရီးစဉ်တွင် အချိန် သုံးနာရီခန့်မျှသာကြာမြင့်မည်ဟု ဆိုပါသည်။

ကွန်ကရစ်အောက်ခံလွှာအကျယ် ၂၇ ပေ၊ ထု ၆ လက်မ၊ အပေါ်ယံအလွှာအကျယ် ၂၅ ပေ၊ ထု ၁၂ လက်မရှိကွန်ကရစ်ခင်းလေးလမ်းသွားလမ်းမပေါ်တွင်မောင်းနှင်သောယာဉ်တစ်စီးချင်း၏ ခံနိုင်ဝန်အားမှာ တန် ၈၀ဟု သတ်မှတ်တည်ဆောက် ခဲ့သည်။

၄င်းလမ်းပိုင်းနှင့်ပတ်သက်၍ ထူးခြားချက်အနေဖြင့် မြစ်သား– ရေဝန်း–မြင်းခြံလမ်းပိုင်း၊ မြစ်သားမြို့မှ ၁၁ မိုင်၊ မြင်းခြံမြို့မှ ၃၆ မိုင် ၄ ဖာလုံအကွာရှိ လမ်းအောက်လျှိုတံတားအမှတ်–၂ ကို အသုံးပြုကာ တည်ဆောက်လျက်ရှိသော ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)ကိုဖြတ်သန်းကာ ဧရာဝတီမြစ်၏အနောက်ဖက်ခြမ်းဒေသများသို့လည်း ကူးသန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးမှ ပုဂံ၊ ညောင်ဦးသို့ သွားမည်ဆိုပါက ယခင်ကကဲ့သို့ မြင်းခြံ–ပုပ္ပားလမ်းပိုင်းများတွင်သာမကပဲ အမြန်လမ်းမကြီးကိုအသုံးပြုကာ သွားလာနိုင်မည် ဖြစ်သည်။

## ထိုင်းနိုင်ငံမှ ဘဏ္ဍာရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်ဝန်ကြီးများ ထားဝယ်စီမံကိန်းသို့ လေ့လာရန် ၂၀၁၂ ခုနှစ်နှစ်ဦးပိုင်း၌ လာရောက်မည်

ထိုင်းနိုင်ငံမှ ဘဏ္ဍာရေး၊ ပို့ဆောင်ရေးနှင့် စွမ်းအင်ဝန်ကြီးများ ထားဝယ်စီမံကိန်းသို့ လေ့လာရန် ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ထိုင်းနိုင်ငံမှ ဘဏ္ဍာရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်ဆိုင်ရာ ဝန်ကြီးများသည်မြန်မာနိုင်ငံတွင် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Italian-Thai Development Public Co.,Ltd၏ စီမံကိန်းလုပ်ဆောင်နေမှုအခြေအနေများအား လေ့လာဆွေးနွေးရန် လာရောက်မည်ဖြစ်သည်ဟု ထိုင်းနိုင်ငံထုတ် Bangkok Post သတင်းစာက ဖော်ပြထားသည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအမှတ်(၈/၂၀၁၁)၊ ပုဒ်မ (၄) အရ အစိုးရအဖွဲ့က သတ်မှတ်ထားသောဇုန်ဖြစ်သည်။ ဇုန်ဧရိယာအတွင်း တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်းရှိ ကျေးရွာနှင့် ရပ်ကွက်ပေါင်း ၂၀ ကျော်ပါဝင်သည်။ မြောက်ဘက်တွင် ရေဖြူမြို့နယ်၊ အရှေ့ဘက်တွင် ထားဝယ်မြစ်၊ ရေဖြူမြို့နယ်၊ တောင်ဘက်တွင် လောင်းလုံမြို့နယ်နှင့်အနောက်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ထိစပ်လျက်ရှိပြီး ဧရိယာ အကျယ်အဝန်းမှာ ၂၅၀ စတုရန်းမီတာ (၉၇ စတုရန်းမိုင်)ဖြစ်သည်။

စီမံကိန်းတွင် အဓိကဇုန်ငါးခုပါဝင်ပြီး ဇုန် A တွင် ရေနက်ဆိပ်ကမ်း၊ သံမဏိစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စသည့်အကြီးစားစက်မှုလုပ်ငန်းများ၊ ဇုန် B တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ စက်မှုလုပ်ငန်းများ၊ ဇုန် C တွင် ရေနံဓာတုအခြေပြုစက်မှုလုပ်ငန်းများ၊ ဇုန် D တွင် ရော်ဘာလုပ်ငန်းများ အပါအဝင်အလတ်စားစက်မှုလုပ်ငန်းများ၊ ဇုန် E တွင် ဆေးဝါးထုတ်လုပ်ရေး၊ အလှကုန်ထုတ်လုပ်ရေး၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရေးအပါအဝင် အသေးစားစက်မှုလုပ်ငန်းများ စသည်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံ၌ ကျောက်မီးသွေးအဓိကထွက်ရှိရာ ၁၆ နေရာရှိပြီး တန်ချိန်သန်းပေါင်း ၂၇၀ ကျော်တည်ရှိနေ

မြန်မာနိုင်ငံ၌ ကျောက်မီးသွေးအဓိကထွက်ရှိရာ နေရာ ၁၆ နေရာရှိပြီး တန်ချိန်သန်းပေါင်း ၂၇၀ ကျော်တည်ရှိနေကြောင်း သတင်းရရှိပါသည်။

မြန်မာနိုင်ငံတွင် ကျောက်မီးသွေးအဓိကထွက်ရှိရာနေရာများသည် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ပြီး အဓိကအားဖြင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသတွင် တည်ရှိနေသည်။


ထိုင်းနိုင်ငံ ရယောင်ပြည်နယ် မက်တဖွတ်စက်မှုဇုန်ရှိ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံကိုတွေ့ရစဉ်

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝ-မော်လိုက်ရှိ ပလူဇာဝါ/ချောင်းဆုံတွင်တည်ရှိမှု တန်သန်းပေါင်း ၈၉ သန်း၊ ကလေးဝတွင် ၈၇ ဒသမ ၇၈ သန်း၊ တမူးရှိ ဓားသွေးကျောက်တွင် ၃၃ ဒသမ ၉၁ သန်း၊ ကန္တီရှိ မဟူတောင်တွင် ၀ ဒသမ ၈၀ သန်း၊ မကွေးတိုင်းဒေသကြီး နတ်မောက်ရှိ ကျောက်တံခါးတွင် ၀ ဒသမ ၅၄ သန်း၊ ပေါင်မြို့ရှိ မြန်နီတွင် ၀ ဒသမ ၂၅ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးရှိ သင်းပေါင်တွင် ၀ ဒသမ ၀၈ သန်း၊ ကောလင်းရှိ ကြို့ပင်တွင် ၀ ဒသမ ၀၃ သန်း၊ ရှမ်းပြည်နယ် ပင်လောင်းရှိ တီကျစ်တွင် ၂၀ ဒသမ ၂၀ သန်း၊ ကျေးသီးမံစံတွင် ၃၇ ဒသမ ၀၀ သန်း၊ လားရှိုးရှိ နမ္မတွင် ၂ ဒသမ ၈၀ သန်း၊ သီပေါရှိ ဆန်လောင်တွင် ၁ ဒသမ ၆၀ သန်း၊ ကလောရှိ အင်းပင် တွင် ၀ ဒသမ ၂၂ သန်း၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီရှိ မော့တောင်တွင် ၃ ဒသမ ၆၀ သန်း၊ သိမ်တောတွင် ၂ ဒသမ ၀၀ သန်းနှင့် ကချင်ပြည်နယ် မိုးမောက်ရှိလွယ်ဂျယ်တွင် တန်သန်းပေါင်း အမြောက်အမြား တည်ရှိနေသည်ဟု သိရှိရသည်။

ကျောက်မီးသွေးသတ္တုတွင်းစီမံကိန်းများကို သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိအမှတ်(၃)သတ္တုတွင်းလုပ်ငန်းဌာနကလုပ်ကိုင်နေပြီး ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်သည်ဟုသိရှိရသည်။

၂၀၁၁ ခုနှစ်တွင် ကျောက်မီးသွေးသတ္တုတွင်းလုပ်ငန်းများကို နိုင်ငံတော်ပိုင်အနေဖြင့် ၂ ဒသမ ၈ ရာ ခိုင်နှုန်း၊ ဖက်စပ်လုပ်ငန်းများဖြင့် ၄၃ ဒသမ ၈၇ ရာခိုင်နှုန်း၊ ပြည်တွင်းကုမ္ပဏီများက ၅၃ ဒသမ ၃၂ ရာခိုင်နှုန်းကိုထုတ်လုပ်မည်ဟုသတ္တုတွင်းဝန်ကြီးဌာနကဖော်ပြခဲ့ကြောင်း လေ့လာသိရှိထားသူတစ်ဦးကပြောကြားခဲ့သည်။

နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းများတွင် အိမ်နီးချင်းနိုင်ငံများသို့ ကျောက်မီးသွေးတင်ပို့ခြင်း ပါဝင်နေပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ ကျောက်မီးသွေးအများဆုံးတင်သွင်းနေသောနိုင်ငံဖြစ်သည်ဟုသိရသည်။

ဖြူနု

## ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုရွေးချယ်ကာ အများပြည်သူအား အစုရှယ်ယာထုတ်ရောင်းမည်ဖြစ်ပြီး မြို့တော်စည်ပင်သာယာရေးအဖွဲ့များက ငွေချေးစာချုပ်ထုတ်ဝေရောင်းချမည်


ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးစိုက်ရာ မြို့တော်ခန်းမကို တွေ့ရစဉ်

၂၀၁၂ ခုနှစ် အတွင်း အရင်းအနှီး ဈေးကွက်ဖော်ဆောင်ရေး ဒုတိယအဆင့်စီမံချက်အရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ရွေးချယ်ကာ အများပြည်သူကိုအစုရှယ်ယာများထုတ်ရောင်းမည်ဖြစ်ပြီး မြို့တော်စည်ပင်သာယာရေးအဖွဲ့များက ငွေချေးစာချုပ် ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်းသတင်းရရှိပါသည်။

"၂၀၁၂အတွင်းမှာ ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဆိုင်ရာဥပဒေအတည်ပြုပြဋ္ဌာန်းဖို့ရှိတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတချို့ကို ရွေးချယ်ပြီး အစုရှယ်ယာတွေ ထုတ်ရောင်းမယ်။ မြို့တော်စည်ပင်သာယာရေးအဖွဲ့အစည်းတွေကလည်း ငွေချေးစာချုပ်ထုတ်ဝေရောင်းချသွားဖို့ ရှိပါတယ်။၂၀၁၂ အထိက ဒုတိယအဆင့် စီမံချက်ထဲမှာပါဝင်နေတယ်။ စီမံချက်အတိုင်းဝင်အောင် ဆောင်ရွက်နေပါတယ်။ ၂၀၁၅မှာစတော့အိပ်ချိန်းတည်ထောင်ပြီးအာဆီယံအရင်းအနှီး ဈေးကွက်ဆိုင်ရာဖိုရမ်က သတ်မှတ်ထားတဲ့အချိန်ကန့်သတ်ချက်အတိုင်းတစ်ခုတည်းသောအာဆီယံအရင်းအနှီးဈေးကွက်မှာဝင်ချိတ်ဆက်သွားရမှာပါ။ လုပ်ဆောင်ရမယ့်အရာတွေကိုအချိန်နဲ့တစ်ပြေးညီလုပ်ဆောင်ဖို့တာဝန်ရှိပါတယ်"ဟုပညာရှင်တစ်ဦးကဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅တွင် စတော့အိပ်ချိန်းစတင်နိုင်ရန်ရည်ရွယ်ထားကာ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင်စတင်တည်ထောင်သွားမည်ဟု သိရပါသည်။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအနေဖြင့်လိုအပ်သောအရင်းအနှီးကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် စုစည်းသွားခြင်းဖြင့် နိုင်ငံတော်ဘတ်ဂျက်မှ စိုက်ထုတ်ရခြင်းနည်းပါးနိုင်သောကြောင့် ဘတ်ဂျက်ဝန်ထုပ်ဝန်ပိုးလျော့နည်းသွားနိုင်ပြီး မြို့တော်စည်ပင်သာယာရေးအဖွဲ့အစည်းများမှငွေချေးစာချုပ်ထုတ်ဝေရောင်းချခြင်းဖြင့် စိုက်ထုတ်ကျခံထားရမည့် ဘဏ္ဍာငွေပမာဏနေရာတွင် အများပြည်သူထံမှချေးယူထားသည့် ငွေကြေးများဖြင့် လုပ်ငန်းလည်ပတ်သွားနိုင်မည်ဟုသတင်းရရှိပါသည်။

အရင်းအနှီးဈေးကွက် တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ တစ်နှစ်နှင့်အထက်ကာလရှည် ချေးငွေရရှိရန်ဖြစ်ပြီး အစိုးရနှင့် အစိုးရစီးပွားရေးလုပ်ငန်းများ၊ ကာလရှည်ချေးငွေထုတ်ပေးနိုင်သောရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးရေးဘဏ်များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများ၊ အများပိုင်ကုမ္ပဏီများပါဝင်ဆောင်ရွက်မည်ဖြစ်ကာငွေချေးသက်သေခံလက်မှတ်များ၊ ငွေချေးစာချုပ်များ၊ စတော့ရှယ်ယာများ၊ နိုင်ငံခြားငွေများ၊ ငွေရေးကြေးရေးရရန်ပိုင်ခွင့်များအပေါ်တာဝန်ခံမှုကတိစာချုပ်များကို အရောင်းအဝယ်ပြုလုပ်ကြမည်ဖြစ်ကြောင်း အရင်းအနှီးဈေးကွက် ကျွမ်းကျင်ပညာရှင်များက ပြောကြားပါသည်။

ထို့ပြင် ၂၀၁၂ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ စတော့အိပ်ချိန်းထူထောင်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲသွားမည်ဖြစ်ပြီးကြားခံအကျိုးဆောင်အသင်းများ၊ ပြည်တွင်းနှင့် နိုင်ငံခြား Fund Management ကုမ္ပဏီများဖွဲ့စည်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအား အလုပ်သမားမှတ်ပုံတင်ကတ်ရှိမှသာ ဗီဇာထုတ်ပေးမှုကို စီစဉ်ဆောင်ရွက်သွားရန်ရှိ

စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအား အလုပ်သမားမှတ်ပုံတင်ကတ်ရှိမှသာဗီဇာထုတ်ပေးမှုကိုစီစဉ်သွားရန်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သတင်းရရှိပါသည်။

လက်ရှိတွင်အလုပ်သမား မှတ်ပုံတင်ကတ်အားအလုပ်သမားဝန်ကြီးဌာနက မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအား ၂၀၁၁ ခုနှစ် အောက်တိုဘာလမှစတင်ကာထုတ်ပေးမှုရှိနေပြီး ယခုအခါတွင်လည်း စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုပါ ၂၀၁၂ ခုနှစ်အတွင်း အလုပ်သမားမှတ်ပုံတင်ကတ်ထုတ်ပေးနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

"အခုမလေးရှားသွားမယ့် လုပ်သားတွေအတွက်ကိုတော့ အလုပ်သမားဝန်ကြီးဌာနကနေ တစ်လကို အလုပ်သမား မှတ်ပုံတင်ကတ်အရေအတွက် ၃၀၀၀ ပုံမှန်ထုတ်ပေး နေပါတယ်။ အလုပ်သမားမှတ်ပုံတင်ကတ်ကို ထုတ်ပေးရတဲ့ အဓိကအကြောင်းအရင်းကတစ်ဖက်နိုင်ငံမှာ အလုပ်နဲ့ပတ်သက်ပြီး ပြဿနာတစ်ခုခုဖြစ်လာရင် အလုပ်သမားတွေဖက်က အလုပ်သမားမှတ်ပုံတင်ကတ်ပြပြီး သက်ဆိုင်ရာဌာနတွေကို တိုင်ကြားလို့ရနိုင်အောင်အတွက်ပါ။ ဒါကြောင့်လည်း မြန်မာလုပ်သားအများစု သွားရောက်အလုပ်လုပ်ကိုင်လေ့ရှိကြတဲ့နိုင်ငံတွေဖြစ်တဲ့ စင်ကာပူနဲ့ထိုင်းနိုင်ငံတွေမှာသွားရောက်အလုပ်လုပ်ကိုင်ကြမယ့်သူတွေကိုပါ အလုပ်သမားမှတ်ပုံတင်ကတ်ရှိမှသံရုံးတွေကနေ ဗီဇာထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်ဖို့ရှိပါတယ်။ အဲဒီ အစီအစဉ်ကို ၂၀၁၂ ခုနှစ်အတွင်းမှာ အကောင်ထည်ဖော်ဆောင်ရွက်သွားမှာပါ"ဟု အလုပ်သမားဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးကဆိုပါသည်။

အလုပ်သမားဝန်ကြီးဌာနမှ ပြည်ပ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို အလုပ်သမားမှတ်ပုံတင်ကတ်ထုတ်ပေးရာ၌ FEC ၁၀၀ ပေးဆောင်စေပြီးမှ ထုတ်ပေးခြင်းဖြစ်ပြီး ယင်းငွေပမာဏအား အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့က အနည်းငယ်လျှော့ချပေးစေလိုကြောင်း တောင်းဆိုမှုများရှိသည်ဟုသိရသည်။



# EPS-TOPIK စာမေးပွဲအောင်မြင်ထားသည့်သူများအား ဖြေဆိုထားကြသည့် စာမေးပွဲအသုတ်အလိုက် လုပ်သားခေါ်ယူရေးအတွက် မြန်မာ-ကိုရီးယားနှစ်နိုင်ငံဆွေးနွေးသွားရန်ရှိ

ဒုတိယအကြိမ်နှင့် တတိယအကြိမ်မြောက်ပြုလုပ်ခဲ့သော ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ(EPS-TOPIK)၌စာမေးပွဲအောင်မြင်ထားသည့်သူများကိုဖြေဆိုထားကြသည့်စာမေးပွဲအသုတ်အလိုက်လုပ်သားခေါ်ယူရေးအတွက်မြန်မာ–ကိုရီးယားနှစ်နိုင်ငံဆွေးနွေးသွားရန်ရှိကြောင်းသတင်းရရှိသည်။



EPS-TOPIK စာမေးပွဲအောင်မြင်သည့်သူများ အလုပ်လျှောက်လွှာတင်ရန်လိုအပ်သည့်အချက်များအား ကြည့်ရှုနေစဉ်

ဒုတိယအကြိမ်မြောက်ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ(EPS-TOPIK)ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ဆောင်ရွက်မှုဖြင့်၂၀၁၁ ခုနှစ်ဇွန်လ ၁၁ ရက်နှင့် ၁၂ ရက် နေ့တို့က ပြုလုပ်ခဲ့ပြီး တတိယအကြိမ်မြောက်စာမေးပွဲကိုမူအောက်တိုဘာလ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် ကျင်းပခဲ့ရာ ဒုတိယအကြိမ်မြောက်စာမေးပွဲ၌ ၄၅၂၃ ဦးဖြေဆိုခဲ့သည့်အနက် ၄၁၀၉ ဦးအောင်မြင်ခဲ့ကာ တတိယအကြိမ်မြောက်စာမေးပွဲတွင်မူ ၁၁၈၃၃ ဦးဖြေဆိုသည့်အနက် ၃၈၉၇ ဦး အောင်မြင်ခဲ့သည်။ သို့ရာတွင် အဆိုပါစာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများအားကိုရီးယားနိုင်ငံမှလုပ်သားအဖြစ် ရွေးချယ်ခေါ်ယူပြီးမှုတွင် ယခုအချိန်အထိ ဒုတိယအကြိမ်မြောက် စာမေးပွဲတွင် အောင်မြင်ခဲ့သူများအနက်မှ ၄၀၈ ဦးကိုသာခေါ်ယူမှုရှိသေးသောကြောင့် စာမေးပွဲအောင်မြင်ထားပြီးအလုပ်လျှောက်လွှာတင်ထားသူခုနစ်ထောင်ဝန်းကျင်မှာအလုပ်ခေါ်စာရရှိမည့်နေ့ကိုစောင့်ဆိုင်းနေရကြောင်း သိရှိရသည်။

"ဒီဇင်ဘာလအတွင်းကတော့ ကိုရီးယားနိုင်ငံဘက်ကအခြားနိုင်ငံအချို့မှာEPS စာမေးပွဲတွေလိုက်စစ်နေရတဲ့အတွက် စာမေးပွဲအောင်မြင်ပြီးသားသူတွေကို လုပ်သားအဖြစ်ခန့်အပ်ခေါ်ယူမှုနှောင့်နှေးခဲ့ပြီးလုပ်သားအချို့ကိုပဲ ခေါ်ယူမှုရှိခဲ့တယ်။ ဒါကြောင့်ကျွန်တော်တို့ဘက်ကတော့ စာမေးပွဲအောင်မြင်ထားတဲ့သူတွေကို လုပ်သားခန့်အပ်ဖို့ခေါ်ယူမယ်ဆိုရင် စာမေးပွဲဖြေဆိုထားမှုအလိုက်တစ်သုတ်ပြီးမှတစ်သုတ်ခေါ်ဖို့အတွက် နှစ်နိုင်ငံဆွေးနွေးသွားဖို့အစီအစဉ်ရှိပါတယ်။ အဲဒီအတွက် Higher Level တွေဘက်ကကူညီနိုင်ရင်ကူညီပါလို့ပြောရမယ်။ ဘာလို့လည်းဆိုတော့ ဒုတိယအကြိမ်စာမေးပွဲအောင်မြင်ထားတဲ့သူတွေကိုကုန်အောင်အလုပ်ခန့်လို့မပြီးခင်တတိယအကြိမ်စာမေးပွဲအောင်မြင်ထားတဲ့သူတွေကိုကိုရီးယားအလုပ်ရှင်ဘက်ကကြားဖြတ်ခေါ်ခဲ့ရင်အရင်ဖြေခဲ့ရတဲ့ ဒုတိယအကြိမ်မြောက်စာမေးပွဲမှာ အောင်မြင်ထားတဲ့သူတွေ နစ်နာမှာစိုးလို့အတွက်ပါ"ဟု အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှတာဝန်ရှိသူတစ်ဦးက ရှင်းပြပါသည်။

ရတနာဦး

# စီဒီအမ်အေဖုန်းများ သတ်မှတ်ချက်ပြည့်ပါက ရပ်နားမည်ဖြစ်ပြီး ဂျီအက်စ်အမ်ဖုန်းများသာဆက်လက်ချပေးသွားမည်

စီဒီအမ်အေဖုန်းများကို သတ်မှတ်အလုံးရေပြည့်ပါက ရပ်နားသွားမည်ဖြစ်ပြီး လာမည့်နှစ်များတွင် ဂျီအက်စ်အမ်ဖုန်းများကိုသာဆက်လက်ချပေးသွားမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရသိရှိရသည်။

"စီဒီအမ်အေဖုန်းတွေ သတ်မှတ်အလုံးရေပြည့်ရင်ထပ်ချပေးဖို့မရှိတော့ပါဘူး။ နောက်ပိုင်းမှာ ဂျီအက်စ်အမ်ဖုန်းတွေကိုပဲဆက်ချပေးသွားမှာပါ။ စီဒီအမ်အေ ၄၅၀ ဖုန်းဆိုရင် Voice Only ပဲရသွားမှာဖြစ်ပြီး Data ရဖို့မရှိပါဘူး။ ဒါကြောင့် စီဒီအမ်အေ ၄၅၀ မှာအင်တာနက်ရလာဖို့မရှိဘူး။ ဒါကလည်းစီဒီအမ်အေ ၄၅၀ အတွက် စက်ပစ္စည်းတွေတပ်ဆင်ကတည်းက Voice Only ပဲတပ်ဆင်ခဲ့လို့ပါ"ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"စီဒီအမ်အေဖုန်းတွေထက် ဂျီအက်စ်အမ်ဖုန်းတွေက နည်းပညာပိုင်းအရရော၊ ကျန်းမာရေးအရပါပိုကောင်းပါတယ်။ စီဒီအမ်အေဟန်းဆက်တွေက ဘက်ထရီအကုန်မြန်တာ၊ ပိုပူတာ၊ လိုင်းဆွဲအားပိုပြင်းတာ၊ လုပ်ဆောင်ချက်မစုံလင်တာစတဲ့အားနည်းချက်တွေရှိပြီး အသုံးပြုသူကိုလည်း သက်ရောက်မှုတွေပိုများပါတယ်။ ဂျီအက်စ်အမ်ဟန်းဆက်တွေကတော့ လုပ်ဆောင်ချက်ပိုစုံပြီး လှိုင်း၊ ကြိမ်နှုန်းတွေအရလည်းအသုံးပြုသူကိုသက်ရောက်မှုနည်းတယ်။ ရေရှည်မှာ စီဒီအမ်အေဟန်းဆက်တွေက အသုံးပြုသူအပေါ်ကျန်းမာရေးထိခိုက်မှုပိုဖြစ်စေပါတယ်။ နောက်ပြီး စီဒီအမ်အေဟန်းဆက်တွေက ချွတ်ယွင်းမှုပိုဖြစ်လွယ်တယ်။ ဂျီအက်စ်အမ်က တစ်ကမ္ဘာလုံးကစံနှုန်းအနေနဲ့သုံးနေတဲ့စနစ်တစ်ခုဖြစ်ပြီး 3G, 4G အဆင့်မြှင့်တင်ပေးသွားမယ်ဆိုရင်သုံးရတာအရမ်းကောင်းလာမှာပါ"ဟုမိုဘိုင်းဖုန်းဆိုင်တစ်ခုမှနည်းပညာကျွမ်းကျင်သူတစ်ဦးကပြောကြားခဲ့သည်။

ဂျီအက်စ်အမ်မိုဘိုင်းဖုန်း သန်း ၃၀ စီမံကိန်းအရ ပထမနှစ်တွင် ဖုန်းအလုံးရေလေးသန်း၊ ဒုတိယနှစ်တွင် ဖုန်းအလုံးရေ ငါးသန်း၊ တတိယနှစ်တွင်ခြောက်သန်း၊ စတုတ္ထနှစ်တွင် ခုနစ်သန်းနှင့်ပဉ္စမနှစ်တွင် ဖုန်းအလုံးရေရှစ်သန်းစသဖြင့် ချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါစီမံကိန်းကာလအတွင်း၌ပင် ဂျီအက်စ်အမ်စနစ်ကို 4G အထိ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# FTTH အင်တာနက်လိုင်းကို ရန်ကုန်မြို့ရှိ နေရာအချို့တွင် စတင်တပ်ဆင်သုံးစွဲ

FTTH (Fiber to the Home) အင်တာနက်လိုင်းကို ရန်ကုန်မြို့ရှိ အချို့နေရာများတွင် စတင်တပ်ဆင်သုံးစွဲလျက်ရှိပြီး အသုံးပြုနေသူဆယ်ဂဏန်းမျှရှိကြောင်း သိရှိရသည်။

"ဒီဇင်ဘာလလယ်လောက်ကစပြီး FTTH သုံးတဲ့သူတွေရှိနေပါပြီ။ လမ်းမတော်မြို့နယ်တစ်ဝိုက်မှာ တပ်ဆင်သုံးစွဲတဲ့သူ ၂၀ ဦးလောက်ရှိပြီး ရွှေဂုံတိုင်ဘက်မှာတော့ ၁၀ ဦးကျော်လောက်စသုံးနေပါပြီ။ ကျန်တဲ့နေရာတွေမှာတော့ သွယ်တန်းမှုတွေဆောင်ရွက်နေပြီး နောက်ပိုင်းမှာအသုံးပြုနိုင်တဲ့နေရာတွေပိုများလာပါမယ်"ဟု Fortune ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် FTTH တပ်ဆင်သုံးစွဲနိုင်သောနေရာများမှာ မင်းရဲကျော်စွာလမ်း၊ ဝါးတန်းလမ်း၊ ကိုင်းတန်းလမ်း၊ လမ်းသစ်လမ်း၊ ၅ လမ်း၊ ၆ လမ်း၊ ၇ လမ်း၊ ၈ လမ်း၊ ၉ လမ်းဝန်းကျင်တစ်ဝိုက်နှင့် ယုဇနတာဝါ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်ဝန်းကျင်တဝိုက်တို့တွင် စတင်သုံးစွဲနိုင်ကြောင်း သိရသည်။

မန္တလေးမြို့တွင် FTTH အင်တာနက်သုံးစွဲမှု အခြေအနေမှာ RedLink ဘက်အခြမ်းတွင် သုံးစွဲသူ ၂၀၀ ကျော်ရှိပြီး Fortune ဘက်အခြမ်းတွင်သုံးစွဲသူ ၄၀၀ ကျော်ရှိနေကြောင်း စုံစမ်းသိရှိရသည်။

# မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲချို့ယွင်းချက်ရှိသူများအား စားရိတ်ငြိမ်းဆေးကုသမှုခံယူနိုင်ရန် စီစဉ်လျက်ရှိ



မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲချို့ယွင်းချက်ရှိသူများအား ကုသိုလ်ဖြစ်ခွဲစိတ်ပေးလျက်ရှိသည့် New Look New Life အဖွဲ့မှ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲချို့ယွင်းချက်ရှိသူများအား စရိတ်ငြိမ်းဆေးကုသမှုခံယူနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါအဖွဲ့သည်ယခင်က ခွဲစိတ်ကုသပေးခြင်းကိုသာကုသိုလ်ဖြစ်အခမဲ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုခံယူသူများအနေဖြင့်လည်းမိမိအစီအစဉ်ဖြင့်ဆေးရုံသို့လာရောက်ရခြင်းနှင့်ဆေးရုံတက်နေစဉ်အတွင်း၌လည်း မိမိစရိတ်ဖြင့်သာစားသောက်ရခြင်းဖြစ်ရာ ၂၀၁၂ ခုနှစ်မှစ၍ စရိတ်ငြိမ်းဆေးကုသမှုခံယူနိုင်ရန်စီစဉ်လျက်ရှိကြောင်းသိရှိရပါသည်။

"လူနာတွေကို ကုန်ကျစရိတ်ဘာမှမရှိစေပဲနဲ့ဆေးကုသမှုခံယူနိုင်ဖို့အတွက် စီစဉ်လျက်ရှိပါတယ်၊ ယခုနှစ်ကနေစပြီး နေရပ်ကနေဆေးရုံကိုလာရောက်ရတဲ့ ခရီးစရိတ်နဲ့ဆေးရုံတက်နေစဉ်အတွင်း စားသောက်ရတဲ့ကုန်ကျစရိတ်တွေအားလုံးကို စားရိတ်ငြိမ်းဖြစ်ဖို့၊ ဘာမှပူပန်မှုမရှိဘဲခွဲစိတ်ကုသမှုခံယူနိုင်ဖို့စီစဉ်သွားမှာပါ"ဟု New Look New Life အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးကိုကိုမောင်က ပြောပြခဲ့ပါသည်။

ကုသမှုခံယူလိုသူများအနေဖြင့်လည်းဖုန်း– ၀၉၇၃၀၀၅၆၈၁၊ ၀၉၇၃၀၃၈၁၅၆တို့သို့အကြောင်းကြားဆက်သွယ်နိုင်ကြောင်း သိရှိရပါသည်။











ELEVEN MEDIA GROUP Co., Ltd.
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၄၀၀၅၂၀၊ ၄၀၀၅၂၄၊ ၄၀၃၄၁၁ ဖက်စ် - ၄၀၀၅၂၀

# ပြည်ထောင်စုတိုင်းရင်းသားများ ပညာရေးရန်ပုံငွေဂီတဖျော်ဖြေပွဲသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်အားပေးခဲ့

ဒီဇင်ဘာလ ၃၀ ရက်နေ့က မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ကျင်းပခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသားများ ပညာရေးရန်ပုံငွေဂီတဖျော်ဖြေပွဲသို့ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်အားပေးခဲ့သည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ဒီမိုကရေစီ ကွန်ယက်တွင် တစ်ခုအပါအဝင်ဖြစ်သည့်ပညာရေးကွန်ယက်အဖွဲ့မှ ဦးဆောင်ကျင်းပသော ယင်းပွဲတွင် ပညာရေးရန်ပုံငွေဈေးရောင်းပွဲကိုပါ ထည့်သွင်းပြုလုပ်ခဲ့သည်။ ဈေးရောင်းပွဲကို MCC ဝန်းထဲရှိ လျှောက်လမ်းတွင်နံနက် ၉ နာရီမှစ၍ ခင်းကျင်းရောင်းချခဲ့ခြင်းဖြစ်ပြီး ဂီတဖျော်ဖြေပွဲကိုမူ ညနေ ၄ နာရီခွဲတွင်စတင်ခဲ့သည်။



ဂီတပွဲတော်အား ဒေါ်အောင်ဆန်းစုကြည်က ဖွင့်လှစ်ပေးနေစဉ်

ဒေါ်အောင်ဆန်းစုကြည်က "အခုပွဲကို လာရောက်ချီးမြှင့်တယ်ဆိုတာ ကျွန်မတို့ရဲ့အနုပညာသည်တွေကိုအားပေးတာ၊ ဂီတကိုအားပေးတာဖြစ်သလို ဂီတပွဲတော်ကနေ ထောက်ပံ့မယ့် ပညာရေးကိုအားပေးတာဖြစ်ပါတယ်။ ပညာရေးကိုအားပေးတယ်ဆိုတာက ကျွန်မတို့နိုင်ငံရဲ့အနာဂတ်ကိုအားပေးတာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုလာရောက်ပြီး ကျွန်မတို့နိုင်ငံရဲ့အနာဂတ်ပိုပြီးတော့ကောင်းဖို့အတွက်၊ ပိုပြီးသာယာဖို့အတွက်အားပေးတဲ့ ကျွန်မတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးကိုကျေးဇူးတင်ပါတယ်။ကျွန်မတို့ညီညွတ်မှ ဒီတိုင်းပြည်ဟာခိုင်မာမှာပါ။ ညီညွတ်မှုရှိမှ၊ ခိုင်မာမှုရှိမှ တိုးတက်နိုင်မယ်။ တိုးတက်မှုရှိမှပဲ ကျွန်မတို့ပြည်သူ၊ ပြည်သားတွေဟာ သာသာယာယာ အေးအေးချမ်းချမ်းနဲ့နေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့အခုဒီပညာရေးအတွက် ရန်ပုံငွေကိုအထူးသဖြင့်ပြည်နယ်တွေနဲ့ တိုင်းရင်းသားဒေသတွေမှာ လုပ်ပေးသွားဖို့ရည်ရွယ်ချက်ရှိပါတယ်။ ဒါဟာပြည်ထောင်စုစိတ်ဓါတ်နဲ့ ကျွန်မတို့လုပ်တာပါ။ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုတွေနဲ့ ဖွဲ့ထားတဲ့နိုင်ငံဖြစ်လို့တိုင်းရင်းသားများအားလုံး တန်းတူရည်တူတိုးတက်နိုင်မှ ဒီနိုင်ငံဟာတကယ့်ကိုသာယာပြီး အေးမြတဲ့နိုင်ငံဖြစ်နိုင်မှာပါ။ အခုလိုစည်းစည်းရုံးရုံးနဲ့ဒီလိုပွဲတော်တစ်ခုကို အားပေးနိုင်ရင် ဒီထက်ပိုပြီးအများကြီးအရေးကြီးတဲ့ တိုင်းရင်းသားများသွေးစည်းညီညွတ်ရေးကိုလည်းအားပေးကြမယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ လူတိုင်းလူတိုင်းတစ်ယောက်စီတိုင်းကဖယောင်းတိုင်လေးတွေထွန်းလိုက်ရင်တစ်ကမ္ဘာလုံးတောင်လင်းသွားနိုင်ပါတယ်။ အဲဒီတော့ကျွန်မတို့နိုင်ငံမှာပြည်တွင်းစစ်ငြိမ်းသွားပြီးအနာဂတ်ရဲ့မျှော်လင့်ချက်တွေတောက်ပနိုင်ဖို့အတွက်ပြည်သူအားလုံးတတ်နိုင်တဲ့ဖယောင်းတိုင်လေးဆိုတဲ့ ဝီရိယ၊ဖယောင်းတိုင်လေးဆိုတဲ့ ဆန္ဒ၊ ဖယောင်းတိုင်လေးဆိုတဲ့လုပ်အားတွေနဲ့ ကူညီကြပါလို့မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်"ဟုဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ထို့နောက်ဒီဇင်ဘာလ ၂၉ ရက်နေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊စက်ဆန်းရပ်ကွက်မီးလောင်မှုတွင် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးခဲ့သူများအတွက်၊ ငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ဆဲဖြစ်သောနယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများအတွက်၊ ဘေးဒုက္ခအသီးသီးကြောင့်သေဆုံးခဲ့ရသည့်ပြည်သူပြည်သားများအားလုံးအတွက်၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအားလုံးအတွက်၊ မိမိကိုးကွယ်ရာဘာသာများအလိုက် တစ်မိနစ်ငြိမ်သက်စွာဆုတောင်းပေးခဲ့ကြသည်။

ထို့နောက်တွင် Vertical Vibration Band နှင့်အတူ ကိုရဲလွင်၊ ကိုနေဝင်း၊ တာရာ၊ ဂျေညီညီ၊ သားထွေး၊ စံလင်း၊ ရင်ဂို၊တိုးလွင်၊အောင်အောင်၊ ညီညီသွင်၊ အုပ်ကြီး၊ စိုးထက်၊ ကိုထွဋ်၊ ဂျေညီမလေးတို့သီဆိုခဲ့ပြီး Wanted၊ Reason နှင့် ကျားပေါက်တို့က ဖျော်ဖြေခဲ့သည်။

Heaven Born အဖွဲ့နှင့်အတူ ရတနာမိုင်၊ ဂျေမောင်မောင်၊ ဖြိုးကြီး၊ မေခလာ၊ သျှီ၊ ခင်ဘုဏ်းနှင့် ဘိုဖြူတို့သီဆိုခဲ့ပြီး Spectrum တေးဂီတနှင့်အက်စကဲနက်၊ လင်းနစ်၊ နွဲ့ယဉ်ဝင်း၊ သံသာဝင်း၊ ချောစုခင်နှင့်ကဗျာဘွဲ့မှူးတို့ဖျော်ဖြေခဲ့သည်။

ထို့နောက်တွင် လင်းနစ်၊ ငယ်ငယ်၊ တူးတူး၊ ဆူဇီ၊ ယုန်လေး၊ Cyclone အဖွဲ့တို့ဖျော်ဖြေခဲ့ပြီး The Trees Band နှင့် ဉာဏ်လင်းအောင်၊ ယုဇန၊ဖိုးကာ၊ ဟဲလေး၊ ထွန်းအိန္ဒြာဗိုနှင့် R ဇာနည်၊ Metal Zone နှင့်အတူ ဟယ်ရီလင်း၊ မာရဇ္ဇ၊ဟန်ထွန်း၊သအို၊ ဂျီလတ်၊လင်းလင်း၊ချစ်သုဝေ၊L ဆိုင်းဇီနှင့် N ကိုင်ရာတို့သီဆိုခဲ့သည်။

Plus Three Band နှင့်အတူ ဆောင်းဦးလှိုင်၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ကောင်းမြတ်၊ မိုးမိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ရှင်ဖုန်းတို့ဖျော်ဖြေခဲ့ပြီးနောက် ဘိုလေး၊ ရသ၊ Snare ၊ ကြက်ဖ၊ စန္ဒီမြင့်လွင်၊ ဂျင်းနီနှင့် Acid တို့ဖျော်ဖြေခဲ့သည်။

ဂီတဖျော်ဖြေမှု၏နောက်ဆုံးဖျော်ဖြေမှုကို Emperor တေးဂီတအဖွဲ့နှင့် ဇော်ဝင်းထွဋ်၊ အဲလက်စ်၊ L လွန်းဝါ၊ဆောင်းဦးလှိုင်၊ဆုန်သင်းပါရ်၊ ဝိုင်းစုခိုင်သိန်းနှင့် အိမ့်ချစ်တို့က ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲကျင်းပနေချိန်တွင်ပညာရေးရန်ပုံငွေအတွက် အဆိုတော်များလက်မှတ်ထိုးထားသည့်အင်္ကျီအားလေလံတင်ခဲ့ရာကြမ်းခင်းဈေး ကျပ်သိန်း ၃၀နှင့် စဖွင့်ခဲ့ပြီး ကျပ် ၁၂၅ သိန်းဖြင့်လေလံအောင်ခဲ့သည်။ စေတနာရှင်များကလည်း အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး အဆိုတော်များကလည်း ၎င်းတို့ရရှိသည့် ဆုချီးမြှင့်ငွေများအားပြန်လည်လှူဒါန်းခဲ့ကြသည်။



ကိုရဲလွင်



ကိုနေဝင်း



အက်ဆစ်အဖွဲ့



လေလံအင်္ကျီအား ပေးအပ်နေစဉ်




# ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံရေးထူးခြားဖြစ်စဉ်များ

## ဇန်နဝါရီ

**ဇန်နဝါရီ ၁၁ -** ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး၊ အမျိုးသား လွှတ်တော်နှင့်တိုင်းဒေသကြီးလွှတ်တော်များကျင်းပရန် ခေါ်ယူကြောင်း ဇန်နဝါရီလ ၁၀ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်။

**ဇန်နဝါရီ ၂၂ -** (၁၃)ကြိမ်မြောက်ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက်ဘင်းမ်စတက်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး နေပြည်တော်၌ ကျင်းပ။

**ဇန်နဝါရီ ၃၁ -** ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သဘာပတိရှေ့၌ ကတိသစ္စာပြုကြပြီး လက်မှတ်ရေးထိုး။

**ဇန်နဝါရီ ၃၁ -** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးနန္ဒကျော်စွာတို့အား ရွေးချယ်တင်မြှောက်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးမြညိမ်းတို့အား ရွေးချယ်တင်မြှောက်။

## ဖေဖော်ဝါရီလ

**ဖေဖော်ဝါရီ ၁ -** သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတ တင်မြှောက်ရေး ဆောင်ရွက်။

**ဖေဖော်ဝါရီ ၁ -** ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတလောင်းများ အဆိုပြုတင်သွင်း။

**ဖေဖော်ဝါရီ ၁ -** ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတလောင်းများ အဆိုပြုတင်သွင်း။

**ဖေဖော်ဝါရီ ၃ -** သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် သီဟသူရ ဦးတင်အောင်မြင့်ဦးအား ရွေးချယ်တင်မြှောက်။

**ဖေဖော်ဝါရီ ၄ -** ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သောသမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေး ကျင်းပ။ နိုင်ငံတော်သမ္မတ အဖြစ် ဦးသိန်းစိန်၊ ဒုတိယသမ္မတများအဖြစ် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းတို့အား ရွေးချယ်တင်မြှောက်။

**ဖေဖော်ဝါရီ ၈ -** ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ။ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ ပြည်ထောင်စုလွှတ်တော်သို့တင်ပြ။

**ဖေဖော်ဝါရီ ၉ -** ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ရေး ပြည်ထောင်စုလွှတ်တော် အဆုံးအဖြတ်ရယူ။ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ။

## မတ်လ

**မတ် ၁ -** ပထမအကြိမ်အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးဒုတိယနေ့ ကျင်းပ။ ကော်မတီအဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်း။

**မတ် ၃ -** ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ။ အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်း။

**မတ် ၄ -** ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ။ အဖွဲ့ဝင် ၁၅ ဦးပါဝင်သော လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်း။

**မတ် ၇ -** ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးပဥ္စမနေ့ကျင်းပ။ အဖွဲ့ဝင် ၁၅ ဦးပါဝင်သော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်း။

**မတ် ၁၄ -** ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ။

**မတ် ၁၆ -** နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Joseph S. Blatter နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ။

**မတ် ၂၃ -** ပထမအကြိမ်အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပပြီးစီး။

**မတ် ၃၀ -** ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပပြီးစီး။

**မတ် ၃၀ -** နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများဖြစ်ကြသော သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြု။

**မတ် ၃၀ -** နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြား။

**မတ် ၃၀ -** နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများဖျက်သိမ်း။

**မတ် ၃၀ -** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများ၏ အာဏာများ လွှဲပြောင်း။ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ လုပ်ငန်းတာဝန်များ လွှဲပြောင်း။

**မတ် ၃၀ -** ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဦးထွန်းထွန်းဦးအား ခန့်အပ်။

**မတ် ၃၀ -** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် ဦးသိန်းစိုးအား ခန့်အပ်။

**မတ် ၃၀ -** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ဦးတင်အေးအား ခန့်အပ်။

**မတ် ၃၀ -** ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာထွန်းရှင်အား ခန့်အပ်။

**မတ် ၃၀ -** ပြည်ထောင်စုစာရင်းချုပ်အဖြစ် ဦးလွန်းမောင်အား ခန့်အပ်။

**မတ် ၃၀ -** ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးကျော်သူအား ခန့်အပ်။

**မတ် ၃၀ -** နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ဦးသိန်းညွန့်အားခန့်အပ်။

**မတ် ၃၀ -** ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်။

**မတ် ၃၀** – နိုင်ငံတော် သမ္မတရုံးမှ ကြေညာချက်အမှတ် ၈/၂၀၁၁ ထုတ်ပြန်။

**မတ် ၃၀ -** ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဘဏ္ဍာရေးကော်မရှင်



များဖွဲ့စည်း။

**မတ် ၃၀ -** ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ ခန့်အပ်။

**မတ် ၃၀ -** ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသောပုဂ္ဂိုလ်များ ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ ကတိသစ္စာပြု။

**မတ် ၃၀ -** ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးကျင်းပပြီးစီး။

**မတ် ၃၁ -** နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား သမ္မတအိမ်တော်တွင် မိန့်ခွန်းပြောကြား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ် ၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ထားသောပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ ရှေ့မှောက်၌ ကတိသစ္စာပြု။

**မတ် ၃၁ -** ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများဖွဲ့စည်း။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူများက သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌ၏ရှေ့မှောက်၌ ကတိသစ္စာပြု။

## ဧပြီလ

**ဧပြီ ၂ -** တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီး ရောက်ရှိ။

**ဧပြီ ၄ -** နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏(၁၁)ကြိမ်မြောက်အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်နှင့် တွေ့ဆုံ။

## မေလ

**မေ ၅ -** အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထွက်ခွာ။

**မေ ၇ -** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ(၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား တက်ရောက်။

**မေ ၇ -** အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာအဘီဆစ်ဝဲချာချီက ဂျာကာတာမြို့ရှိ Jakarta Convention Centre(JCC) ဧည့်ခန်းမ၌တွေ့ဆုံ။

**မေ ၁၁ -** ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် (ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်)မစ္စတာဗီဂျေးနမ်ဘီးယားနှင့်အဖွဲ့လာရောက်တွေ့ဆုံ။

**မေ ၁၁ -** နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာဗီဂျေးနမ်ဘီးယားနှင့်အဖွဲ့ တွေ့ဆုံဆွေးနွေး။

**မေ ၁၂ -** နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာအက်စ်ပန်ဘတ်စ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ။

စာမျက်နှာ(၁၀)သို့➢➢



**စာမျက်နှာ(၉)မှအဆက်** ➤ ➤

**မေ ၁၂** - ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်)မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ။

**မေ ၁၃** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။

**မေ ၁၆** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်။

**မေ ၁၈** - နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Joseph Yuosang Yun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံ။

**မေ ၂၄** - တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Genaral Muhammad Abdul Mubeen,ndc,psc ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံ။

**မေ ၂၆** - နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ထွက်ခွာ။

**မေ ၂၇** - နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဟူကျင်တောင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး။

## ဇွန်လ

**ဇွန် ၁** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ။

**ဇွန် ၈** - နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ။

**ဇွန် ၉** - နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။

**ဇွန် ၂၀** - ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ဥရောပသမဂ္ဂဒုတိယဥက္ကဋ္ဌနှင့် လုံခြုံရေးရာအကြီးအကဲနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ EU သံအမတ်နှင့် တွေ့ဆုံ။

**ဇွန် ၂၁** - အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ၊ နိုင်ငံတော်ဒုတိယသမ္မတ သီဟသူရတင်အောင်မြင့်ဦး လက်ခံတွေ့ဆုံ။

**ဇွန် ၂၂** - နိုင်ငံတော်သမ္မတဦးသိန်းစိန် အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။

**ဇွန် ၂၂** - ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ။

**ဇွန် ၂၅** - ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ။

**ဇွန် ၂၈** - ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ဒုတိယဝန်ကြီးအဖွဲ့ လာရောက်တွေ့ဆုံ။

**ဇွန် ၃၀** - ကချင်ပြည်နယ်ဝန်ကြီး ကိုးဦးအား ပြောင်းလဲတာဝန်ပေးအပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးကိုးဦးအား ပြောင်းလဲတာဝန်ပေးအပ်။

## ဇူလိုင်လ

**ဇူလိုင် ၁** - ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်။

**ဇူလိုင် ၁** - နိုင်ငံ့ဝန်ထမ်းများ၏ပင်စာလစာများနှင့် နိုင်ငံရေးပင်စင် လစာများအား တိုးမြှင့်သတ်မှတ်။

**ဇူလိုင် ၂** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးသိန်းစိန် သြစတေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။

**ဇူလိုင် ၃** - ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌခေါင်းဆောင်သောအဖွဲ့တို့ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး။

**ဇူလိုင် ၁၁** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့လာအိုနိုင်ငံဝန်ကြီးချုပ်မစ္စတာသွန်ဆင်းသမာဖောင်ဦးဆောင်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရောက်ရှိ။

**ဇူလိုင် ၁၉** - (၆၄)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပ။ အများပြည်သူများအား တက်ရောက်အလေးပြုခွင့်ပြန်လည်ခွင့်ပြု။

## ဩဂုတ်လ

**ဩဂုတ် ၁** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများကျင်းပရန် ကြေညာချက်ထုတ်ပြန်။

**ဩဂုတ် ၁** - ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးတစ်ဦးမိမိသဘောဆန္ဒအလျောက်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဝန်ကြီးရာထူးမှနုတ်ထွက်။

**ဩဂုတ် ၁၀** - အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်အား သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးအဖြစ်ခန့်အပ်။

ဩဂုတ် ၁၀ – အမှတ်(၂) စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏တာဝန်ကိုပါ ပူးတွဲထမ်းဆောင်စေခဲ့။

**ဩဂုတ် ၁၀** - ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်း။

**ဩဂုတ် ၁၈** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့က ကြေညာချက်အမှတ် (၁/၂၀၁၁)ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်။

**ဩဂုတ် ၁၉** - ကချင်ပြည်နယ် ဖြစ်ကြီးနားမြို့ မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီမှ နိုင်ငံတော်သမ္မတထံ ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် ထပ်မံဆန္ဒပြုမေတ္တာရပ်ခံခေါင်းစဉ်ဖြင့် စာပေးပို့။

**ဩဂုတ် ၁၉** - နိုင်ငံတော်သမ္မတဦးသိန်းစိန်သမ္မတအိမ်တော်တွင် ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံ။

**ဩဂုတ် ၂၂** - ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ။ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်မိန့်ခွန်း ပြောကြား။

**ဩဂုတ် ၂၂** - ပထမအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့နှင့် ပထမအကြိမ်အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးပထမနေ့ စတင်ကျင်းပ။

**ဩဂုတ် ၂၂** - ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုဝန်ကြီးများအား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူမစ္စတာသောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့တွေ့ဆုံ။

**ဩဂုတ် ၂၃** - ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့်လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူမစ္စတာသောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့တွေ့ဆုံ။

**အောက်တိုဘာ ၁၂** - နိုင်ငံတော်သမ္မတနှင့်ဇနီး အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ထွက်ခွာ။

**အောက်တိုဘာလ ၂၁** - နိုင်ငံတော်သမ္မတဦးသိန်းစိန်(၈)ကြိမ်မြောက် တရုတ်အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ။

**အောက်တိုဘာ ၂၉** - အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်တွေ့ဆုံ။

**အောက်တိုဘာ ၃၀** - နိုင်ငံတော်သမ္မတ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ။

**အောက်တိုဘာ ၃၁** - ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံပြီး သတင်းထုတ်ပြန်။

## နိုဝင်ဘာလ

**နိုဝင်ဘာ ၁** - ဒုတိယသမ္မတသီဟသူရတင်အောင်မြင့်ဦးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့်ဒုတိယအတွင်းရေးမှူးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ။

**နိုဝင်ဘာ ၁** - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်နှင့်ဒုတိယအတွင်းရေးမှူးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။



**ဩဂုတ် ၂၆** - နိုင်ငံတော်သမ္မတဦးသိန်းစိန် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်၌ လက်ခံတွေ့ဆုံ။

## စက်တင်ဘာလ

**စက်တင်ဘာ ၁** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘော့စ်နီးယားနှင့်ဟာဇီဂိုဗီးနားနိုင်ငံတို့ကြား သံတမန်အဆက်အသွယ်ပြုလုပ်။

**စက်တင်ဘာ ၁၀** - ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့်မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr.Derek Mitchell လာရောက်တွေ့ဆုံ။

**စက်တင်ဘာ ၁၃** - အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ အခမ်းအနားကို လွှတ်တော်အဆောက်အအုံ၌ ခမ်းနားကျင်းပ။

**စက်တင်ဘာ ၂၆** - ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် (၃၂)ကြိမ်မြောက်အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံဒုတိယအကြိမ်စုံညီအစည်းအဝေးသို့ တက်ရောက်။

## စက်တင်ဘာလ

**စက်တင်ဘာ ၁၃** - အမေရိကန်အစိုးရနှင့် မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒညှိနှိုင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ။

**စက်တင်ဘာ ၁၅** - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံထိုင်း ဘုရင့်ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အားလက်ခံတွေ့ဆုံ။

**စက်တင်ဘာ ၇** - သစ်တောရေးရာဝန်ကြီးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသတ်မှတ်။

## အောက်တိုဘာလ

**အောက်တိုဘာ ၁** - နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကိုမပြုလုပ်စေဘဲ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများသို့ လိပ်မူလျက် သဝဏ်လွှာပေးပို့။

**အောက်တိုဘာ ၁** - ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့် ဒေါ် အောင်ဆန်းစုကြည်တို့တွေ့ဆုံ။

**အောက်တိုဘာ ၆** - နိုင်ငံတော်သမ္မတဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ။

**အောက်တိုဘာ ၈** - နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ။

**အောက်တိုဘာ ၈** - လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ။

**အောက်တိုဘာ ၁၂** - အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၆၃၅၉ ဦး တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပြု။

**နိုဝင်ဘာ ၂** - ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား အမေရိကန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံ။

**နိုဝင်ဘာ ၂** - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံ။

နိုဝင်ဘာ ၃ – ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့လာရောက်တွေ့ဆုံ။

**နိုဝင်ဘာ ၄** - နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်း။

**နိုဝင်ဘာ ၄** - မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးဝင်းမြနှင့်အဖွဲ့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်ဦးဆောင်သော အဖွဲ့အားလက်ခံတွေ့ဆုံ။

**နိုဝင်ဘာ ၄** -ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ဂျာမနီနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အဖွဲ့ လာရောက်တွေ့ဆုံ။

**နိုဝင်ဘာ ၄** - ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့(DKBA)တို့ ပဏာမငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုး။

**နိုဝင်ဘာ ၁၀** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန်က တရုတ်ကွန်မြူနစ်ဗဟိုကော်မတီနှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ပေကျင်းမြူနီစပါယ်ကော်မတီအတွင်းရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။

**နိုဝင်ဘာ ၁၁** - ဗြိတိသျှပါလီမန်အမတ်အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာနဝန်ကြီးအားလာရောက်တွေ့ဆုံ။

**နိုဝင်ဘာ ၁၆** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံဘာလီမြို့၌ ကျင်းပမည့်(၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်သော ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ထွက်ခွာ။

နိုဝင်ဘာ ၁၈ – မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ပြုပြင်ပြောင်းလဲမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံသို့စေလွှတ်မည်ဟု အိုဘားမားက မြန်မာ–အမေရိကန်သီးခြားတွေ့ဆုံပွဲ၌ပြောကြား။

နိုဝင်ဘာ ၁၈ – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးမင်း အောင်လှိုင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် တွေ့ဆုံ။

**နိုဝင်ဘာ ၂၈** - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးမင်း အောင်လှိုင် တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတအားလက် ခံတွေ့ဆုံ။

**နိုဝင်ဘာ ၂၀** - အမေရိကန်နိုင်ငံခြားရေးဝန်ကြီး

# ၂၀၁၁ ခုနှစ်အတွင်း စီးပွားရေးထူးခြားဖြစ်စဉ်များ

## ဇန်နဝါရီလ

**ဇန်နဝါရီ ၆** - ပုထိုးလုံအစမ်းတွင်းများမှ စီးပွားဖြစ်ထုတ်ယူနိုင်သော ရေနံ၊ သဘာဝဓာတ်ငွေ့များတွေ့ရှိကြောင်းကြေညာ။

**ဇန်နဝါရီ ၁၁** - အကြိမ် (၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲကျင်းပ။

**ဇန်နဝါရီ ၁၉** - မြန်မာ–ထိုင်းစီးပွားရေးလုပ်ငန်းများအလိုက် UMFCCI တွင် တွေ့ဆုံဆွေးနွေး။

**ဇန်နဝါရီ ၂၂** - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၇၆ ခုအားရောင်းချရန်အဆိုပြုလွှာခေါ်။

**ဇန်နဝါရီ ၂၂** - စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျောက်မီးသွေးအကြီးစားထုတ်လုပ်မှုအား မက်စ်မြန်မာရရှိပြီး သဘောတူစာချုပ်ချုပ်ဆို။

**ဇန်နဝါရီ ၂၇** - တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank of China ချေးငွေစာချုပ်များလက်မှတ်ရေးထိုး။

**ဇန်နဝါရီ ၂၇** - မြန်မာအထူးစီးပွားရေးဇုန်ဥပဒေထုတ်ပြန်ပြဋ္ဌာန်း။

**ဇန်နဝါရီ ၂၉** - စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဓာတ်ခွဲခန်းဖွင့်လှစ်။

## ဖေဖော်ဝါရီလ

**ဖေဖော်ဝါရီ ၂** - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ(၈၀/၁၀၀)အမျိုးအစား မက်ထရစ်တန် ၃၀၀၀၀ ဝယ်ယူရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Swiss Singopore Overseas Enterprises Pte; ltd တို့စာချုပ်ချုပ်ဆို။

**ဖေဖော်ဝါရီ ၅** - သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် ထူးအပြည်ပြည်ဆိုင်ရာစက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက်တို့ ကျောက်မီးသွေးအကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို။

**ဖေဖော်ဝါရီ ၈** - ပုဂ္ဂလိကပိုင်စက်သုံးဆီအရောင်းဆိုင်များ စက်သုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းညှိနှိုင်းစည်းဝေး။

**ဖေဖော်ဝါရီ ၁၈** - မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ။

**ဖေဖော်ဝါရီ ၁၉** - ရခိုင်ကမ်းလွန်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးရွှေစီမံကိန်း၏ ပထမအဆင့်ဖွံ့ဖြိုးရေးတွင် စတင်တူးဖော်ခြင်းအခမ်းအနားကျင်းပ။

**ဖေဖော်ဝါရီ ၂၃** - အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း(MAI) ၏ရန်ကုန်–ဆီယမ်ရိ (ဘန်ကောက်) ခရီးစဉ်သစ်စတင်ပျံသန်းခြင်း အခမ်းအနားကျင်းပ။

**ဖေဖော်ဝါရီ ၂၄** - အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ။

**ဖေဖော်ဝါရီ ၂၅** - သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများ လီမိတက်တို့၏ ကျောက်မီးသွေးနှင့်ထုံးကျောက်အကြီးစားတူးဖော်ထုတ်လုပ်ရန် လုပ်ငန်းသဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးပွဲကျင်းပ။



## မတ်လ

**မတ် ၁** - အမှတ်(၁)(၂)စက်မှုဝန်ကြီးဌာန အကြီးစားစက်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်း၍ ၁၀–၁၅ တန်ကုန်တင်ယာဉ် ထုတ်လုပ်မှုစီမံကိန်းအတွက် နေပြည်တော်တွင် စာချုပ်ချုပ်ဆို။

**မတ် ၂** - UMFCCI နှင့် ဗီယက်နမ်၊ ဆွီဒင်နိုင်ငံကိုယ်စားလှယ်အဖွဲ့များတွေ့ဆုံ။

**မတ် ၃** - အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းMAI ရန်ကုန်–ကွမ်ကျိုး ခရီးစဉ်သစ် စတင်ပျံသန်းခြင်းအခမ်းအနားကျင်းပ။

**မတ် ၄** - မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်ကုမ္ပဏီရှစ်ခုတို့အကြား ပစ္စည်းဝယ်ရေးစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကျင်းပ။

**မတ် ၁၀** - နေပြည်တော်၌ကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပ။

**မတ် ၁၈** - China Development Bank ဒုဥက္ကဋ္ဌခေါင်းဆောင်ကိုယ်စားလှယ်တွေ့။

**မတ် ၂၂** - (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆက်လက်ကျင်းပ။ ပြပွဲကာလအတွင်း တင်ဒါစနစ်ဈေးပြိုင်စနစ်တို့ဖြင့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၃၆၀၈ တွဲရောင်းချရ။

**မတ် ၂၉** - မြန်မာ–မလေးစီးပွားရေးလုပ်ငန်းများအလိုက်တွေ့ဆုံးဆွေးနွေးပွဲကျင်းပ။

## ဧပြီလ

**ဧပြီ ၂** - ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး China Vational Corporation ဥက္ကဋ္ဌခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။

**ဧပြီ ၂** - ဝန်ကြီးဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသားနည်းပညာထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံ။

**ဧပြီ ၄** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတတို့အကြား စီးပွားရေးနှင့်နည်းပညာပူးပေါင်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး။

**ဧပြီ ၇** - အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President မခမ်ကျန်ရှောင်လူနှင့် တရုတ်သံအမတ်ကြီးတို့မှ သီးခြားစီတွေ့ဆုံ။

**ဧပြီ ၇** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၁) ကြိမ်မြောက်အစည်းအဝေးကျင်းပ။

**ဧပြီ ၁၀** - ရန်ကုန်မြစ်ကြောင်း နိုင်ငံခြားသင်္ဘောတန် ၃၅၀၀၀ ထိတိုးမြှင့်နိုင်အောင်လုပ်မည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ထွန်းအောင်ပြောကြား။

ဧပြီ ၂၉ – (၁၀)ကြိမ်မြောက် မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲမူဆယ်ဖွင့်ပွဲကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင်ကျင်းပ။

## မေလ

**မေလ ၁** - သစ်တောရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးသစ်တောဦးစီးဌာနရှိ ဖမ်းဆီးရမိပုံစံ ၈ ဝင်၊ ကျွန်းပရိဘောဂစုစုပေါင်းကပ်ပုံ ၂၂ ပုံ၊ ၄၅၈၃၄ ချောင်း ၄၈.၈၇၇၃ တန်အား အင်းစိန်မြို့နယ်အနောက်ကြို့ကုန်းသစ်တောဝင်း ရန်ကုန်တိုင်းဒေသကြီးသစ်တောဦးစီးဌာနညွှန်ကြားရေးမှူးရုံး၌ ၂၆–၅–၂၀၁၁ ရက်တွင် လက်ရှိမျက်မြင်အခြေအနေအတိုင်းဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာ။

**မေ ၅** - နေပြည်တော်ကုန်စည်ပြပွဲ ၂၀၁၁ ကျင်းပ။

**မေ ၇** - စီးပွားကူးသန်းဝန်ကြီးဦးဝင်းမြင့်အား ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ။

**မေ ၉** - ရေနံသဘာဝဓာတ်ငွေ့ရှာဖွေရေးတွင်းအမှတ်အောင်သခ် –၂ တွင် အများအပြားခိုအောင်းနေကြောင်း တွေ့ရှိ။

စာမျက်နှာ(၁၂)သို့ ➢➢







ELEVEN MEDIA GROUP Co., Ltd.
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ၄၀၁၄၁၁၊ ဖက်စ် - ၄၀၀၅၂၈

စာမျက်နှာ(၁၁)မှအဆက်

**မေ ၁၀** - စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ၁/၂၀၁၁ ကြိမ်မြောက် အစည်းအဝေးကျင်းပ။

**မေ ၂၀** - ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ မေလ ၂၂ ရက်နေ့ထိကျင်းပ။

**မေ ၂၄** - စီးပွားကူးသန်းဝန်ကြီးဌာနတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲအတားအဆီးနည်းပါးရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများလျင်မြန်ချောမွေ့စေရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပ။

**မေ ၂၅** - ငရုတ်သီးမှုန့်ထဲတွင် အမှုန့်တုများရောနှောရောင်းချကြောင်း ထုတ်ပြန်

## ဇွန်လ

**ဇွန် ၂** - ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Commercial Aircraft Corporation of the China နှင့် AVIC International Holding Corporation တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး။

**ဇွန် ၆** - သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်အား ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ။

**ဇွန် ၆** - အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၁၀)တွေ့ရှိချက်များဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ။

**ဇွန် ၇** - အကြိမ် (၂၀)မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးကျင်းပ။

**ဇွန် ၈** - စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ။

**ဇွန် ၁၀** - မြန်မာ–ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ။

**ဇွန် ၂၀** - ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ(၁/၂၀၁၁)အစည်းအဝေးကျင်းပ။

**ဇွန် ၂၁** - အိန္ဒိယ–မြန်မာစက်မှုသင်တန်းကျောင်း (မြင်းခြံ)ထူထောင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး။

**ဇွန် ၂၁** - ၂၀၁၁–၂၀၁၂ ခု ဘဏ္ဍာရေးနှစ်ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်သည့်ညှိနှိုင်းအစည်းအဝေးကျင်းပ။

**ဇွန် ၂၁** - အိန္ဒိယက ဆောက်လုပ်လှူဒါန်းသော တန် ၅၀၀ ဆံ့ Food Security Shelter များဖွင့်ပွဲ ကျင်းပ။

**ဇွန် ၂၃** - မြန်မာ–ကျူးဘား စီးပွားရေးအခွင့်အလမ်းများနှင့်ခရီးသွားလုပ်ငန်းများဆိုင်ရာ ဆွေးနွေး။

**ဇွန် ၂၇** - အမျိုးသားဆန်စပါးမူဝါဒများ၊ ဒေသတွင်းစားနပ်ရိက္ခာလုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတတိယအကြိမ်ဆွေးနွေးပွဲကျင်းပ။

**ဇွန် ၂၈** - ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းများရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဂျပန်ဧည့်သည်အဖွဲ့နှင့်တွေ့ဆုံ။

**ဇွန် ၂၈** - ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကျင်းပ။

**ဇွန် ၂၉** - စီးပွားကူးသန်းပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်အား Marubeni Corporation ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ။

## ဇူလိုင်လ

**ဇူလိုင် ၁** - ဇူလိုင် ၁ရက်မှ ၁၃ ရက်အထိ ၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ နေပြည်တော်၌ ကျင်းပ။

**ဇူလိုင် ၃** - စီးပွားကူးသန်းပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်အား အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဒုတိယဝန်ကြီးနှင့်အဖွဲ့တွေ့ဆုံ။

**ဇူလိုင် ၈** - မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းများရှင်များအသင်းဥက္ကဋ္ဌအား ဘရာဇီးနိုင်ငံသံအမတ်ကြီးတွေ့ဆုံ။

**ဇူလိုင် ၉** - မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးတွေ့ဆုံဆွေးနွေး။

**ဇူလိုင် ၁၃** - ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လက်ရှိဆွေးနွေးဆဲ ဒိုဘာကုန်သွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ။

**ဇူလိုင် ၁၃** - မြန်မာ့စက်မှုဆိပ်ကမ်းတွင် မှောင်ခိုတင်သွင်းလာသည့် Super Custom ကားများဖမ်းဆီးရမိ

**ဇူလိုင် ၂၁** - မြန်မာ–ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင်အစည်းအဝေးကျင်းပ။

**ဇူလိုင် ၂၂** - မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ ၂၀၁၁ ဖွင့်ပွဲကျင်းပ။

## သြဂုတ်လ

**သြဂုတ် ၂** - လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်အား အိန္ဒိယနိုင်ငံမှဧည့်အဖွဲ့လာရောက်တွေ့ဆုံ။

**သြဂုတ် ၄** - နဝမအကြိမ် အာဆီယံနိုင်ငံများ၏ကျောက်မီးသွေးကောင်စီအစည်းအဝေးပြုလုပ်။

**သြဂုတ် ၄** - နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာစက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ။

**သြဂုတ် ၄** - အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

**သြဂုတ် ၁၀** - စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အမေရိကန်ပြည်ထောင်စု Caterpillar Inc မှအဖွဲ့နှင့် ဂျပန် ITOCHU Corporation မှအဖွဲ့တို့လာရောက်တွေ့ဆုံပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတို့ကိုဆွေးနွေး။

**သြဂုတ် ၁၁** - ပြည်ပပို့ကုန်အမျိုးအစား ၇ မျိုးကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြု။

**သြဂုတ် ၁၂-၁၆** - နေပြည်တော်၌ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကျင်းပ။

**သြဂုတ် ၁၇** - မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအားအာရှဖွံ့ဖြိုးရေးဘဏ်မှဒါရိုက်တာလာရောက်တွေ့ဆုံပြီး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များဆွေးနွေး။

**သြဂုတ် ၁၈** - ပုဂ္ဂလိကလက်ခစားလုပ်ငန်းစနစ်(CMP) ဖြင့်ဆောင်ရွက်သောလုပ်ငန်းများမှ နိုင်ငံခြားငွေရရှိမှုအပေါ်ပေးဆောင်စေသည့် ဝင်ငွေခွန်အား ၁၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့လျှော့ချသတ်မှတ်။

**သြဂုတ် ၁၈** - ပြည်တွင်းနေနိုင်ငံသားနှင့်ပြည်ပနေနိုင်ငံသားများ နိုင်ငံခြားငွေဖြင့်ရရှိသည့် ဝင်ငွေအပေါ်ပေးဆောင်စေသည့်ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့လျှော့ချသတ်မှတ်။

**သြဂုတ် ၁၈** - ပုဂ္ဂလိကလက်ခစားလုပ်ငန်း(CMP) စနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများမှ နိုင်ငံခြားငွေရရှိမှုအပေါ် ပေးဆောင်စေသည့်ဝင်ငွေခွန်ကိုလျှော့ပေါ့သတ်မှတ်။

**သြဂုတ် ၁၈** - ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်ပနေနိုင်ငံသားများ နိုင်ငံခြားငွေရရှိသည့် ဝင်ငွေအပေါ် ပေးဆောင်စေသည့်ဝင်ငွေခွန်ကို လျှော့ပေါ့သတ်မှတ်။

**သြဂုတ် ၁၉** - နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပြုပြင်ပြောင်းလဲမှုဆိုင်ရာအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ။

## စက်တင်ဘာလ

**စက်တင်ဘာ ၁** - သစ်၊ ဝါး၊ ကြိမ်တို့ဖြင့်ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်းများ၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြု။

**စက်တင်ဘာ ၁** - ဘဏ်တိုးနှုန်းများပြင်ဆင်သတ်မှတ်။ ဘဏ်အပ်ငွေများအတွက် အတိုးနှုန်းကို အပ်ငွေအမျိုးအစားအလိုက် ၁၀ ရာခိုင်နှုန်းထက်မ နည်း ၁၂ ရာခိုင်နှုန်းထက်မများစေရန်နှင့် ဘဏ်ချေးငွေများအတွက် အတိုးနှုန်းကို ချေးငွေအမျိုးအစားအလိုက် ၁၅ ရာခိုင်နှုန်းထက်မများစေရန်သတ်မှတ်

**စက်တင်ဘာ ၈** - လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မလေးရှားနိုင်ငံ Metro Kajang Holdings Berhad ဥက္ကဋ္ဌနှင့်အဖွဲ့လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဆိုင်ရာရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်များနှင့်ပတ်သက်ပြီး ဆွေးနွေး။



**စက်တင်ဘာ ၁၆** - ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံမီးရထားလုပ်ငန်းများအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများဆွေးနွေး။

**စက်တင်ဘာ ၁၆** - အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းအား ဂျပန်နိုင်ငံဂျပန်စီးပွားရေးကော်မတီအာရှနှင့်ပစိဖိတ်သမုဒ္ဒရာဆိုင်ရာစီမံကိန်းဌာနဥက္ကဋ္ဌလာရောက်တွေ့ဆုံပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံမှစက်မှုလုပ်ငန်းများလာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စများဆွေးနွေး။

**စက်တင်ဘာ ၁၆** - ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းအား နော်ဝေသံအမတ်ကြီးလာရောက်တွေ့ဆုံပြီး ဟိုတယ်လုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များဆွေးနွေး။

**စက်တင်ဘာ ၁၉** - ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဘဏ် ICBC ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများဆွေးနွေး။

**စက်တင်ဘာ ၁၉** - သက်တမ်းလွန်မော်တော်ယာဉ်များ စတင်အပ်နှံ။

**စက်တင်ဘာ ၂၃** - ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှဧည့်အဖွဲ့လာရောက် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများဆွေးနွေး။

**စက်တင်ဘာ ၂၆** - လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ Tea Product ကုမ္ပဏီမှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံပြီး လက်ဖက်သီးနှံကို အိန္ဒိယကုမ္ပဏီကြီးများအနေဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များ၊ လက်ဖက်စိုက်ခင်းများနှင့် လက်ဖက်စက်ရုံများထူထောင်နိုင်ရန်ကိစ္စများဆွေးနွေး။

**စက်တင်ဘာ ၂၆** - သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ NPCC ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့လာရောက်တွေ့ဆုံပြီး သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများဆွေးနွေး။

**စက်တင်ဘာ ၂၇** - စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေးအား ဂျပန်နိုင်ငံသံအမတ်ကြီးလာရောက်တွေ့ဆုံပြီး စွမ်းအင်နှင့်ပတ်သက်သည့်လုပ်ငန်းအစီအမံများတွင် ဂျပန်ကုမ္ပဏီများက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကိုဆွေးနွေး။

**စက်တင်ဘာ ၂၇-၂၉** - နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ၃၁ ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကျင်းပ။

**စက်တင်ဘာ ၂၈** - သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ထိုင်းနိုင်ငံ Ratana Group of Companies ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံပြီးတနင်္သာရီတိုင်းဒေသကြီးအတွင်းခဲမဖြူသတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများဆွေးနွေး။

**စက်တင်ဘာ ၂၉** - ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း၊ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း။

## အောက်တိုဘာလ

**အောက်တိုဘာ ၁** - သိမ်ဖြူငွေလဲလှယ်ရေးစင်တာ စတင်ဖွင့်လှစ်ပြီး နိုင်ငံခြားငွေများလဲလှယ်ပေး

**အောက်တိုဘာ ၁** - ပုဂ္ဂလိကဘဏ်များမှ အပ်ငွေအာမခံထားရှိရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှထုတ်ပြန်။

**အောက်တိုဘာ ၃** - ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်အောက်လွှတ်တော်အမတ်နှင့်အဖွဲ့လာရောက်တွေ့ဆုံပြီး မြန်မာ–ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်စီးပွားရေးလုပ်ငန်းများပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး။

**အောက်တိုဘာ ၅** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စရင်လပ်ရှင်နာဝပ်တို့တွေ့ဆုံပြီး မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ ဒေါနတောင်ခြေ(သင်္ကန်းညီနောင်)မှ ကော့ကရိတ်အထိ လမ်းဖောက်လုပ်ရန် သဘောတူစာလွှာလဲလှယ်။

**အောက်တိုဘာ ၆** - အာဆီယံစီးပွားရေးအသိုက်အဝန်း၌ မြန်မာနိုင်ငံပါဝင်မှုမြှင့်တင်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ။

**အောက်တိုဘာ ၇** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအားလက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူစီးပွားရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး။

**အောက်တိုဘာ ၁၀** - အာဆီယံ–ဂျပန်စီးပွားရေးအကြိုညှိနှိုင်းအစည်းအဝေးပွဲကျင်းပ။

**အောက်တိုဘာ ၁၃** - ဝန်ကြီးများရုံးအား စီးပွားရေးလုပ်ငန်းငှားရမ်း လုပ်ကိုင်ခွင့်ပြုရန် စီစဉ်ထားကြောင်း သတင်းထုတ်ပြန်။

**အောက်တိုဘာ ၁၄** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန် အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့၊ ယင်းထုတ်ပြန်ချက်တွင် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် နှစ်ဖက်အဆင်ပြေမည့်နေရာတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များဖွင့်လှစ်ရေးကို စဉ်းစားသွားရန်၊ လက်ရှိဖွင့်လှစ်ထားသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများလုပ်ငန်းသွက်လက်မြန်ဆန်စေရေးကိုတိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့။

**အောက်တိုဘာ ၁၄** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန် အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ

စာမျက်နှာ(၁၃)သို့

*စာမျက်နှာ(၁၂)မှအဆက်* ➢ ➢

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းအောင်နှင့် အိန္ဒိယနိုင်ငံကုန်သည်ကြီးများအသင်းတို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးခဲ့။

**အောက်တိုဘာ ၁၅ -** အသေးစား၊အလတ်စားစက်မှုလုပ်ငန်းများကို တောင်သူများအား စိုက်စရိတ်ထုတ်ချေးသကဲ့သို့ နှစ်စဉ်ငွေထုတ်ချေးရန် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြောကြား

**အောက်တိုဘာ ၁၈ -** စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေးအား မလေးရှားသံအမတ်ကြီးလာရောက်တွေ့ဆုံပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးတိုးမြှင့်လုပ်ကိုင်ရန်ဆွေးနွေး။

**အောက်တိုဘာ ၁၉ -** သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်အား Yunnan Nonferrous Metals Geological Bureau မှအဖွဲ့လာရောက်တွေ့ဆုံပြီး သဘာဝသယံဇာတများ၊ ဓာတ်သတ္တုများစမ်းသပ်ရှာဖွေတူးဖော်ရေးဆိုင်ရာကိစ္စများဆွေးနွေး။




**အောက်တိုဘာ ၂၀ -** ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး (၈)ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ။

**အောက်တိုဘာ ၂၀ -** မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား IMF Article VIII 2011 Mission ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံပြီး ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံခြားငွေလဲနှုန်းပေါင်းစည်းရေးဆိုင်ရာကိစ္စများညှိနှိုင်းဆွေးနွေး။

**အောက်တိုဘာ ၂၁ -** သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်အားတရုတ် Henan Province Economic Chamber of Commerce မှ ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံပြီး သတ္တုသယံဇာတများစမ်းသပ်ရှာဖွေရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများဆွေးနွေး။

**အောက်တိုဘာ ၂၂ -** နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာ ၅၀ ဖွင့်လှစ်ရန် ပုဂ္ဂလိက ဘဏ်များအား ခွင့်ပြု။

**အောက်တိုဘာ ၂၃ -** ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကျင်းပ။

**အောက်တိုဘာ ၂၅ -** ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်အား ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(BIDV)ဥက္ကဋ္ဌလာရောက်တွေ့ဆုံ။

**အောက်တိုဘာ ၂၆ -** နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများ ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ဖွင့်လှစ်။

**နိုဝင်ဘာလ**

**နိုဝင်ဘာ ၁ -** IMF အဖွဲ့ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်ပြီးသတင်းထုတ်ပြန်ကြေညာ။ မြန်မာနိုင်ငံ၏နိုင်ငံခြား ငွေလဲလှယ်နှုန်းစနစ်ကိုမူဝါဒများချမှတ်အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်။

**နိုဝင်ဘာ ၁ -** ပထမအကြိမ် အစိမ်းရောင်စီးပွားရေးနှင့်အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲကျင်းပ။

**နိုဝင်ဘာ ၁ -** မြန်မာ–လာအို ချစ်ကြည်ရေးတံတားတည်ဆောက်ရန်ကနဦးလျာထား

**နိုင်ဘာလ ၃ -** (၃၇)ကြိမ်မြောက် အာဆီယံ– ဂျပန်စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကျင်းပ။

**နိုဝင်ဘာ ၅ -** ကားအစီးရေ ၁၁၀ စီးတင်ဆောင်လာသော ကားတင်ပင်လယ်ကူးသင်္ဘောမြန်မာဆိပ်ကမ်းသို့ဆိုက်ကပ်

**နိုဝင်ဘာ ၇ -** မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ငွေရေးကြေးရေးကဏ္ဍအရေးပါမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ။

**နိုဝင်ဘာ ၉ -** မြန်မာ–အိန္ဒိယစီးပွားရေးလုပ်ငန်းများအလိုက်တွေ့ဆုံဆွေးနွေးပွဲကျင်းပ။

**နိုဝင်ဘာ ၁၆ -** မြန်မာ–ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေး။

**နိုဝင်ဘာ ၁၇ -** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခွန်စီမံခန့်ခွဲရေးဌာနမှကြီးကြပ်ရေးမှူးချုပ်နှင့်အဖွဲ့လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး။

**နိုဝင်ဘာ ၂၃ -** အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဇော်မင်းအား China Datang Overseas Investment Co.,Ltd မှဥက္ကဋ္ဌနှင့်အဖွဲ့ လျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်၍ဆွေးနွေး။

**နိုဝင်ဘာ ၂၅ -** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးလာရောက်တွေ့ဆုံပြီး ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး။

**နိုဝင်ဘာ ၂၅ -** စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေးအား ဘင်္ဂလားဒေ့ရှ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးလာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ကမ်းလွန်လုပ်ကွက်များတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ခွင့်ပြုနိုင်ရန်ဆွေးနွေး။

**နိုင်ဝင်ဘာ ၂၆-၂၉ -** GMS ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး၊ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဆိုင်ရာပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေး၊ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် ခရီးသွားပြပွဲကျင်းပ။

**နိုဝင်ဘာ ၂၈ -** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းအား ဆွီဒင်နိုင်ငံအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးလာရောက်တွေ့ဆုံပြီး ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့်စီးပွားရေးဆိုင်ရာကိစ္စများဆွေးနွေး။

**နိုဝင်ဘာ ၂၈ -** ဆေးဝါးထုတ်လုပ်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားသူ ၆ ဦးရှိကြောင်းထုတ်ပြန်

**နိုဝင်ဘာ ၂၈ -** လာမည့်ငါးနှစ်အတွင်း ရန်ကုန်တစ်ဝိုက်တွင် မြှုပ်နှံလာမည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် လူဦးရေ ၃ ဒသမ ၈ သန်းအလုပ်အကိုင်ရနိုင်ကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းပြောကြား။

**ဒီဇင်ဘာ**

**ဒီဇင်ဘာ ၁ -** အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပြဋ္ဌာန်း။

**ဒီဇင်ဘာ ၂ -** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီးတို့ ကုန်သွယ်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်လက်မှတ်ရေးထိုး။

**ဒီဇင်ဘာ ၂ -** မြန်မာနှင့်ဘယ်လာရုစ် နှစ်နိုင်ငံပထမအကြိမ်စီးပွားရေးဖိုရမ်ကျင်းပ

**ဒီဇင်ဘာ ၅ -** မြဝတီနယ်စပ်ကုန်သွယ်ရေးနှင့်နှစ်နိုင်ငံနယ်စပ်တံတားပြန်ဖွင့်

**ဒီဇင်ဘာ ၅ -** မြန်မာ–ဘင်္ဂလားဒေ့ရှ်ကုန်သည်ကြီးများနှင့်စက်မှု လုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံဆွေးနွေး။

**ဒီဇင်ဘာ ၉ -** ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မရှင် ရန်ကုန်ရုံးခွဲဖွင့်လှစ်

**ဒီဇင်ဘာ ၉ -** သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်နိုင်ငံ ကူမင်းအခြေစိုက် Kunming Baoyizhuag Industry and Trade Co.,Ltd အဖွဲ့လာရောက်တွေ့ဆုံပြီး သတ္တုသယံဇာတများရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး။

**ဒီဇင်ဘာ ၉ -** လူသုံးကုန်ပစ္စည်းငါးမျိုးအား အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာ။

**ဒီဇင်ဘာ ၁၁ -** လျှပ်စစ်မီတာခများ နှစ်ဆတိုးမည်ဟု ရှင်းလင်းပွဲပြုလုပ်

**ဒီဇင်ဘာ ၁၃ -** သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဂျပန်နိုင်ငံ Metal Do Co.,Ltd ဥက္ကဋ္ဌနှင့်ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံပြီး သတ္တုသယံဇာတကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများဆွေးနွေး။
ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများဆွေးနွေး။

**ဒီဇင်ဘာ ၁၄ -** အမှတ် ၁ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ထိုင်းနိုင်ငံ Italian-Thai Co.,Ltd ဥက္ကဋ္ဌနှင့်အဖွဲ့လာ ရောက်တွေ့ဆုံပြီး ထားဝယ်အထူးစီးပွားဇုန်တွင်အကျိုးတူပူးပေါင်းဆောင်ရွက်မည့်စီမံကိန်းများနှင့်စပ်လျဉ်း၍ဆွေးနွေး။

**ဒီဇင်ဘာ ၁၄ -** သမ္မရုံး ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်အား ဘရာဇီးနိုင်ငံသံအမတ်ကြီးလာရောက်တွေ့ဆုံပြီး ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကိုဆွေးနွေး။

**ဒီဇင်ဘာ ၁၄ -** မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား အီးယူနိုင်ငံခြားရေးနှင့်လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးအဖွဲ့လာရောက်တွေ့ဆုံ။

**ဒီဇင်ဘာ ၁၉ -** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်မစ္စတာတိုက်ပင်းကော်တို့ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုဖွင့်လှစ်ပေး။

**ဒီဇင်ဘာ ၁၉ -** GMS စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကျင်းပ။

**ဒီဇင်ဘာ ၂၀ -** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှကိုယ်စားလှယ်များက GMS သယ်ယူပို့ဆောင်သူများအသင်းဖွဲ့စည်းခြင်း သဘောတူညီချက်လက်မှတ်ရေးထိုး။

**ဒီဇင်ဘာ ၂၁ -** ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့်ရရှိသည့်လစာခေါင်းစဉ်အောက်ရှိ ဝင်ငွေစုစုပေါင်းအပေါ် ရရှိသည့်နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ကင်းလွတ်ခွင့်ပြု။

**ဒီဇင်ဘာ ၂၁ -** လျှပ်စစ်ဓာတ်အားခများ အိမ်သုံးဆိုပါက ၃၅ ကျပ်၊ စီးပွားရေးသုံးဆိုပါက ၇၅ ကျပ်ဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကောက်ခံမည်ဟု အတည်ပြုထုတ်ပြန်

**ဒီဇင်ဘာ ၂၃ -** ပုဂ္ဂလိကဘဏ်လေးဘဏ်ဖြစ်သည့် ကမ္ဘောဇ၊ စီဘီ၊ ဧရာဝတီနှင့်အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်များပြည်ပငွေပို့ငွေလွှဲလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိ။

**ဒီဇင်ဘာ ၂၄ -** ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်တွင်စတင်။

**ဒီဇင်ဘာ ၂၄ -** ရန်ကုန်မြို့ရှိ အချက်အခြာကျနေရာရှိ ဝန်ကြီးဌာနရုံးဟောင်းနှင့်မြေကွက်လေးခုအား ဟိုတယ်လုပ်ရန် တင်ဒါခေါ်ယူ။




# ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာသန်းထွင့်အောင် (Chairman & CEO, Eleven Media Group)၏ ဘကြီးဖြစ်သူပါမောက္ခဒေါက်တာဦးသိန်းညွှန့်(ဆမ ၄၅၂) (M.B,B.S,Ph.D) (အစားထိုးပြုပြင်ခွဲစိတ်မှုနှင့် မျက်နှာမေးရိုးခွဲစိတ်ကုဆရာဝန်ကြီး) အမျိုးသားစာပေဆုနှင့် ပခုက္ကူဦးအုန်းဖေတစ်သက်တာ စာပေဆုရှင်ကဗျာဆရာညွှန့်ဝေ(ကသာ)သည် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံကြီး၌ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပခုက္ကူ

အ·ထ·က(၁) အာစရိယပူဇော်ပွဲကော်မတီ

# 2011 News CALENDAR

## ဇန်နဝါရီ

**၁၄ ရက်** ■ တူနီးရှားတွင်ဖြစ်ပွားသော ပြည်သူများစွာပါဝင်သည့် လူထုလှုပ်ရှားမှုမှအစပြုကာ အာရပ်ကမ္ဘာတစ်လွှားတွင် လူထုတော်လှန်ရေးများ ဖြစ်ပေါ်ခဲ့သည်။ လူထုလှုပ်ရှားမှုကြောင့် ၂၃ နှစ်ကြာ အာဏာချုပ်ကိုင်ခဲ့သော တူနီးရှားသမ္မတ ဘင်အလီမှာ နိုင်ငံမှထွက်ပြေးခဲ့ရသည်။ လူထုတော်လှန်ရေးကြောင့် ဘင်အလီမှာ ရာထူးမှဖြုတ်ချခံရသော ပထမဆုံးအာရပ်ခေါင်းဆောင်ဖြစ်ခဲ့သည်။ လူထုဆန္ဒပြမှုအတွင်း လူ ၃၀၀ ကျော်သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂကထုတ်ပြန်ခဲ့သည်။ ဘင်အလီ၏မျက်ကွယ်တွင် ရုံးတင်စစ်ဆေးမှုသုံးကြိမ်ပြုလုပ်ခဲ့ပြီး ၎င်းကို မျက်ကွယ် ထောင်ဒဏ်စုစုပေါင်း ၆၆ နှစ်ချမှတ်ခဲ့သည်။

## ဖေဖော်ဝါရီ

**၁၁ ရက်** ■ အီဂျစ်နိုင်ငံ၊ ကိုင်ရိုရှိ တဟီရာရင်ပြင်တွင် ပြည်သူများစွာပါဝင်သည့် ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီး သမ္မတဟောင်းဟိုစနီမူဘာရက်သည် အာရပ်ကမ္ဘာတွင်ဒုတိယမြောက်ရာထူးဖြုတ်ချခံရသူဖြစ်ခဲ့ကာ စစ်တပ်သို့ အာဏာလွှဲပေးခဲ့ရသည်။ လူထုအုံကြွမှုများဖြစ်စဉ်အတွင်း အရပ်သား ၈၅၀ ကျော်သေဆုံးခဲ့သည်။ ၁၉၈၁ ခုနှစ်ကတည်းက အာဏာရခဲ့သည့်မူဘာရက်သည် ၂၀၁၁ ခုနှစ် ဩဂုတ်တွင် ရုံးတင်စစ်ဆေးခံခဲ့ရသည်။

**၁၄ ရက်** ■ အာရပ်နွေဦးတော်လှန်ရေးတွင် ဘာရိန်းနိုင်ငံလည်းပါဝင်လာခဲ့ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွက် တောင်းဆိုဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ဆော်ဒီက ၎င်းတို့၏တပ်ဖွဲ့များကို ဘာရိန်းသို့စေလွှတ်ခဲ့ပြီး ဆန္ဒပြသူများအား မတ်လလယ်တွင် နှိမ်နင်းခဲ့သည်။ အင်အားသုံးနှိမ်နင်းမှုများပြုလုပ်စဉ်အတွင်း လူ ၃၀ နီးပါးသေဆုံးခဲ့သည်။

**၁၅ ရက်၊ ၁၆ ရက်** ■ ၄၂ နှစ်ကြာ အုပ်ချုပ်ခဲ့သည့် လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီကို ဆန့်ကျင်မှုအဖြစ် လစ်ဗျား၏ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဘင်ဂါဇီတွင် ပုန်ကန်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ပြင်သစ်၊ အမေရိကန်၊ ဗြိတန်တပ်ဖွဲ့ဝင်များသည် မတ်လ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂဆုံးဖြတ်ချက်အရ ကဒါဖီတပ်များကို လေကြောင်းတိုက်ခိုက်မှုများစတင်ခဲ့ပြီး နောက်ပိုင်း တွင် နေတိုးအဖွဲ့သို့တာဝန်များလွှဲပေးခဲ့သည်။ လစ်ဗျားတော်လှန်ရေးသမားများသည် အသွင်ကူးပြောင်းရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး ယင်းကောင်စီကို ကုလသမဂ္ဂနှင့် နိုင်ငံ ၆၀ ကျော်က အသိအမှတ်ပြုခဲ့သည်။

**၂၂ ရက်** ■ နယူးဇီလန်နိုင်ငံရှိ ခရစ္စချာ့ချ်တွင် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခဲ့မှုကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့သည်။

**၂၆ ရက်** ■ ဥရောပဇုန်တွင် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပွားမှုတွင် အိုင်ယာလန်ဝန်ကြီးချုပ်ဘရိုင်ယန်ကိုဝင်သည် ရာထူးနုတ်ထွက်ပေးရသော ပထမဆုံး နိုင်ငံခေါင်းဆောင်ဖြစ်ခဲ့သည်။



## မတ်

**၁၁ ရက်** ■ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အင်အားကြီးမားသည့် ငလျင်လှုပ်ခဲ့မှုကြောင့် လူ ၂၀၀၀၀ ခန့် သေဆုံးပျောက်ဆုံးခဲ့ခြင်းနှင့် ဖူကူရှီးမားနျူကလီးယားစက်ရုံတွင် နျူကလီးယားဘေးအန္တရာယ်ဖြစ်ပွားခဲ့သည်။ယင်းဖြစ်စဉ်သည် ၁၉၈၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် ချာနိုဘိုင်းနျူကလီယားဘေးအန္တရာယ်ပြီးနောက် အဆိုးရွားဆုံးနျူကလီးယားဘေးအန္တရာယ်ဖြစ်ပွားခြင်းဖြစ်သည်။

**၁၅ ရက်** ■ အာရပ်ကမ္ဘာတွင် ဆီးရီးယားသည် လူထုအုံကြွမှုများနှင့်ရင်ဆိုင်ရသည့် နောက်ထပ်နိုင်ငံတစ်ခုဖြစ်လာခဲ့ပြီး ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အင်အားသုံးနှိမ်နင်းခဲ့သည်။ လပေါင်းများစွာ ကန့်ကွက်ဆန္ဒပြမှု များဖြစ်ခဲ့ရာတွင် လူ ၄၀၀၀ ကျော်သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည်။ဆန္ဒပြသူများကိုအင်အားသုံးနှိမ်နင်းမှုကြောင့် သမ္မတ ဘာရှာအယ်လ်အာဆတ်သည် နိုင်ငံတကာဖိအားပေးမှုများနှင့် ရင်ဆိုင်ခဲ့ရ သည်။ ဆီးရီးယားကိုအာရပ်အဖွဲ့ချုပ်ကအဖွဲ့ဝင်အဖြစ်မှယာယီရပ်ဆိုင်းခဲ့သည်။



## ဧပြီ



**၁၁ ရက်** ■ အိုင်ဗရီကို့စ်ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် အိုတာရာ အနိုင်ရခဲ့သော်လည်း ရလဒ်များကိုပြောင်းပြန်ဖြစ်အောင် သမ္မတဘက်ဘိုက ဖန်တီးခဲ့ခြင်းကြောင့်မငြိမ်မသက်ဖြစ်ပွားခဲ့ကာအိုတာရာကို ထောက်ခံသည့် တပ်များနှင့်ဘက်ဘိုတပ်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ နောက်ဆုံးတွင် အိုတာရာသမ္မတဖြစ်လာခဲ့ပြီး ဘက်ဘိုကိုဖမ်းဆီးနိုင်ခဲ့ကာ နိုဝင်ဘာတွင် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး (ICC) သို့ လွှဲပြောင်းပေးခဲ့သည်။

**၂၉ ရက်** ■ ဗြိတိန်မင်းသားဝီလျံနှင့် ကက်သရင်း(ကိတ်)မစ်ဒယ်တန်တို့၏ မင်္ဂလာပွဲကျင်းပခဲ့သည်။ ဆယ်စုနှစ်သုံးခုအတွင်း ဗြိတိန်နိုင်ငံ၏အခမ်းနားဆုံးတော်ဝင်မင်္ဂလာပွဲဆင်နွှဲမှုကို နိုင်ငံတကာမှ ရုပ်သံပရိသတ်များက စောင့်ကြည့်ခဲ့ကြသည်။ ဗြိတိန်မင်းသားဝီလျံနှင့် ကြင်ယာတော်တို့သည် ကိန်းဘရစ်ချ်မြို့စားနှင့် မြို့စားကတော်ဘွဲ့ အပ်နှင်းခံခဲ့ရသည်။

## မေ

**၂ ရက်** ■ အမေရိကန်တွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့က တိုက်ခိုက်မှုအတွက် တာဝန်ရှိသည့် အယ်လ်ကေးဒါးအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်ကို အမေရိကန်ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက ပါကစ္စတန်နိုင်ငံတွင် ဖမ်းဆီးသတ်ဖြတ်နိုင်ခဲ့သည်။

**၁၄ ရက်** ■ နယူးယောက်ဟိုတယ်တစ်ခုမှ ဝန်ထမ်းအမျိုးသမီးတစ်ဦးကို လိင်ပိုင်းဆိုင်ရာစော်ကားမှုကျူးလွန်သည်ဟု စွပ်စွဲခံရသော ကမ္ဘာ့စီးပွားရေးပညာရှင်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ဒေါမနစ်စထရောက်ခန်းသည် ရာထူးနုတ်ထွက်ခဲ့ပြီး တရားရုံးတွင်စစ်ဆေးခံခဲ့ရသည်။ အမှုကို တရားရုံးက ပလပ်ခဲ့သော်လည်း ပြင်သစ်သမ္မတရွေးကောက်ပွဲယှဉ်ပြိုင်ရေးရည်မှန်းချက်များ ပျက်ဆီးခဲ့သည်။

**၁၇ ရက်** ■ စပိန်တွင် အရင်းရှင်စနစ်အောက်မှမညီမျှမှုများကို ဆန့်ကျင်ဆန္ဒပြမှုများ စတင်ခဲ့သည်။ ယင်းကဲ့သို့ဆန္ဒပြမှုများသည် ချီလီမှတဆင့် ဗြိတိန်နှင့် အမေရိကန်နိုင်ငံထိ ပျံ့နှံ့ခဲ့ပြီး အောက်တိုဘာ ၁၅ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းတွင် လူသောင်းပေါင်းများစွာ ဆန္ဒပြခဲ့ကြသည်။

**၂၆ ရက်** ■ ဥရောပတိုက်က အလိုရှိနေသော ဘော့စနီးယား–ဆာ့ဘ် စစ်ပွဲကာလမှ တပ်မှူးရက်ကိုမလာဒစ်ကို ဆားဘီးယားတွင် ဖမ်းဆီးမိခဲ့ သည်။ ၎င်းကို သည်ဟိတ်ဂ်ရှိ အပြည်ပြည်ဆိုင်ရာစစ်ရာဇဝတ်မှုတရားရုံးသို့ လွှဲပြောင်းပေးခဲ့သည်။



## ဇွန်

**၂၂ ရက်** ■ ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းတွင် အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ၃၃၀၀၀ ကို ပြန်ခေါ်ရန် အမေရိကန်သမ္မတဘာရက်အိုဘားမားက ဆုံးဖြတ်ချက်ချခဲ့သည်။



## ဇူလိုင်

**၉ ရက်** ■ ဇန်နဝါရီလက ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ခွဲထွက်ရေးအတွက် ပြည်သူ ၉၉ ရာခိုင်နှုန်းနီးပါးထောက်ခံမှုရပြီးနောက် တောင်ဆူဒန်က လွတ်လပ်သောနိုင်ငံအဖြစ်ကြေညာခဲ့သည်။ တောင်ဆူဒန်သည် ကုလသမဂ္ဂ၏ ၁၉၃ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

**၂၁ ရက်** ■ နိုင်ငံချွတ်ခြုံကျမှုနှင့်ဥရောပသမဂ္ဂငွေကြေးဇုန်သို့ ထိခိုက်မှုမရှိစေရန်ကာကွယ်မှုအဖြစ် ဘဏ္ဍာရေးအကျပ်အတည်းများ ကြုံတွေ့နေသည့် ဂရိနိုင်ငံအတွက် ဒုတိယအကြိမ်မြောက်အဖြစ် ယူရို ၁၅၉ ဘီလျံ အရေးပေါ်ချေးငွေထုတ်ပေးရန်ဥရောပဇုန်ခေါင်းဆောင်များသဘောတူခဲ့သည်။

**၂၂ ရက်** ■ နော်ဝေတွင် ဗုံးခွဲမှုနှစ်ခုနှင့် လက်ယာယိမ်းအစွန်းရောက်တစ်ဦးဖြစ်သည့် အန်ဒါစ်ဘရေဗစ်က စိတ်လွတ်ကိုယ်လွတ်ပစ်ခတ်မှုများကြောင့် လူ ၇၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းမှာစိတ်မမှန်သူဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။





## ဩဂုတ်

၂ ရက် ■ အသုံးစရိတ်လျှော့ချရေးအစီအစဉ်ကို သီတင်းပတ်တစ်ပတ်အကြာ အခြေအတင်ဆွေးနွေးပြီးနောက် အမေရိကန်လွှတ်တော်က သဘောတူခဲ့သည်။

၄ ရက် ■ လန်ဒန်မြောက်ပိုင်း တော့တင်ဟမ်တွင် အသက် ၂၉ နှစ်ရှိ လူမည်းတစ်ဦးကို ရဲများကသေနတ်ဖြင့် ပစ်ခဲ့မှု ကြောင့် မြို့တော်နှင့် အခြားနေရာများတွင် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သလို မငြိမ်သက်မှုများလည်း ဖြစ်ပွားခဲ့သည်။ အင်္ဂလန် တစ်ဝန်းပျံ့နှံ့ခဲ့ပြီး လူငါးဦးသေဆုံးခဲ့ကာ ဆိုင်ရာပေါင်းများစွာ လုယက်ဖျက်ဆီးခံရသည်။

## စက်တင်ဘာ

၂၀ ရက် ■ တာလီဘန်များနှင့် ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုတာဝန်ထမ်းဆောင်သည့် အာဖဂန်နစ္စတန်သမ္မတဟောင်းဘာဟန်နူဒင်ရာဘာနီကို အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးက လုပ်ကြံခဲ့သည်။

၂၃ ရက် ■ ပါလက်စတိုင်းကို ကုလသမဂ္ဂတင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံရန် ပါလက်စတိုင်းခေါင်းဆောင်မာမွတ်အဘားစ်က တောင်းဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် ယူနက်စကိုအဖွဲ့သို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရခဲ့သည်။ ယင်းအတွက် အမေရိကန်က ယူနက်စကိုသို့ပေးမည့် ရန်ပုံငွေဖြတ်တောက်ခဲ့သည်။



## အောက်တိုဘာ

၇ ရက် ■ လိုက်ဘေးရီးယားသမ္မတအလန်ဂျွန်ဆင်ဆာလိဖ်၊ လိုက်ဘေးရီးယားငြိမ်းချမ်းရေးလှုပ်ရှားသူလေမာဘိုဝီးနှင့် ယီမင်နိုင်ငံမှ အာရပ်နွေဦးတော်လှန်ရေးတက်ကြွလှုပ်ရှားသူတာဝါကူလ်ကာမင်းန်တို့ ငြိမ်းချမ်းရေးနိုဗယ်ဆုပူးတွဲရရှိခဲ့သည်။

၂၀ ရက် ■ ရာထူးမှဖြုတ်ချခံရသည့် လစ်ဗျားအာဏာရှင်ကဒါဖီ၏ မွေးရပ်မြေဆာတီကို လစ်ဗျားအစိုးရသစ်မှတပ်ဖွဲ့များက သိမ်းယူခဲ့ပြီးနောက် ကဒါဖီကို အသေဖမ်းမိခဲ့သည်။ အစိုးရသစ်က လစ်ဗျားနိုင်ငံသည် လွတ်လပ်သောနိုင်ငံဖြစ်ပြီဖြစ်ကြောင်း အောက်တိုဘာလ ၂၃ ရက်တွင် ကြေညာနိုင်ခဲ့သည်။

၂၁ ရက် ■ ကိုးနှစ်ကြာအပြီးတွင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ၃၉၀၀၀ ခန့်ကို ယခုနှစ်ကုန်တွင်ရုပ်သိမ်းသွားမည်ဟု အမေရိကန်သမ္မတဘာရက်အိုဘားမားက ကြေညာခဲ့သည်။

၂၃ ရက် ■ တူရကီအရှေ့ပိုင်းတွင် ပြင်းအား ၇ ဒသမ၂ ရှိ အင်အားပြင်းငလျင်လှုပ်မှုကြောင့် လူ ၆၀၀ ကျော်သေဆုံးခဲ့သည်။

၂၃ ရက် ■ တူနီးရှားတိုင်းပြုပြည်ပြုလွှတ်တော်သစ်တွင် အမတ်နေရာ ၂၁၇ နေရာအနက် ၈၉ နေရာကို သဘောထားအလယ်အလတ်ရှိသော အစ္စလာမ္မစ် Ennahda ပါတီအနိုင်ရရှိခဲ့သည်။

၂၇ ရက် ■ ဂရိနိုင်ငံကို ကယ်တင်နိုင်ရေးအစီအစဉ်သစ်ကိစ္စ၊ ယူရိုတစ်ထရီလျံပမာဏရှိသော ရန်ပုံငွေထူထောင်ရေးကိစ္စများအပါအဝင် ဥရောပသမဂ္ဂ၏ ဘုံငွေကြေးကိုကယ်တင်နိုင်ရေးအတွက် ဥရောပသမဂ္ဂခေါင်းဆောင်များအကြား သဘောတူညီချက်သစ်တစ်ခုရရှိခဲ့သည်။

၃၁ ရက် ■ ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ပြည့်သည့် အထိမ်းအမှတ်နေ့ကျင်းပခဲ့သည်။



## နိုဝင်ဘာ



၆ ရက် ■ ကြွေးမြီအကျပ်အတည်းများဖြစ်ပွားချိန်တွင် ဂရိဝန်ကြီးချုပ် ဂျော့ချ်ပါပန်ဒရူရာထူးမှ နုတ်ထွက်ရန် သဘောတူခဲ့သည်။ ၎င်းနေရာကို ဥရောပသမဂ္ဂဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌလူးကပ်စ်ပါပါဒီမို့စ်က ဆက်ခံခဲ့သည်။

၈ ရက် ■ အိုင်အေအီးအေ၏ နောက်ဆုံးအစီရင်ခံစာအရ အီရန်သည် နျူလက်နက်များရရှိရေးအတွက်လုပ်ဆောင်နေကြောင်း ခိုင်မာသောအထောက်အထားများရှိကြောင်း ဖော်ပြခဲ့သည်။ ယင်းအစီရင်ခံစာ ထွက်ခဲ့ပြီးနောက် အီရန်အပေါ် အနောက်နိုင်ငံများက ပိတ်ဆို့အရေးယူမှုများ အသစ်ချမှတ်ခဲ့သည်။

၁၂ ရက် ■ ဥရောပဇုန်ဘဏ္ဍာရေးအကျပ်အတည်းနှင့်ပတ်သက်ပြီး ရာထူးစွန့်ခဲ့ရသူများထဲတွင် အီတလီဝန်ကြီးချုပ်ဘာလူစကိုနီလည်း ပါဝင်လာခဲ့ပြီး အီတလီနိုင်ငံ၏ ယူရို ၁၉၀၀ ဘီလျံကြွေးတင်မှုများဖြစ်ပွားနေစဉ်တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။ ၎င်းနေရာတွင် နိုင်ငံရေး၊ စက်မှုလုပ်ငန်းကဏ္ဍတွင် အရှိန်အဝါကြီးသူမာရီယိုမွန်တီကို အစားထိုးခန့်အပ်ခဲ့သည်။

နိုဝင်ဘာ ■ ဆယ်စုနှစ်များစွာအတွင်း ထိုင်းနိုင်ငံ၏ အဆိုးရွားဆုံးရေကြီးမှုများကြောင့် လူ ၆၆၆ ဦးထက်မနည်း သေဆုံးခဲ့သည်။ ရေကြီးမှုများကြောင့် အိမ်ခြေသန်းပေါင်းများစွာနှင့် အသက်မွေးမှုလုပ်ငန်းများ ပျက်ဆီးခဲ့သည်။

၁၉ ရက် ■ အီဂျစ်စစ်ကောင်စီကို ဆန့်ကျင်မှုအဖြစ်ဆန္ဒပြသူများနှင့် ရဲများအကြား သီတင်းတစ်ပတ်ကြာပဋိပက္ခဖြစ်ပွားခဲ့ပြီး လူ ၄၂ ဦးသေဆုံးခဲ့သည်။

၂၃ ရက် ■ ယီမင်သမ္မတအလီအဗ္ဗဒူလာဆာလက်ဟ်ကို ရာထူးမှနုတ်ထွက်ရန် တောင်းဆိုဆန္ဒပြမှု အရှိန်အဟုန်ကောင်းလာချိန်တွင် အာဏာကို ၃၃ နှစ်ကြာ ရယူခဲ့သော ဆာလက်ဟ်သည် သမ္မတရာထူးမှနုတ်ထွက်ရန်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

## ဒီဇင်ဘာ

၄ ရက် ■ မူဘာရက်ခေတ်လွန် ပထမဆုံးကျင်းပသည့် အီဂျစ်လွှတ်တော်ရွေးကောက်ပွဲပထမအဆင့်တွင်အစ္စလာမ္မစ်များကအပြတ်အသတ်အသာရခဲ့သည်။

၄ ရက် ■ ရုရှားလွှတ်တော်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဗလာဒီမာပူတင်၏ အာဏာရယူနိုက်တက်ရုရှားပါတီသည် မဲအပြတ်အသတ်မရရှိခဲ့ဘဲ အနိုင်ရရှိခဲ့သည်။ မသမာမှုရှိခဲ့သောရွေးကောက်ပွဲကို ပြည်သူများက အပြင်းအထန်ကန့်ကွက် ဆန္ဒပြခဲ့သည်။

၁၇ ရက် ■ ဖိလစ်ပိုင်တောင်ပိုင်းသို့ အပူပိုင်းတိုင်ဖွန်းဝါရှီဝင်ရောက်တိုက်ခတ်မှုကြောင့် လူ ၁၀၀၀ ကျော်သေဆုံးခဲ့သည်။

၁၈ ရက် ■ ကတ္တီပါတော်လှန်ရေးကိုဦးဆောင်ခဲ့သော ပြဇာတ်ရေးဆရာတစ်ဖြစ်လဲ ချက်ကိုစလိုဗားကီးယားနှင့် ချက်သမ္မတနိုင်ငံတို့၏သမ္မတဟောင်း ဗားကလက်ဗ်ဟေဗယ်လ် ကွယ်လွန်ခဲ့သည်။

၁၈ ရက် ■ ၂၀၁၁ ခုနှစ်အကုန်တွင် အီရတ်ရှိ အမေရိကန်တပ်အားလုံးကို ရုပ်သိမ်းမည်ဟု အမေရိကန်သမ္မတအိုဘားမားက ပြောကြားထားခဲ့ရာ နောက်ဆုံးကျန်ရှိသော အမေရိကန်တပ်များကို အီရတ်နိုင်ငံမှ ဒီဇင်ဘာလ ၁၈ ရက်တွင် အပြီးရုပ်သိမ်းခဲ့ပြီး ကူဝိတ်နိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ပြန်လာခဲ့သည်။

၁၈ ရက် ■ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီလ်သည် အသက် ၆၉ နှစ်အရွယ်၌ နှလုံးရောဂါဖြင့် ရထားပေါ်တွင် ဒီဇင်ဘာလ ၁၇ ရက်က သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ကြေညာခဲ့သည်။ ကင်ဂျုံအီလ်က ၎င်း၏အငယ်ဆုံးသားကင်ဂျုံအွန်ကို ၎င်းနေရာဆက်ခံသူအဖြစ် ရွေးချယ်ထားခဲ့သည်။








# TOP TEN GADGETS



## 1

## iPad 2 by Apple

ပထမမျိုးဆက်ထက် ပိုပါး၊ ပိုပေါ့၊ ပိုအားကောင်းသော iPad 2 သည် ယခုနှစ်တွင် သင်ပုန်းကွန်ပျူတာဈေးကွက်ကို ဆက်လက်စိုးမိုးထားခဲ့သည်။ ဂူးဂဲလ်၏ အန်းဒရွိုက်စနစ်သုံး သင်ပုန်းကွန်ပျူတာများသည် အရွယ်အစားမျိုးစုံ၊ ဈေးနှုန်းမျိုးစုံ၊ ဝန်ဆောင်မှုမျိုးစုံဖြင့် ဝင်ရောက်လာခဲ့သော်လည်း အက်ပဲလ်၏ ထိတွေ့မျက်နှာပြင်သုံး အံ့ချီးဖွယ်သင်ပုန်းသည် ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပါသည်။

တစ်ခေတ်တစ်ခါ ကျောက်သင်ပုန်းနေရာတွင် အစားဝင်လာသည့် iPad သည် နိုင်ငံတကာစာအုပ်ဈေးကွက်ကို တစ်ခေတ်ဆန်းစေခဲ့သလို ပုံနှိပ်မီဒီယာများ၏ဒစ်ဂျစ်တယ်ပြုမှုကိုကူညီပေးခဲ့ပြီး ဂိမ်းကစားခြင်း၏အဓိပ္ပာယ်ကိုလည်းစမတ်ဖုန်းများနှင့်အတူ ပြောင်းလဲပေးခဲ့ပါသည်။ ကွန်ပျူတာနှင့် စမတ်ဖုန်းပေါင်းစပ်မှုမှ ထွက်ပေါ်လာသော သင်ပုန်းကွန်ပျူတာများသည် အနာဂတ်တစ်ကိုယ်ရည်သုံးကွန်ပျူတာခေတ်သစ်၏နိဒါန်းကို ကိုယ်စားပြုနေသည်ဟုဆိုရမည်ဖြစ်ပါသည်။

## 2

## Galaxy Nexus by Samsung

အန်းဒရွိုက်နှင့် iOS ပြိုင်ပွဲတွင် စမတ်ဖုန်းဈေးကွက်တွင်တော့ နောက်ဆုံးထုတ် Galaxy Nexus အသစ်သည် အောင်ပွဲရဖုန်းတစ်လုံးဟု ဆိုရမည်ဖြစ်ပါသည်။ ၄ ဒသမ ၆၅ လက်မရှိသော ဖန်သားပြင်နှင့် 720p HD ရုပ်ထွက်ရှိခြင်းနှင့် ဖုန်းကို ခရက်ဒစ်ကတ်ကဲ့သို့သုံးပြီးငွေချေနိုင်သော ဝန်ဆောင်မှုနှင့်ပေါင်းစပ်ထားခြင်းကြောင့် ထိပ်တန်းတွင် ရှိနေရခြင်းဖြစ်သည်။၂၀၁၂ ဈေးကွက်တွင် မြင်ရမည့် အန်းဒရွိုက်စနစ်သုံး စမတ်ဖုန်းများနှင့် စွမ်းဆောင်ရည်တစ်တန်းတည်းရှိနေဦးမည့်ဖုန်းဖြစ်သည်။





## 3

## Kindle Fire by Amazon

အမေရိကန်ဒေါ်လာ ၁၉၉ ဒေါ်လာသာကျသင့်သော Kindle Fire သည် သင်ပုန်းကွန်ပျူတာဈေးကွက်ကို မတူညီသော အယူအဆသစ်ဖြင့်ဝင်ရောက်လာခဲ့ပါသည်။ ဆမ်ဆောင်းနှင့်အက်ပဲလ်၏ သင်ပုန်းကွန်ပျူတာများလောက် စွမ်းဆောင်ရည်မမြင့်သော်လည်း အမေဇုန်၏ စာအုပ်၊ ရုပ်ရှင်၊ တီဗွီအစီအစဉ်အမြောက်အမြားကို စက်တွင်းသိမ်းစရာမလိုသော Cloud သိုမှီးမှုစနစ်နှင့် ပေါင်းစပ်လိုက်သောအခါ အဖိုးနည်း ဝန်ပါ အသုံးအဆောင်တစ်ခုဖြစ်လာစေခဲ့သည်။

## 4

## iPhone 4S by Apple

မျှော်လင့်ထားသလို ပဉ္စမမျိုးဆက် iPhone 4S ထွက်မလာခဲ့သော်လည်း စတုတ္ထမျိုးဆက်ကိုမွမ်းမံထားသည့် iPhone 4S သည် ထွက်သမျှ iPhone တို့ထဲတွင် ရောင်းအကောင်းဆုံးဖြစ်ခဲ့ပါသည်။ ပရောဆက်ဆာက ပိုအားကောင်းလာသလို ကင်မရာကလည်း ဖုန်းတို့တွင်ပါသမျှ၌အကောင်းဆုံးထဲက တစ်ခုဖြစ်ခဲ့ပါသည်။ အထူးပြောစရာဖြစ်သည်မှာ Siri ဟုခေါ်သော အသံဖြင့်အချက်အလက်ရှာဖွေထောက်ကူပေးနိုင်သည့် အက်ပလီကေးရှင်းပါဝင်လာခြင်းဖြစ်သည်။





## 5

## 3DS by Nintendo

စိတ်ရှုပ်စရာကောင်းသော အထူးမျက်မှန်တပ်ပြီးမှကြည့်နိုင်သော သရီးဒီစနစ်ကို တော်လှန်မှုအဖြစ် ဘာကြားခံမှမလိုသော သုံးဖက်မြင်လက်ကိုင်ဂိမ်းစက်ကို နင်တန်ဒိုးက စတင်မိတ်ဆက်ခဲ့ပါသည်။ သုံးဖက်မြင်ဓာတ်ပုံပါရိုက်နိုင်သော ဝန်ဆောင်မှု၊ ဂိမ်းကစားသူအချင်းချင်း အချက်အလက်မျှဝေနိုင်မှု၊ စက်သို့ အင်တာနက်မှတစ်ဆင့် တိုက်ရိုက် Download ရယူနိုင်မှုတို့ကြောင့် လက်ကိုင်ဂိမ်းစက်လောကကို ခေတ်သစ်တစ်ခုသို့ချဉ်းနင်းဝင်ရောက်စေခဲ့သော်လည်း နည်းပညာသစ်၏ အားနည်းချက်အချို့ကြောင့် ဂိမ်းဈေးကွက်ကိုအပြည့်အဝမစိုးမိုးနိုင်ခြင်းဖြစ်သည်။










# 6

## S Series 13-in Laptop by Sony

ဒေါ်လာ ၁၀၀၀ အောက်မှုစသော ဈေးနှုန်းသည် မနည်းလှသော်လည်း ၁၆၀၀× ၉၀၀ ရုပ်ထွက်၊ အားကောင်းသော ဂရပ်ဖစ်ချစ်ပ်ပြား၊ အလန်းစားပုံစံ၊ လက်ဗွေစနစ်သုံးလုံခြုံရေးစနစ်တို့ပါသော ကွန်ပျူတာများထဲတွင်တော့ ဝယ်ပျော်သည့်ဈေးနှုန်းဖြစ်သည်။ တစ်လက်မ မပြည့်သော အထူသုံးပေါင်ခွဲဆိုသော အလေးချိန်သည် ဒီဗီဒီပလေယာပါသော အားကောင်းသည့် လက်ပ်တော့တစ်လုံးအတွက်တော့ ပေ့ါပါး ပါးလျလှသည့်အနေအထားဟုဆိုရမည်ဖြစ်သည်။





# 7

## Roku LT/ Roku 2

ဒုတိယမျိုးဆက် Roku ဗီဒီယိုစက်ငယ်သည် အနိမ့်ဆုံးဈေး ၄၉ ဒေါ်လာမှ စသော်လည်း HD ဓာတ်လမ်းရုပ်ရှင်များကို အင်တာနက်မှတစ်ဆင့်ဝယ်ယူကြည့်ရှုရေးအတွက် အကောင်းဆုံးကြားခံစက်ငယ်ဖြစ်သည်။ Netflix,Hulu Plus,Amazon,HBO, Pandora အစရှိသော အွန်လိုင်းဗီဒီယိုဝန်ဆောင်မှုများကို ကြည့်ရှုရန်အတွက် အကောင်းဆုံး စက်ကိရိယာသည် မြန်မာပြည်တွင်တော့ လိပ်ဘိုးအေအင်တာနက်ဖြင့် သုံးမရနိုင်သောကြောင့် ထောက်ခံချက်မပေးနိုင်သည့် အကောင်းဆုံးရုပ်သံဖမ်းစက်ငယ်အဖြစ်သာ ဖော်ပြရခြင်းဖြစ်ပါသည်။

# 8

## MacBook Air by Apple

ဘလိတ်ဓားသွားလိုပါးသော ကွန်ပျူတာတစ်လုံးသည် စွမ်းဆောင်ရည်အကောင်းဆုံးကွန်ပျူတာဖြစ်နေခြင်းမှာ အံ့ အားသင့်စရာကောင်းလှပါသည်။ အက်ပဲလ် ၏ထုံးစံအတိုင်းဈေးနှုန်းမြင့်မားခြင်းနှင့် DVD Drive မပါခြင်းကမူ ဒေါ်လာ ၁၀၀၀ မှစသော လက်ပ်တော့တစ်လုံးအတွက်များနေသော်လည်း ၀ ဒသမ ၆၈ လက်မသာ ထူထဲမှုနှင့်စွမ်းဆောင်ရည်က ထိုက်တန်မှုရှိစေသည်။





# 9

## HTC Sensation

ဂူးဂဲလ်၏ အန်းဒရွိုက်စနစ်သုံး စမတ်ဖုန်းများတွင် မည့်သည့်ဖုန်းက အကောင်းဆုံးဟုပြောရခက်အောင်များပြားလှသော်လည်း ဒီဇိုင်းနှင့်ဟာ့ဒ်ဝဲပိုင်းအရ ကြည့်လျှင်မူ ထိုင်ဝမ်ကုမ္ပဏီ HTC ၏ Sensation သည် ရွေးချယ်သင့်သော ဖုန်းတစ်လုံးဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။

# 10

## Atrix 4G with Lapdock by Motorola

မိုတိုရိုလာ၏ Atrix 4G စမတ်ဖုန်းနှင့် ချိတ်ဆက်သုံး Lapdock သည် သီးခြားစီဆိုပါက ဈေးနှုန်းအရ အောင်မြင်နိုင်စရာမရှိသော်လည်း ချိတ်ဆက်သုံးလိုက်သောအခါတွင်မူ ဖုန်းသည် ကွန်ပျူတာဆိုသော အိုင်ဒီယာကို အကောင်းဆုံးပုံဖော်သွားပြီး ဖုန်းနှင့် လက်ပ်တော့၏ စွမ်းရည်နှစ်မျိုးပေါင်း စွမ်းအားကို ရလာမည်ဖြစ်သောကြောင့် မျှော်လင့်မထားသည့် အဆင်ပြေမှုကို ခံစားနိုင်မည်ဖြစ်သည်။






Science ဂျာနယ်ထုတ်ဝေသော American Association for the Advancement of Science က ၂၀၁၁ ခုနှစ်အတွက် သိပ္ပံနှင့် ဆေးပညာရပ်ဆိုင်ရာ အရေးပါသော အပြောင်းအလဲ ၁၀ ခုစာရင်းကို ဒီဇင်ဘာလ ၂၃ ရက်ထုတ် ယင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

အိတ်ချ်အိုင်ဗွီပိုးရှိသူများသည် (ARV) ဆေးများသောက်ပါက ၎င်းတို့ထံမှတစ်ဆင့် အခြားသူများထံ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရနိုင်ခြေလျော့ကျစေမှု၊ ဇရာဆဲလ်များကို ဖျက်ဆီးပါက အသက်ရှည်စေရန် အထောက်အကူပြုမှုတို့ အပါအဝင် အရေးပါသော အောင်မြင်မှု ၁၀ ခုကို ဖော်ပြခဲ့သည်။

**၁။ အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုလျော့ကျစေသော (ARV) ဆေး**

anti-retroviral (ARV) ဆေးများသည် ကွန်ဒုံးများကဲ့သို့ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရမှုကို ကာကွယ်ပေးရာတွင် ကြီးမားသော ထိရောက်မှုရှိကြောင်း ပြသနိုင်သော သမိုင်းဝင်စမ်းသပ်မှု HPTN 052 မှာ ၂၀၁၁ ခုနှစ်အတွက် ဆေးပညာလောကထိပ်တန်းအောင်မြင်မှုတစ်ခု ဖြစ်ခဲ့ပါသည်။ ယင်းစမ်းသပ်မှုကို ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ပြီး နိုင်ငံကိုးနိုင်ငံမှ အိတ်ချ်အိုင်ဗွီပိုးရှိသူ ၁၇၆၃ ဦးအား (ARV) ဆေးများ သောက်သုံးစေခဲ့ရာ ယင်းဆေးသောက်သူများမှတစ်ဆင့် ၎င်းတို့၏ လိင်ဆက်ဆံအဖော်များထံ အိတ်ချ်အိုင်ပိုးကူးစက်စေမှု ၉၆ ရာခိုင်နှုန်းခန့် လျော့ကျစေကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ HPTN 052 စမ်းသပ်မှုနှင့် မကြာသေးမီကရရှိခဲ့သောစမ်းသပ်မှုအောင်မြင်မှုများကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာမဟုတ်ဘဲ နိုင်ငံချင်းအလိုက် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုကို ရပ်တန့်စေနိုင်ရန် မျှော်လင့်ချက်များ မြင့်တက်စေခဲ့သည်။ အိတ်ချ်အိုင်ဗွီပိုးတွေ့ရှိမှု အနှစ် ၃၀ ပြည့်သော ယခုနှစ်တွင် ကမ္ဘာတစ်ဝန်း အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူ ၃၃ သန်းရှိကြောင်း သိရသည်။

**၂။ ဟာယာဘူဆာအာကာသယာဉ်မှုတွေ့ရှိချက်**

ဂျပန်မှ ဟာယာဘူဆာအာကာသယာဉ်သည် နည်းပညာချို့ယွင်းမှုများကြောင့် သုံးနှစ်နောက်ကျပြီးမှ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာနိုင်ခဲ့သည်။ ယင်းယာဉ်သည် Itokawa ဂြိုဟ်သိမ်မှ အမှုန်များကို သယ်ဆောင်လာခဲ့ပြီး ယင်းအမှုန်များကိုလေ့လာခဲ့ရာ နေ၏အပေါ်ဘက်လေထုရှိ လျှပ်စစ်ဓာတ်ပါသော အမှုန်များသည် ဂြိုဟ်သိမ်ဂြိုဟ်မွှားတို့၏ အရောင်များကို ပြောင်းလဲစေကြောင်း တွေ့ရှိခဲ့သည်။

**၃။ ခေတ်ဦးမျိုးနွယ်မှု**

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းလေ့လာမှုများအရ ဥရောပလူမျိုးများနှင့် အာရှလူမျိုးများ၏ ဒီအင်န်အေနှစ် ရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအထိသည် နီယန်ဒါသယ်လ် ခေတ်လူတို့မှဆက်ခံထားကြောင်း တွေ့ရှိခဲ့သည်။ ထပ်မံပြုလုပ်သော ခွဲခြမ်းစိတ်ဖြာမှုများအရ ယင်းကျောက်ခေတ်လူသားများနှင့် မျိုးစပ်မှုကြောင့် ခေတ်သစ်လူသားများတွင် ကိုယ်ခံအားစနစ် ကောင်းမွန်စေကြောင်း သိရသည်။ ထို့ပြင် ကျောက်ခေတ်အသုံးအဆောင်များကို ဖန်တီးပြီး ကျွမ်းကျင်စွာသုံးစွဲခဲ့သူတို့မှာ ယနေ့ခေတ်လူသားတို့၏ ဘိုးဘွားဖြစ်နိုင်ခြေ ဟုတ်မဟုတ်မေးခွန်း ထုတ်စရာဖြစ်ခဲ့သည်။

**၄။ နေရောင်ခြည်ဖြင့် အစာချက်လုပ်မှုပုံစံ-၂**

ရေကို ဟိုက်ဒရိုဂျင်နှင့်အောက်ဆီဂျင်အက်တမ်များအဖြစ် ခွဲထုတ်ရာတွင် အရေးတကြီးလိုအပ်သော ပရိုတိန်းတစ်မျိုး တစ်နည်းအားဖြင့် နေရောင်ခြည်သုံးအစာ ချက်လုပ်မှုစနစ်–၂ Photosystem II ပုံစံကို ဂျပန်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းပုံစံကို တွေ့ရှိမှုကြောင့် သန့်စင်စွမ်းအင်နှင့် ပတ်သက်၍ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**၅။ မပျက်မစီးသန့်စင်ဟိုက်ဒရိုဂျင်ထု**

မဟာပေါက်ကွဲမှု Big Bang ဖြစ်စဉ်အပြီး နှစ်သန်းရာချီအကြာတွင် မပျက်စီးဘဲကျန်ရစ်နေသည့် သန့်စင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ထုကြီးကို နက္ခတ္တပညာရှင်များက ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိခဲ့သည်။ စကြဝဠာထဲ ယခင်တွေ့ရှိခဲ့သောကြယ်များကဲ့သို့ သတ္တုလုံးဝနီးပါး မပါဝင်သောကြယ်တစ်လုံးကိုလည်း အခြားသိပ္ပံပညာရှင်တစ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

**၆။ အဏုဇီဝပိုးနှင့်ပတ်သက်ပြီး ထပ်မံသိရှိမှု**

လူ့ဝမ်းဗိုက်ထဲရှိ ကလီစာများထဲတွင်နေသော အဏုဇီဝပိုးတို့နှင့် ပတ်သက်၍ သိပ္ပံပညာရှင်များက ထပ်မံသိရှိခဲ့သည်။ ယင်းပိုးအချို့မှာ ပရိုတိန်းပါဝင်မှုမြင့်သောအစာများကို နှစ်သက်ပြီး ပိုးအချို့မှာ အသီးအရွက်များကို ပိုမိုနှစ်သက်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

**၇။ ငှက်ဖျားကာကွယ်ဆေး**

ငှက်ဖျားရောဂါနှိမ်နင်းရေးနှင့် ပတ်သက်၍ ဆယ်စုနှစ်များစွာ ကျေနပ်ဖွယ်မရှိသော ရလဒ်များရရှိခဲ့သော်လည်း RTS,S ငှက်ဖျားကာကွယ်ဆေးကို ယခုနှစ်အတွင်းစမ်းသပ်မှုများပြုလုပ်ခဲ့ရာ အာဖရိကတိုက်ရှိ ကလေးအားလုံး၏ ထက်ဝက်ခန့်ကို ရောဂါမှကာကွယ်ပေးနိုင်သည်ဟူသော အားတက်ဖွယ်ရာရလဒ်ရရှိခဲ့သည်။

**၈။ နေစကြဝဠာပြင်ပမှဂြိုဟ်များ**

ကမ္ဘာမှအလင်းနှစ်ပေါင်း သန်း ၂၀၀ အကွာအဝေးရှိ Kepler 11 အမည်ရကြယ်တစ်လုံးကို လည်ပတ်နေသော ဂြိုဟ်ကြီးခြောက်လုံးတွဲ အပါအဝင် အာကာသထဲတွင် ထူးဆန်းသော အရာများကို တွေ့ရှိခဲ့သည်။ မိခင်ကြယ်ကိုဆန့်ကျင်ဘက်လားရာ လည်ပတ်နေသောဂြိုဟ်ကြီးတစ်လုံး၊ မည်သည့်ကြယ်ကိုမျှလည်ပတ်ခြင်းမရှိသော ဂြိုဟ် ၁၀ လုံး၊ ကြယ်နှစ်လုံးကို လည်ပတ်နေသော ဂြိုဟ်တစ်လုံးစသည်ဖြင့် ရှာဖွေတွေ့ရှိခဲ့ရာ ဂြိုဟ်များဖြစ်ပေါ် ဖွဲ့စည်းပုံနှင့်ဂြိုဟ်ပတ်လမ်းကြောင်းများကို သိပ္ပံပညာရှင်များက ပြန်လည်သုံးသပ်ရန် တွန်းအားဖြစ်စေခဲ့သည်။

**၉။ ဓာတ်သတ္တုပစ္စည်းသစ်** Zeolite

ရေနှင့်လေ တဖြည်းဖြည်းချင်း စိမ့်ဝင်နိုင်သော အပေါက်များစွာပါသည့် zeolites ဟုခေါ်သော ဓာတ်သတ္တုကို ဓာတုဗေဒပညာရှင်များက ဖန်တီးနိုင်ခဲ့သည်။ ယင်းပစ္စည်းမှာ ငွေကုန်ကျသက်သာစေပြီး ရေနံနှင့်ဓာတ်ငွေ့ လုပ်ငန်း၊ ရေနှင့်လေသန့်စင်မှုလုပ်ငန်းစဉ်၊ အိမ်သုံးဆပ်ပြာမှုန့်လုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

**၁၀။ ဇရာဆဲလ်များကို ဖျက်ဆီးနိုင်မှု**

ဓာတ်ခွဲခန်းများတွင် ကြွက်များကိုစမ်းသပ်မှုအရ ဇရာထောက်လာသည့်ဆဲလ်များအား ဖျက်ဆီးခြင်းသည် အသက်ရှည်နေနိုင်ရန်အတွက် အထောက်အကူပြုစေကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်။ ခန္ဓာကိုယ်ထဲရှိ ဆဲလ်ဟောင်းများကို ရှင်းလင်းခြင်းဖြင့် အမြင်အာရုံချို့ယွင်းလာမှု၊ ကြွက်သားအားနည်းလာမှုတို့ကို နှောင့်နှေးစေနိုင်ကြောင်း ခိုင်မာသော အထောက်အထားများတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

■

# အာရပ်နွေဦး နိဒါန်းရေးဖွဲ့သူ

မြတ်သစ်

*အန္တရာယ်အလွန်ကြီးမားလာသည့်အခါ သေခြင်းတရားသည် မျှော်လင့်ချက်ဖြစ်လာသည်။ သို့ဖြင့် စိတ်ပျက်ခြင်းသည် သေဆုံးရန် မဝံ့ရဲသော မျှော်လင့်ချက်မဲ့ခြင်းတစ်ခုဖြစ်လာသည်။*
*ဆိုရန်ကဲကီးဂတ် (၁၈၁၃–၁၈၅၅)*



လုံခြုံမှုမရှိသောဘဝ၊ ဘဝဖြစ်တည်မှုနှင့်ရှင်သန်မှုအတွက်လိုအပ်သော လူတန်ဖိုး၊ လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုများဆိတ်သုဉ်းသောဘဝတွင်နေခြင်းထက် သေခြင်းက ပို၍မြင့်မြတ်သည်။ သေခြင်းတရားကို အရေးတော်ပုံတစ်ခုအတွက်စွန့်လွှတ်ခြင်းသည် မှန်ကန်သောလုပ်ရပ်တစ်ခုဖြစ်သည်ဟု ခံယူထားသောလူပုဂ္ဂိုလ်များသည် နိုင်ငံအနှံ့၊ နေရာအနှံ့တွင် ရှိခဲ့ပြီးဖြစ်သည်။ အမှန်တရားအတွက် အသက်စွန့်ခဲ့သူတွေထဲမှာ တူနီးရှားနိုင်ငံသား မိုဟာမက်ဘူအာဇီဇီတစ်ယောက်လည်းအပါအဝင်ဖြစ်သည်။

သူသည် လူသားတစ်ယောက်၏ ဂုဏ်သိက္ခာရှိရေး၊ တရားမျှတမှုရှိရေးနှင့်လူသားများသည် မိမိရပိုင်ခွင့်များရရှိရေးအတွက်တိုက်ပွဲဝင်ခဲ့သောသူဖြစ်သည်။ အာရပ်ကမ္ဘာရှိ သန်းပေါင်းများစွာသောပြည်သူလူထုကြီးသည်ဖိနှိပ်ချုပ်ခြယ်မှု၊ တရားဥပဒေမဲ့မှု၊ လူ့ဂုဏ်သိက္ခာနှင့်ကင်းမဲ့စွာဖြင့် အသက်ရှင်နေရမှုတို့နှင့် နှစ်ပေါင်းများစွာ ကြုံတွေ့နေခဲ့ရသည်။ ထိုသန်းပေါင်းများစွာသောပြည်သူလူထုကြီးသည် ရပ်တန့်နေသောသမိုင်းလှည်းဘီးကြီးကို ရွေ့လျားအောင်လုပ်ဆောင်ခဲ့ကြသည်။ ထိုသမိုင်းဘီးသည်တော်လှန်ရေးတည်းဟူသောစက်ခေါင်းကြီး၏ ဦးဆောင်ရာနောက်သို့ဒရွတ်တိုက်လိုက်ပါခဲ့ရသည်။ အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကတွင် ဖိနှိပ်ခံပြည်သူများသည် ရာဇပလ္လင်ထက်မှ အာဏာရှင်အစိုးရများကို ပြည်သူလူထု၏ အုံကြွမှုတည်းဟူသော တော်လှန်ရေးတစ်ရပ်ဖြင့် ဖယ်ရှားပစ်ခဲ့ကြသည်။တော်လှန်ရေးဒီရေသည်အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတွင် တရစပ်ဆိုသလို ရိုက်ခတ်သွားခဲ့သည်။ ဒီမိုကရက်တစ်ကျသောနိုင်ငံရေးနှင့်အုပ်ချုပ်ရေးစနစ်၊ စစ်မှန်သော ခေါင်းဆောင်များက နိုင်ငံတော်၏ အနာဂတ်ကိုဖန်တီးရေး၊ ဖိနှိပ်ချုပ်ခြယ်ခံနေရသော ပြည်သူလူထု၏ လူ့အခွင့်အရေးများကို ပြန်လည်ရရှိရေးအတွက် တော်လှန်ရေးက ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

၂၀၁၁၊ ဇန်နဝါရီလ ၂၄ ရက်နေ့။ အစိုးရဆန့်ကျင်ရေးသမားများသည် တူနီးရှားအလံတော် လွှမ်းထားသော မိုဟာမက်ဘူအာဇီဇီရုပ်အလောင်းကို သယ်ဆောင်လာကြသည်။ တူနီးရှားပြည်သူတွေအတွက်ကတော့ သူသည် အာဇာနည်တစ်ဦးဖြစ်သည်။ ဘူအာဇီဇီသည် သာမန်လက်လုပ်လက်စားတစ်ယောက်ဖြစ်သည်။ သူက သစ်သီးဝလံရောင်းချပြီး အသက်မွေးဝမ်းကြောင်းပြုနေရသူ။ သူက ဘွဲ့ရပညာတတ် အလုပ်လက်မဲ့ဖြစ်သည်။ ရဲမေတစ်ဦးက ၎င်းကို ပါးရိုက်ခဲ့ခြင်းကြောင့် အရှက်ကြီးရှက်ကာ မိမိကိုယ်မိမိမီးရှို့ပြီး အဆုံးစီရင်ခဲ့သည်။ ရုတ်တရက်ကြည့်လျှင်တော့သည်ဖြစ်ရပ်ကဘာမှမဆန်း။ သို့သော် လူသားတစ်ယောက်၏ ဖြစ်တည်မှုနှင့်ဂုဏ်သိက္ခာကို ထိပါးစော်ကားခံရမှုအပေါ်တွင် နာကျည်းမှုဖြင့် ဘူအာဇီဇီက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုသည် တော်လှန်မှုတစ်ရပ်ဖြစ်သည်။ အာဏာရှင်အစိုးရအပေါ် မကျေနပ်ကြောင်းဆန္ဒပြမှုဖြစ်သည်။ ဘူအာဇီဇီက အသက်ဆုံးခံပြီး တပ်လှန့်သံခေါင်းလောင်းသည် တူနီးရှားတစ်နိုင်ငံလုံးပျံ့နှံ့သွားသည်။ အစိုးရအပေါ် နာကျည်းနေသောပြည်သူများသည် နိုင်ငံအနှံ့တွင် လူထုဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ တစ်လအကြာတွင်တော့ တူနီးရှားသမ္မတဟောင်းဘင်အလီ ရာထူးနုတ်ထွက်ပြီးပြည်ပသို့ ထွက်ပြေးသွားခဲ့သည်။

တူနီးရှားနိုင်ငံမှ နိုင်ငံရေးလှုပ်ရှားမှုသည် အီဂျစ်နိုင်ငံတွင်ဖြစ်ပွားခဲ့သော လူထုဆန္ဒပြမှုများအပေါ်များစွာသက်ရောက်မှုရှိခဲ့သည်။ ဤသည်ကလည်းမီဒီယာများ၏အကျိုးကျေးဇူးများကြောင့်ဖြစ်သည်။ သာမန်ဈေးသည်တစ်ယောက်က ကိုယ့်အသက်ကိုမငဲ့ကွက်ဘဲမတရားအုပ်ချုပ်နေမှုကိုဆန့်ကျင်ခဲ့သည့်အဖြစ်ပျက်အား မီဒီယာများမှတစ်ဆင့် ကမ္ဘာပြည်သူများသိသွားခဲ့ကြသည်။ ဖိနှိပ်ချုပ်ခြယ်မှုတွေကိုတွန်းလှန်ဖယ်ရှားရမည်ဟူသောအသိသည် အာရပ်ကမ္ဘာမှပြည်သူများ၏ ဦးနှောက်ထဲမှာကော၊ နှလုံးသားထဲမှာပါ နက်နက်ရှိုင်းရှိုင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ မတရားမှုကိုဆန့်ကျင်မည့်ပြည်သူလူထုတစ်ရပ်လုံးကိုမည်သူကမျှ တားဆီး၍မရတော့။ သေနတ်အသုံးပြုပြီးတားဆီးမှုသည်လည်း အရာမထင်တော့။

ဘူအာဇီဇီသည် တကယ်တော့ သာမန်ပြည်သူတစ်ဦးမျှသာဖြစ်သည်။ လူငယ်မျိုးဆက်သစ်ဟုဆိုရမည့် ဘူအာဇီဇီသည် တခြားလူငယ်များနည်းတူ အနာဂတ်အတွက်မျှော်လင့်ချက်ဘာတစ်ခုမှမရှိ။ သူတို့လူငယ်တွေသည် အာဏာရှင်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် လူသားမျက်နှာ၊ လူသားဂုဏ်သိက္ခာ လုံးဝကင်းမဲ့နေသည့်သူတွေဖြစ်သည်။ အလုပ်လက်မဲ့လူငယ်များသည် ဘူအာဇီဇီ၏ ဖြစ်ရပ်ကိုသိပြီးနောက် အစိုးရဆန့်ကျင့်ရေးတိုက်ပွဲထဲပါလာကြသည်။ သည့်နောက်တော့ ပြည်သူတစ်ရပ်လုံးက အစိုးရဆန့်ကျင်ရေးတိုက်ပွဲထဲသို့ပါဝင်လာကြလေသည်။

> **မျှော်လင့်ချက်မဲ့နေသည့်ဘဝအတွက် သေခြင်းတရားကို ရွေးချယ်ခဲ့သည့် ဘူအာဇီဇီသည် မိမိပြည်သူများအတွက်သာမက အာရပ်ကမ္ဘာမှ အဖိနှိပ်ခံပြည်သူများအတွက် မျှော်လင့်ချက်များရရှိရန် သူ့အသက်ကို ပေးဆပ်ခဲ့သည်. . .**

မည်သို့ပင်ဖြစ်စေ ၂၀၁၁ ခုနှစ်သည် အထင်ကရနှစ် တစ်နှစ်ဖြစ်သည်။ အာရပ်နွေဦးတော်လှန်ရေးသည် ဖိနှိပ်ခံပြည်သူများ၏အောင်ပွဲတစ်ခုဖြစ်သည်အထိ ကမ္ဘာအနှံ့တွင်ထင်ရှားလာခဲ့သည်။ ထိုသို့ အာရပ်နိုင်ငံအချို့တွင်ဖြစ်ပွားခဲ့သော တော်လှန်ရေးများသည် သာမန်အရပ်သားဘူအာဇီဇီ၏အသက်ဆုံးရှုံးခံပြီးတိုက်ပွဲဝင်ခဲ့မှုကြောင့်ဖြစ်ပေါ်ရသည်ဆိုခြင်းကို လက်မခံသည့်တိုင်အောင်ငြင်းပယ်ဖို့ ခဲယဉ်းမည်သာဖြစ်သည်။ သာမန် အရပ်သားဘူအာဇီဇီသည် ဥရောပ ပါလီမန်မှပေးအပ်သည့် အတွေးခေါ်လွတ်လပ်မှုဆိုင်ရာ ဆာခါရော့ဖ်ဆုကိုဆွတ်ခူးခဲ့သူငါးဦးတွင် ပါဝင်လာခဲ့သည်။

ဒဿနိကပညာရှင်ကြီး ကဲကီးဂတ်က ယခုကဲ့သို့ရေးဖူးသည်။ သေခြင်းတရားသည် အလွန်ကြီးမားသော ဘေးအန္တရာယ်တစ်ခုဟုယူဆချိန်တွင်လူသားများသည်ဘဝရှင်သန်ရေးအတွက်မျှော်လင့်ချက်များထားရှိကြစမြဲ။ သို့သော် လူသားသည် လူ့ဘဝရှင်သန်ရေးသည် ကြောက်မက်ဖွယ်ကောင်းသောဘေးအန္တရာယ်တစ်ခုဖြစ်မှန်းသိလာသောအခါတွင် သေခြင်းကိုသာ မျှော်လင့်လာကြသည်။ မျှော်လင့်ချက်မဲ့နေသည့်ဘဝအတွက် သေခြင်းတရားကို ရွေးချယ်ခဲ့သည့် ဘူအာဇီဇီသည် မိမိပြည်သူများအတွက်သာမက အာရပ်ကမ္ဘာမှ အဖိနှိပ်ခံပြည်သူများအတွက် မျှော်လင့်ချက်များရရှိရန် သူ့အသက်ကို ပေးဆပ်ခဲ့သည်ဟုဆိုနိုင်သည်။


*Ref :1/ Salman Shaikh; Mohamed Boauzizi; A fruit Seller's Legacy to the Arab People*
*2/ Porcupines; A Philosophical Anthology*
*3/ John McCumber; Philosophy and Freedom*



**TRADE MARK CAUTION**

**JTEKT Corporation,** a corporation incorporated in Japan, of 5-8, Minamisemba 3-chome, Chuo-ku, Osaka-shi, Osaka 542-8502, Japan, is the Owner and Sole Proprietor of the following Trademarks:-

Koyo

Reg. No. 1379/1963

in respect of "All sorts of bearing; sawing machines; industrial furnaces; industrial machines, apparatus and implements; power machines, apparatus and implements; wind mills and hydraulic machines, apparatus and implements; heating and cooling machines, apparatus and implements parts and accessories of these goods; machines elements; transister radio receivers; semiconductor elements; electric machines, apparatus and implements; telecommunication machines, apparatus and implements; electron-applied machines, apparatus and implements; electric materials."

**Koyo**

Reg. No. 3097/2000

in respect of "Steering gear and devices."

Any fraudulent imitation or unauthorized use of the said Trademarks will be dealt with according to law.

**U Nyunt Tin Associates**, Intellectual Property Law Firm
P.O. Box 952, Yangon, Myanmar.
Tel: 951 375754, Fax: 951 254321, Email: info@untlaw.com
For **JTEKT Corporation** Dated: 4 January, 2012.

**MAI** မဟာဝိဇ္ဇာ ပုဂံရေထား ဘုရားဖူး ရန်ကုန် နှင့် မန္တလေး မှ တိုက်ရိုက်ပို့ပေးမည် UMTA

2011 - Dec - 3,7,9,14,17,21,23,28,31
2012 - Jan - 4,11,18,25
- Feb - 1,8,11,15,22,25,29
- Mar - 7,10,14,21,24,28
- Apr - 4,7,11,18,21,25

**TRADE MARK CAUTION**

**Kissei Pharmaceutical Co., Ltd.**, a company incorporated in Japan, and having its registered office at 19-48, Yoshino, Matsumoto-city, Nagano, Japan, is the Owner and Sole Proprietor of the following Trademarks:-

**URIEF** Reg. No. 4/7791/2006

**GLUFAST** Reg. Nos. 4/7792/2006

in respect of "Pharmaceutical preparations in **International Class 5.**"

Any fraudulent imitation or unauthorized use of the said Trademarks will be dealt with according to law.

**U Nyunt Tin Associates**, Intellectual Property Law Firm
P.O. Box 952, Yangon, Myanmar.
Tel: 951 375754, Fax: 951 254321, Email: info@untlaw.com
For **Kissei Pharmaceutical Co., Ltd.** Dated: 4 January, 2012.

# NOTABLE DEATHs

## အာဖရိကကို မြစိမ်းရောင်လွှမ်းစေခဲ့သူ

ဝင်ဂါရီမာထိုင်း (အသက် ၇၁ နှစ်)



၁၉၄၀ ပြည့်နှစ်တွေတုန်းက ကင်ညာနိုင်ငံရဲ့ ကုန်းပြေမြင့်တွေပေါ်က အီဟီသီဆိုတဲ့ကျေးရွာလေးတစ်ရွာမှာကီကူရာမျိုးနွယ်စုကောင်မလေးတစ်ယောက်ကြီးပြင်းလာခဲ့ပါတယ်။ အိမ်မှာ စာအုပ်ဆိုတာမရှိသလို နည်းပညာပစ္စည်းတွေလည်း မရှိခဲ့ပါဘူး။ တောနက်နက်ထဲမှာ ဆင်တွေ၊ ကျားသစ်တွေနဲ့အတူ လူတိုင်းအတွက် လုံလောက်တဲ့ ရေ၊ မြေဆီသြဇာနဲ့ စားစရာတွေ၊ လုပ်စရာ အလုပ်တွေပဲ ရှိခဲ့တယ်။

ကံကောင်းတယ်၊ ဆိုးတယ် ပြောဖို့ခက်တာက ဒေသမငြိမ်သက်မှုကြောင့် ဝင်ဂါရီမာထိုင်းတစ်ယောက် စာတတ်ခွင့်ရခဲ့တဲ့ဖြစ်စဉ်ပါ။ ဘေးကင်းစေဖို့ မိဘတွေက တစ်နယ်တစ်ကျေးက သီလရှင်ကျောင်းကို ပို့ခဲ့ကြတယ်။ ဒီလိုနဲ့ပဲ အမေရိကန်အထိ ပညာတော်သင် သွားခွင့်ရခဲ့တယ်။

အရှေ့နဲ့ဗဟိုအာဖရိကမှ ပထမဆုံးပါရဂူဘွဲ့ရ အမျိုးသမီး၊ ကင်ညာမှ ပထမဆုံးအမျိုးသမီး ပါမောက္ခ၊ သမ္မတလောင်း၊ ဝန်ကြီးဘဝစုံကို ဖြတ်သန်းခဲ့တယ်။ ဒါပေမဲ့ သူပြန်လိုချင်တာက စိမ်းလန်းနေတဲ့ တောအုပ်ကြီးတွေပဲ။ မြစိမ်းရောင်ခါးပတ်တော်လှန်ရေးကို သူစခဲ့တယ်။အာဖရိကကျေးလက်က အမျိုးသမီးတွေကို ဦးဆောင်ပြီး သစ်ပင်တွေ သန်းချီစိုက်ခဲ့တယ်။ အသံမထွက်နိုင်တဲ့ အသံတွေဘက်ကမားမားရပ်ခဲ့တယ်။ သစ်ပင်တွေဟာ ကမ္ဘာကြီးရဲ့အဆုတ်ဆိုတာ သူသိခဲ့တယ်။ အဆုတ်မရှိရင် ကမ္ဘာကြီးလည်း အသက်မရှင်နိုင်တော့ဘူးလေ။ ကမ္ဘာကြီးကိုချစ်ဖို့ သူ့ဘဝနဲ့ရင်းခဲ့တဲ့ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်မာထိုင်းဟာ ၇၁ နှစ် အရွယ်မှာတော့ သူ့ရင်သွေးသန်းပေါင်းများစွာကို ချန်ထားပြီး ထွက်ခွာသွားခဲ့တယ်။ အဲဒီနေ့က သစ်ပင်တွေ စိုစိုစွတ်စွတ်နဲ့လို့တော့ တချို့က ဆိုကြတယ်။ ငိုနေကြတာများလားဆိုတာတော့ မာထိုင်း သိချင်သိမှာပဲလေ။

■

## သမိုင်းပြောင်း ပြဇာတ်၏ခေါင်းဆောင်မင်းသား

ဗားကလက်ဗ်ဟေဗယ်လ်(အသက် ၇၅ နှစ်)



ရေကြီးသုတ်ပြာနိုင်တတ်သော သူ့ဟန်အတိုင်း ပန်ကာတပ်ထားသလိုထင်ရသော သူ့လက်နှစ်ဖက်ကို တရစပ်ဝှေ့ယမ်းရင်း မော်မီးအိမ်ပြဇာတ်ရုံ၏မှန်ချပ်တို့ဖြင့်တည်ဆောက်ထားသော အဝင်ပေါက်ဝမှာ ဗားကလက်ဗ်ဟေဗယ်လ်တစ်ယောက် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။ဘဝဇာတ်ခုံကိုကြည့်ပြီး သရော်လှောင်ပြောင်တတ်သူဟု သူ့ကိုယ်သူ ကင်ပွန်းတပ်လေ့ရှိသည်။ သို့ပေမဲ့ မော်မီးအိမ်တွင်တော့ ၁၉၈၉ ခုနှစ်တွင်တော့ သူသည် သမိုင်းကိုပြောင်းလဲစေခဲ့သော ပြဇာတ်တစ်ပုဒ်၏ ဒါရိုက်တာလည်းဖြစ်၊ ခေါင်းဆောင်မင်းသားလည်း ဖြစ်ခဲ့ပါသည်။

သူသည် အတိုက်အခံသက်သက်မျှမဟုတ်၊ အတိုက်အခံတို့၏ စံနမူနာဖြစ်သည်။ ကတ္တီပါတော်လှန်ရေး၏ ခေါင်းဆောင်မျှသာမဟုတ်၊ ၁၉၈၉ ခုနှစ်နောက်ပိုင်း ဒီအမည်ကို ယူခဲ့ကြသော အကြမ်းမဖက်သော ကန့်ကွက်ဆန္ဒပြမှုများကိုရှေ့ဆောင်လမ်းပြနိုင်ခဲ့သောကြောင့် မူလပထမ ကတ္တီပါတော်လှန်ရေး၏ ခေါင်းဆောင်ဟု ပါဆိုရမည့်သူဖြစ်သည်။ တစ်နေ့တွင်တော့ မိုတ်တုတ်မိုတ်တုတ် ဖယောင်းတိုင်ငယ်များသည် ရေခဲတုံးကြီးကို အရည်ပျော်စေလိမ့်မည်ဟု သူယုံကြည်ခဲ့သည်။

သူပြောသောနေ့သည် ခြောက်နှစ်မျှအကြာတွင် ဆိုက်ရောက်လာခဲ့ပါသည်။ ချက်ကိုစလိုဗက်ကီးယား၏ နောက်ဆုံးသမ္မတ၊ ချက်သမ္မတနိုင်ငံသစ်၏ပထမဆုံးသမ္မတဘဝတို့ကို သူဖြတ်သန်းခဲ့သည်။ ဒီလောကက ထွက်ခွာတော့လည်း နိုင်ငံရေးနယ်ပယ်ကိုသရော်သည့် Leaving ပြဇာတ်ကို သူရေးခဲ့သေးသည်။ အခုတော့ ဘဝဇာတ်ခုံပေါ်ကလည်း သူထွက်ခွာသွားခဲ့ပြီဖြစ်သည်။

■

## ကင်ဂျုံအီလ်

(အသက် ၆၉ နှစ်)



သူ့ရဲ့ ဆံပင်ထောင်ထောင်ပုံစံ၊ အနည်းငယ်ဆူထွက်နေတဲ့ဗိုက်နဲ့ ရှူးဖိနပ်ထူထူမြင့်မြင့်စီးတဲ့စတိုင်ကြောင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီလ်ဟာ အနောက်နိုင်ငံတွေမှာတော့ လှောင်စရာဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကွန်မြူနစ်နိုင်ငံငယ်ရဲ့ အာဏာရှင်ဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကို စိုးရိမ်မှုနဲ့ ထိတ်လန့်မှုတွေ ပေးနိုင်တဲ့အထိ အစွမ်းရှိပါတယ်။

သူ့လက်ထက်မှာ အငတ်ဘေးကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့သလို အကျဉ်းသားတွေလည်း ပေါများခဲ့ပါတယ်။ သို့သော် သူကတော့ Dear Leaderလို့ သူ့ကိုယ်သူကင်ပွန်းတပ်ထားပါတယ်။ နျူနှစ်သက်တဲ့ ကင်ဂျုံအီလ်ဟာ အငတ်ဘေးကြောင့် ပြည်သူတွေသေဆုံးနေပေမယ့်နျူစီမံကိန်းအတွက်တော့ ပုံအောခဲ့သူပါ။

နျူကလီးယားစီမံကိန်းတွေကိုလည်း ရပ်ပါမယ်။ အကူအညီတွေ ပေးပါဆိုပြီး နိုင်ငံတကာကို လှည့်စားမှုတွေ အကြိမ်ကြိမ်လုပ်ခဲ့သူပါ။ သူမသေခင်လေးမှာတောင် နျူဖျက်သိမ်းရေးခြောက်နိုင်ငံဆွေးနွေးပွဲပြန်စဖို့ ဆန္ဒရှိတယ်ဆိုပြီး လေသံပစ်ချိန်မှာ တောင်ကိုရီးယားနဲ့အမေရိကန်က မြောက်ကိုရီးယားပြည်သူတွေကို အကူအညီပေးဖို့ ပြင်ဆင်ခဲ့ပါတယ်။

ဒါပေမဲ့ ကင်ဂျုံအီလ်သေဆုံးခဲ့မှုကြောင့် နျူဖျက်သိမ်းရေးဆွေးနွေးပွဲပြန်စဖို့၊ အကူအညီတွေပေးဖို့ကိစ္စကို ပြန်လည်သုံးသပ်စရာဖြစ်စေခဲ့တယ်။ သူမသေခင်ကတည်းက အငယ်ဆုံးသားကင်ဂျုံအွန်ကို အာဏာလွှဲပေးဖို့ စီစဉ်ခဲ့တယ်။ ပြီးတော့ ကင်ဂျုံအွန်ကို နောက်ကွယ်ကကူညီပေးပြီး နိုင်ငံကိုထိန်းချုပ်နိုင်ဖို့ ကင်ဂျုံအွန်ဦးလေးကိုလည်း ဝှက်ဖဲတစ်ချပ်အနေနဲ့ ထားရှိခဲ့ပါတယ်။ ဒါပေမဲ့ အသက် ၂၇ နှစ် လောက်ပဲရှိသေးပြီး ဘာအတွေ့အကြုံမှမရှိတဲ့ ကင်ဂျုံအွန်ဟာ သူ့ဦးလေးနဲ့ပေါင်းပြီး အိမ်နီးချင်းတောင်ကိုရီးယား၊ အဓိကမဟာမိတ်တရုတ်မှသည်အမေရိကန်တွေကို အိပ်မက်ဆိုးတွေ ပေးလာမလားဆိုတာတော့စောင့်ကြည့်ရပါဦးမယ်။

## အိုင်တီခေတ်၏မှော်ဆရာ

စတိဗ်ဂျော့စ် (အသက် ၅၆ နှစ်)



သူသည်အနာဂတ်ကို အရောက်သွားပြီး လူသန်းပေါင်းများစွာ၏နေမှုဟန်ကို ပြောင်းလဲစေသောအရာတို့ကိုဆောင်ယူကာ ပစ္စုပ္ပန်ကို ပြန်လာနိုင်သော ခေတ်သစ်မှော်ဆရာ။

ဆီးရီးယားနွယ်ဖွားဖခင်နှင့် အမေရိကန်သူမိခင်တို့၏ စွန့်ပစ်ခံရသူ။ကိုယ်တိုင်လည်း ပထမဆုံးဘဝ လက်တွဲဖော်နှင့် ရင်သွေးကို စွန့်ပစ်ခဲ့သူ(နောက်ပိုင်းတွင်တော့သမီးရင်းနှင့် ချစ်ကြည်သော ဆက်ဆံရေးကို ပြန်လည်ထူထောင်နိုင်ခဲ့ပါသည်)။မကြွယ်ဝလှသော မွေးစားမိဘနှစ်ပါးက သူ့ကို ထိုခေတ်ထိုအခါက အကောင်းဆုံးကောလိပ်မှာထားခဲ့သည်။ (သို့ပေမဲ့ သူက ကျောင်းပြီးအောင်မတက်ခဲ့)။ ယောဂကျင့်ခဲ့၊ ဆေးချခဲ့ဖူးသည်။ အိန္ဒိယမှာ တရားသွားရှာခဲ့ဖူးသည်။ နောက်ဆုံးပြန်လာတော့ ဇင်ဗုဒ္ဓဘာသာဝင်ဖြစ်သွားသည်။ သည့်နောက်ပိုင်းမှာ သူ့လူမှုဘဝက ငြိမ်သက်သွားသည်။

အက်ပဲလ်ကို သူငယ်ချင်း ဝေါ့ဇနစ်နှင့်အတူထောင်သည်။ အက်ပဲလ်မှာဥက္ကဋ္ဌလုပ်ဖို့ သူခေါ်လာသော ပက်ပ်စီကုမ္ပဏီအကြီးအကဲက သူ့ကို ပြန်ကန်ထုတ်သည်။ အက်ပဲလ်ရှယ်ယာအကုန်ရောင်းပြီး သူထွက်သွားသည်။ သို့ပေမဲ့ အိပ်မက်တွေကို Pixar နဲ့ ဆက်သည်။ Car,Car 2,Toy Story လို အန်နီမေးရှင်းကာတွန်းတွေက သူ့ထံကလာသော အိုင်ဒီယာများကြောင့် ဖြစ်သည်။ သူ့ကို Macintosh, iPod,iPhone,iPad တို့နှင့် လူပိုသိပေမဲ့ ဒစ္စနေနှင့် Pixar ပေါင်းပြီးတဲ့နောက် ဒစ္စနေမှာ သူရှယ်ယာအများဆုံး ပိုင်သွားတာကို လူသိပ်မသိကြ။ အရှုံးပေါ်နေသောအက်ပဲလ်သို့ သူပြန်လာသည်။ တစ်ကျော့ပြန်ခရီးမှာတော့ သူအမှားနည်းခဲ့သည်။ ထင်ရာမစိုင်းတော့။ သူ့လိုတော်သူတွေ၊ သူ့ထက်တော်သူတွေ၏အသံကိုလည်း နားထောင်လာသည်။ ကွန်ပျူတာ တစ်ခေတ် သာမက ဂီတကိုနားဆင်မှုပုံစံ၊ ဆက်သွယ်မှုပုံစံကို တစ်ခေတ်ပြောင်းရာတွင် သူရှေ့ဆောင်ခဲ့သည်။ ခေါင်းမာတတ်သောဉာဉ်ကြောင့် ကင်ဆာအစပျိုးချိန်မှာ ကောင်းကောင်းကုဖို့ သူငြင်းခဲ့သည်။ သက်သတ်လွတ်က အစားမပြတ်။ ဒီလိုနဲ့ပဲ အချိန်မတိုင်မီ သူကြွေလွင့်သွားခဲ့ရပြီ။

| | | |
|---|---|---|
| အလိဇဘက်တေလာ | အမေရိကန်အမျိုးသမီးသရုပ်ဆောင် | အသက် (၇၉) နှစ်၊ မတ် ၂၃ ရက်နေ့တွင် သေဆုံး။ |
| ဆိုင်းဘာဘာ | အိန္ဒိယဘာသာရေးခေါင်းဆောင်နှင့်ဂုရု | အသက် (၈၅) နှစ်၊ ဧပြီ ၂၄ ရက်နေ့တွင် သေဆုံး။ |
| အယ်လ်ဘာတီနာဆီစူလူ | တောင်အာဖရိကလူဖြူလူမည်းခွဲခြားရေးတိုက်ဖျက်သူ | အသက် (၉၂) နှစ်၊ ဇွန် ၂ ရက်နေ့တွင် သေဆုံး။ |
| အေမီဝိုင်ဟောက်စ် | ဗြိတိန်အမျိုးသမီးအဆိုတော် | အသက် (၂၇) နှစ်၊ ဇူလိုင် ၂၃ ရက်နေ့တွင် သေဆုံး။ |
| ဘာဟာနူဒင်ရာဘာနီ | အာဖဂန်သမ္မတဟောင်း | အသက် (၇၁) နှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် သေဆုံး။ |
| ဘင်အဗ္ဗဒူလ်အဇက် | ဆော်ဒီမင်းသား | အသက် (၈၀) နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် သေဆုံး။ |
| လာနာပီတာစ် | စတာလင်၏သမီး | အသက် (၈၅) နှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သေဆုံး။ |




ပေါက်ကွဲမီးလောင်မှုကြောင့် ကျင်းချိုင့်ကြီးတစ်ခုဖြစ်ပေါ်ခဲ့စဉ်

# လူ ၁၇ ဦးသေဆုံး၊ ၈၄ ဦးဒဏ်ရာရခဲ့ပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို ရိုက်ခတ်ခဲ့သည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်အတွင်း ပေါက်ကွဲလောင်ကျွမ်းမှု

သတင်းအယ်ဒီတာအဖွဲ့







၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်၊ နံနက် ၁ နာရီ ၅၀အချိန်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ မေတ္တာမွန်ဝင်းအတွင်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ကုန်သွယ်လယ်ယာပိုင်မှငှားရမ်းထားသော ဂိုဒေါင်များ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ဂိုဒေါင်အမှတ် (၇၉) နှင့် (၈၀)တို့နှစ်ခုမှ စတင်ခဲ့ခြင်းဖြစ်ပြီး ဂိုဒေါင်အမှတ် (၈၀)အတွင်းရှိထားသော အီးဗွီဒီ၊ ဒီဗွီဒီအလုံး ၁၀၀၊ စပီကာ ၂၀၀ ခု၊ အမ်ပီဖိုင်ယာ ၆၀၀ လုံး၊ အမှတ်(၇၉) ဂိုဒေါင်အတွင်းမှ ဇဝက်သာ အိတ် ၄၀၀၊ ကျောက်ချဉ်အိတ် ၈၀၀၊ ဆေးဒန်းအိတ် ၂၀၀ ၊ ဆားပုတ်အိတ် ၂၀၀၊ ဘုမ္မရာဇာအိတ် ၅၀ ၊ အလိုဂျူးအိတ် ၁၀၀၊ ထိန်ဖုက်အိတ် ၃၀၊ မြန်မာ့ယမ်းစိမ်း အိတ် ၂၀ တို့ မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်နေစဉ်အတွင်းပေါက်ကွဲမှုဖြစ်ပွားခဲ့၍ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအပါအဝင် ကျား ၁၃ ဦး၊ မ လေးဦး၊ ပေါင်း ၁၇ ဦး သေဆုံးခဲ့ပြီး ကျား ၆၈ ဦး၊ မ ၁၆ ဦး၊ ပေါင်း ၈၄ ဦးတို့ဒဏ်ရာရရှိခဲ့ကာ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာများအဖြစ်တက်ရောက်ကုသနေကြောင်း သိရှိရသည်။

မီးလောင်ပေါက်ကွဲစဉ် အခြားဂိုဒေါင် ၁၆ လုံးသို့ကူးစက်လောင်ကျွမ်းခဲ့ပြီး ဂိုထောင်များအနီးရှိ လူနေတန်းလျား ၇၆ လုံး၊ ခေမာသီဝံဘုန်းကြီးကျောင်းတစ်ကျောင်း၊ ဆောက်လုပ်ဆဲ အမည်မရှိဘုန်းကြီးကျောင်းတစ်ကျောင်း၊မွေ့ရုံတစ်ခုတို့မှာပေါက်ကွဲမှုအရှိန်ကြောင့် ပြိုကျပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၄၀ စု၊ ကျား ၄၅၈ဦး၊ မ ၅၉၂ ဦး၊ ပေါင်း ၁၀၅၀ ဦးတို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မီးစတင်လောင်ကျွမ်းခဲ့သည့် ဂိုထောင်အမှတ်(၈၀)မှ တာဝန်ရှိသူနှင့် ဂိုထောင်အမှတ်(၇၉)တို့မှ တာဝန်ရှိသူနှစ်ဦးကိုဂိုထောင်များအတွင်း ပစ္စည်းများအား ပေါ့ဆစွာ သိုလှောင်ထားပြီး မီးလောင်ပေါက်ကွဲသည့် သေကျေဒဏ်ရာများရရှိခဲ့သဖြင့် မီးနှင့်ပတ်သက်၍ပေါ့ဆစွာအသုံးပြုသူ ၎င်းတို့နှစ်ဦးကို မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်း (ပ) ၇၇၈/ ၂၀၁၁ ပုဒ်မ ၂၈၅/ ၂၈၆/ ၃၃၈/ ၃၀၄(က)ဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိသည်ဟုသိရသည်။

မီးလောင်မှုဖြစ်စဉ်အား ကိုယ်တိုင်ပါဝင်ငြိမ်းသတ်ခဲ့ရပြီး ပေါက်ကွဲမှုကြောင့် ညာဘက်လက်တွင်ဒဏ်ရာရရှိခဲ့သည့် တာမွေမြို့နယ်မီးသတ်စခန်းမှ သန္နေတပ်ဖွဲ့ဝင်ကို ရန်ပိုင်က "ဒီဖြစ်စဉ်က ပထမရိုးရိုး မီးလောင်တာပါပဲ။ ကျွန်တော်တို့ မီးစလောင်လောင်ချင်းမှာ ရောက်သွားတယ်။ ဒါပေမဲ့ မီးလောင်နေတဲ့ ဂိုဒေါင်ထဲမှာ ပေါက်ကွဲစေတဲ့ ပစ္စည်းတွေ ရှိမှန်း မသိခဲ့ဘူး။ မီးငြိမ်းနေတုန်းမှာ အဲဒီပစ္စည်းတွေ ထပေါက်ကွဲတာပါ။ ဒါကြောင့် မီးသတ်နေတဲ့မီးသတ်တပ်ဖွဲ့တွေအကုန်လုံး အဝေးကို လွင့်ထွက်သွားတယ်တစ်ယောက်နဲ့တစ်ယောက်လည်း ကွဲသွားကြတယ်။ ကျွန်တော်လည်း ညာဘက်လက်မောင်းကို ထိသွားပြီး ပေါက်ကွဲမှုပြင်းတော့ ညာဘက်နားက သိပ်မကြားရတော့ဘူး။ အဲဒါနဲ့ချက်ချင်းထ၊ အဝေးကို လွင့်သွားတဲ့ သူတွေကို သွားရှာပြီး တစ်နေရာမှာစုထားပေးခဲ့တယ်။ ပြီးတော့ ကျွန်တော် ဆေးရုံကိုသွားခဲ့တယ်။ ကျွန်တော်မီးသတ်တပ်ဖွဲ့ဝင်လုပ်တာ ၁၉နှစ်ရှိပါပြီ။ ဒီကာလအတွင်းမှာ ဒီလို ဖြစ်စဉ်မျိုးတစ်ခါမှ မကြုံဖူးဘူး။မီးငြိမ်းသတ်ရင်း အသက်ဆုံးရှုံးသွားတဲ့မီးသတ်တပ်ဖွဲ့ဝင်တွေအတွက်ကိုတော့ စိတ်မကောင်းပေမဲ့ ဂုဏ်ယူမိတယ်။ မီးသတ်တပ်ဖွဲ့အတွက်လည်း မှတ်တမ်းတင်လောက်ပါတယ်" ဟု ပြောပြခဲ့သည်။

အဆိုပါမီးလောင်မှုအား မီးသတ်ယာဉ် ၅၇ စီး၊ အထောက်အကူပြုယာဉ် ၁၃ စီး၊ အုပ်ချုပ်မှုယာဉ် ၁၀ စီး၊ သန္နေတပ်ဖွဲ့ဝင် ၅၄၆ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၈၂ ဦး၊ တိုင်းကြက်ခြေနီ ၁၃၀ ဦးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သွားရောက် ငြိမ်းသတ်ခဲ့သည့် မီးသတ်ယာဉ်ရှစ်စီး ပျက်စီးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် သေဆုံးခဲ့သည့်မီးသတ်တပ်ဖွဲ့ဝင်တပ်ကြပ်မျိုးကျော်ကျော်၊အသက်(၂၀)၏ဖခင် ဦးထွန်းရွှေက "ဦးတို့မိသားစုက ဒဂုံမှာနေကြတာပါ။ တာမွေမီးသတ်စခန်းက ဦးသားမီးထဲပါသွားတယ်လို့ဖုန်းဆက်တာနဲ့ မီးလောင်ပေါက်ကွဲတဲ့မင်္ဂလာတောင်ညွန့်ကိုချက်ချင်းလိုက်သွားတယ်။ ဟိုရောက်တော့ ဦးလေး သားကို မနည်းရှာရတယ်။ တွေ့တော့ သားလေးရဲ့ အလောင်းတောင် မမှတ်မိတော့ဘူး။ အင်္ကျီကနာမည်ကတ်ကိုတွေ့တော့မှပဲ သားလေးရဲ့ အလောင်းဆိုတာသိတော့တယ်။အလောင်းကိုတွေ့တော့ခေါင်းမရှိတော့ဘူး။ခေါင်းပါပြတ်နေတယ်။ ဦးမှာက သားသမီးနှစ်ယောက်ပဲရှိတယ်။ သားကြီးကဆုံးသွားတော့ အရမ်းဝမ်းနည်းခဲ့ရတယ်။ အခု ဦးသားလေးက မီးသတ်မှာဝင်တာ နှစ်နှစ်ကျော်ရှိပါပြီ"ဟုပြောကြားသည်။

သေဆုံးခဲ့သည့်မီးသတ်တပ်ဖွဲ့ဝင်တပ်သားသော်ဇင်မျိုးထက်၊ (၂၁) နှစ်၏ မိခင်ဒေါ်တင့်က "ကျွန်မတို့မိသားစုကအင်္ဂပူမှာနေတာပါ။ သော်ဇင်မျိုးထက်ကတာမွေမီးသတ်စခန်းမှာ သင်တန်းတက်ရောက်နေဆဲဖြစ်ပါတယ်။ ဦးခေါင်းပိုင်းနဲ့ လက်တွေဆိုးဆိုးရွားရွားဒဏ်ရာနဲ့သေခဲ့ရတာပါ။အခု သားလေးတစ်ယောက်နဲ့ သမီးလေးတစ်ယောက်နဲ့ပဲဘဝကိုရှေ့ဆက်သွားရတော့မယ်။သေဆုံးသွားတဲ့အတွက်အားလုံးကစိတ်မကောင်းဖြစ်နေကြတယ်"ဟု ပြောကြားသည်။

သေဆုံးသူ မောင်မျိုးလွင် (၃၂) နှစ်နှင့် မောင်ထင်ကျော်လွင် (၃၂)၏ မိခင်နှင့်အဒေါ်ဖြစ်သူ ဒေါ်သိန်းမြင့်က "အန်တီတို့က ကူးတို့ဆိပ်ရပ်ကွက်၊ အိမ်အမှတ် ၃၅၄ မှာနေတာပါ။ မီးလောင်မှုဖြစ်ပွားနေစဉ်အတွင်းမှာ အန်တီသားနဲ့တူက ရေသွားဝိုင်းဖျန်းပေးနေကြရင်းနဲ့မီးသတ်ပိုက်ကို ဝိုင်းဆက်ပေးနေရင်း ပေါက်ကွဲမှုကြီးတစ်ခုအတွင်းမှာအုတ်ခဲစအကြီးကြီးတစ်ခုကနှစ်ယောက်စလုံးရဲ့ဦးခေါင်းကိုထိမှန်ခဲ့သောကြောင့် နှစ်ယောက်စလုံးပွဲချင်းပြီး သေဆုံးခဲ့တယ်"ဟု ငိုကြွေးရင်းဖြင့် ပြောပြခဲ့သည်။

*စာမျက်နှာ (၂၆) သို့*



# အောက်ခြေက လူတွေအတွက် သံတော်ဆင့်

လူထုစိန်ဝင်း

အခုလေးတင် ကုန်ဆုံးလွန်မြောက်သွားတဲ့ ၂၀၁၁ ခုနှစ်ဟာ မယုံနိုင်လောက်အောင်ကို ထူးခြားတဲ့ ဖြစ်စဉ်တွေတစ်ခုပြီးတစ်ခုဆက်တိုက် ပေါ်ပေါက်ခဲ့တဲ့ နှစ်တစ်နှစ်အဖြစ် မှတ်တမ်းတင်ရလိမ့်မယ်။

**ညှော်ဝတ်ပျူငှာကြိုဆို**

ပထမဦးဆုံးထူးခြားဖြစ်စဉ်ကတော့ ၁၉၆၂ ခုနှစ်ကတည်းက အာဏာသိမ်းပြီး အာဏာရှင်စနစ်နဲ့ အုပ်ချုပ်လာတဲ့ စစ်အစိုးရကို ဖျက်သိမ်းပြီး အရပ်သားအစိုးရအသွင် ပြောင်းလိုက်တာဖြစ်တယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသူ့အလိုအလျောက် အာဏာစွန့်ပြီး အနားယူသွားလိမ့်မယ်ဆိုတာ ဘယ်သူမှ မယုံနိုင်ကြဘူး။ အလားတူပဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အာဏာလွှဲပေးခဲ့တဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်ကို ညှော်ဝတ်ပျူငှာကြိုဆိုပြီး လက်ဆွဲနှုတ်ဆက်လိမ့်မယ်ဆိုတာလည်း ဘယ်သူမှ မယုံနိုင်ဘူး။

ခေါင်းဆောင်နှစ်ယောက်လက်ဆွဲနှုတ်ဆက်နေတဲ့နောက်က ချိတ်ဆွဲထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံကြီးကို ရုပ်မြင်သံကြားမှာ ဖျတ်ကနဲမြင်တွေ့လိုက်ကြရချိန်မှာ ကြည့်နေသူတိုင်း ပါးစပ်ဟောင်းလောင်းဖြစ်သွားကြတယ်။ ဒီမြင်ကွင်းမျိုးမြင်တွေ့ရလိမ့်မယ်လို့ ဘယ်သူမှ မျှော်လင့်မထားခဲ့ကြဘူးကိုး။

**ထောင်တန်တဲ့ စကား**

အဲဒီနောက်တော့ "ထောင်"တန်တဲ့ စကားတွေဖြစ်တဲ့ ဒီမိုကရေစီတို့ လူ့အခွင့်အရေးတို့၊ သမဂ္ဂဖွဲ့စည်းရေးတို့ဆိုတဲ့ စကားတွေကို အစိုးရဘက်ကရော ဒေါ်အောင်ဆန်းစုကြည်တို့ ဘက်ကပါ နေ့စဉ်ရက်ဆက် ရက်ရက်ရောရောဖောဖောသီသီကြီး ပြောဆိုလာခဲ့ကြတယ်။ အစိုးရရဲ့ အာဏာရပါတီက ခေါင်းဆောင်ကြီးတွေတစ်ယောက်ပြီး တစ်ယောက်၊ အတိုက်အခံအဖြစ် သတ်မှတ်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တော်ထဲမှာ လက်ခံတွေ့ဆုံကြပြီး၊ ဒေါ်အောင်ဆန်းစုကြည်လွှတ်တော်ထဲဝင်ရောက်လာမှာကို ကြိုဆိုကြောင်း ပြောကြတယ်။ ဦးဆောင်နိုင်တဲ့ အရည်အချင်းပြည့်ဝသူ ဖြစ်ကြောင်း ချီးကျူးထောပနာပြုကြတယ်။

**ယုံကြည်တာပဲပြောတော့တယ်**

ဒေါ်အောင်ဆန်းစုကြည်ကလည်း နှစ်ဆယ့်သုံးနှစ်လုံးလုံးအခိုင်အမာကိုင်စွဲထားတဲ့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်ရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲပြုလုပ်ရေးဆိုတဲ့ အချက်တွေကို မပြောတော့ဘူး။ ၂၀၁၀ ပြည့်နှစ်အထိပြောနေသေးတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းတို့၊ ဒုတိယပင်လုံညီလာခံတို့ဆိုတဲ့ စကားတွေလည်း မပြောတော့ဘူး။ အဲဒီအစားဒီမိုကရေစီလမ်းစမြင်တွေ့နေရပြီတို့၊ သမ္မတကြီးဦးသိန်းစိန်ကို ယုံကြည်တယ်တို့ဆိုတဲ့ စကားတွေပဲပြောတော့တယ်။ တစ်ဖက်က အထင်အမြင်လွဲမှားစရာဖြစ်နိုင်တဲ့ ထောင်သောင်းချီတဲ့ လူစုလူဝေးကြီးတွေလည်း မလုပ်တော့ဘဲ ရုပ်ရှင်မင်းသားမင်းသမီးတွေ၊ အဆိုတော်တွေကို သီးခြားတွေ့ဆုံတာမျိုးတွေပဲ လုပ်တော့တယ်။

**မျက်လုံးဒေါက်ထောက်ကြည့်တာတွေ**

သတင်းစာတွေ ဂျာနယ်တွေဖတ်ပြီး သိရသမျှကတော့ ဝမ်းသာစရာ၊ အားတက်စရာတွေချည်းပဲ။ ဒါပေမယ့် စိတ်မကောင်းစရာသတင်းတွေကလည်း ကြားမြကြားနေရသေးတယ်။ နိုင်ငံရေးအကျဉ်းသားတွေကိစ္စ၊ ပြည်တွင်းစစ်ရပ်စဲရေးကိစ္စတွေလို ကိစ္စကြီးတွေကပေါ်လစီရေးရာမို့ ချက်ချင်းအဖြေမထွက်နိုင်သေးတာကို နားလည်လို့ရတယ်။ ပေါ်လစီကိစ္စ၊ နိုင်ငံရေးကိစ္စမဟုတ်တဲ့ ကိစ္စရပ်တွေမှာ ယခင်က ပုံစံအတိုင်းဆက်လက်ဖြစ်ပွားနေတာတွေကတော့ မသင့်တော်ဘူး။ အစိုးရသစ်အပေါ်မှာ ယုံရနိုးနိုးနဲ့ မျက်လုံးဒေါက်ထောက်ကြည့်နေသူများရဲ့ သံသယတွေ ပိုပြီးတိုးလာစေတယ်။

**သိက္ခာကျစရာဖြစ်ရ**

အထူးသဖြင့် အခုတလောကြားနေရတဲ့ တောင်သူတွေရဲ့ လယ်ယာမြေတွေကို အတင်းအကြပ်သိမ်းယူတဲ့ ကိစ္စမျိုးဟာ လုံးဝမဖြစ်သင့်တဲ့ ကိစ္စမျိုးဖြစ်တယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဝန်ကြီးတွေက စိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်မြေများကို မသိမ်းဖို့ ညွှန်ကြားထားတယ်လို့ ပြောနေပေမယ့် အောက်ခြေမှာတော့ သိမ်းယူမှုတွေရှိနေသေးတယ်။ သမ္မတနဲ့ ဒုသမ္မတများ၊ လွှတ်တော် ဥက္ကဋ္ဌများက ပြည်သူများစိတ်ချမ်းသာအောင်ဆောင်ရွက်ကြရမယ်။ ဥပဒေအထက်မှာ ဘယ်သူမှမရှိအောင် လုပ်ဆောင်ရမယ်လို့ ထပ်ခါတလဲလဲပြောနေကြပေမယ့် အချို့အောက်ခြေဌာနအသီးသီးရဲ့ ဝန်ထမ်းတွေက အရင် ခေတ်ကအတိုင်း အာဏာပါဝါပြမြဲ၊ နိုင်ထက်စီးနင်းပြုမြဲ၊ လာဘ်ပေးလာဘ်ယူတွေလုပ်မြဲဖြစ်နေကြတဲ့အတွက် အစိုးရသိက္ခာကျစရာဖြစ်ရတယ်။

**အောက်ခြေကလူတွေအတွက်**

သာမန်ပြည်သူတွေအဖို့က ဒီမိုကရေစီရဲ့ အရသာကို ဘာတစ်ခုမှ မခံစားကြရသေးဘဲ စနစ်ဟောင်းကအတိုင်းဟိန်းဟောက်ခြိမ်းခြောက်ခံရ၊ လယ်မြေတွေအသိမ်းခံရ၊ အမျိုးမျိုးလှည့်ပတ်ပြီး ပိုက်ဆံတောင်းတာခံရဆိုတာမျိုးတွေပဲ ကြုံတွေ့နေရလေတော့ အပြောင်းအလဲဆိုတာကို မယုံနိုင်အောင်ဖြစ်နေကြတယ်။

ဒီလို သိက္ခာကျစရာတွေနဲ့ သံသယဖြစ်စရာတွေပပျောက်သွားအောင် အမြန်ဆုံး လုပ်ဆောင်ဖို့ လိုတယ်။ အောက်ခြေက လူတွေရဲ့ ဘဝတွေပါ ပြောင်းလဲမှ ပြည်သူတွေက ယုံကြည်လာမှာပါ။ အဲဒီလိုဖြစ်ဖို့ အောက်ခြေဌာနဆိုင်ရာတွေက စပြီးပြုပြင်ဖို့ လိုပါတယ်။ အရေးယူ သင့်တာတွေကို ထိထိရောက်ရောက် လူသိရှင်ကြားအရေးယူဖို့ လိုပါတယ်။

**ပြည်သူ့သံတော်ဆင့်**

အထက်က တာဝန်ရှိလူကြီးတွေအနေနဲ့ မြို့တကာနယ်တကာက အသေးအဖွဲကိစ္စမှန်သမျှကို သိမနေနိုင်ဘူး။ အသေးအဖွဲဆိုပေမယ့် သက်ဆိုင်သူပြည်သူများအဖို့တော့ သေရေးရှင်ရေးကိစ္စဖြစ်ချင်ဖြစ်နိုင်တယ်။

လူကြီးတွေအထိ သိသင့်တဲ့ ကိစ္စတွေကို ရေးသားဖော်ပြပေးတဲ့ တာဝန်ကို သတင်းစာနဲ့ဂျာနယ်၊ မဂ္ဂဇင်းတွေက ယူကြရတယ်။ အထူးသဖြင့် အခုလို အတိုက်အခံနိုင်ငံရေးပါတီရယ်လို့ မရှိတဲ့အချိန်မှာ သတင်းမီဒီယာတွေက ပြည်သူလူထုရဲ့အသံတွေကို လွှင့်ထုတ်ပေးတဲ့ သံတော်ဆင့်အဖြစ်ဆောင်ရွက်ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီက အခုအခါအတိုက်အခံပါတီမဟုတ်တော့ဘဲ၊ အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီနဲ့ မောင်နှမပါတီလိုဖြစ်နေပြီဆိုတော့ သာမန်ပြည်သူများမှာ သတင်းမီဒီယာတွေပဲ အားကိုးအားထားပြုပါတော့တယ်။

သတင်းသမားဆိုတာကတော့ ဘယ်အစိုးရတက်တက် ပြည်သူ့မျက်နှာကိုသာ ကြည့်ရမှာဖြစ်လေတော့ ဟိုဘက်က ငြိုငြင်မှာ ဒီဘက်က ငြိုငြင်မှာကို ကြည့်မနေနိုင်ပါဘူး။ ဒါမှ စတုတ္ထမဏ္ဍိုင်လို့ အခေါ်ခံထိုက်မှာ ဖြစ်ကြောင်းပါ။

■



*စာမျက်နှာ (၂၄) မှအဆက်*

သေဆုံးသူ ဦးသန်းလှိုင်(၃၆) နှစ်၏ သမီးဖြစ်သူ မသန်းသန်းနွယ်က ပြောကြားရာတွင်လည်း "ညီမလေးတို့က ဩဘာလမ်း၊ ထက်အောင်သာဆားစက်ရဲ့ ဝန်ထမ်းအိမ်ရာမှာ နေကြတာပါ။ အဖေက ဆားကြိတ်ဝန်ထမ်းတစ်ဦးပါ။ မီးစလောင်တယ်လို့သိတဲ့အချိန်မှာ မိသားစုဝင်တွေ အကုန်လုံး အိမ်ပစ်ပြီး ပြေးကြရတယ်။ အဲဒီအချိန်မှာ အဖေကို ကျောက်ခဲတုံးတစ်ခုက ခေါင်းကိုအပြင်းအထန်ထိမိတယ်။ မီးလောင်ဒဏ်ရာတွေလည်း ရခဲ့ပြီးသိပ်မကြာခင်မှာပဲသေဆုံးသွားခဲ့ရပါတယ်။ ဒါတောင်သမီးတို့နေတဲ့ ဝန်ထမ်းအိမ်ရာနဲ့ အခုမီးလောင်ပေါက်ကွဲမှုဖြစ်တဲ့နေရာက ရပ်ကွက်တစ်ခု၊ လမ်းနှစ်ခု၊ သဘော်ာကျင်းလည်း နှစ်ခုခြားထားတာပါ။ ပေါက်ကွဲမှုအတွင်းမှာ မီးလောင်လို့ သေဆုံးသွားတဲ့သူက သိပ်မရှိပါဘူး။ ဒါပေမယ့်ပေါက်ကွဲမှုကြောင့်လွင့်စင်ထွက်လာတဲ့အုတ်ခဲကြီးများကြောင့် ခေါင်းကိုမှန်ပြီး သေဆုံးသွားတဲ့သူတွေက ပိုများပါတယ်"ဟု ကြေကွဲစွာပြောကြားသွားခဲ့သည်။ ၎င်းက "သမီးရဲ့ တစ်ဝမ်းကွဲမောင်လေးသုံးယောက်နဲ့ တူမတစ်ယောက်လည်း မီးလောင်နေချိန်မှာပြေးကြရင်းနဲ့အုတ်ခဲအပိုင်းအစတွေကြောင့် မှန်ပြီးတော့ သေဆုံးသွားခဲ့ရပါတယ်။ သေဆုံးသွားတဲ့ မောင်လေးနဲ့တူမတွေက မူလတန်းကျောင်းသား၊ကျောင်းသူတွေဖြစ်ကြပါတယ်"ဟုဆက်လက်ပြောကြားသည်။



ပေါက်ကွဲလောင်ကျွမ်းမှုအနီးရှိ ပျက်စီးသွားသော အဆောက်အအုံ



ပေါက်ကွဲလောင်ကျွမ်းမှုအနီးရှိ ပျက်စီးသွားသော နေအိမ်များ



မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသွားသော မီးသတ်တပ်ဖွဲ့ဝင်များ(ဝဲမှယာ)
တပ်ကြပ်တင်စိုး(၃၄)နှစ်၊ တပ်ကြပ်ကြီးဇော်ဌေး(၃၀)နှစ်၊ တပ်သားမျိုးကျော်ကျော်(၂၀)နှစ်၊ တပ်သားသော်ဇင်မျိုးထက်(၂၁)နှစ်၊ တပ်သား အောင်အောင်(၂၇)နှစ်

မီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသွားခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်တွေကို စောင့်ရှောက်မှုများ ပြုလုပ်ရန် စီမံထားကြောင်း၊ ဒဏ်ရာရသူများကိုလည်း အဖွဲ့အစည်း၊ ဌာနများမှ တာဝန်ယူစောင့်ရှောက်သွားမည်ဖြစ်ပြီး မူလအတိုင်း ပြန်ကောင်းသည့် အချိန်အထိဆေးဖိုးဝါးခကုန်ကျစရိတ်တွေကိုကျခံပေးသွားမှာ ဖြစ်ကြောင်း၊ ယခုကဲ့သို့ စွန့်လွှတ်မှုများအတွက် ထိုက်တန်တဲ့ အသိအမှတ်ပြုမှုတွေ၊ ဂုဏ်ပြုမှုတွေ၊ ထောက်ပံ့မှုပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ဒီဇင်ဘာလ ၃၀ ရက်နေ့က သေဆုံးသွားခဲ့သော မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၏ မိသားစုဝင်များနှင့် တွေ့ဆုံအားပေးရာတွင် ပြောကြားခဲ့ပါသည်။

"ကျဆုံးခဲ့တဲ့ မီးသတ်တပ်ဖွဲ့ဝင်ငါးဦးက တိုင်းပြည်အတွက်စံနမူနာပြဖြစ်ခဲ့ပါတယ်။ နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးစီးပွားအတွက် စွန့်လွှတ်စွန့်စားခဲ့တာပဲဖြစ်ပါတယ်။ နမူနာပြောရမယ်ဆိုရင် WTC အတိုက်ခံရတုန်းကအသက်စွန့်ခဲ့တဲ့သူတွေကို တစ်ကမ္ဘာလုံးကလေးစားခဲ့ရသလို၊ ဒီသဘောမျိုးပဲအခုမီးသတ်တပ်ဖွဲ့ဝင်တွေလည်း သူတို့ထက်ပိုတဲ့ စွမ်းဆောင်ရည်မျိုးရှိခဲ့တာပါ။ စိတ်ရောကိုယ်ပါ ဆောင်ရွက်ခဲ့ကြတာဖြစ်တဲ့အတွက် စံနမူနာထားဂုဏ်ယူစရာဖြစ်ခဲ့ပါတယ်။ သတင်းစာ၊ ဂျာနယ်၊ တီဗွီတွေမှာဖော်ပြခဲ့တာတွေကလည်း မီးသတ်တပ်ဖွဲ့တွေအပေါ်ပိုယုံကြည်ကိုးစားအားထားစရာဖြစ်လာပါတယ်။မီဒီယာတွေရဲ့ မြန်ဆန်ကောင်းမွန်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ဆောင်ရွက်ချက်တွေကိုတစ်ကမ္ဘာလုံးကမြင်တွေ့ခဲ့ရပါတယ်။ အင်တာနက်သတင်းတွေမှာထင်မြင်ချက်ပေးကြတဲ့အခါမှာလည်းမီးသတ်တပ်ဖွဲ့အပေါ်စာနာနားလည်တဲ့မှတ်ချက်မျိုးတွေကိုတွေ့ရပါတယ်"ဟု အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ပြောကြားခဲ့ပါသည်။ ထို့နောက်တာမွေမြို့နယ်၊ မီးသတ်ဌာနရှိဝန်ထမ်းများနေအိမ်ရှေ့တွင် တွေ့ဆုံ၍အားပေးစကားပြောကြားခဲ့ကာ ငွေနှင့် စားသောက်ဖွယ်ရာများပေးလှူခဲ့ကြောင်းလည်း သိရသည်။

မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများကို ပုသိမ်ညွန့်၊ ရာကျော်ကျောင်းတိုက်ကြီး၊ အ.ထ.က(၇)တို့တွင် ဖွင့်လှစ်ထားပြီးအ.မ.က(၂၀)တွင် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိထားကြောင်းလည်း သိရှိရသည်။






## ပါလီမန်ခေတ် မှတ်တမ်းများ

# လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်ခဲ့သည့် အစိုးရအဖွဲ့သစ်

တင်နိုင်တိုး



အစိုးရအဖွဲ့သစ်အား ကျမ်းသစ္စာကျိန်ဆိုပြီး တွေ့ရှိရစဉ်

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးကာလ ပထမဆုံးရွေးကောက်ပွဲအပြီးတွင် ဖဆပလမှ မဲအများဆုံးရရှိခဲ့ရာ အစိုးရအဖွဲ့ဖွဲ့ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့သည်။

**အမှုဆောင်အဖွဲ့အစည်းအဝေး**

၃၀ ဇန်နဝါရီ ၁၉၅၂ ည ၇ နာရီအချိန်တွင် သခင်နုနေအိမ်၌ ဖဆပလ အမှုဆောင်အဖွဲ့အစည်းအဝေးကို ကျင်းပခဲ့ရာ အစိုးရအဖွဲ့သစ်အတွက် ဆုံးဖြတ်ချက် နှစ်ရပ်ကို အများသဘောတူချမှတ်ခဲ့ကြသည်။ ပထမဆုံးဖြတ်ချက်မှာတိုင်းရင်းသားလူမျိုးစုများထဲမှ နိုင်ငံတော် သမ္မတရာထူးကို တစ်လှည့်စီ ထားရှိရန် မူချမှတ်ခဲ့ခြင်းဖြစ်သည်။(ဤအချက်အတွက် ဗမာထဲမှ သမ္မတ ရာထူးဦးစွာယူမည်ဟု ဆုံးဖြတ်ခဲ့သည်။) ဒုတိယအချက်မှာ လက်ရှိ ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ သခင်နုအား ဝန်ကြီးချုပ် ရာထူးထားရှိရေးဖြစ်သည်။

**သမ္မတအဖြစ်လျာထားချက်**

၁၁ ဖေဖော်ဝါရီ ၁၉၅၂ ညပိုင်းတွင် သခင်နု၏နေအိမ်၌ပင် ဖဆပလ အမှုဆောင်အဖွဲ့အစည်းအဝေးကို လက်ရှိအစိုးရအဖွဲ့ဝင်များနှင့် ပူးပေါင်းကျင်းပခဲ့ပြန်ရာ နိုင်ငံတော်သမ္မတရာထူးအတွက် တရားဝန်ကြီးချုပ် ဆာဘဦးအား လျာထားခဲ့ကြသည်။ ဝန်ကြီးလောင်းများနှင့် ဝန်ကြီးဌာနများရွေးချယ်ရေးကိုမူ အချိန်စောနေသေးသည်ဆိုကာ ချန်လှပ်ထားခဲ့သည်။

**ဆာဘွဲ့ပြန်အပ်**

တရားဝန်ကြီးချုပ်ဆာဘဦးအား နိုင်ငံတော်သမ္မတရာထူးအတွက်လျာထားခဲ့ပြီးနောက် ၁၅ ဖေဖော်ဝါရီ ၁၉၅၂ တွင် ဆာဘဦးက လာမည့် သီတင်းပတ်အတွင်း ဗြိတိန်ဘုရင်မကြီးထံ ဆာဘွဲ့ပြန်လည်အပ်နှံတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဆာဘဦးအနေဖြင့် နိုင်ငံတော်အစိုးရက ပေးအပ်ထားသော အဂ္ဂမဟာသရေစည်သူဘွဲ့ကိုသာအသုံးပြုသွားမည်ဖြစ်ပြီး အခမ်းအနားများတွင်လည်း မြန်မာဝတ်စုံဖြင့်သာဆင်မြန်းတက်ရောက်တော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ဒေါက်တာဘွဲ့အပ်နှင်း**

၁ မတ် ၁၉၅၂တွင် သမ္မတလောင်း ဦးဘဦး၊ စဝ်ရွှေသိုက်နှင့် ယာယီပါလီမန်ဥက္ကဋ္ဌဟောင်းဘွယ် ဦးမြတို့အား LLD ခေါ် ဥပဒေပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ချီးမြှင့်ခဲ့သည်။ ထိုစဉ်က တက္ကသိုလ်အဓိပတိ နိုင်ငံတော်ဝန်ကြီးချုပ်သခင်နုက ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့ညနေပိုင်း၌ပင် ဝန်ကြီးချုပ်သခင်နု၏ နေအိမ်၌ ဖဆပလအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ကျင်းပကာ ဝန်ကြီး ၂၆ နေရာအနက် ၁၈ နေရာအတွက် ခွဲဝေလျာထား သတ်မှတ်ခဲ့ကြသည်။ ကျန်ရှစ်နေရာမှာမူ ပြည်နယ်ဝန်ကြီးနေရာများဖြစ်ကြပါသည်။

**ဝေဖန်ဆွေးနွေး**

၂ မတ် ၁၉၅၂ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ တံခါးပိတ်အစည်းအဝေးထပ်မံကျင်းပကာ အစိုးရအဖွဲ့သစ်စာရင်းကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ သခင်နုက ဝန်ကြီးတစ်ဦးချင်းအား မည်သည့်အရည်အချင်းကြောင့် ခန့်အပ်ရသည်ဆိုခြင်းကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ဖဆပလအမတ်များအားလည်း ပွင့်ပွင့်လင်းလင်းဝေဖန်ဆွေးနွေးစေခဲ့သည်။

ဤတွင် အမတ်အချို့က ဒေါက်တာဘဦးသည် တစ်ချိန်က နိုင်ငံရေးသမားများကို ထောင်ချနှိပ်ကွပ်ခဲ့သူဖြစ်၍ သမ္မတမဖြစ်ထိုက်ကြောင်း တင်ပြဆွေးနွေးခဲ့ကြသည်။ ထိုစဉ် သခင်နုက ဒေါက်တာဘဦးမှာ ထိုစဉ်က နိုင်ငံရေးသမားများအား ထောင်ချခဲ့သည်ဆိုခြင်းမှာ တရားသူကြီးတစ်ယောက်အနေဖြင့် မလွှဲမရှောင်သာလုပ်ခဲ့ရခြင်းသာ ဖြစ်ကြောင်း၊ မိမိသာဖြစ်လျှင်လည်း ဤအတိုင်းပင် လုပ်ခဲ့ရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ နောက်ဆုံးတွင် အမတ်များအားလုံးက အစိုးရအဖွဲ့သစ်စာရင်းကို သဘောတူညီခဲ့ကြသည်။

**သမ္မတကိစ္စ**

ပထမအကြိမ်ပါလီမန်ညီလာခံကို ၃ မတ် ၁၉၅၂ တွင် စတင်ကျင်းပစဉ်အတွင်း သမ္မတလောင်းစာရင်းကို တင်သွင်းသောအခါ ဖဆပလဘက်မှဒေါက်တာဘဦးကို တင်သွင်းခဲ့ပြီး အတိုက်အခံဘက်မှ ဦးချစ်လှိုင်ကိုတင်သွင်းခဲ့သည်။ သို့သော် ဦးချစ်လှိုင်မှာ ဥပဒေနှင့် မညီဆိုကာ ပယ်ချခံခဲ့ရရာ တရားလွှတ်တော်ချုပ်သို့ တိုင်ကြားခဲ့သည်။ သို့ဖြင့် တရားလွှတ်တော်ချုပ်ကစစ်ဆေးခဲ့ပြီးနောက် ၁၂ မတ် ၁၉၅၂ တွင် တရားလွှတ်တော်ချုပ်ဝန်ကြီး ဦးသိမ်းမောင်က ဒေါက်တာဘ ဦးအားသမ္မတအဖြစ်အတည်ပြုကြေညာပေးခဲ့သည်။

**သမ္မတသစ်**

၁၃ မတ် ၁၉၅၂ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတသစ် ဒေါက်တာဘဦးသည် ရှေ့ဆုံးမှ မြင်းစီးရဲတပ်ဖွဲ့၊ ရှေ့တော်ပြေးမော်တော်ဆိုင်ကယ်၊ ရဲအဖွဲ့ဝိုင်ယာလက်ကားများ ခြံရံလျက် အတွင်းဝန်ရုံးမှ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမရှေ့သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာခဲ့သည်။ ထို့နောက်ကိုယ်ရံတော်နှစ်ဦး၊ အတွင်းဝန်နှစ်ဦး ခြံရံလျက် ကျောက်တိုင်ရှေ့တွင်မြန်မာ့ကုန်းတပ် (နောင်ကြည်းတပ်)၊ ရေတပ်၊ လေတပ်မတော်တို့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

ယင်းနောက်အတွင်း ဝန်ရုံးဝင်းကိုအတွင်းမှ လက်ယာရစ်လှည့်ကာ လွှတ်တော်ခန်းမအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ထိုနေ့တွင်ဆိုရှယ်နီ၊ ရဲဘော်ဖြူအမတ်များနှင့် ဒေါက်တာဘဦးနှင့် ယှဉ်ပြိုင်ဘက် ဦးချစ်လှိုင်တို့ မလာရောက်ခဲ့ကြပေ။

**ကတိသစ္စာပြု**

နိုင်ငံတော်သမ္မတက ကတိသစ္စာပြုရာ၌ "ကျွန်ုပ်အဂ္ဂမဟာသရေစည်သူဒေါက်တာဘဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုတည်မြဲအောင် ထိန်းသိမ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေများကို စောင့်ရှောက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် တကွ တရားဥပဒေတို့နှင့် လျော်ညီစွာ မိမိတို့၏ တာဝန်ဝတ္တရားများကို ယုံကြည်လေးမြတ်ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘေးအန္တရာယ်အပေါင်းကို တွန်းလှန်ဖယ်ရှား၍ ကြီးစွာသော သတိဝီရိယထား အားထုတ်ပါမည်။ကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏အကျိုးငှာ ပြည်ထောင်စု မြန်မာနိုင်ငံအား ကျွန်ုပ်၏အသက်နှင့်ကိုယ်ကိုအပ်နှင်းသည်ဟုလေးနက်တည်ကြည်စွာကြေညာ၍ကတိသစ္စာပြုသည်။" ဟူ၍ ရွတ်ဆိုခဲ့၏။ ယင်းနောက်အပြင်ဘက်ရှိရေတပ်မတော်မှ ဘင်ခရာတီးဝိုင်းကနိုင်ငံတော်သီချင်းကိုတီးမှုတ်ပေးပြီး စိန်ပေါလ်ကျောင်းဝင်းအတွင်း အသင့်စောင့်ဆိုင်းနေသည့် အမြောက်တပ်ကအမြောက်လေးချက်ပစ်ဖောက်ဂုဏ်ပြုခဲ့သည်။

**ဝန်ကြီးချုပ်အမည်ပြောင်းခြင်း**

၁၄ မတ် ၁၉၅၂ တွင် သခင်နုအား ဝန်ကြီးချုပ်ရာထူးခန့်အပ်လိုက်ပါသည်။ ၁၅ မတ် ၁၉၅၂ တွင် ဝန်ကြီးချုပ်သခင်နုက "သခင်" ဟူသော အမည်ကိုဖြုတ်ပြီး ဦးနုဟုသာ ခေါ်ဆိုကြရန် ကြေညာခဲ့သည်။ ဗမာ့ခေတ်သတင်းစာမျက်နှာဖုံးတွင် ကာတွန်းဦးဖေသိန်း၏ကာတွန်းလက်ရာနှင့်အတူ "ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ကျွန်တော်သခင်နုအား ယခုကြော်ငြာသည့်နေ့မှစ၍ ဦးနုအမည်သို့ ပြောင်းလဲ၍ ခေါ်ကြရန် ကြေညာအပ်ပါသည်။(ပုံ)ဦးနု၊ဒေါ်မြရီ၏ခင်ပွန်း" ဟူ၍ ဖော်ပြထား၏။

**ဝန်ကြီးအဖွဲ့သစ်**

၁၆ မတ် ၁၉၅၂ တွင် နိုင်ငံတော်အစိုးရအဖွဲ့သစ်ကျမ်းသစ္စာကျိန်ဆိုပါသည်။ အစိုးရအဖွဲ့သစ်တွင် သမ္မတဒေါက်တာဘဦး၊ ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးများအဖြစ် စဝ်ခွန်ချို (နိုင်ငံခြားရေးနှင့် ရှမ်းပြည်နယ်)၊ မြန်မာ့အလင်းဦးတင်(ဘဏ္ဍာရေးနှင့်အခွန်တော်)၊ ဦးဝင်း(အမျိုးသားစီမံကိန်းနှင့်သာသနာရေး)၊ ဦးဗဆွေ (ကာကွယ်ရေး)၊ ဗိုလ်ခင်မောင်ကလေး(ပြည်ထဲရေး)၊ သခင်တင်(လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး)၊ သခင်ကျော်ဒွန်း(လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး)၊ မန်းဝင်းမောင်(သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး)၊ သခင်သာခင်(ကူးသန်းရောင်းဝယ်ရေး၊ ပြည်သူ့ထောက်ပံ့ရေးနှင့် သမဝါယမဌာန)၊ ဗိုလ်မင်းခေါင်(ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး)၊ ဦးခင်မောင်လတ်(တရားဌာနနှင့်ပြည်သူ့ဝန်ထမ်းဌာန)၊ ဦးသန်းအောင်(ပညာရေး)၊ ဦးထွန်းဖေ(ပြည်ထောင်စုယဉ်ကျေးမှုဌာန)၊ အမ်အေရာရှစ်(အိမ်ရာဆောက်လုပ်ရေးနှင့် အလုပ်သမားဌာန)၊ ဦးဘစော(လူနည်းစုရေးရာနှင့် ကယ်ဆယ်စောင့်ရှောက်ရေးဌာန)၊ ဦးထွန်းဝင်း(ပြန်ကြားရေး)၊ မစ္စတ်ဘမောင်ချိန်(ကရင်ပြည်နယ်)တို့ဖြစ်ကြသည်။

*ကျမ်းကိုး*


၁။ ပြည်ထောင်စုမြန်မာနိုင်ငံ ပဥ္စမနှစ်ပတ်လည်
၂။ မြန်မာ့အလင်းနှင့် ဗမာ့ခေတ် သတင်းစာပါသတင်းမှတ်တမ်းများ(၁၉၅၂ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်)



ဟိုဘက်မကလို့ ဘယ်ဘက်ကပဲ
ငေးဖောက်ဖောက်၊ သူဘက်ကတော့
ဘယ်တော့မှ ငေးမဖောက်ဘူး။
နိုင်ထက်

တိုင်းပြည်က ကိုယ့်ကိုဘာလုပ်ပေးနိုင်မလဲဆိုတာထက်
ကိုယ်က ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက်
ဘာလုပ်ပေးနိုင်မလဲဆိုတဲ့ အတွေးနဲ့ အားလုံးလက်တွဲ
လုပ်ကြဖို့ အထူးလိုအပ်ပါတယ်။
ဒေါက်တာမြင့်သန်း

အချစ်လိုချင်
ဘာပေးရမယ်
ဒေါက်တာနိုလှိုင်

Eternal Light မဂ္ဂဇင်း
New Year Special Issue

အန္တရာယ်ကင်းစွာ
ပျော်ကြပါစေ
လယ်တွင်းသားစောချစ်

လူ့ဒေါ်ပေးရင် တစ်ယောက်
ငါးသောင်းပေးမယ်ဆိုပြီး
မက်လုံးပေးရင် နားမယောင်ပါနဲ့။
မြစ်ဓာတ်နဲ့ မတန်လို့ပါ။ ကိုယ်ဒေါ်ပေးတဲ့သူ
ကျောင်းစားခံရလို့ ပြဿနာဖြစ်ရင် ...
ကောင်းသန့်

၂၀၁၂ ဇန်နဝါရီလထုတ်
ထွက်ပြီ

ဆည်တည်ဆောက်မည့်နေရာ၏ ဘူမိ
အနေအထားက ဆည်ရေသောက်မည့်
ကျေးရွာနှင့် လယ်မြေများ၏ အနာဂတ်
ကံကြမ္မာအတွက် အလွန်အရေးကြီးလှသည်။
ဦးတိုက်ကိုအောင်

R ဇာနည်၊ လီဇော်သီး၊ ဟဲလေး၊ သင်း၊ ဆင်ပေါက်၊ ဆိုတ်ရည်သောင်း၊ Bunny Phyo ၊ အိမ့်ချစ်၊
ကျော်ထွဋ်ဆွေ၊ Bobby Soxer တို့၏ Music & Fashion
ဂျူလီယာဗြိမ်းခင်ခင်၊ ယွန်းဝတီလွင်မိုး၊ မေကရေစ်၊ အေးမြတ်သူနှင့် မိုမိုမြင့်အောင်တို့၏
အသက်အရွယ်အလိုက် အသားအရေထိန်းသိမ်းစောင့်ရှောက်မှု

အမှတ် - ၂၀၊ ဂုဏ်ရွှာ၊ ရွှေတောင်တန်းလမ်း(အောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၁၀၈၀၀၊ ၀၉ ၄၉ ၃၀၃၇၇၅




## ရွှေတိဂုံစေတီတော်အနောက်ဘက်စောင်းတန်းရှိ စက်လှေကားများအားအသစ်ပြန်လည် တပ်ဆင်သွားရန်စီစဉ်လျက်ရှိ

ရွှေတိဂုံစေတီတော်အနောက်ဘက်စောင်းတန်းရှိစက်လှေကားများအားအသစ်ပြန်လည်တပ်ဆင်သွားရန်စီစဉ်လျက်ရှိကြောင်းရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှသတင်းရရှိပါသည်။

ရွှေတိဂုံစေတီတော်အနောက်ဘက်စောင်းတန်းတွင်စက်လှေကားမှာစုစုပေါင်းခြောက်စီးရှိပြီး ၁၉၉၀ ပြည့်နှစ်ကတည်းက တပ်ဆင်ခဲ့ခြင်းဖြစ်၍အသစ်ပြန် လည်တပ်ဆင်ရန်စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။

"အနောက်ဘက်စောင်းတန်းမှာစက်လှေကားအသစ်ပြန်တပ်ဆင်ဖို့အတွက်ကိုစက်လှေကားတင်သွင်းမယ့်ကုမ္ပဏီတွေကိုဇန်နဝါရီလ ၁၇ ရက်နေ့နောက်ဆုံးထားပြီးတင်ဒါခေါ်ထားပါတယ်။ တင်ဒါရွေးချယ်ပြီးမှစက်လှေကားတပ်ဆင်ဖို့ညှိနှိုင်းတာတွေ၊ စာချုပ်ချုပ်ဆိုတာတွေနဲ့စက်လှေကားတပ်ဆင်ခြင်းပြုလုပ်သွားမှာပါ။ တင်ဒါတင်သွင်းတဲ့သူတိုင်းတင်ဒါခိုင်လုံမှုအတွက်တင်ဒါအာမခံငွေကျပ်သိန်း ၃၀ ကိုဂေါပကအဖွဲ့ရုံးမှာသွင်းဖို့တော့လိုအပ်ပါတယ်" ဟုရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းစက်လှေကားတပ်ဆင်မှုသည်အချိန်ကာလငါးလဝန်းကျင်ခန့်ကြာမြင့်နိုင်ကာတင်ဒါရရှိသူအားလုပ်ငန်းစာချုပ်ချုပ်ဆိုပြီးနောက်ကျသင့်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောတန်ဖိုးငွေကို ထုတ်ပေးမည်ဖြစ်ပြီး စက်လှေကားရောက်ရှိလာပါကလုပ်ငန်းတန်ဖိုး၏ ၄၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေပေးချေမည်ဖြစ်ကြောင်းသိရသည်။ ထို့နောက်အလုံးစုံတပ်ဆင်ပြီး စမ်းသပ်မောင်းနှင်သုံးစွဲ ချိန်၌တန်ဖိုးငွေ ၃၀ ရာခိုင်နှုန်းကိုထပ်မံပေးမည်ဖြစ်ကာလျှပ်စစ်စစ်ဆေးရေးဌာနက ယင်းစက်လှေကားအားလာရောက်စစ်ဆေးပြီး သုံးစွဲခွင့်လိုင်စင်ထုတ်ပေး၍လွှဲပြောင်းအပ်နှံပြီးချိန်တွင်နောက်ဆုံး ကျန်ငွေ ၂၀ ရာခိုင်နှုန်းကိုပေးချေသွားမည်ဖြစ်သည်။

## ၂၀၀၅ ခုနှစ်နောက်ပိုင်း လိုင်စင်ချထားပေးမှုကန့်သတ်ခဲ့သော လက်ဖက်ရည်ဆိုင်လိုင်စင်များ ပြန်လည်ခွင့်ပြုပေးနိုင်ရန် တင်ပြထား



ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၀၅ ခုနှစ်နောက်ပိုင်းလိုင်စင်ချထားပေးမှုကန့်သတ်ခဲ့သော လက်ဖက်ရည်ဆိုင်များအားလိုင်စင်ပြန်လည်ခွင့်ပြုပေးနိုင်ရန်သက်ဆိုင်ရာအကြီးအကဲများထံတင်ပြထားကြောင်း စုံစမ်းသိရှိရသည်။

၂၀၀၅ ခုနှစ်နောက်ပိုင်းကတည်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ဖက်ရည်ဆိုင်လိုင်စင်များကို ခွင့်မပြုခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်အစောပိုင်းက ခွင့်ပြုခဲ့သောလိုင်စင်များကိုသာ ဆက်လက်လုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရှိရသည်။ လက်ဖက်ရည်ဆိုင်များကိုလက်ဖက်ရည်ဆိုင်လိုင်စင်ဟူ၍ သီးသန့်ပေးခြင်းမဟုတ်ဘဲ ကဖီး၊ စားဖွယ်စုံစသည့်လိုင်စင်များဖြင့် ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်းသိရသည်။

"အခုလက်ရှိမှာတော့ လက်ဖက်ရည်ဆိုင်လိုင်စင်ကို ခွင့်မပြုဘူး။ အဲဒါကို ၂၀၀၅ ခုနှစ်နောက်ပိုင်းမှာကန့်သတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီအတွက် လက်ဖက်ရည်ဆိုင်တွေကိုလိုင်စင်ပြန်ခွင့်ပြုပေးနိုင်ဖို့အတွက်သက်ဆိုင်ရာအကြီးအကဲတွေကို အဆင့်ဆင့်တင်ပြထားပါတယ်။ စားသောက်ဆိုင်လိုင်စင်ကိုတောင် ခွင့်ပြုပေးနေတဲ့အတွက် လက်ဖက်ရည်ဆိုင်လိုင်စင်ကလည်း ခွင့်မပြုနိုင်စရာအကြောင်းတော့မရှိလောက်ပါဘူး" ဟု သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

လက်ဖက်ရည်ဆိုင်လိုင်စင်မှာ ရင်နှီးမြှုပ်နှံမှုအပေါ်မူတည်ကာလိုင်စင်နှုန်းထားသတ်မှတ်ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။ သို့သော်လည်း ယခုနှစ်ပိုင်းအတွင်း လက်ဖက်ရည်ဆိုင်ဖွင့်လှစ်သူအချို့မှာ အရောင်းအဝယ်များသိသာစွာအေးလာခြင်းကြောင့်မြို့နယ်ပြောင်း၍ ဖွင့်လှစ်မှုအချို့လည်းရှိကြောင်းသိရှိရသည်။

"ကျွန်တော်တို့ဆိုင်က ၂၀၀၄ ခုနှစ်မှာ လက်ဖက်ရည်ဆိုင်လိုင်စင်နဲ့ ဆိုင်ဖွင့်ထားတာပါ။ လိုင်စင်ကတစ်နှစ်တစ်ခါသက်တမ်းတိုးရတယ်။ အရင်ကတော့ အရောင်းအဝယ်ကကောင်းတယ်။ ဒီနှစ်ပိုင်းမှာတော့ အရောင်းအဝယ်က အေးလာတော့ ကျွန်တော်တို့နားက အချို့ဆိုင်တွေနေရာပြောင်းပြီးဖွင့်ဖို့လုပ်နေကြတယ်"ဟု တာမွေမြို့နယ်တွင်လက်ဖက်ရည်ဆိုင်ဖွင့်လှစ် ထားသူတစ်ဦးက ပြောပြခဲ့သည်။

ကျော်ထင်

## ဘုရင့်နောင်ပွဲရုံတစ်ခုရှေ့တွင် ရပ်ထားသည့်ကားကို ကုန်တင်ကားတစ်စီးမှဝင်တိုက်ပြီး ပွဲရုံအတွင်းသို့ဝင်ရောက်

ဒီဇင်ဘာလ၂၇ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဘုရင့်နောင်ပွဲရုံ၄ဝါလမ်းရှိပွဲရုံတစ်ခု၌ စက်ပြုပြင်နေသောကုန်တင်ကားတစ်စီးမတော်တဆမှုဖြစ်ပွားကာ ၎င်းပွဲရုံရှေ့ရှိ အခြားပွဲရုံတစ်ခုရှေ့၌ ရပ်ထားသော မော်တော်ယာဉ်အား တိုက်မိ၍ ပွဲရုံဝန်ထမ်းတစ်ဦးထိ ခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသတင်းရရှိသည်။



ဖြစ်စဉ်မှာ ဘုရင့်နောင်ပွဲရုံ ၄ဝါလမ်းရှိ ဇော်ထွန်းပွဲရုံ၌ ကားပေါ်ပါကုန်ပစ္စည်းများချနေချိန်တွင် ယာဉ်နောက်လိုက်နှင့် စက်ပြင်တို့မှာ ကားအား ပြုပြင်ပြီး စက်ကောင်း၊ မကောင်းစက်နှိုး၍ စမ်းရာမှကားမှာ ဂီယာဝင်နေ၍ အရှိန်ဖြင့် ထွက်သွားပြီး၎င်းပွဲရုံရှေ့ရှိ KS အထွေထွေရောင်းဝယ်ရေး ပွဲရုံရှေ့တွင် ရပ်ထားသော Carina ဆလွန်းယာဉ်အား တိုက်မိပြီးပွဲရုံအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် KS အထွေထွေရောင်းဝယ်ရေးမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုသန်းလွင်မှာ ခြေထောက်ဒဏ်ရာရရှိခြင်းကြောင့် အင်းစိန်ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ကြောင်းသိရသည်။

ယင်းဖြစ်စဉ်ကို မျက်မြင်တွေ့ရှိသူတစ်ဦးက "အဲဒီကုန်တင်ယာဉ်က ကားပြင်နေတုန်း ကားပြင်ဆရာက ယာဉ်နောက်လိုက်တစ်ဦးကိုသော့ဖွင့်ခိုင်းပါတယ်။ အဲဒီအခါမှာကားက နံပါတ် ၂ ဂီယာထိုးထားတယ်လို့သိရတယ်။ စက်ကိုနှိုးသလိုဖြစ်သွားပြီးတော့ဂီယာအရှိန်နဲ့ကားကထွက်သွားတယ်။ လမ်းမှာမောင်းနေတဲ့ ဂါလီကိုဝင်တိုက်တယ်။ ပြီးတော့ ရပ်ထားတဲ့ ကားတစ်စီးကိုတိုက်ပြီးတော့ အဲဒီကားနဲ့ပဲ ပွဲရုံထဲကို ဝင်သွားပါတယ်။ ကုန်တင်ကားက အရှိန်ပြင်းလွန်းတဲ့အတွက်ကြောင့် တိုက်ခံရတဲ့ကားတစ်စီးလုံးပျက်စီးသွားပါတယ်။ ကုန်တင်ကားပေါ်မှာ ကားမောင်းသူတော့ မပါပါဘူး"ဟု ပြောကြားခဲ့သည်။

## ဒဂုံတက္ကသိုလ်နှင့် မြောက်ဥက္ကလာသို့ ဆက်သွယ်ထားသောဗိုလ်မှူးဗထူးလမ်းမကြီးအား လေးလမ်းသွားအဖြစ်တိုးချဲ့ ဆောင်ရွက်နေ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတက္ကသိုလ်နှင့်မြောက်ဥက္ကလာသို့ဆက်သွယ်ထားသော ဗိုလ်မှူးဗထူးလမ်းမကြီးအားယခင်နှစ်လမ်းသွားမှ ယခုအခါလေးလမ်းသွားအဖြစ် တိုးချဲ့ဆောင်ရွက်နေလျက်ရှိကြောင်း အနီးပတ်ဝန်းကျင်တွင်နေထိုင်သူများထံမှ သိရသည်။

"ဒီလမ်းမကြီးက အရင်နှစ်လမ်းသွားပါ။ အခုလေးလမ်းသွားအဖြစ်တိုးချဲ့မယ်လို့ သိရတယ်။ ပြီးတော့ ပလက်ဖောင်းလည်းပါမယ်လို့ကြားတယ်။ လမ်းတိုးချဲ့ဖို့ အတွက် တိုင်းတာချက်များအရ ဆိုရင်တော့ကားလမ်းနဲ့ ခြံအရမ်းကပ်သွားတဲ့အတွက် ဒီလမ်းပေါ်မှာ နေတဲ့သူတွေ အတွက်တော့ နည်းနည်းအဆင်မပြေမှုလေးတွေ ရှိလာနိုင်တာပေါ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အခုလိုလမ်းတိုးချဲ့မယ်ဆိုတော့ ကားတွေအနေနဲ့ သွားရ၊ လာရတာပိုအဆင်ပြေသွားတာပေါ့"ဟု အဆိုပါလမ်းမကြီးပေါ်တွင် နေထိုင်သူတစ်ဦးက ပြောပြခဲ့သည်။

ဗိုလ်မှူးဗထူးလမ်းမကြီးကိုလမ်းတိုးချဲ့ရန်အတွက် တိုင်းတာမှုများအား ပြုလုပ်ပြီးစီးပြီး ယခုအခါလမ်းရှင်းလင်းမှုလုပ်ငန်းများအားဆက် လက်ပြုလုပ်နေလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ လမ်းတိုးချဲ့နေသည့်သတင်းများထွက်ပေါ်နေသောကြောင့် အိမ်၊ ခြံမြေဈေးများတက်သွားသည်ဟုလည်း သိရှိရပါသည်။

## ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်အတွင်းရှိ ချေးများပိတ်ဆို့နေသည့် ရေပိုက်လိုင်းများအား ချေးဆေးခြင်းလုပ်ငန်း ပြုလုပ်နေ

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၊ လမ်းကြားများအတွင်းရှိ နှစ်ကာလ ကြာမြင့်နေပြီဖြစ်သော ချေးများပိတ်ဆို့နေသည့် ရေပိုက်လိုင်းများအား ချေးဆေးခြင်းလုပ်ငန်းကို ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

မြို့တွင်းခြောက်မြို့နယ်ရှိ ရေပိုက်လိုင်းများမှာ နှစ်ကြာမြင့်နေပြီဖြစ်သောကြောင့် ချေးများပိတ်ဆို့နေကာ ရေအရနည်းသည့်အခက်အခဲများတွေ့နေရ၍ ရေပိုမိုရရှိစေရန် ချေးဆေးပေးရခြင်းဖြစ်ကြောင်း သိရှိရသည်။ ပိုက်ချေးဆေးခြင်းလုပ်ငန်းများအနေဖြင့်ပုဇွန်တောင်မြို့နယ်အတွင်းရှိ ၅၄ လမ်းအလယ်နှင့်အောက်ပုဇွန်တောင်လမ်း၊ လမ်း ၅၀ (အပေါ်)၊ ၅၁ လမ်း(အပေါ်ဘလောက်)များရှိ ပိုက်လိုင်းများအားဆေးပြီးဖြစ်ကြောင်း၊ ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ၄၁ လမ်းအပေါ်နှင့် ၄၂ လမ်း(အောက်)တို့တွင် လုပ်ဆောင်ပြီးဖြစ်ကြောင်းသိရသည်။

ကျောက်တံတားမြို့နယ်တွင် ၃၃ လမ်း၊ ၃၄ လမ်း၊ လမ်း ၄၀ (အထက်)တို့တွင် ဆေးပြီးဖြစ်ကြောင်း၊ ၃၈ လမ်း(အလယ်)၊ ၃၈ လမ်း(အောက်)နှင့် ဆိပ်ကမ်းသာလမ်း(အောက်)စသည်တို့တွင် ဆေးသည့်လုပ်ငန်းလုပ်နေဆဲဖြစ်ကြောင်း သိရှိရသည်။ပန်းဘဲတန်းမြို့နယ်တွင် ၃၂ လမ်း(အထက်)၊ ၃၁ လမ်း(အထက်)၊ဗိုလ်ဆွန်ပက်လမ်း (အထက်) စသည်တို့တွင်ဆေးပြီး ဖြစ်ကြောင်း၊ လသာမြို့နယ်တွင်မှု ၁၇ လမ်း(အထက်)(အောက်)၊ ၁၈ လမ်း(အထက်)(အောက်)၊ ရွှေတိဂုံဘုရားလမ်း(အောက်)စသည်တို့တွင် ဆေးပြီးဖြစ်ပြီး ၂၀ လမ်း(အောက်)တွင် ဆေးသည့်လုပ်ငန်းလုပ်နေဆဲဖြစ်ကြောင်း သိရှိရသည်။

လမ်းမတော်မြို့နယ်တွင်မှု ၁၉ လမ်း(အလယ်)နှင့် ၂ လမ်းတို့တွင်ဆေးပြီးဖြစ်ကာ ၁၃ လမ်း(အလယ်)၊၁၄ လမ်း(အလယ်)၊ ၁၆ လမ်း (အလယ်)တို့တွင် ဆေးသည့်လုပ်ငန်းလုပ်နေဆဲဖြစ်ကြောင်း သိရှိရသည်။


နီလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
India Airline
India Airline
MAI
Trader Hotel

# သစ်လုံးတင်ယာဉ်များ၏ ရန်ကုန်မြို့သို့အဝင်လမ်းကြောင်းနှင့် သစ်ဆိပ်ဧရိယာမှ ဆိပ်ကမ်းသို့ သစ်သယ်ယူသည့်လမ်းကြောင်းကို ခေတ်ကာလနှင့်လျော်ညီစွာ ပြန်လည်သတ်မှတ်ပေးရန် လိုအပ်နေ




မြန်မာပြည်ဒေသအသီးသီးမှ ထွက်ရှိသော သစ်များကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ရန်ကုန်မြို့သို့ သယ်ယူရာတွင် သစ်လုံးတင်ယာဉ်များ၏ ရန်ကုန် အဝင်လမ်းကြောင်းနှင့် ရန်ကုန်မြို့တွင်းရှိ သစ်ဆိပ်ဧရိယာများမှ ဆိပ်ကမ်းသို့ သစ်သယ်ယူသည့် လမ်းကြောင်းကိုပါ ခေတ်ကာလနှင့်လျော်ညီစွာပြန်လည်သတ်မှတ်ပေးရန် လိုအပ်လျက်ရှိကြောင်း မြို့ပြဆိုင်ရာကျွမ်းကျင်သူအချို့ကသုံးသပ်ပြောကြားသည်။

မြန်မာပြည်အနှံ့အပြားမှ သစ်များရန်ကုန်သို့သယ်ယူပြီး သစ်ဆိပ်များသို့တင်ပို့ရာတွင်လည်းကောင်း၊ သစ်ဆိပ်များမှ ဆိပ်ကမ်းများသို့ သယ်ယူရာ၌ မြို့တွင်းဧရိယာများကို ဖြတ်သန်းနေရခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက များစွာအန္တရာယ်ရှိနိုင်ကြောင်းကိုလည်း သုံးသပ်မှုအချို့ရှိနေသည်။

"သစ်လုံးတင်တွေက မြို့တွင်းဧရိယာ(downtown) ကို ဖြတ်နေရတော့ ယာဉ်မတော်တဆမှုတွေရှိလာတဲ့အခါမှာ အရမ်းကိုအန္တရာယ်ကြီးမားပါတယ်။ သတင်းတွေလည်း ကြားမိမှာပါ။ မဟာဗန္ဓုလတံတားအဆင်းမှာ သစ်လုံးတင်ယာဉ်တွေ တိမ်းမှောက်မှုတွေမကြာခဏဖြစ်ပွားတဲ့အတွက် လူသေဆုံးမှုအချို့လည်း ရှိပါတယ်။ ဒါကြောင့် သစ်လုံးတင်ယာဉ်တွေသွားဖို့အတွက်ကို အခုသတ်မှတ်ပေးတဲ့လမ်းကြောင်းအပြင် သီးသန့်လမ်းကြောင်းပဲဖြစ်ဖြစ်၊ ထပ်ပြီးသတ်မှတ်ပေးမယ်ဆိုရင် အဆင်ပြေနိုင်မယ်လို့ ထင်ပါတယ်" ဟုလည်း မြို့ပြရေးရာကျွမ်းကျင်သူ အင်ဂျင်နီယာတစ်ဦးက ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့နှင့် ပတ်သက်ပြီး အသစ်ထပ်မံရေးဆွဲမည့်မြို့ပြစီမံကိန်းတွင်သစ်လုံးတင်ယာဉ်များအတွက်အဆင်ပြေစေမည့်လမ်းကြောင်းများကိုပြန်လည်သတ်မှတ်ပေးသင့်ကြောင်းကိုလည်း Yangon City Concept Plan-2040 ရေးဆွဲရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့သစ်လုပ်ငန်းမှတာဝန်ရှိသူတစ်ဦးက တင်ပြဆွေးနွေးသွားခဲ့သည်။

"သစ်လုံးတင်ယာဉ်တွေက အခုလက်ရှိမှာ မြို့လယ်ဧရိယာကိုဖြတ်သန်းသွားလာနေရပါတယ်။ အဲဒီအတွက် ၂၀၄၀ town plan ရေးဆွဲတဲ့အခါမှာ သစ်လုံးတင်ယာဉ်သွားတဲ့လမ်းကြောင်းတွေ ထည့်သွင်းစဉ်းစားဖို့အကြံပြုချင်ပါတယ်။ဒါ့အပြင် ရန်ကုန်ကို သယ်လာတဲ့သစ်တွေထားဖို့အတွက် သစ်သိုလှောင်မယ့် သစ်ဆိပ်မြေဧရိယာတွေ လိုအပ်ပါတယ်။ ဒါ့အပြင် သစ်လုံးတင်ယာဉ်တွေရဲ့ ရန်ကုန်အဝင်လမ်းကြောင်း လိုအပ်သလို ဆိပ်ကမ်းကနေ ပြန်ထွက်တဲ့အခါ လမ်းကြောင်း အဆင်ပြေစေဖို့အတွက် နောက်ထပ်ရေးဆွဲမယ့် စီမံကိန်းမှာ မဖြစ်မနေထည့်သွင်းစဉ်းစားပေးဖို့ အကြံပြုချင်ပါတယ်"ဟုလည်း မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက တင်ပြသွားခဲ့သည်။

လက်ရှိတွင် ရန်ကုန်မြို့သို့ အမှတ်(၂)လမ်း၊အမှတ်(၃)လမ်း၊အမှတ်(၄)လမ်းနှင့် အမှတ်(၅)လမ်းမကြီးစသည့်လမ်းမကြီးများမှ သစ်များဝင်ရောက်လျက်ရှိသည်ဟုသိရသည်။

ကျော်ထင်၊ နီလာ

# ပုဂ္ဂလိကကောလိပ်တစ်ခုဖြစ်သည့် MIC တွင် မီဒီယာဘာသာရပ်ကို ပထမအကြိမ် ထည့်သွင်းသင်ကြားမည်

ပုဂ္ဂလိကကောလိပ်တစ်ခုဖြစ်သည့် Myanmar Imperial College (MIC) တွင် မီဒီယာဘာသာရပ်ကို ပထမအကြိမ်ထည့်သွင်းသင်ကြားမည်ဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါ ဘာသာရပ်များကို ၂၀၁၂ခုနှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကာ၀တန်းအောင်မြင်ပြီးသူများမှ စတင်တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီးသင်ရိုးညွှန်းတမ်းများအနေဖြင့် UK quality သင်ရိုးညွှန်းတမ်းများဖြင့် UK မှတိုက်ရိုက်ရယူသင်ကြားပေးခြင်းများဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါ ပုဂ္ဂလိကကောလိပ်၌ မီဒီယာဘာသာရပ်နှင့် စီးပွားရေးဘာသာရပ်များကို အထူးပြုသင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

"Business နဲ့ Media ဘာသာရပ်က MIC မှာ ပထမဆုံးဖွင့်လှစ်သင်ကြားမှာဖြစ်ပါတယ်။Business ဘာသာရပ်က ၂၀၁၂ခုနှစ်၊ဇန်နဝါရီလပထမပတ်မှာ ဖွင့်လှစ်သင်ကြားမှာဖြစ်ပါတယ်။Media ဘာသာရပ်ကတော့ မတ်လလောက်မှာစဖွင့်မှာဖြစ်ပါတယ်။ဇန်နဝါရီ Intake ကိုတော့ အခုအချိန်ကစပြီးလက်ခံနေပါပြီ" ဟု MIC မှ တာဝန်ရှိသူတစ်ဦးက မီဒီယာဘာသာရပ်ကို ပထမအကြိမ် ထည့်သွင်းသင်ကြားမည့်ကိစ္စနှင့် ပတ်သက်၍ ပြောပြခဲ့ပါသည်။

Business ဘာသာရပ်အတွက် ပညာသင်နှစ်ကာလမှာနှစ်နှစ်ဖြစ်ပြီးပညာသင်နှစ်တစ်နှစ်စာအတွက် အမေရိကန်ဒေါ်လာ၃၅၀၀ဝန်းကျင်ကုန်ကျမည်ဖြစ်ကြောင်းသိရှိရပါသည်။အဆိုပါ Business ဘာသာရပ်အတွက် ဝင်ခွင့်လျှောက်လွှာများကို အမှတ်(၆၂-C)၊အင်းလျားလမ်း၊ MIC သို့လာရောက်လျှောက်ထားနိုင်ပြီဖြစ်ပြီး မီဒီယာဘာသာရပ်အတွက် ဝင်ခွင့်လျှောက်လွှာများကို မတ်လဆန်းပိုင်း၌စတင်လျှောက်ထားနိုင်မည်ဖြစ်ကြောင်းသိရသည်။

Myanmar Imperial College (MIC) ကို British Technology Education Council (BTEC) နှင့် ULEAC (University of London Examination & Assessment Council) တို့ပူးပေါင်းတည်ထောင်ဖွင့်လှစ်သည့် Edexcel ၏အသိအမှတ်ပြု ကောလိပ်တစ်ခုအဖြစ် ၂၀၁၁ခုနှစ်၊ဒီဇင်ဘာလပထမပတ်အတွင်း၌ ကြေညာခဲ့သည်။






## မန္တလေးမြို့ပဲဈေးကွက်အေးနေသော်လည်း တရုတ်မှ နှမ်း၊ ပဲတီစိမ်း၊ ပဲယင်း၊ ပြောင်း နေ့စဉ်အဝယ်လိုက်

မန္တလေးမြို့ပဲဈေးကွက်တွင် ပဲမျိုးစုံဈေးကွက်အေးနေသော်လည်း တရုတ်(Export)လိုင်းမှာ တရုတ်နှစ်သစ်ကူးရောက်ချိန်နီးပြီဖြစ်သဖြင့် နှမ်း၊ ပဲတီစိမ်း၊ ပဲယင်း၊ ပြောင်း စသည့် ကောက်ပဲသီးနှံများ နေ့စဉ်ပုံမှန်အဝယ်လိုက်လျက်ရှိကြောင်း မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှသိရသည်။

"မန္တလေးပဲဈေးကွက်က ဈေးကွက်အရမ်းအေးနေတယ်။ အရောင်းအဝယ်လည်းမဖြစ်ဘူး။ ဝယ်ရောင်းသမားတွေမှာ ရောင်းလိုအားများနေပြီး အဝယ်သမားများ ဝယ်လိုအားနည်းနေပါတယ်။ အရောင်းအဝယ်အေးနေတော့ တချို့ဝယ်ရောင်းသမားတွေက မြေအရောင်းအဝယ်၊ ကျောက်အရောင်းအဝယ်လိုင်းတွေမှာ ပြောင်းလုပ်လာကြတယ်"ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

"မန္တလေးပဲဈေးကွက်က ပဲအသစ်ပေါ်ချိန်ရောက်ပြီဖြစ်တော့ ဒီဇင်ဘာလကုန်ရက်ပိုင်းမှာ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ရေစကြိုနယ်တွေကနေ ပဲစင်းငုံ(နီ)အသစ်တွေ အနည်းငယ်ဝင်လာတယ်။ ပေါက်ဈေးက(အသစ်)ကျပ် ၄၂၀၀၀ ဈေးဖြစ်တယ်။ ဝယ်လိုအားသိပ်မရှိဘူး။ ပဲစင်းငုံ(နီ)ဟောင်းမှာ ကျပ် ၃၈၀၀၀ မှ ကျပ် ၃၈၅၀၀ ထိရှိပါတယ်"ဟု ဆက်လက်ရှင်းပြပါသည်။

ပဲစင်းငုံ(အသစ်)နှင့် မတ်ပဲမှာ တစ်နေ့လျှင် အိတ်ပိုင်း ၄၀ မှ ၅၀ ခန့်ပဲထွက်သည့်နယ်များမှ မန္တလေးမြို့ ပဲပွဲရုံများသို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဒီဇင်ဘာလကုန်ပိုင်း ပဲဈေးနှုန်းများမှာ နှမ်းဖြူ ကျပ် ၆၅၀၀၀ မှ ၆၈၅၀၀၊ နှမ်းညို ကျပ် ၅၇၀၀၀ မှ ၅၉၀၀၀ ၊ နှမ်းနက် ကျပ် ၇၅၀၀၀ မှ ၈၅၀၀၀ ၊ ပဲတီ စိမ်း(ရွှေဝါ) ကျပ် ၅၀၀၀၀ မှ ၅၃၀၀၀ ၊ ပဲယင်း ကျပ် ၁၉၀၀၀ မှ ၂၀၀၀၀၊ ပြောင်းဖူး(ရှမ်း)ကျပ် ၁၇၂၀၀ မှ ၁၇၃၀၀၊ ပြောင်းဖူး(ဗမာ)ကျပ် ၁၇၀၀၀၊ ပြောင်းဖူး(CP)ကျပ် ၁၇၅၀၀၊ ကုလားပဲ(ထိုင်ဝမ်) ကျပ် ၄၉၀၀၀ ရှိပြီး ကုလားပဲခြမ်း တစ်ပိဿာမှာ ၁၁၅၀ ကျပ်သာရှိသည်။

## ပြင်ဦးလွင်မြို့၏ပြယုဂ်တစ်ခုဖြစ်သော ရထားလုံးမြင်းလှည်းစီးရေ ထက်ဝက်ခန့်လျော့နည်းသွား



ပြင်ဦးလွင်မြို့၏ပြယုဂ်တစ်ခုဖြစ်သော ရထားလုံးမြင်းလှည်းစီးရေမှာယခုနှစ်အတွင်း ထက်ဝက်ခန့် လျော့နည်းသွားကြောင်းသိရှိရသည်။ မြို့တွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင်သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ် Taxiများဝင်ရောက်လာမှုအရ ရထားလုံး မြင်းလှည်းစီးရေ ၁၅၃ စီးမှ ယခုအခါ ၈၀ ခန့်သာကျန်ရှိတော့ကြောင်း သိရသည်။

"မြင်းလှည်းအရေအတွက်က ဒီနှစ်ထဲမှာထက်ဝက်လောက်လျော့သွားတယ်။ လှည်းစီးရေ ၁၅၃ စီးရှိတာကနေအခု ၈၀ လောက်ပဲကျန်တော့တယ်။ အများစုကစည်ပင်မှာ လိုင်စင်သက်တမ်းမတိုးကြတော့ဘဲ ရောင်းတဲ့သူကရောင်း၊ ရပ်နားထားတဲ့သူကရပ်နားပေါ့။ တစ်နှစ်တစ်ခါ လိုင်စင်သက်တမ်းတိုးရင် လှည်းကိုဆေးအသစ်ပြန်သုတ်ရတာနဲ့လိုင်စင်ကြေးသွင်းရတဲ့ငွေက သုံးသောင်းလောက်ကုန်ကျတယ်။ အရင်တစ်ခါကရထားလုံးမြင်းလှည်းတွေကိုဖျက်သိမ်းပြီး မြို့ပြအင်္ဂါရပ်နဲ့အညီခေတ်မီယာဉ်တွေနဲ့အစားထိုးဖို့ အစီအစဉ်တွေတောင်ကြားရတယ်။ ဒါကြောင့် တချို့ကလှည်းနဲ့ မြင်းကိုရောင်း၊ တရုတ်ဘီးလေးပြန်ဝယ်ပြီးဆိုင်ကယ် Taxi လိုက်နေကြတယ်"ဟု ရထားလုံးမြင်းလှည်းဆရာ ကိုအုန်းကျော်က ဆိုပါသည်။

၁၈၃၇ ခုနှစ်မှ ၁၉၄၆ ခုနှစ်အတွင်း ရန်ကုန်မြို့နှင့် ၁၈၈၅ ခုနှစ် မန္တလေးမြို့တွင်းသယ်ယူပို့ဆောင်ရေးတွင်ရထားလုံးယာဉ်များပြေးဆွဲခဲ့သည့်နည်းတူ ပြင်ဦးလွင်(မေမြို့)သို့ အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် ၁၈၈၆ ခုနှစ်တွင် ရထားလုံးမြင်းလှည်း(ဘီဒိုမြင်းယာဉ်)များ စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ရာယခုအခါ ၁၂၅ နှစ်ရှိလာပြီဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နာရီစင်အနီးဗလီဂိတ်၊ ဂေါရခါးဂိတ်၊ ဈေးကြီးဂိတ်(ညောင်နီဂိတ်)နှင့်ကန်တော်ကြီးဂိတ် စသည်ဖြင့် မြင်းလှည်းဂိတ် ၁၂ ဂိတ်၊ ၁၃ ဂိတ်ခန့်ဖြင့် မြို့တွင်းသယ်ယူပို့ဆောင်ကဏ္ဍတွင်ပြေးဆွဲလျက်ရှိပြီး အပျော်စီးချင်သူများအတွက် တစ်နာရီ ကျပ် ၅၀၀၀ သတ်မှတ်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

*မင်းသန့်၊ အောင်သူ*

## ရတနာပုံတိရစ္ဆာန်ဥယျာဉ်(မန္တလေး)တွင် ယုန်သမင်နှစ်ကောင်ပေါက်ဖွား

ရတနာပုံတိရစ္ဆာန်ဥယျာဉ် (မန္တလေး)တွင် ယုန်သမင်(ခ)ဂျီလှောင်နှစ်ကောင်ပေါက်ဖွားခဲ့ကြောင်းသတင်းရရှိပါသည်။ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တစ်ကောင်၊ ၂၈ ရက်နေ့တွင်တစ်ကောင် စုစုပေါင်းနှစ်ကောင်ပေါက်ဖွားခဲ့ကြောင်း သိရသည်။

"ယုန်သမင်(ခ)ဂျီလှောင် နှစ်ကောင်ပေါက်တာ အထီး၊ အမခွဲလို့မရသေးပါဘူး။ အခုမွေးတာအပါအဝင်ဥယျာဉ်မှာစုစုပေါင်းယုန်သမင် ၃၂ ကောင်ရှိပါတယ်"ဟု ဥယျာဉ်မှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယုန်သမင် Mouse Deer(ခ) ဂျီလှောင်၊ သိပ္ပံနာမည် Tragulus Javanicus ကို မြန်မာနိုင်ငံတောင်ဘက် တနင်္သာရီတိုင်းဒေသကြီး သစ်တောများအတွင်းတွေ့နိုင်ပြီး အာရှတိုက်တွင်ခွာအသေးဆုံးသတ္တဝါဖြစ်ကာ ကမ္ဘာတွင်ဒုတိယအသေးဆုံး နို့တိုက်သတ္တဝါဖြစ်သည်။ ယုန်သမင်အထီးတွင်အစွယ်ပါကြောင်းသိရသည်။

## မန္တလေးမြို့ ၆၂ လမ်းနှင့် သိပ္ပံလမ်းဆုံရှိအဝိုင်းပတ်တွင် ယာဉ်ကြောပိတ်ဆို့မှု အဓိကဖြစ်စေသောကြောင့် စက်ဘီးနှင့်ဆိုင်ကယ်များကို လမ်းလွှဲမှသွားရန်စီစဉ်

မန္တလေးမြို့ ၆၂ လမ်းနှင့် သိပ္ပံလမ်းဆုံရှိအဝိုင်းပတ်တွင်ယာဉ်ကြောပိတ်ဆို့မှုအဓိကဖြစ်စေသော စက်ဘီးနှင့် ဆိုင်ကယ်များကိုလမ်းလွှဲမှသွားရန်စီစဉ်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီလမ်းတံတားဌာနမှစုံစမ်းသိရှိရသည်။

"၆၂ လမ်းနဲ့သိပ္ပံလမ်းဆုံမှာရှိတဲ့အဝိုင်းပတ်မှာ မနက်ပိုင်းနဲ့ ညနေပိုင်းတွေဆို နေ့တိုင်းယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်နေတယ်။ အဲဒီယာဉ်ကြောပိတ်ဆို့မှုတွေကို မြို့တော်စည်ပင်နဲ့ ယာဉ်ထိန်းတပ်ဖွဲ့တို့ပူးပေါင်းကွင်းဆင်းတိုင်းတာတဲ့အခါမှာ ယာဉ်ကြောပိတ်ဆို့မှုဟာ စက်ဘီးနဲ့ ဆိုင်ကယ်တွေကြောင့်အဓိကဖြစ်တယ်ဆိုတာတွေ့ရတယ်။ ဒါကြောင့် စက်ဘီးနဲ့ဆိုင်ကယ်တွေကို အဝိုင်းပတ်ကိုဝင်ရောက်ခွင့်မပြုတော့ဘဲ လမ်းလွှဲကသွားခိုင်းဖို့စီစဉ်နေပါတယ်"ဟု လမ်းတံတားဌာနမှတာဝန်ရှိသူတစ်ဦးကဆိုသည်။

အဆိုပါအဝိုင်းပတ်တွင် နေ့စဉ်နံနက် ၈ နာရီမှ ၉ နာရီ ၁၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၄ နာရီ ၃၀ မိနစ်မှ ၆ နာရီ ၃၀ မိနစ်တွင် တစ်ကြိမ်ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ပြီး ယင်းအချိန်များ၌ တစ်မိနစ်လျှင် စက်ဘီး ၁၀၀ စီး၊ ဆိုင်ကယ် ၈၀ စီး၊ ကား ၂၀ စီးခန့်ဖြတ်သန်းသွားလာကြောင်း သိရသည်။

"ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းဖို့အတွက် အဝိုင်းပတ်ချဉ်းကမ်းလမ်းကို ပေ ၁၅၀ ထိလမ်းချဲ့ခင်းနေပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီလမ်းတံတားဌာနမှတာဝန်ရှိသူက ပြောကြားခဲ့ပါသည်။

မန္တလေးမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများရှိလာပြီး တစ်လမ်းမောင်းစနစ်များ၊ စက်ဘီး၊ ဆိုင်ကယ်မဝင်ရလမ်းများ သတ်မှတ်လာသည်ကိုတွေ့ရှိရသည်။

*သန်းနိုင်စိုး၊ သက်ထွန်းအောင်*


## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်ဝင်း၏မိခင် ဒေါ်သန်းမေ အသက်(၇၇)နှစ်သည် (၂၈-၁၂-၂၀၁၁)နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၂ - ၇၇ ဆေးတက္ကသိုလ်(၁) သူငယ်ချင်းများ

**Process and Products Show - 2012**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီး၏ နှစ်ပတ်လည် ညီလာခံကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် "Process and Products Show – 2012" ပြပွဲကြီးကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁၃၊ ၁၄၊ ၁၅) ရက်နေ့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အိမ်အလှဆင်ပစ္စည်းများ၊ စက်နှင့်စက်ပိုင်းဆိုင်ရာ အပိုပစ္စည်းများ၊ Electronics ပစ္စည်းများ အစရှိသော အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၊ အကြောင်းအရာများ၊ စာအုပ်များ၊ ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ စသည်တို့ ပါဝင်ပြသသွားမည် ဖြစ်ပါသည်။

အဆိုပါ ပြပွဲတွင် ပါဝင်ခင်းကျင်း ပြသခြင်းအားဖြင့် မိမိတို့ထုတ်ကုန်များ၏ ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ အသုံးပြုနိုင်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ ထုတ်ကုန်များ၏ ထူးခြားချက်များအကြောင်းကိုလည်းကောင်း အင်ဂျင်နီယာရှုထောင့်များမှ ပြည့်ပြည့်စုံစုံ တင်ပြနိုင်မည့် ထူးခြားသည့်အခွင့်အရေးဖြစ်သည့်အပြင် ဈေးကွက်မြှင့်တင်ရေးကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

ဆက်သွယ်ရန် - မျိုးဆက်သစ်အင်ဂျင်နီယာကော်မတီ၊ ၀၉-၅၅၁၁၆၁၁၊ ၀၁-၅၁၉၆၇၆ (လိုင်းခွဲ - ၁၂၃)

**ELEVEN MEDIA GROUP Co., Ltd.**

■ ရန်ကုန် - အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ၄၀၁၄၁၁

■ မန္တလေး(ရုံးခွဲ) - အမှတ် ၄/၃၊ မြစန္ဒာလမ်းသွယ်၊ (၆၂×၆၃) လမ်း ကြား၊ (၂၄×၂၅) လမ်းကြား အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၁၁၇၂

## TRADE MARK CAUTION

**KUBOTA CORPORATION,** of 47-go, 2-ban, 1-chome, Shikitsuhigashi, Naniwa-ku, Osaka, Japan, is the Owner and Sole Proprietor of the following Trademark:-

# KRT

**Reg. Nos. 4/7824/2005, 4/9335/2008**

in respect of:-

"**Class 7**: Machines and machine tools and parts and fittings therefor; tillers, power tillers, cultivators, reapers and binder, rice planting machines, sowers, reapers, lawn mowers, power shovels, threshing machines, cutters [machines], excavators, crushing machines, electric generators, welding machines, plowing machines, combines, vegetable transplanting machines, spraying machines; engines and motors (except for land vehicles); parts and fittings for engines and motors, including piston rings oil seals, inlet valves, cylinders, cylinder lines, fans, fan belts, glow plugs, igniting devices, injectors, manifolds, radiators, silencers, sparking plugs, speed governors, rubber absorbers, exhaust valves, big-end bearings, crankpin metals, connecting rods, fuel filters, liners, gaskets, cylinder heads, pistons, crankshafts, oil filters, air cleaners, air cleaner elements, water pumps, crankcases, flywheels, gear cases, O-rings, and oil pumps; alternators and parts and fittings therefor; machine coupling and transmission components (except for land vehicles) and parts and fittings therefor; agricultural implements other than hand-operated and parts and fittings therefor; incubators for eggs and parts and fittings therefor.

**Class 12**: Engines and motors for land vehicles; vehicles and parts and fittings therefor; tractors and parts and fittings therefor; self-propelled carriers and parts and fittings therefor; electrically-operated motorbikes and parts and fittings therefor; construction vehicles and parts and fittings therefor; wheel loaders and parts and fittings therefor."

Any fraudulent imitation or unauthorized use of the said Trademark will be dealt with according to law.

**U Nyunt Tin Associates**, Intellectual Property Law Firm
P.O. Box 952, Yangon, Myanmar.
Tel: 951 375754, Fax: 951 254321, Email: info@untlaw.com
For **KUBOTA CORPORATION** Dated: 4 January, 2012.

## ပင်လယ်ရေမှော်များကိုနယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်မှ တင်သွင်း

သဘာဝပင်လယ်ရေမှော်များကို နယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တင်သွင်းလာကြောင်း သတင်းရရှိသည်။

အဆိုပါပင်လယ်ရေမှော်များမှာ သဘာဝကျောက်ဆောင်များမှ ခွာယူရရှိခြင်းဖြစ်ကြောင်းနှင့်မောင်တောနယ်စပ်ကုန်သွယ်ရေးဖြင့် ဒီဇင်ဘာလအတွင်းတင်သွင်းလာခြင်းဖြစ်ကြောင်း၊ သဘာဝပင်လယ်ရေမှော်များကို ဒေသအတွင်း "ကျောက်ကျော"ဟု ခေါ်ကြောင်းနှင့်ရခိုင်ကမ်းရိုးတန်းသဘာဝကျောက်ဆောင်များမှ ထွက်ရှိကြောင်းလည်းသိရသည်။

အဆိုပါကျောက်ကျောကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရကြောင်း၊ ပြည်တွင်းဈေးကွက်မှ ဝယ်လိုအားရှိနေသဖြင့်ဒေသထွက်ကျောက်ကျောသာမက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှနယ်စပ်ကုန်သွယ်ရေးဖြင့်တင်သွင်းလာရခြင်းဖြစ်ကြောင်းလည်း သိရသည်။

ယခင်က စစ်တွေနယ်စပ်ကုန်သွယ်ရေးဖြင့် တင်သွင်းမှုများရှိခဲ့ကြောင်းနှင့် ဒီဇင်ဘာလအတွင်းက မောင်တောနယ်စပ်ကုန်သွယ်ရေးဖြင့် ပင်လယ်ရေမှော် ကျောက်ကျော ၁၀ တန် တင်သွင်းခဲ့သည်။

"အခုမောင်တောကသွင်းတာ ပထမအကြိမ်ဆိုပေမယ့် ကျောက်ကျောကို စစ်တွေကနေ တင်သွင်းနေတာဖြစ်ပါတယ်။ ပထမတင်သွင်းခဲ့တုန်းက တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀ဈေးနဲ့တင်သွင်းခဲ့တာပါ။ အောက်တိုဘာလလောက်ကစပြီး တစ်တန်ဈေးကို အမေရိကန်ဒေါ်လာ ၃၅၀ ဈေး ပြောင်းလဲတင်သွင်းခဲ့ရတာဖြစ်တယ်။ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာမစားတော့ဒီဘက်ကိုဈေးပေါပေါနဲ့ ဝယ်ယူတင်သွင်းနိုင်တာဖြစ်ပါတယ်"ဟုပင်လယ်ရေမှော်ကျောက်ကျောတင်သွင်းသည့် ကုန်သည်တစ်ဦးက ပြောကြားသည်။

ရခိုင်ကမ်းရိုးတန်းမှထွက်ရှိသော ပင်လယ်ရေမှော်ကျောက်ကျောနှင့် ဘင်္ဂလားဒေ့ရှ်မှ တင်သွင်းလာသော ကျောက်ကျောများကိုဒေသတွင်းစားသုံးပြီးပိုလျှံသည်များကိုရန်ကုန်ဈေးကွက်သို့တင်ပို့ကြောင်း သိရသည်။

## နယ်စပ်မြဝတီမြို့တွင် အလုပ်သမားယာယီမြန်မာနိုင်ငံကူးလက်မှတ် ပြုလုပ်ပေးလျက်ရှိ



အိမ်နီးချင်း ထိုင်းနိုင်ငံအတွင်း သွားရောက်ပြီး အလုပ်လုပ်ကိုင်နေကြသောမြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများအတွက် ယာယီနိုင်ငံကူးလက်မှတ်များကိုမြဝတီမြို့ယာယီမြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးတွင်ဒီဇင်ဘာလ ၂၂ ရက်နေ့မှစ၍နေ့ချင်းပြီး ပြုလုပ်ပေးနေကြောင်း သတင်းရရှိသည်။

မြန်မာ–ထိုင်းနယ်ခြား ဖြတ်ကျော် ချစ်ကြည်ရေးတံတားနှင့်အတူ ရပ်ဆိုင်းထားခဲ့သည့် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပြုလုပ်ပေးခဲ့သော ယာယီမြန်မာနိုင်ငံကူးလက်မှတ်ကိုလည်း နယ်စပ်မြဝတီမြို့တွင် ပြန်လည်ပြုလုပ်ပေးနေခြင်းဖြစ်သည်။

"ဟိုဘက်ကအဆင်သင့်မဖြစ်လို့ ထင်ပါတယ်။ တရားဝင်ဖွင့်လှစ်ပြီး လေးငါးရက်ကြာမှ စပြီးလာလုပ်ကြပါတယ်။ ဒီမှာ ဒီနေ့ (ဒီဇင်ဘာလ ၂၇ ရက်) ယာယီနိုင်ငံကူးလက်မှတ်လာလုပ်သူ လူဦးရေတစ်ရာမပြည့်ပေမယ့် ကော့သောင်းဘက်မှာ လူနှစ်ထောင်ကျော်ပါတယ်"ဟု ယာယီနိုင်ငံကူး လက်မှတ်ရုံးအသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးကပြောပါသည်။

ထိုင်းနိုင်ငံအတွင်းသွားရောက်ပြီး လက်ရှိလုပ်ကိုင်နေသူများသာ ယင်းကုမ္ပဏီ၏ကိုယ်စားလှယ်နှင့်လာ၍ ပြုလုပ်ကြပြီးပြည်တွင်းမှအလုပ်သမားယာယီနိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်လိုသူများမှာ ထိုင်းနိုင်ငံရှိ အလုပ်ရုံစက်ရုံကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး(အလုပ်ရှင်–အလုပ်သမား) သဘောတူညီချက်စာချုပ် ချုပ်ဆိုပြီးမှပြုလုပ်ပေးကြောင်းသိရသည်။

"ကျွန်တော်တို့ကအထည်ချုပ်စက်ရုံကပါ၊ စက်ရုံမှာအလုပ်လုပ်လိုသူတွေကို (အသက်ဒရနှစ်ပြည့်) မှတ်ပုံတင်နဲ့အတူပြည်တွင်းအလုပ်သမားဝန်ကြီးဌာနမှာအလုပ်သမားမှတ်ပုံတင်ပြုလုပ်ပြီး၊အင်တာဗျူးလုပ်၊ သဘောတူညီချက်(စာချုပ်ပြုလုပ်ပြီး) ရပြီးမှ အလုပ်သမားယာယီ မြန်မာနိုင်ငံကူးလက်မှတ်ပြုလုပ်ရန်အတွက် ကုမ္ပဏီရဲ့ကိုယ်စားလှယ်ကိုငွေကျပ်တစ်သိန်းပေးသွင်းရပါတယ်"ဟုဘန်ကောက်မြို့ရှိအထည်ချုပ်စက်ရုံမှ တာဝန်ခံကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ယာယီမြန်မာနိုင်ငံကူးလက်မှတ်ကို နယ်စပ်မြဝတီမြို့တွင် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ၅၉ ဦး၊၂၈ ရက်နေ့တွင် ၅၃ ဦး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

*ကိုရွှေသိန်း(မြဝတီ)*

## တနင်္သာရီတိုင်းဒေသကြီးအတွင်းတရားမဝင်မီးသွေးဖိုများကိုအရေးယူဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီးအတွင်း လုပ်ကိုင်လျက်ရှိသော တရားမဝင်မီးသွေးဖိုများကိုအရေးယူဆောင်ရွက်ရာတွင် ယခုနှစ်ကုန်အတွင်းအရှိန်ဟုန်မြှင့်ကာဖမ်းဆီးခြင်းများ၊ဖြိုဖျက်ခြင်းများဆောင်ရွက်နေကြောင်းသိရသည်။

ဒေသအတွင်းမီးသွေး အလွန်အကျွံထုတ်ယူနေခြင်းများရှိနေပြီး ပြည်တွင်းဈေးကွက်တွင် ရန်ကုန်မြို့သို့လည်းကောင်း၊ ပြည်ပဈေးကွက်တွင် ရနောင်းသို့လည်းကောင်း တင်ပို့ခြင်းများရှိနေခဲ့ကြောင်းသိရသည်။

တနင်္သာရီတိုင်း ဒေသကြီး အနေဖြင့်၂၀၁၀–၂၀၁၁တွင် မီးသွေး ကုဗတန် ၂၀၉၇၄ ဒသမ ၈၄၀တန် ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

"ဒီလအတွင်းမှာတိုင်းအနေနှင့် ဒီရေတောအတွင်းမှာလုပ်ဆောင်နေတဲ့တရားမဝင်မီးသွေးဖိုတွေကို အရှိန်အဟုန်မြှင့်ဖမ်းဆီးအရေးယူနေရပါတယ်။ ကျွန်းတွေပေါ်မှာမီးသွေးဖုတ်တာတို့၊ဒီရေတောအတွင်းမှာ မီးသွေးဖုတ်တာတို့လုပ်ဆောင်ခွင့်မရှိတော့ပါဘူး။ ဒါကြောင့်ဒေသခံတွေအကူညီနဲ့ကျွန်းတွေအလိုက်စစ်ဆေးပြီး ဖမ်းဆီးတာတို့၊ ဖြိုဖျက်တာတို့ လုပ်ဆောင်နေရပါတယ်"ဟု တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။



မြိတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ မီးသွေးတင်ပို့သော ကုန်လှေတစ်စင်းကို တွေ့ရစဉ်

၂၀၁၁–၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မီးသွေးထုတ်လုပ်မှုလျာထားချက် ၃၇၅၀၀ ကုဗတန်လျာထားမှုအပေါ်၈၀၃၆ ဒသမ ၀၂၆ ကုဗတန် ထုတ်လုပ်ခွင့်ပြုထားကြောင်းသိရသည်။

မီးသွေး ထုတ်လုပ်ခွင့်ပေးရာတွင် တိုင်းဒေသကြီးအတွင်းသာ သယ်ယူရောင်းချသုံးစွဲခြင်းအတွက် ခွင့်ပြုခြင်း၊ သစ်တောဦးစီးဌာနမှ မီးသွေးဖိုတည်ထောင်ခွင့်လက်မှတ်ကိုလုပ်ထုံးလုပ်နည်းနှင့်အညီ တည်ထောင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ မီးသွေးထုတ်ရန်ထင်းခုတ်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊မြို့နယ်/ခရိုင်ကိုကျော်ကာသယ်ယူလိုပါက သယ်ယူမျှောစာထုတ်ပေးခြင်းများကိုဆောင်ရွက်ပေးကြောင်း သိရသည်။

တရားမဝင်မီးသွေးဖမ်းဆီးခြင်းများကို ဒီရေတောဇရိယာအတွင်း အများဆုံး ဖမ်းဆီးရမိခြင်းဖြစ်ပြီး ၂၀၁၁–၂၀၁၂ ခုနှစ်အတွင်း ကုန်းတွင်းပိုင်းဖမ်းဆီးရမိအပါအဝင်မီးသွေး ၁၅၀၀ ဒသမ ၇၉၄ တန် ဖမ်းဆီးရမိခဲ့ကာတရားမဝင်မီးသွေးဖို ၂၃၄ ဖိုကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်မီးသွေးထုတ်လုပ်ခြင်းများအား မီးသွေးတစ်ကုဗတန်လျှင် ကျပ် ၁၂၀၀ နှုန်းဖြင့်အခွန်နှုန်းထားကောက်ခံကြောင်း သိရသည်။

ဒေသအတွင်းမီးသွေးထုတ်လုပ်ရာတွင်အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ဒီရေတောများနည်းပါးလာရခြင်းတွင်တစ်စိတ်တစ်ပိုင်းပါဝင်နေကြောင်း သိရသည်။

*ဇော်မိုးဦး(မြိတ်)*

## ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာရှိ ဝါးကတုတ်ချောင်းအတွင်းမှသဲများထုတ်ယူလျက်ရှိ

ပဲခူးမြို့နယ် ရန်ကုန်–မန္တလေး အဝေးပြေးကားလမ်းမပေါ်ရှိ ဘုရားကလေးကျေးရွာတွင်ပဲခူးရိုးမဒေသ၌ မြစ်ဖျားခံစီးဆင်းသောဝါးကတုတ်ချောင်းအတွင်းမှ ဆောက်လုပ်ရေးလုပ်ငန်းသုံးသဲများစီးပွားဖြစ်ထုတ်ယူလျက်ရှိကြောင်း သိရသည်။

ချောင်းအတွင်းမှ သဲများထုတ်ယူရာတွင် မော်တော်ကားကျွတ်များကို ဘောအဖြစ်ပြုလုပ်၍ သဲများကိုဆယ်ယူသယ်ဆောင်ခြင်းဖြစ်သည်။ သဲတစ်ကျင်းဆယ်ယူရရှိရန် ဘောအစင်း ၄၀ ခန့် အသုံးပြုရကြောင်း သိရသည်။ သဲဆယ်ယူသည့်လုပ်သားတစ်ဦးလျှင် တစ်ရက် သဲတစ်ကျင်းသယ်ယူနိုင်ပြီး ဒိုင်သွင်းဈေး ကျပ် ၃၅၀၀ ကျော်ပေါက်ဈေးရှိကြောင်း သိရသည်။ ဒိုင်များမှာ သဲတစ်ကျင်းလျှင် ကျပ် ၆၀၀၀ ခန့်ဖြင့် ပြန်လည်ရောင်းချကြောင်းသိရသည်။

ပဲခူးဈေးကွက်သို့အဓိကတင်ပို့ရောင်းချပြီး ပဲခူးမြို့တွင် ဆောက်လုပ်ရေးလုပ်ငန်းများတိုးချဲ့လာမှုကြောင့် သဲဝယ်လိုအားမှာလည်းမြင့်မားလာခဲ့ကြောင်း သိရသည်။

*ထင်ပေါ်(ပဲခူး)*



## ရခိုင်ကမ်းလွန်လုပ်ကွက်တွင် Geophysical Stie Survicey တိုင်းတာရေးများ ပြုလုပ်မည်ဖြစ်သဖြင့် ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရခိုင်ကမ်းလွန်ရေနံလုပ်ကွက် A-6တွင် Geophysical Stie Survicey တိုင်းတာရေးများပြုလုပ်မည်ဖြစ်သဖြင့် ရေကြောင်းသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ရခိုင်ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များအနက် လုပ်ကွက် A-6တွင် Geophysical Stie Survicey တိုင်းတာရန်အတွက်တိုင်းတာရေးရေယာဉ်များဖြစ်သည့် MV GENESIS ဖြင့် ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၀၁၂ နှစ် ဇန်နဝါရီလ ၁၅ ရက်အတွင်းတိုင်းတာ သွားမည်ဖြစ်ရာ တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရန်အတွက်လုပ်ငန်းခွင်မှ ၄ ကီလိုမီတာပတ်လည်အတွင်း ကုန်တင်သင်္ဘောများ၊ စက်လှေများ၊ ငါးဖမ်းလှေများနှင့် အခြားသောရေယာဉ်မျိုးစုံတို့ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်းများအားတားမြစ်ထားကြောင်း သိရသည်။

ငါးဖမ်းခြင်းများ၊ငါးဖမ်းကိရိယာများချထားခြင်းကိုလည်း တားဆီးပိတ်ပင်ထားကြောင်း၊ အသိပေးခြင်းကို ငါးလုပ်ငန်းမှထုတ်ပြန်ထားခြင်းဖြစ်ကြောင်းလည်းသိရှိရပါသည်။

မေလအတွင်းကလည်းကမ်းလွန်လုပ်ကွက် A-3တွင် ရေနံရှာဖွေရေးတွင်းများကို တွင်းများတူးဖော်ခဲ့ရာ လုပ်ငန်းခွင်ဗဟိုမှငါးမိုင်အတွင်း ရေယာဉ်များ ဝင်ရောက်နိုင်မှုမရှိအောင် တားမြစ်ထားခဲ့ကြောင်းလည်း သိရသည်။ *လှိုင်(စစ်တွေ)*


# ကောင်းထက်ကျော်

(၈၊၉၊၁၀ တန်း)

Upgrade

Report Card

Ferry

Study Guide

Guide

# ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ ရုပ်ရှင်ဇာတ်ကား ၁၅ ကား ရုံတင်ပြသခဲ့

၂၀၁၁ ခုနှစ် တစ်နှစ်တာလုံးတွင် ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ ရုပ်ရှင်ဇာတ်ကားသစ် ၁၅ ကားရုံတင်ပြသခဲ့ပြီးဇာတ်ကားအချို့မှလွဲ၍ ပရိသတ်စိတ်ဝင်စားအားပေးမှုမှာလျော့ကျသွားခဲ့သည်ဟုသတင်းရရှိသည်။ ယခုနှစ်အတွင်းရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားများတွင် ဟာသဇာတ်ကားအများစုပါဝင်ပြီး အဆိုပါဇာတ်ကားများအပေါ်ပရိသတ်စိတ်ဝင်စားမှုသိသိသာသာလျော့ကျသွားခြင်းဖြစ်သည်ဟုသိရှိရသည်။

"ဒီနှစ်ထဲမှာ ရန်ကုန်မန္တလေးမြို့ကြီးတွေက ရုပ်ရှင်ရုံတွေမှာ ရုပ်ရှင်ဇာတ်ကားပြသတာ စုစုပေါင်း ၁၅ ကားရှိပါတယ်။ အဲဒီကားတွေထဲမှာ ဇာတ်ကားအနည်းစုကလွဲရင် ကျန်တဲ့ ကားတွေအားလုံးပရိသတ်စိတ်ဝင်စားမှုတော်တော်လေးလျော့ကျသွားတာတွေ့ရပါတယ်။ အရင်နှစ်တွေကတော့ဟာသကားဆိုရင်များသောအားဖြင့် စတင်တဲ့နှစ်ပတ်လောက်မှာ ဇာတ်ကားကောင်းကောင်းမကောင်းကောင်းပရိသတ်ဝင်တာတွေ့ရပြီး အခုကတော့ကြော်ငြာအားအရမ်းသုံးတဲ့ဟာသကားတွေတောင်လူသိပ်မဝင်တာတွေ့ရတယ်။ တချို့ကားတွေဆို ပထမဆုံးတင်တဲ့အပတ်မှာတောင် လူမပြည့်ဘူး။ ဒီတော့သုံးပတ်နဲ့ဆင်းတဲ့ကားဒီနှစ်ထဲမှာအများဆုံးပဲလို့ဆိုရမှာပါ။ နှစ်ပတ်နဲ့ဆင်းပေးရတဲ့ဇာတ်ကားတွေတောင်ဒီနှစ်ထဲမှာရှိတယ်။ ထူးထူးခြားခြားဆိုလို့ တင်နေကျရုပ်ရှင်တွေထဲကပုံစံတစ်မျိုးကွဲထွက်သွားတဲ့အာဒမ်ဧဝဒသလောက်ပဲငါးပတ်ရုံတင်နိုင်ပြီးရုံပြည့်တာတွေ့ရတယ်။ တချို့ကြော်ငြာအားကောင်းတဲ့ဟာသကားတွေလည်း ပရိသတ်ရှိပေမယ့်အရင်စံချိန်တော့မချိုးဘူး။ ဒီတစ်နှစ်လုံးရုံတင်တဲ့ဇာတ်ကားတွေအပေါ်ပရိသတ်တုံ့ပြန်မှုကိုသုံးသပ်မယ်ဆိုရင်တော့ဟာသကားတွေကိုငြီးငွေ့စပြုနေပြီ၊ ရုပ်ရှင်ကိုတော်တော်လေးကောင်းမှပဲလာကြည့်ကြတော့တယ်ဆိုတာလေးသုံးသပ်လို့ရပါတယ်"ဟု ဝါရင့်ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးက ရှင်းပြခဲ့သည်။



၂၀၁၁ ခုနှစ်ဇန်နဝါရီလတွင် ပထမဆုံးရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးသည့် 'ဟော့ရှော့၃' ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားပြီးနောက် ဆက်လက်ရုံတင်ပြသသည့် ရုပ်ရှင်ဇာတ်ကားများမှာ ဒါရိုက်တာကိုဇော်(အရဏ်ဦး)ရိုက် ကူးသည့် 'လာထားအာဘွား'၊ ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးသည့် 'အလန်းဇယား'၊ ဒါရိုက်တာခတ်ပုံအဏ်ထော်ဏီ(မော်လမြိုင်)ရိုက်ကူးသည့် 'ငါ့နှမလေးပွသွားပြီ'၊ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသည့် 'ပင်လယ်ထက်ကနေဝန်းနီ'၊ ဒါရိုက်တာဝိုင်းရိုက်ကူးသည့် 'အာဒမ်ရယ်ဧဝရယ်ဒသရယ်'၊ ဒါရိုက်တာကိုဇော်(အရဏ်ဦး)ရိုက်ကူးသည့် 'လာထားအာဘွား၂'၊ ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးသည့် 'အိုင်လပ်(ဖ်)ယူ'၊ ဒါရိုက်တာမင်းအုပ်စိုးရိုက်ကူးသည့် 'အငိုမျက်လုံးအပြုံးမျက်နှာ'၊ ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးသည့် 'ဖလန်းဖလန်းဖြစ်တဲ့အချစ်'၊ ဒါရိုက်တာကိုဇော်(အရဏ်ဦး)ရိုက်ကူးသည့် 'အားလုံးက ဟော့မှ ကြိုက်တယ်'၊ ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးသည့် 'ချောကလက်ဘောဘီ'၊ ဒါရိုက်တာသိန်းဟန်(ဖီးနစ်)ရိုက်ကူးသည့် 'ချိန်း' ရုပ်ရှင်ဇာတ်ကားများဖြစ်ကြသည်။






## လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကလေးဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲပြုလုပ်မည်

လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကလေးဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့စိမ်းလန်းစိုပြည်ပန်းဥယျာဉ်၌ ပြုလုပ်ရန် စီစဉ်ထားသည်ဟု သတင်းရရှိသည်။ အဆိုပါပြိုင်ပွဲတွင် မူကြိုအဆင့်၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ဟုအဆင့်သုံးဆင့်ခွဲခြားသတ်မှတ်ထားသည်ဟု သိရသည်။

မူကြိုအဆင့်ပြိုင်ပွဲတွင် ဆေးရောင်ခြယ်ပြိုင်ပွဲသီးသန့်သာဖြစ်ပြီး ပန်းဥယျာဉ်မှပေးသည့် ရုပ်ပုံများကိုဆေးရောင်ရေးခြယ်ပေးရမည်ဖြစ်ကြောင်းသိရှိရပါသည်။

အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ပြိုင်ပွဲတွင်မူ 'စိမ်းလန်းသာယာပျော်ရွှင်ကျန်းမာ' ခေါင်းစဉ်နှင့်ကိုက်ညီသည့်ပန်းချီလက်ရာဖြင့်ရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယှဉ်ပြိုင်ချိန်တစ်နာရီခွဲပေးမည်ဟုသိရသည်။ ပြိုင်ပွဲဝင်များထဲမှ အဆင့်အလိုက် Grand prize နှင့် ပထမ၊ ဒုတိယ၊ တတိယဆုများရွေးချယ်ပေးအပ်သွားမည်ဟု သိရသည်။

## ထွန်းအိန္ဒြာဗို၊ တင်ဇာမော်၊ ဖြူဖြူကျော်သိန်းနှင့် ချမ်းချမ်းတို့၏ ဖျော်ဖြေပွဲပြုလုပ်မည်




ထွန်းအိန္ဒြာဗို၊ တင်ဇာမော်၊ ဖြူဖြူကျော်သိန်းနှင့် ချမ်းချမ်း တို့၏ ဖျော်ဖြေပွဲကို ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့အမျိုးသားဇာတ်ရုံ၌ ပြုလုပ်ရန် စီစဉ်ထားပြီး ထူးခြားသည့် တွဲဖက်တင်ဆက်မှုများနှင့် ဖျော်ဖြေသွားရန် စီစဉ်ထားသည်ဟု သိရှိရသည်။

"ဒီပွဲကိုစီစဉ်ဖြစ်တာကတော့ ပရိသတ်ကြားထဲမှာ ထိပ်ဆုံးရောက်ထားတဲ့အမျိုးသမီးအဆိုတော်လေးယောက်ကို ထူးထူးခြားခြားတွဲပြီး တင်ဆက်မယ်ဆိုရင်ပရိသတ်ရဲ့အမြင်မှာအပြောင်းအလဲရသတစ်ခုရမယ်ဆိုတဲ့ယုံကြည်ချက်နဲ့ပါ။ ဒါကြောင့်ဒီပွဲကိုစီစဉ်ဖြစ်တာပါ။ အဆိုတော်လေးယောက်လုံးရဲ့သမ္ဘာ၊ ပရိသတ်ကြားထဲပျံ့နှံ့မှု၊ ပါဖောမန့်စ်ပိုင်းတွေကပြောစရာမလိုအောင်ပါပဲ။ တစ်ဦးချင်းသီဆိုမှာတွေပါသလို အတွဲပုံစံတွေထူးခြားတဲ့ပါဖောမန့်စ်တွေနဲ့လည်းတင်ဆက်ပါလိမ့်မယ်"ဟုပွဲစီစဉ်သူဦးပီးပေါ်ကရှင်းပြခဲ့သည်။

ထို့အပြင် ဖျော်ဖြေပွဲအတွက် အင်္ဂလန်နိုင်ငံမှရောက်ရှိလာသူအဆိုတော်တင်ဇာမော်ကလည်း "မြန်မာပြည်မှာရှိတဲ့ ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီးတွေ့ဆုံခွင့်ရမှာဖြစ်သလို ရင်းနှီးချစ်ခင်ရတဲ့အစ်မတွေညီမတွေနဲ့ အတူတူဆိုခွင့်ရမှာဖြစ်တဲ့အတွက် အရမ်းဝမ်းသာကြည်နူးမိပါတယ်။ ပရိသတ်တွေကျေနပ်တဲ့ဖျော်ဖြေမှုမျိုးဖြစ်အောင်အကောင်းဆုံးကြိုးစားမှာပါ။ သူတို့နားမထောင်ရတာကြာတဲ့ သီချင်းဟောင်းတွေအကုန်လုံးလည်းဆိုဖို့စိတ်ကူးထားတယ်။ပါဖောမန့်စ်ပိုင်းကအစသေချာပြင်ဆင်ထားပါတယ်"ဟုရှင်းပြခဲ့သည်။

## Ayeyarwady Bank 1st Annual Party


ဦးဇော်ဇော်(ဥက္ကဋ္ဌ၊AyeyarwadyBank)


ဦးလှမြင့်(မြို့တော်ဝန်၊ရန်ကုန်တိုင်းဒေသကြီး)


ဦးအောင်ကိုဝင်း(ဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ်)

Ayeyarwady Bank ၏ တစ်နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၇ရက်နေ့က အင်းယားလိတ်ဟိုတယ်တွင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဘဏ်လုပ်ငန်းဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းအဖွဲ့များ၏နှစ်ပတ်လည်အခမ်းအနား


ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)


ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)


ဦးဝင်းကြိုင် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)


ဦးသန်းလွင် (အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းချုပ်များ၏ နှစ်ပတ်လည်အခမ်းအနားများကို ဒီဇင်ဘာလ ၃၁ ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ သီရိအဏ္ဏဝါခန်းမတွင် ကျင်းပခဲ့ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

## Daeng Gi Meo Ri ကျန်းမာရေးအလှကုန်ပစ္စည်းမိတ်ဆက်ပွဲ

ကိုရီးယားနိုင်ငံထုတ် Daeng Gi Meo Ri ကျန်းမာရေးအလှကုန်ပစ္စည်းမိတ်ဆက်ခြင်း အခမ်းအနားကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က ရန်ကုန်မြို့ရှိ Sedona Hotel တွင်ကျင်းပခဲ့ရာ ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ခဲ့ပြီး မော်ဒယ်များကကျန်းမာရေးအလှကုန်ပစ္စည်းသစ်များအား မိတ်ဆက်ပြသခဲ့ကြကြောင်း သတင်းရရှိပါသည်။


ဦးမျိုးသွင်(MD,ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီ)


Ms.Hoe-Kyung Joe
(MD,Doori Cosmetics)









World Press

## ကာတွန်းပြိုင်ပွဲအတွက် ဖိတ်ခေါ်

World Press Cartoon 2012သို့ပါဝင်ယှဉ်ပြိုင်နိုင်ရန်ဖိတ်ခေါ်ထားပြီး အဆိုပါကာတွန်းပြိုင်ပွဲတွင် ကယ်ရီကေးချား၊ သတင်း ကာတွန်း အမျိုးအစားများပါဝင်ယှဉ်ပြိုင်နိုင်ပြီး၂၀၁၁ ခုနှစ်တစ်နှစ်တာအတွင်း ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်များအပေါ်အခြေခံ၍ယှဉ်ပြိုင်ရမည်ဟု သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် မူရင်းကာတွန်းလက်ရာများကိုသာပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး CDသို့မဟုတ် DVDဖြင့်ပေးပို့ယှဉ်ပြိုင်နိုင်သည်ဟုသိရသည်။ ကာတွန်းလက်ရာအား A3ဆိုဒ်ဖြင့်ပေးပို့ရမည်ဖြစ်ကာ ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ရက်နေ့အထိ ဂျာနယ်၊ မဂ္ဂဇင်းများတွင်ဖော်ပြပြီး ကာတွန်းလက်ရာများကိုပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဇန်နဝါရီလ ၃၁ ရက်နေ့နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရပါသည်။

## ကူးတို့ဆိပ်ရပ်ကွက်မီးဘေးသင့်ပြည်သူများအား ငွေကြေး၊ ပစ္စည်းနှင့် စားသောက်ဖွယ်ရာများကို အနုပညာရှင်များသွားရောက်လှူဒါန်းလျက်ရှိ




ကူးတို့ဆိပ်ရပ်ကွက်မီးဘေးသင့်ပြည်သူများအားငွေကြေး၊ ပစ္စည်းနှင့်စားသောက်ဖွယ်ရာများကို ဒီဇင်ဘာလ ၂၉ ရက်နေ့မွန်းလွဲပိုင်းမှစတင်၍ အနုပညာရှင်များမှအစုအဖွဲ့လိုက်သွားရောက်လှူဒါန်းလျက်ရှိသည်ဟု သတင်းရရှိသည်။ ယင်းသို့ လှူဒါန်းမှုများပြုလုပ်ရာတွင်မီးဘေးသင့်ဒုက္ခသည်များအတွက် ဒုက္ခသည်စခန်းအဖြစ်ဖွင့်လှစ်ထားသည့် ပုသိမ်ညွန့်ရာကျော်ကျောင်းတိုက်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့တွင်သွားရောက်လှူဒါန်းကြခြင်းဖြစ်သည်ဟု သိရှိရသည်။

လှူဒါန်းမှုများပြုလုပ်ရာ၌ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် သရုပ်ဆောင်ရဲအောင်၊ မင်းမော်ကွန်း၊ ခန့်စည်သူ၊ ဟိန်းဝေယံ၊ နန္ဒ၊စိုးရန်အောင်၊ ကောင်းခန့်၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ ရေဗက္ကာဝင်း၊ ဝိုင်းစုခိုင်သိန်း၊ ချစ်စနိုးဦး၊ ဂန္ဓဝင်၊ စမိုင်းလ်စသည့်သရုပ်ဆောင်အနုပညာရှင်များစုပေါင်း၍ငွေကျပ်သိန်းသုံးဆယ်နှင့်Alpineသောက်ရေသန့်ဘူးပေါင်း ၁၂၀၀တို့ကိုပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင်အနုပညာရှင်များကိုယ်တိုင်မီးဘေးသင့်ပြည်သူများအား အားပေးစကားများလိုက်လံပြောကြားခဲ့သည်။

ထို့အပြင် ပြေတီဦးဖောင်ဒေးရှင်းကလည်းဆန်အိတ်သုံးရာ၊ ဗလာစာအုပ်ဒါဇင်တစ်ရာတို့ကိုမီးဘေးသင့်ပြည်သူများအတွက်ပုသိမ်ညွန့်ရာကျော်ကျောင်းတိုက်သို့ သွားရောက်လှူဒါန်းခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိဒဏ်ရာရသူများအတွက်ငွေကျပ် ၁၀ သိန်းကိုလည်း သွားရောက်လှူဒါန်းခဲ့သည်။ ရဲတိုက်ဖောင်ဒေးရှင်းကလည်း ဒီဇင်ဘာလ၂၉ရက်နေ့၊ နံနက်၄နာရီခန့်တွင် မီးငြိမ်းသတ်နေသည့်မီးသတ်ရဲဘော်များနှင့်လုံခြုံရေးများကိုရေသန့်ဘူးများသွားရောက်လှူဒါန်းခဲ့ပြီး နောက်မွန်းလွဲပိုင်းတွင် သရုပ်ဆောင်ရဲတိုက်ကမီးဘေးသင့်ပြည်သူများအားကိုယ်တိုင်သွားရောက်အားပေးမှုများပြုလုပ်ပေးခဲ့သည်။ ထို့နောက်ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဒဏ်ရာရရှိထားသူများကိုကြည့်ရှုအားပေးမှုများပြုလုပ်ပြီးနောက်ငွေသားများလှူဒါန်းကူညီခဲ့သည်ဟုသိရသည်။ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ကလည်း မီးဘေးသင့်ပြည်သူများအတွက်ငွေကျပ်သုံးသောင်းနှင့် အနွေးထည်များအားသွားရောက်ကူညီလှူဒါန်းခဲ့သည်ဟု သိရသည်။




## ရေဆေးပန်းချီဆရာကြီး ဦးလှဟန်၏ တစ်ကိုယ်တော်ပန်းချီပြပွဲကျင်းပမည်

ရေဆေးပန်းချီဆရာကြီး ဦးလှဟန်၏ စတုတ္ထအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာနပန်းချီခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပန်းချီပြပွဲတွင် ပန်းချီ ဦးလှဟန်၏ ရေဆေးလက်ရာမွန် ပန်းချီကားများ လက်ရွေးစင်စုစည်းထားသည့် ‘ Water Color Hla Han Art Workmanship ’ စာအုပ်ကိုလည်း စတင်ရောင်းချပေးသွားလျက်ရှိသည်။ အဆိုပါစာအုပ်နှင့်အတူ ပန်းချီ ဦးလှဟန်၏ ရေဆေးပန်းချီကား များရေးဆွဲမှု ‘ Doc; Movie CD ’ ကိုလည်း အမှတ်တရအဖြစ် ရောင်းချပေးနေသည်ကို တွေ့ရသည်။

“ Water Color Hla Han Art Workmanship ’စာအုပ်ကကျွန်တော့်ရဲ့ ဘဝမှတ်တိုင်တစ်ခုပါ။ ကူညီကြတဲ့ မိတ်ဆွေတွေအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ပန်းချီ ဦးလှဟန်က ဆိုပါသည်။

## ရခိုင်ရိုးရာအစားအစာရောင်းချပွဲနှင့် ရခိုင်ရိုးရာကျင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်



ရခိုင်ရိုးရာအစားအစာရောင်းချပွဲနှင့် ရခိုင်ရိုးရာကျင်ပွဲကို ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ သိမ်ဖြူကွင်း၊ လက်ဝှေ့ရုံတွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူးကာ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) မှစီစဉ်ကျင်းပခြင်းဖြစ်သည်။ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)သည် ရခိုင်ရိုးရာကျင်ပွဲကို ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များတွင် ကျင်းပခဲ့ဖူးပြီး ယခုပွဲသည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

“ ဒီပွဲအဓိကကျင်းပတာက ရခိုင်ရိုးရာ ကျင်ပွဲကိုပါ။ ဈေးရောင်းပွဲတော်ကအရန်အဖြစ်ကျင်းပတာပေါ့။ အရင်တုန်းက ကျင်းပခဲ့တဲ့ ကျင်ပွဲမှာ ဂျူဒိုအဖွဲ့ကလူတွေလည်းလာကစားတယ်။ ဒီနှစ်ပွဲမှာတော့ မြန်မာ့လက်ဝှေ့ကလူတွေလာပြိုင်မယ်လို့သိရပါတယ်။ အခုချိန်မှာ ရန်ကုန်မြို့ကိုပြောင်းရွှေ့လာတဲ့ ရခိုင်လူမျိုးတွေအများကြီးဖြစ်လာပါပြီ။ ဒီတော့ ကိုယ့်ရဲ့ရိုးရာဓလေ့တွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့နဲ့လူငယ်တွေစိတ်ပါဝင်စားလာဖို့ကျင်းပတာပါ ”ဟု ပွဲတော်ဖြစ်မြောက်ရေးကော်မတီ၏ အတွင်းရေးမှူးနှင့်ကျင်ပွဲတာဝန်ခံ ဦးလှမြင့်က ဆိုပါသည်။

# In Brief

■ ၂၀၁၁ခုနှစ်အတွင်း ဝင်ငွေအများဆုံးရရှိခဲ့သည့် ဂီတအဖွဲ့များစာရင်းတွင် U2အဖွဲ့က ထိပ်ဆုံးမှဦးဆောင်ခဲ့ကြောင်း သိရှိရသည်။ U2 အဖွဲ့သည် ၂၀၁၁ ခုနှစ်အတွင်း မြောက်အမေရိကအပါအဝင် ကမ္ဘာတစ်ဝန်း ဖျော်ဖြေပွဲများမှတစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၆ သန်းကျော်ရရှိခဲ့ကြောင်းသိရသည်။ ဖျော်ဖြေပွဲမှတစ်ဆင့် ဝင်ငွေအကောင်းဆုံးရရှိခဲ့သော ဂီတသမားများစာရင်းတွင် တေလာဆွဖ်၊ ကန်နီချက်စနီ၊ လေဒီဂါဂါနှင့် ဘွန်ဂျိဗီတို့လည်း ပါဝင်ခဲ့ကြပါသည်။

■ ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံးစာအုပ်များစာရင်းကို Amazon ဝက်ဘ်ဆိုက်မှ ထုတ်ပြန်ကြေညာခဲ့ရာ အဆိုပါစာရင်းတွင်–

၁။ The 50 Funniest American Writers(Andy Borowitz )

၂။ Harry Potter Page to Screen: The Complete Filmmaking Journey(Bob McCabe)

၃။Pearl Jam Twenty (Pearl Jam)

၄။ George Harrison: Living in the Material World(Olivia Harrison)

၅။StoriesI Only Tell My Friends: An Autobiography(Rob Lowe)

၆။ Here Comes Trouble: Stories from My Life (Michael Moore )

၇။ Fear and Loathing at Rolling Stone: The Essential Writing of Hunter S. Thompson (Hunter S. Thompson)

၈။ It's So Easy: and other lies (Duff McKagan)

၉။ The Guitar Collection: Solid body '54 Edition (Walter Carter)

၁၀။ Go the F**k to Sleep (Adam Mansbach) အစရှိသော စာအုပ်များပါဝင်ခဲ့ပါသည်။

# ၂၀၁၁ ခုနှစ်၏ အကောင်းဆုံးဇာတ်ကားအဖြစ် The Artist ဇာတ်ကားကို တိုင်းမ်မဂ္ဂဇင်းမှ ရွေးချယ်

၂၀၁၁ ခုနှစ်၏ အကောင်းဆုံးဇာတ်ကားအဖြစ် The Artist ဇာတ်ကားကို တိုင်းမ်မဂ္ဂဇင်းမှ ရွေးချယ်ဖော်ပြခဲ့သည်။ ထိုဇာတ်ကားနှင့်အတူ အခြားသောဇာတ်ကား ကိုးကားကိုလည်း အကောင်းဆုံးစာရင်းဝင်အဖြစ်ရွေးချယ်ခဲ့ပါသည်။ The Artist ဇာတ်ကား နှင့်အတူ ၂၀၁၁ ခုနှစ်၏ အကောင်းဆုံးဇာတ်ကား စာရင်းဝင်ခဲ့သည့် အခြားဇာတ်ကားများမှာ Hugo၊ Detective Dee and the Mystery of the Phantom Flame ၊ The Tree of Life ၊ War Horse ၊ Super 8 ၊ Cave of Forgotten Dreams ၊ Rise of the Planet of the Apes၊ Rango နှင့် Fast Five ဇာတ်ကားတို့ဖြစ်ကြသည်။

တိုင်းမ်မဂ္ဂဇင်း၏ တစ်နှစ်တာအတွင်း အကောင်းဆုံးဇာတ်ကားရွေးချယ်မှုသည် အစဉ်အလာကောင်းခဲ့သော်လည်း ယခုနှစ်ရွေးချယ်မှုတွင်မူဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့်အကောင်းဆုံးဇာတ်ကားစာရင်းတွင် Rango ဇာတ်ကားနှင့် Fast Five ဇာတ်ကားတို့ရွေးချယ်ခဲ့ခြင်းအပေါ် ဝေဖန်ခံခဲ့ရခြင်းဖြစ်သည်။ Rango ဇာတ်ကားကို ရွေးချယ်ခဲ့ခြင်းသည် ဟာသလုပ်ခြင်းဖြစ်သည်ဟု ယူဆနိုင်သော်လည်း Fast Five ဇာတ်ကားကို ရွေးချယ်ခဲ့သည်မှာမူ ဒီဇင်ဘာလအတွင်း April Fools ဖြစ်စေခဲ့သည်ဟူသော ဝေဖန်မှုများထွက်ပေါ်ခဲ့သည်။

## အမေရိကန်ကွန်ဂရက်စာကြည့်တိုက်မှ ထိန်းသိမ်းမည့် ဇာတ်ကားများစာရင်းထုတ်ပြန်

အမေရိကန် ကွန်ဂရက်စာကြည့်တိုက်မှ ၂၀၁၁ ခုနှစ်အတွက် ထိန်းသိမ်းသွားမည့်ဇာတ်ကား ၂၅ ကားစာရင်းကိုထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ထိန်းသိမ်းမည့် ဇာတ်ကားများစာရင်းတွင်ဒစ္စနေ၏ ဂန္ထဝင်ကာတွန်းရုပ်ရှင် Bambi ဇာတ်ကားနှင့် လျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည့် The Silence of the Lambs ဇာတ်ကားများလည်းပါဝင်ကြောင်း သိရသည်။ ထို့အပြင်တွန်ဟန့်စ်၏ အကောင်းဆုံးဇာတ်ကားတစ်ကားဖြစ်ခဲ့သော Forrest Gump ဇာတ်ကားလည်း ပါဝင်မည်ဟုသိရသည်။ ကွန်ဂရက်စာကြည့်တိုက်အနေဖြင့်ဌာနခွဲဖြစ်သော အမေရိကန်ရုပ်ရှင် မော်ကွန်းထိန်းဌာနမှတစ်ဆင့် တစ်နှစ်ချင်းစီအလိုက်ထိန်းသိမ်းမည့်ဇာတ်ကားများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကာယခုနှစ်တွင်ဆန်ခါတင်ဇာတ်ကားစုစုပေါင်း ၂၂၂၈ ကားအနက်မှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။




**အမေရိကန်ကွန်ဂရက်စာကြည့်တိုက်မှ ထိန်းသိမ်းမည့်ဇာတ်ကားအချို့**

**The Big Heat (1950)**
**Faces (1968)**
**I, an Actress (1977)**
**The Cry of the Children(1912)**
**A Cure for Pokeritis (1912)**
**The Kid (1921)**
**Stand and Deliver (1988)**
**Hester Street (1975)**
**The Lost Weekend (1945)**
**The Iron Horse(1924)**
**Norma Rae (1979)**
**Porgy and Bess (1959)**
**The Negro Soldier (1944)**
**A Computer Animated Hand (1972)**
**Growing up Female(1970)**
**Bambi (1942)**
**The Silence of the Lambs (1991)**

**အောင်ချမ်းသာ**

**ဆေးခါးကျွမ်းကျင်/ သူနာပြုအကူသင်တန်း**

[illegible]

**"ဆေးအကြောင်း အမှန်တကယ် နားလည်တတ်မြောက်ချင်ရင် ရှေ့မဆုတ်တမ်း အောင်ချမ်းသာသို့ ကြွခဲ့ပါ။"**

[illegible]

အပတ်စဉ်(၁၂၀၄) ဆေးဝါးကျွမ်းကျင် /သူနာပြုအကူသင်တန်း (Mon to Fri) (တစ်လပြတ်အလွှ)
(၉–၁–၂၀၁၂) (I) 7:30 - 12:00 AM (၁၂)ဦး (II) 9:00 - 2:00 PM (၁၂)ဦး (III) 12:30 - 5:00 PM (၁၂)ဦး

အပတ်စဉ် (၁၂၀၅) ဆေးဝါးကျွမ်းကျင် /သူနာပြုအကူသင်တန်း (Mon to Thur) (နှစ်လပြတ်အလွှ)
(၁၀–၁–၂၀၁၂) (I) 9:00 - 12:00 AM (၁၂)ဦး (II) 12:30 - 3:30 PM (၁၂)ဦး

အပတ်စဉ် (၁၂၀၆) ဆေးဝါးကျွမ်းကျင် /သူနာပြုအကူသင်တန်း (Sat to Sun) (နှစ်လပြတ်အလွှ)
(၇–၁–၂၀၁၂) (I) 7:30 - 12:00 AM (၁၂)ဦး (II) 9:00 - 2:00 PM (၁၂)ဦး (III) 12:30 - 5:00 PM (၁၂)ဦး

အပတ်စဉ် (၁၂၀၇) ဆေးဝါးကျွမ်းကျင် /သူနာပြုအကူသင်တန်း (Sunday Only)(သုံးလပြတ်အလွှ)
(၈–၁–၂၀၁၂) (I) 9:00 - 3:30 AM (၁၂)ဦး

[illegible]
Basic Grammar and 4 Skills [illegible]

[illegible]

ELEVEN MEDIA GROUP Co., Ltd.

အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ၄၀၁၄၁၁ ဖက်စ် - ၄၀၀၅၂၈

## The family of the late



## ROY LIM JUE HU

**passed away peacefully on 17 Dec 2011**

*wish to express their heartfelt thanks and appreciation to our relatives, friends, colleagues and business associates for their kind assistance, attendance, condolences, donations and wreaths during our recent bereavement.*

We would also like to thank the Doctors and Nurses of A & E and Ward 27 of Changi General Hospital and Assisi Hospice.

## ဧပြီ ၂၈ မှာအဆုံးအဖြတ်ဟု မန်စီနီ ဆို

မန်စီးတီးအသင်း၏နည်းပြဖြစ်သူ မန်စီနီက လာမည့်ဧပြီလ ၂၈ ရက်နေ့တွင်ယှဉ်ပြိုင်ကစားမည့် မန်ချက်စတာဒါဘီပွဲ၏ရလဒ်မှာ ယခုနှစ်ရာသီပရီးမီးယားလိဂ်၏ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာမည်ဟု ပြောကြားခဲ့သည်။ မန်စီနီက "ကျွန်တော်တို့ဟာတောင့်တင်းတဲ့အသင်းကြီးတစ်သင်းဖြစ်ကြောင်းပြသလိုတယ်ဆိုရင် အိမ်ကွင်းမှာကစားရမယ့် ဧပြီလ ၂၈ ရက် မန်ချက်စတာဒါဘီပွဲက အဆုံးအဖြတ်ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့ထိပ်ဆုံးမှာရပ်တည်ဖို့ဆိုရင် မန်ယူအသင်းကိုအဲဒီပွဲမှာအနိုင်ကစားပြဖို့လိုပါလိမ့်မယ်။ ၂၀၁၁ အတွင်းမှာ ကျွန်တော်တို့အလုပ်ကောင်းကောင်းလုပ်ပြနိုင်ခဲ့ပါတယ်။ ၂၀၁၂ မှာလည်း ဒီထက်ပိုပြီး တိုးတက်လာလိမ့်မယ်လို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

## ၂၀၁၂ မှာပိုကြိုးစားရမည်ဟု ဂျရတ်ကြုံးဝါး

လီဗာပူးလ်အသင်း၏အသင်းခေါင်းဆောင်ဖြစ်သူ စတီဖင်ဂျရတ်က ၂၀၁၂ ခုနှစ်အတွင်း၌ ၎င်းတို့အသင်းအနေဖြင့် ရှေ့ကိုသာဦးတည်လျှောက်လှမ်းသွားရမည်ဖြစ်ကြောင်းနှင့်ပိုမိုကြိုးစားသွားရမည်ဖြစ်ကြောင်းကိုပြောကြားခဲ့သည်။ ဂျရတ်က "၂၀၁၁ ခုနှစ်ကိုပြန်လှည့်ကြည့်နေဖို့မလိုပါဘူး။ ကျရှုံးခဲ့တာတွေကိုမေ့ပစ်ဖို့လိုပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာကျွန်တော်တို့စွမ်းဆောင်ခဲ့တာတွေကပြည့်စုံလုံလောက်ပါတယ်။ ၂၀၁၁ အတွက် ဘယ်လိုအစပြုပြီးသွားရမလဲဆိုတာကိုသာ ကျွန်တော်တို့စဉ်းစားရမှာပါ။ ကျွန်တော်ကတော့ ၂၀၁၂ မှာရှေ့ကိုသာဦးတည်အာရုံစိုက်ပြီးလျှောက်လှမ်းသွားမှာပါ။ ကျွန်တော်မျှော်လင့်ပါတယ်။ ကံတရားဟာ ကျွန်တော်တို့နဲ့အတူရှိနေလိမ့်မယ်ဆိုတာကိုပါ"ဟု ပြောကြားခဲ့သည်။

## ဘော်လ်တန်အသင်း၏ အင်္ဂလန်နောက်တန်းလူ ဂယ်ရီကာဟေးလ်အား ပေါင်ခုနစ်သန်းဖြင့်ခေါ်ယူရန် ချယ်လ်ဆီးအသင်းသဘောတူညီမှုရရှိ



ချယ်လ်ဆီးအသင်းသည် ဘော်လ်တန်အသင်း၏အင်္ဂလန်လက်ရွေးစင်နောက်တန်းလူဂယ်ရီကာဟေးလ်အား ပေါင်ခုနစ်သန်းဖြင့်ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၆ နှစ်ရှိ အင်္ဂလန်နောက်တန်းလူ ဂယ်ရီကာဟေးလ်ကို လန်ဒန်မြို့ခံပြိုင်ဘက်အသင်းဖြစ်သော အာဆင်နယ်အသင်းကခေါ်ယူရန် အဓိကကြိုးစားခဲ့ပြီး ချယ်လ်ဆီးအသင်းကဦးစွာခေါ်ယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ စကော့တလန်လူမျိုးနည်းပြဖြစ်သော ဘော်တန်အသင်းနည်းပြဖြစ်သူ အိုဝင်ကွိုင်းက "ကျွန်တော်တို့အသင်းနှစ်သင်းကြားမှာ ဂယ်ရီကာဟေးလ်နဲ့ပတ်သက်လို့သဘောတူညီမှုရရှိပြီးပါပြီ။ ကျွန်တော်ဂယ်ရီနဲ့စကားပြောကြည့်ပြီးပါပြီ။ သူဟာဘော်လ်တန်အသင်းအတွက်ဆိုရင် ဘယ်အရာမျိုးကိုမဆိုပေးဆပ်ဖို့ဆန္ဒရှိပါတယ်။ သူကိုယ်တိုင်လည်းနားလည်ပါတယ်။ ဘော်လ်တန်အသင်းဟာသူ့ကို ဒီကနေ့လိုအခြေအနေမျိုးထိလုပ်ဆောင်ပေးခဲ့တယ်ဆိုတာကိုပါ။ ကျွန်တော်တို့အသင်းအတွက်လည်း သူထွက်သွားလို့စိုးရိမ်စရာမရှိပါဘူး။ သူ့နေရာမှာ နယူးယောက်ရက်ဘူးလ်အသင်းရဲ့နောက်တန်းလူတင်မ်ရီယမ်နဲ့အစားထိုးသွားဖို့စီစဉ်ထားပါတယ်။ သူဟာဂယ်ရီရဲ့ကွက်လပ်ကိုသေချာပေါက်ဖြည့်တင်းနိုင်မှာပါ"ဟုပြောကြားခဲ့သည်။




## Sports News In Brief

**မန်စီးတီး** ➢ မန်စီးတီးနည်းပြ မန်စီနီက ဝိန်းဘရစ်ဒ်အနေဖြင့် လွန်ခဲ့သည့်နှစ်နှစ်က အနာဂတ်ပျောက်ဆုံးနေမှုကိုပြန်အမှတ်ရသင့်ကြောင်း ဆိုခဲ့သည်။

**လိုင်လီ** ➢ လိုင်လီကွင်းလယ်လူ ဂျိုကိုးလ်က ချယ်လ်ဆီးအသင်းမှာမော်ရင်ဟိုလက်ထက်အခြေအနေမျိုးမရှိတော့ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

**ဘေယန်မြူးနစ်** ➢ ဘေယန်မြူးနစ်တိုက်စစ်မှူး အိုလစ်က ဘေယန်အသင်းမှထွက်ခွာမည်မဟုတ်ဟု ကတိပေးပြောကြားခဲ့သည်။

**မန်ယူ** ➢ မန်ယူအသင်းကွင်းလယ်လူ ရှိုင်ယန်ဂစ်ကမန်ယူအသင်း၏အတွေ့အကြုံရင့်ကျက်မှုက ချန်ပီယံဖြစ်စေလိမ့်မည်ဟု သုံးသပ်ခဲ့သည်။

**ဘာစီလိုနာ** ➢ ဘာစီလိုနာနောက်တန်းလူ အဲယ်ဗက်စ်က လာလီဂါချန်ပီယံဆုအတွက် ရီးယဲယ်ကိုထည့်တွက်စရာမလိုဟု ပြောကြားခဲ့သည်။

**အေစီမီလန်** ➢ အေစီမီလန်အသင်းဒုဥက္ကဋ္ဌ ဂယ်လီယာနီက တီဗက်ဇ်နှင့်ပါတိုကို အဓိကခေါ်ယူရန်ကြိုးစားသွားမည်ဟု ဆိုခဲ့သည်။

**အင်္ဂလန်** ➢ အင်္ဂလန်အသင်း၏နံပါတ်(၁)ဂိုးသမားဖြစ်သူ ဒေးဗစ်ဂျိမ်းစ်က အနာဂတ်တွင် အင်္ဂလန်အသင်း၏ဂိုးနည်းပြဖြစ်လိုကြောင်း ဆိုခဲ့သည်။

## အွန်နရီကိုခေါ်ယူနိုင်ခဲ့ခြင်းအတွက် အလွန်ပင်ကျေနပ်ပျော်ရွှင်မိကြောင်း အာစင်ဝင်းဂါး ဆို



အာဆင်နယ်အသင်း နည်းပြဖြစ်သူ အာစင်ဝင်းဂါးသည် အသင်း၏ဂန္တဝင်တိုက်စစ်မှူးဟောင်းဖြစ်သူ အွန်နရီကိုပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းအတွက်အလွန်ပင်ကျေနပ်ပျော်ရွှင်မိကြောင်း ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် အွန်နရီကိုနှစ်လအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အာဖရိကဖလားပြိုင်ပွဲကိုသွားရောက်ကစားမည့်တိုက်စစ်မှူး ချာမက်နှင့်ဂျာဗင်ဟိုတို့နေရာတွင် အစားထိုးသွားမည်ဖြစ်ကြောင်းသိရသည်။ အာစင်ဝင်းဂါးက "ကတိကဝတ်တွေကို ကျွန်တော်ဂရုမစိုက်ပါဘူး။ အစကတည်းက သူ့ကိုကျွန်တော်တို့ပြန်လည်ခေါ်ယူနိုင်လိမ့်မယ်လို့ယုံကြည်ထားခဲ့တာပါ။ နှစ်လဆိုတာ ကျွန်တော်တို့အတွက်အကျိုးရှိစေမှာပါ။ သူဟာပါရမီရှင်တိုက်စစ်မှူးတစ်ဦးပါ။ သူ့ရဲ့အတွေ့အကြုံတွေနဲ့စွမ်းဆောင်မှုတွေက ကျွန်တော်တို့အသင်းကိုအထောက်အကူပြုပါလိမ့်မယ်။ သူ့ကိုကျွန်တော်တို့ပြန်ခေါ်နိုင်ခဲ့တဲ့အတွက် အလွန်ပဲကျေနပ်ပျော်ရွှင်မိပါတယ်။ သူဟာအာဆင်နယ်ပရိသတ်တွေနဲ့ဝေးကွာသွားပေမယ့် ပရိသတ်တွေရဲ့ရင်ထဲမှာတော့ မဝေးကွာပါဘူး။ လွန်ခဲ့တဲ့ ၁၀ နှစ်ကအခြေအနေမျိုးအတိုင်းပဲအာဆင်နယ်အသင်းမှာသူ့ကိုခင်ဗျားတို့ပြန်မြင်တွေ့ရပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

အွန်နရီသည်အာဆင်နယ်အသင်းအတွက် ၂၅၄ ပွဲကစား ၁၇၀ ဂိုးသွင်းယူထားသည်။

## ၂၀၁၂ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၁)ကို YUSC၊ အောင်ဆန်း၊ ပဒုမ္မာနှင့် ဗထူးကွင်းများတွင် ဇန်နဝါရီလ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်များ၌ ကျင်းပမည်

၂၀၁၂ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ကို YUSC ကွင်း၊ အောင်ဆန်းကွင်း၊ ဗထူးကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ဇန်နဝါရီလ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်နေ့များတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပွဲစဉ်(၁) တွင် ၂၀၁၁ ခုနှစ် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲနှင့် ရှုံးထွက်ဖလားချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲတတိယဆုရ ဇေယျာရွှေမြေအသင်းတို့သည် ရန်ကုန်ယူနိုက်တက်အသင်းပိုင်ကွင်းဖြစ်သောYUSC ကွင်းတွင် ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

အခြားပွဲစဉ်များတွင် အမှတ်ပေးပြိုင်ပွဲဒုတိယနေရာရ ဧရာဝတီယူနိုက်တက်အသင်းနှင့်အသင်းသစ်မောရဝတီအသင်းတို့သည်ပဒုမ္မာကွင်း၊ ရတနာပုံအသင်းနှင့် ဆောက်သမ်းအသင်းတို့သည် ဗထူးကွင်း၊ မနောမြေအသင်းနှင့်မကွေးအသင်းတို့သည် အောင်ဆန်းကွင်း၊ ရက္ခပူရအသင်းနှင့်နေပြည်တော်အသင်း တို့သည် YUSC ကွင်း၊ ချင်းယူနိုက်တက်နှင့် ကမ္ဘောဇအသင်းတို့သည်ပဒုမ္မာကွင်း၊ ဇွဲကပင်နှင့်ဟံသာဝတီအသင်းတို့သည် အောင်ဆန်းကွင်းများတွင် အသီးသီး ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။

## MNL ပြိုင်ပွဲဝင်အသင်းများ၏ နည်းပြချုပ်များ အနိမ့်ဆုံး AFC 'B' လိုင်စင်ရှိရမည်ဟု သတ်မှတ်

MNL ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ကြမည့်အသင်းများ၏ နည်းပြချုပ်များနှင့် နည်းစနစ်ဒါရိုက်တာများသည် အနိမ့်ဆုံး AFC 'B' လိုင်စင်ရှိရမည်ဟုသတ်မှတ်လိုက်ကြောင်း သိရှိရသည်။

MFF သည် လက်ထောက်နည်းပြ၊ဂိုးနည်းပြနှင့်ကြံ့ခိုင်ရေးနည်းပြတို့ကိုလည်း AFC 'C' လိုင်စင်(သို့) ဂိုးနည်းပြသင်တန်း Conditioning Courseသင်တန်းတက်ရောက်အောင်မြင်ပြီးသူများဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ၂၀၁၁ ပြိုင်ပွဲတွင် MFF သည် နည်းပြချုပ်ကို AFC'C' လိုင်စင်နှင့်နည်းစနစ်ဒါရိုက်တာကို AFC'B' လိုင်စင်ရှိရမည်ဟု သတ်မှတ်ထားခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် MNL ပြိုင်ပွဲကို အဆင့်မြှင့်တင်ခြင်းအပြင် AFC Cup ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို တိုးမြှင့် သတ်မှတ်လိုက်ခြင်းဖြစ်သည်။

## မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြုလုပ်သော မြန်မာနေရှင်နယ်လိဂ်ကွန်မြူနတီဖလားပြိုင်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အား ပင်နယ်တီဖြင့်အနိုင်ရဗိုလ်စွဲ



မြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်ကျင်းပခဲ့သည် မြန်မာနေရှင်နယ်လိဂ်ကွန်မြူနတီဖလားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာလ ၃၁ ရက်နေ့က ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ကျင်းပခဲ့ရာ ၂၀၁၁ မြန်မာနေရှင်နယ်လိဂ်ဒုတိယနေရာရ ဧရာဝတီယူနိုက်တက်အသင်းက လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းကို မိနစ်(၉၀)တွင် သရေကျခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်ကျင်းပသောပြိုင်ပွဲဖြစ်သည်နှင့်အညီ နှစ်သင်းစလုံးအမာခံကစားသမားများကိုပွဲထုတ်ကစားသွားခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်အသင်းဘက်သို့ဖိကစားသွားနိုင်ခဲ့သော်လည်း နောက်တန်းနှင့်ဂိုးသမားတို့၏ အားနည်းချက်များကြောင့် ချေပဂိုးများပြန်လည်ပေးအပ်ရခြင်း ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက်ဂိုးများကို ရန်အောင်ကျော်နှင့် အသစ်ဝယ်ယူထားသော ကွင်းလယ်လူ မလာဒန်က သွင်းယူပေးခဲ့ခြင်း ဖြစ်ကာ ဧရာဝတီယူနိုက်တက်အသင်းရရှိသော ချေပဂိုးများမှာမူ ရန်ကုန်ယူနိုက်တက်အသင်းးသားများ ကိုယ့်ဂိုးကိုယ်သွင်းခြင်းမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိနစ် ၉၀ ပြည့်ပြီးသည်အထိ (၂-၂) ဂိုးဖြင့် သရေကျနေသဖြင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူရာ ဧရာဝတီယူနိုက်တက်အသင်းက ငါးလုံးဝင်အောင် သွင်းယူနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှကစားသမားရန်အောင်ကျော်သွင်းယူသော ပင်နယ်တီကို ဂိုးသမားသီဟစည်သူကာကွယ်နိုင်ခဲ့သဖြင့် ပွဲအပြီးတွင် ဧရာဝတီယူနိုက်တက်အသင်းက (၇-၅) ဂိုးဖြင့်အနိုင်ရရှိသွားခဲ့သည်။

ဧရာဝတီယူနိုက်တက် အသင်းသည်မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်ကျင်းပသည့်ကွန်မြူနတီဖလားပြိုင်ပွဲ၏ ပွဲဦးထွက် ချန်ပီယံအဖြစ်မှတ်တမ်းရေးထိုးနိုင်ခဲ့ပြီး ယနေ့ပွဲမှရရှိသော ကွင်းဝင်ကြေးများ၊ MNL ၁၄ သင်းမှ တစ်သင်းလျှင် သိန်း ၃၀ စီနှင့် MRTV-4 မှ ငွေကျပ်သိန်း ၄၀ စုစုပေါင်း သိန်း ၅၀၀ ကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိမီးဘေးဒုက္ခသည်များအားသွားရောက် လှူဒါန်းမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။





# ၂၀၁၁ နိုင်ငံတကာအားကစားလောကရဲ့ထင်ရှားဖြစ်ရပ်များ

**မန်ယူအသင်းရဲ့သမိုင်းဝင်စံချိန်သစ် ■** ပြီးခဲ့သည့်မေလအတွင်းက မန်ယူအသင်းသည် ဘလက်ဘန်းအသင်းကို သရေကစားပြီး သမိုင်းဝင်စံချိန်သစ်တစ်ခုကိုရေးထိုးနိုင်ခဲ့သည်။ ယင်းသရေပွဲမှာ မန်ယူအသင်းအတွက် ယမန်နှစ်ပရီးမီးယားလိဂ်ချန်ပီယံဆုဆွတ်ခူးရန်သေချာစေခဲ့သည့်ပွဲဖြစ်ခဲ့ပြီး အမှတ်ပေးချန်ပီယံဆုကို (၁၉) ကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် မန်ယူအသင်းသည် အမှတ်ပေးချန်ပီယံဆု(၁၈)ကြိမ်ရရှိထားသည့်လီဗာပူးလ်အသင်းကို ကျော်လွန်ကာ အင်္ဂလန်ဘောလုံးလောက၏အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့သည်။

**(၇)ကြိမ်လက်စားချေခွင့်ရပေမယ့် (၁)ကြိမ်သာစွမ်းခဲ့တဲ့မော်ရင်ဟို ■** ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်တွင် သမိုင်းတစ်လျှောက် El Clasico အများဆုံးနှစ်ဖြစ်ခဲ့သည်။ ပထမဆုံးယှဉ်ပြိုင်ရသည့် El Clasico တွင် (၅–၀)ဂိုးဖြင့်ပြတ်ပြတ်သားသားရှုံးနိမ့်ခဲ့ရသည့် မော်ရင်ဟိုအတွက်ပြီးခဲ့သည့်နှစ်အတွင်း ဘာစီလိုနာနှင့် (၇)ကြိမ်ပြန်လည်တွေ့ဆုံခွင့်ရရှိခဲ့သည်။ သို့ရာတွင် ယင်း(၇)ကြိမ်၌ စပိန်ဘုရင့်ဖလားဗိုလ်လုပွဲတွင်သာ အချိန်ပိုတွင်အနိုင်ယူနိုင်ခဲ့ပြီး ကျန်(၆)ကြိမ်တွင် (၃)ပွဲ သရေ၊ (၃)ပွဲရှုံးဖြင့် မော်ရင်ဟိုကျရှုံးခဲ့ရသည်။

**Stand-out Players (သို့) မက်ဆီ၊ ဂျိုကိုဗစ်၊ ဗက်တဲလ် ■** ပြီးခဲ့သည့်၂၀၁၁အတွင်း မက်ဆီ၊ ဂျိုကိုဗစ်၊ ဗက်တဲလ်၊ လုခ်ဒေါ်နယ်လ်တို့မှာ သက်ဆိုင်ရာအားကစားနယ်ပယ်အသီးသီးတွင် အကောင်းဆုံးလွှမ်းမိုးနိုင်ခဲ့ကြသည်။ မက်ဆီမှာ ဘာစီလိုနာအသင်းနှင့်အတူဖလားငါးလုံးဆွတ်ခူးခဲ့ပြီး ၂၀၁၁အတွင်း ၅၂ ဂိုးအထိသွင်းယူနိုင်ခဲ့သလို၊ ဂျိုကိုဗစ်မှာလည်း ဂရင်းစလင်း ပြိုင်ပွဲသုံးပွဲတွင် ဗိုလ်စွဲနိုင်ခဲ့ကာ ၂၀၁၁ အတွင်းဆုဖလား ၁၀ လုံးရရှိခဲ့သည်။ ဗက်တဲလ်မှာလည်း ပြီးခဲ့သည့်ရာသီ ဖော်မြူလာဝမ်းပွဲစဉ် (၁၉) ပွဲ၌ (၁၁) ပွဲ ဗိုလ်စွဲခဲ့ပြီးပြိုင်ပွဲ၏အသက်အငယ်ဆုံးနှစ်နှစ်ဆက်ချန်ပီယံဖြစ်လာခဲ့သည်။

**ဘောလုံးလောကမှာမရှိသင့်တော့တဲ့အရာတစ်ခု(သို့) Racism ■** ဘောလုံးလောကအတွင်း အသားအရောင်ခွဲခြားမှုများပပျောက်အောင်တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသော်လည်း နာမည်ကျော်ဘောလုံးသမားများ ကိုယ်တိုင်အသားရောင်ခွဲခြားနေကျသလို၊ ခွဲခြားမှုများလည်းခံနေကြရလျက်ရှိသည်။ လီဗာပူးလ်–မန်ယူပွဲတွင် အီဗရာအားဆွာရက်ဇ်လည်းကောင်း၊ QPR–ချယ်လ်ဆီးပွဲတွင် ဂျွန်တယ်ရီက အန်တန်ဖာဒီနန်အားလည်းကောင်း လူမျိုးရေးခွဲခြားမှုများပြုလုပ်ခဲ့ကြသည်။ ယင်းလုပ်ရပ်များကြောင့် ဆွာရက်ဇ် ၈ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသလို၊ တယ်ရီမှာလည်း ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးမှုကို ခံယူရမည်ဖြစ်သည်။

**တီဗက်ဇ်ရဲ့ပရော်ဖက်ရှင်နယ်မပီသတဲ့လုပ်ရပ် ■** စက်တင်ဘာလ ၂၇ ရက်နေ့က ဘေယန်မြူးနစ်အသင်းနှင့်ယှဉ်ပြိုင်ခဲ့သည့်ချန်ပီယံလိဂ်ပွဲစဉ်တွင် မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်မှာ ပရော်ဖက်ရှင်နယ်မပီသသည့်လုပ်ရပ်တစ်ခုကိုပြုလုပ်ခဲ့သည်။ ယင်းပွဲတွင် နည်းပြမန်စီနီ၏လူစားဝင်ရန်ညွှန်ကြားချက်ကိုလိုက်နာရန်ငြင်းဆန်ခဲ့ခြင်းဖြစ်ပြီး အသင်းမှပွဲပယ်ပြစ်ဒဏ်ချမှတ်ကာအရေးယူခဲ့ရာ တွင်လည်း အသင်း၏ခွင့်ပြုချက်မရဘဲ အာဂျင်တီးနားနိုင်ငံသို့ပြန်သွားခဲ့သည်အထိ ဂုဏ်သိက္ခာမဲ့သည့်လုပ်ရပ်များ ဆက်လက်ကျူးလွန်ခဲ့သည်။

**အောင်မြင်မှုအတွက်နှစ်နှစ်ကျော်ကြာစောင့်ခဲ့ရတဲ့တိုက်ဂါးဝုဒ် ■** ၂၀၀၉ နိုဝင်ဘာလမှစတင်ကာ လူမှုရေးပြဿနာများ၊ ဒဏ်ရာပြဿနာများကြောင့် လက်ရည်ကျဆင်းခဲ့ရသည့်နာမည်ကျော်ဂေါက်သီးသမားတိုက်ဂါးဝုဒ်မှာဒီဇင်ဘာအတွင်းက ကျင်းပခဲ့သည့် Cheveron World Challenge ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည်။ ယင်းနိုင်ပွဲရရှိရန်အတွက် တိုက်ဂါးဝုဒ်စောင့်စားခဲ့ရသည့်အချိန်မှာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့သည်။

**စောတိုင်းလည်းမကောင်းခဲ့တဲ့အူစိန်ဘော့ ■** တောင်ကိုရီးယားနိုင်ငံ၊ ဒေဂူးမြို့တွင်ကျင်းပခဲ့သည့် ၂၀၁၁ ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် လက်ရှိချန်ပီယံအူစိန်ဘော့မှာပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရသည်။ အကြောင်းရင်းမှာ အူစိန်ဘော့သည် ဒိုင်လူကြီးမှ တာမလွှတ်မီတာထွက် စောခဲ့ခြင်းကြောင့်ဖြစ်ပြီး ချန်ပီယံဘွဲ့ကိုကာကွယ်ခွင့်ဆုံးရှုံးခဲ့ရသည်။

**အာရှတိုက်အတွက်ပထမဆုံးဂရင်းစလင်းဆုယူပေးခဲ့တဲ့ လီနာ ■** တရုတ်တင်းနစ်မယ်လီနာမှာ ဇွန်လအတွင်းက ကျင်းပခဲ့သည့် ဂရင်းစလင်းတင်းနစ်ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံရှီယာဗိုနီအားအနိုင်ရဗိုလ်စွဲခဲ့သည်။ ယင်းကဲ့သို့ဗိုလ်စွဲခဲ့မှုကြောင့် လီနာမှာ ဂရင်းစလင်းတင်းနစ်ပြိုင်ပွဲတစ်ပွဲတွင် ဗိုလ်စွဲနိုင်ခဲ့သည့်အာရှတိုက်မှပထမဆုံးတင်းနစ်မယ်အဖြစ်မှတ်တမ်းဝင်ခဲ့သည်။

**မထူးဆန်းပေမယ့်ထူးခြားခဲ့တဲ့အချစ်ဇာတ်လမ်းတစ်ပုဒ် ■** ပြီးခဲ့သည့် နှစ်အတွင်းကစတင်ပျံ့နှံ့ခဲ့သည့် မက်အီရှိုင်းနှင့်ဝေါ်ဇနီယာကီတို့၏အချစ်ဇာတ်လမ်းမှာ ပရိသတ်များအကြားစိတ်ဝင်တစားရှိခဲ့ကြသည့် သတင်းတစ်ခုဖြစ်ခဲ့သည်။ လူပျိုနှင့်အပျိုသာမန်ချစ်ကြိုက်သည့်သတင်းတစ်ခုသာဖြစ်သော်လည်း ကမ္ဘာ့အဆင့်(၃)ရှိ တက်သစ်စဂေါက်သီးသမားနှင့် ကမ္ဘာ့နံပါတ် (၁) တင်းနစ်မယ်တို့၏ ထူးထူးခြားခြားဆုံစည်းမှုကပရိသတ်များ၏အာရုံကိုဖမ်းစားနိုင်ခဲ့သည်။ တစ်ဦးယှဉ်ပြိုင်သည့်ပြိုင်ပွဲကို တစ်ဦးက အချိန်အားတိုင်းသွားရောက်အားပေးလေ့ရှိသည့် ၎င်းတို့နှစ်ဦး၏သတင်းများကို ပရိသတ်များက ယခုအချိန်အထိစိတ်ဝင်တစားစောင့်မျှော်နေကြဆဲဖြစ်သည်။

**၂၀၁၁အတွင်းကြေကွဲဖွယ်ခွဲခွာခဲ့ကြသူများ ■** ၂၀၁၁ ခုနှစ်အတွင်း အားကစားလောကနှင့် ပတ်သက်ဆက်နွှယ်နေသူအချို့ကြေကွဲဖွယ်နှုတ်ဆက်လမ်းခွဲခဲ့ကြသည်။ ဗြိတိန်ကားမောင်းသမား ဒန်ဝယ်လ်ဒွန်မှာ အမေရိကန်နိုင်ငံ၊ လတ်စ်ဗီးဂတ်တွင်းကျင်းပခဲ့သည့် IndyCar 300 ပြိုင်ပွဲယှဉ်ပြိုင်စဉ်အတွင်း ကား(၁၅)စီးပါဝင်ခဲ့သည့်မတော်တဆမှုတွင် အသက်ဆုံးရှုံးခဲ့ရသလို၊ အီတလီဆိုင်ကယ်သ မားဆီမွန်ဆယ်လီမှာလည်း MotoGP မလေးရှားဂရင်းပရီတွင် ယှဉ်ပြိုင်နေစဉ်ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားကာသေဆုံးခဲ့ရသည်။ ဝေးလ်စ်လက်ရွေးစင်အသင်းနည်းပြဂယ်ရီစပိဒ်မှာ ၎င်း၏နေအိမ်တွင်ကြိုးဆွဲချသေဆုံးခဲ့သလို ဘရာဇီးလ်ဂန္ထဝင်ကစားသမားဆိုကရေးတီးစ်မှာလည်း အသက် ၅၇ နှစ်အရွယ်တွင်ကွယ်လွန်ခဲ့သည်။ စပိန်ဂန္ထဝင်ဂေါက်သီးသမားဘယ်လက်စတီရို့စ်မှာ ဦးနှောက်ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သလို၊ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်းဂျိုးဖရေဇီယာမှာလည်း အသည်းကင်ဆာရောဂါဖြင့်ကွယ်လွန်ခဲ့သည်။ ထို့ပြင်ရုရှားရေခဲပြင်ဟော်ကီအသင်းဖြစ်သည့် လိုကိုမိုးတစ်ယာရိုဆလာဗယ်အသင်းမှကစားသမား ၂၆ ဦးနှင့် နည်းပြအဖွဲ့ဝင် ၁၁ ဦးမှာ လေယာဉ်ပျက်ကျရာတွင်ပါဝင်ပြီး အသက်ဆုံးရှုံးခဲ့ကြရသည်။








Weekly ELEVEN NEWS
No 14 Vol 7 January 4 Wednesday 2012

# ထင်ရှားကျော်ကြား ၂၀၁၁

၂၀၁၁ ခုနှစ်အတွင်း ပြည်တွင်းပြည်ပမီဒီယာများနှင့် အများပြည်သူများအကြား သိသာထင်ရှားသော လုပ်ရပ်များကြောင့် ထင်ရှားကျော်ကြားခဲ့သော ပုဂ္ဂိုလ်များ၊ ဖြစ်စဉ်ဖြစ်ရပ်များ၊ အဖွဲ့အစည်းများအား Weekly Eleven News ဂျာနယ်မှ ရွေးချယ်ဖော်ပြအပ်ပါသည်။ မူဝါဒနှင့် သဘောထားမှာ Weekly Eleven News ဂျာနယ် အယ်ဒီတာအဖွဲ့၏အာဘော်နှင့်သဘောထားဖြစ်ပါသည်။ အကယ်၍ ရွေးချယ်မှုတွင် ၂၀၁၁ ခုနှစ်အတွင်း ထင်ရှားသောအဖြစ်အပျက်များ၊ ထင်ရှားကျော်ကြားသူများ၊ ကျန်ရစ်မှုအချို့ရှိနိုင်ပြီး အဆိုပါကျန်ရစ်ခဲ့မှုများရှိပါက ရွေးချယ်သော အယ်ဒီတာအဖွဲ့၏တာဝန်သာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

■ **Person of the Year**

၁။ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်

■ **နိုင်ငံရေးနယ်ပယ်မှ ထင်ရှားမှုအချို့**

၁။ မြစ်ဆုံအရေးကိစ္စနှင့် နိုင်ငံတော်သမ္မတ၏ဆုံးဖြတ်ချက်
၂။ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ရရှိခြင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်လာရောက်ခြင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်ခြင်း
၃။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံး တွေ့ဆုံမှု
၄။ မျှော်လင့်ချက်များဖြစ်စေခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပထမဆုံးမိန့်ခွန်း
၅။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ NLD ပါတီမှတ်ပုံတင်ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည် အခန်းကဏ္ဍ
၆။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအချို့နှင့် ထင်ရှားသော လူ့ရှင်တော်ဇာဂနာ အပါအဝင် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ် ပြုလုပ်ခြင်း
၇။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုးပမ်းလာခြင်း
၈။ ၂၀၁၁ ခုနှစ်အတွင်း Eleven Media Group မှ ပြုလုပ်ခဲ့သည့် အခမ်းအနားများ
၉။ လွှတ်တော်အတွင်း ဒီမိုကရေစီကျင့်သုံးမှု ပိုမိုပီပြင်လာသည့် ပထမအကြိမ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများ

■ **စီးပွားရေးနယ်ပယ်မှ ထင်ရှားမှုအချို့**

၁။ ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် အလွန်အမင်းဈေးကစားမှုကြောင့် သမိုင်းတစ်လျှောက်အမြင့်ဆုံးဈေးဖြင့် လည်ပတ်ခဲ့သော ၂၀၁၁ ခုနှစ် အိမ်ခြံမြေဈေးကွက်
၂။ နိုင်ငံရေး၊ စီးပွားရေးအပြောင်းအလဲအချို့ကြောင့် ပြည်ပနိုင်ငံများ၏ စိတ်ဝင်စားမှုကိုရရှိခဲ့သော မြန်မာ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍ
၃။ ဥပဒေကြောင်းအရမဟုတ်ဘဲသိမ်းယူမှုများကြောင့် လုပ်ခတ်ခဲ့သော လယ်ယာလုပ်ငန်းခွင်ကဏ္ဍနှင့် အတည်မပြုရသေးသည့် လယ်ယာမြေဥပဒေ
၄။ ဝန်ဆောင်မှုတိုးမြှင့်ပေးလာနိုင်သည့်ဘဏ်လုပ်ငန်းနှင့် ပြောင်းလဲစပြုလာသည့်ငွေရေးကြေးရေးကဏ္ဍ
၅။ ၁၄ နှစ်ကြာ အခွင့်ထူးခံများသာ ကန့်သတ်ထားသော ကားတင်သွင်းခြင်းကို ပြန်လည်ခွင့်ပြုခြင်း
၆။ လက်ဝါးကြီးအုပ်ကန့်သတ်ထားသည့် စားသုံးဆီနှင့် စက်သုံးဆီများကို အများစုအား တင်သွင်းခွင့်ပြုခဲ့ခြင်း
၇။ ရာသီဥတုဖောက်ပြန်၊ ပြည်ပဈေးမတက်၊ ပြည်တွင်းငွေလဲနှုန်း မတည်ငြိမ်မှုကြောင့် နိုင်ငံ့အခြေခံစိုက်ပျိုးမွေးမြူသူများအထိနာခဲ့ရခြင်း
၈။ ၁၇ လကြာပိတ်ထားခဲ့သော မြဝတီနယ်စပ်တံတားနှင့် နယ်စပ်ကုန်သွယ်ရေး ပြန်ဖွင့်ခဲ့ခြင်း

■ **ကျန်းမာရေးနယ်ပယ်မှ ထင်ရှားမှုအချို့**

၁။ ပဥ္စမနှင့်ဆဋ္ဌမအကြိမ်မြောက် ရင်ချင်းဆက်အမြွှာကို အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ခြင်း
၂။ ပထမဦးဆုံးအကြိမ်နားအတုခွဲစိတ်အောင်မြင်ခြင်း

■ **ပညာရေးနယ်ပယ်မှ ထင်ရှားမှုအချို့**

၁။ ၂၀၁၁နှင့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေပြဋ္ဌာန်းချက်
၂။ တက္ကသိုလ်ဝင်တန်းအမှတ်အများဆုံးရမမြတ်ရွှေရည်ထွန်း
၃။ စင်ကာပူဘွဲ့လွန်ပညာသင်ဆုရ မောင်သက်ဝေလှိုင်

■ **လူမှုရေးနယ်ပယ်မှ ထင်ရှားသူနှင့် ထင်ရှားမှုအချို့**

၁။ ဗုဒ္ဓမြတ်စွယ်တော်စတုတ္ထအကြိမ်မြောက်အပူဇော်ခံဒေသစာရီကြွချီခဲ့ခြင်း
၂။ ဥပဒေကြောင်းအရအခမဲ့အကူအညီပေးနေသည့် Legal Aid Project
၃။ HIV/AIDS Prevention & Care Sector ဦးဆောင်နေသူ ဒေါ်ဖြူဖြူသင်း
၄။ လူမှုရေးလုပ်ငန်းများနှင့်ထင်ရှားကျော်ကြားနေသည့် ဦးကျော်သူနှင့် နာရေးကူညီမှုအသင်း၏အခန်းကဏ္ဍ

■ **ထင်ရှားသည့်မှုခင်းဖြစ်စဉ်အချို့**

၁။ လူစိတ်ဝင်စားခဲ့သော မင်းမဲ့စရိုက်ဆန်သည့် မှုခင်းဖြစ်စဉ်များ
၂။ ဗုံးပေါက်ကွဲမှုများနှင့် မိုင်းဗုံးဟုသံသယဖြစ်ဖွယ်ဖြစ်စဉ်များ
၃။ ပြည်သူများ၏အရပ်ဘက်လုံခြုံရေးကို ရဲတပ်ဖွဲ့ဝင်များက သီးခြားတာဝန်ယူခဲ့ပြီး စစ်ဒေသမှ ရဲဒေသသို့ ပေါ်ပေါက်လာခြင်း

■ **စာပေ၊ အနုပညာနယ်ပယ်မှ ကျော်ကြားသူများနှင့်ကျော်ကြားမှုများ**

၁။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံး ပုံနှိပ်ဖော်ပြခွင့်ရရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည် ဆောင်းပါးနှင့် ဂျာနယ်များတွင်ဖော်ပြခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်မျက်နှာဖုံးများ
၂။ နိုင်ငံရေးသတင်းများ ပိုမိုဖော်ပြလာနိုင်မှုနှင့် ပုံနှိပ်မီဒီယာ
၃။ ထုတ်/တင်၊ တင်/ထုတ်နှင့် စာပေစိစစ်ရေးမူဝါဒအပြောင်းအလဲ
၄။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထားသည့် စာအုပ်အများအပြား ထွက်ရှိခဲ့ခြင်း
၅။ ရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီနှင့် ကြော်ငြာအများဆုံးရိုက်ကူးခွင့်ရရှိခဲ့သူ သရုပ်ဆောင်အကယ်ဒမီနေတိုး
၆။ ဒေါ်အောင်ဆန်းစုကြည်နှင့် ရုပ်ရှင်အနုပညာရှင်များတွေ့ဆုံ၍ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးရန်စီစဉ်မှုများ
၇။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဂီတအနုပညာရှင်များတွေ့ဆုံခဲ့ပြီး စိတ်ဓာတ်ခွန်အားတက်ကြွစေသည့် တေးသီချင်းများနှင့် ပြည်သူ့အကျိုးပြုတေးအယ်လ်ဘမ်စီစဉ်မှု
၈။ ထင်ရှားသည့်အနုပညာဖန်တီးမှုများနှင့် ဒါရိုက်တာဝိုင်း
၉။ ပရိသတ်ကြားရေပန်းစားတဲ့သီချင်းတွေနဲ့ ၂၀၁၁ ခုနှစ်အတွင်း အောင်မြင်လာတဲ့အိမ့်ချစ်
၁၀။ အဆိုတော်အဖြစ်သာမက တေးရေးအဖြစ်ပါ အောင်မြင်လာသည့် အောင်လ
၁၁။ ၂၀၁၁ ခုနှစ်အတွင်းများပြားလာသည့်ကာတွန်းပြပွဲများနှင့် သတင်းကာတွန်းများ၏အရေးပါလာမှု
၁၂။ ၂၀၁၁ ခုနှစ်အတွင်း လူငယ်များအကြား ဂီတနဲ့သာမက လူမှုရေး၊ နိုင်ငံရေးများကြောင့် အာရုံစိုက်ခြင်းခံရတဲ့ ဇေယျာသော်
၁၃။ ပရိသတ်စိတ်ဝင်စားအားပေးမှု အများအပြားရယူပိုင်ဆိုင်နိုင်ခဲ့သည့် သရုပ်ဆောင်သက်မွန်မြင့်
၁၄။ မြန်မာရုပ်ရှင်ပရိသတ်များ၏ အားပေးမှုအများဆုံးရရှိခဲ့သည့် "အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်" ရုပ်ရှင်ဇာတ်ကား
၁၅။ ၂၀၁၁ ခုနှစ်အတွင်း နာမည်ကြီးတေးသံရှင်အများစု၏ တစ်ကိုယ်တော်အခွေများထွက်ရှိလာခြင်း
၁၆။ အကယ်ဒမီဗန်းကိုင်တစ်ဦးအဖြစ်မှ အနုပညာလုပ်ရှားမှုများ လုပ်ကိုင်ခွင့်ရရှိလာသူ သရုပ်ဆောင်မော်ဒယ်လ်စံရတီမိုးမြင့်
၁၇။ ၂၀၁၁ ခုနှစ်ဆင်ဆာမူဝါဒအပြောင်းအလဲနှင့် အနုပညာရှင်တို့၏ တောင်းဆိုမှုများ
၁၈။ ၂၀၁၁ ခုနှစ်၌ကွေ့လွင့်ခဲ့သည့်ထင်ရှားကျော်ကြားသူအချို့

■ **အားကစားနယ်ပယ်မှထင်ရှားမှုများ**

၁။ (၂၆)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ရယူပေးနိုင်ခဲ့သူ အောင်ငိုမ်း
၂။ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးရရှိခဲ့သည့် မြန်မာရိုးရာလေ့လှော်အဖွဲ့
၃။ Goal.com က ရွေးချယ်တဲ့ ၂၀၁၁ဆီးဂိမ်းစ်ဘောလုံးပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမား (၅)ဦးစာရင်းဝင် ကျော်ကိုကို

○○○

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်



၂၀၁၁ ခုနှစ်အတွက် Person of the Year အဖြစ် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်အား Weekly Eleven News Journal မှ ရွေးချယ်ဖော်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ စတင်ပြီး နိုင်ငံတော် သမ္မတတာဝန်ထမ်းဆောင်ခဲ့ကာ နှစ်ပေါင်း ၅၀ ကျော်အတွင်း ပြည်သူ့အသံကို နားထောင်ခဲ့သူ၊ မြစ်ဆုံစီမံကိန်းကဲ့သို့ စီမံကိန်းကြီးတစ်ခုအား ပြည်သူလူထု၏ ဆန္ဒအတွက် ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သူဖြစ်၍ ၂၀၁၁ ခုနှစ်အတွက် ထင်ရှားသောလုပ်ဆောင်မှုများရှိခဲ့သူ Person of the Year အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၁၉၄၅ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် အဘ ဦးမောင်ဖြိုး၊ အမိ ဒေါ်ခင်ညွန့်တို့မှဖွားမြင်ခဲ့သူဖြစ်သည်။ အခြေခံပညာကို ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျုံကူးရွာ မူလတန်းကျောင်း၊ ချောင်းဝရွာ အလယ်တန်းကျောင်းနှင့် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တို့၌ ပညာ သင်ကြားခဲ့သည်။

ထို့နောက် စစ်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ရာ ဝိဇ္ဇာဘွဲ့(စစ်တက္ကသိုလ်)ရရှိခဲ့ပြီး ၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ရှမ်း(၁)တွင် ဗိုလ်ကြီးအဆင့် ဖြင့် လည်းကောင်း၊ ၁၉၈၂ ခုနှစ်အထိ ရမခ၊ ခမရ(၁၀၉)နှင့်ခလရ(၈၉)တို့တွင်ဗိုလ်မှူးအဆင့်ဖြင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ဒုဗိုလ်မှူးကြီးအဖြစ် ခလရ(၈၉)၊ နတခနှင့် ကက(ကြည်း)တို့တွင် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ဗိုလ်မှူးကြီးအဖြစ် ကက(ကြည်း)နှင့် စကခ(၄)၊ ၁၉၉၆ ခုနှစ်တွင် ဗိုလ်မှူးချုပ်အဖြစ် စကခ(၄)နှင့်တသခ၊ ၁၉၉၇ခုနှစ်တွင် ဗိုလ်ချုပ်အဖြစ် တသခနှင့်ကကရေး၊ ၂၀၀၇ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဖြစ် ကက(ကြည်း)တွင်တာဝန်ဆက်လက်ထမ်းဆောင်ခဲ့သည်။

ဦးသိန်းစိန်သည် ၂၀၀၆ ခုနှစ်မှစတင်၍ နယကအဖွဲ့ နယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အတွင်းရေးမှူး(၂)အဖြစ်လည်းကောင်း၊ အတွင်းရေးမှူး(၁)အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၀၈ ခုနှစ်တွင် ခေတ္တဝန်ကြီးချုပ်၊ ၂၀၀၈ ခုနှစ် အောက်တိုဘာလမှစတင်၍နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ကိုရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဦးသိန်းစိန်သည်ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး နိုင်ငံတော်သမ္မတတာဝန်ကိုစတင်ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်အစိုးရလက်ထက် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကလည်း အထက်အမိန့်နာခံတတ်မှု၊ အောက်လက်ငယ်သားတို့အပေါ် စာနာတတ်မှုတို့ဖြင့် ထင်ရှားခဲ့ပြီး နိုင်ငံတော်သမ္မတအဖြစ်တာဝန်ယူချိန်တွင်လည်း ပြည်သူလူထု၏ ဆန္ဒနှင့်အသံကိုနားထောင်သူအဖြစ် မြစ်ဆုံအရေးနှင့်အတူ ထင်ရှားလာ

စာမျက်နှာ(B)သို့ ➢➢

## မြစ်ဆုံအရေးကိစ္စနှင့် နိုင်ငံတော်သမ္မတ၏ဆုံးဖြတ်ချက်

၂၀၁၁ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေးနယ်ပယ်၌ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်များအနက် မြစ်ဆုံအရေးကိစ္စနှင့်နိုင်ငံတော်သမ္မတ၏ဆုံးဖြတ်ချက်မှာ နိုင်ငံအတွက်အရေးပါသည့် ဆုံးဖြတ်ချက်ဖြစ်ခဲ့သည့်အပြင်ပြည်သူများ၏ဆန္ဒနှင့်ပါ တစ်ထပ်တည်းကျစေခဲ့သည့်အတွက် ထိုကိစ္စရပ်ကို ၂၀၁၁ ခုနှစ် မြန်မာ့နိုင်ငံရေးနယ်မှ ထင်ရှားသောဖြစ်ရပ်တစ်ခုအဖြစ် Weekly Eleven News Journal မှ ရွေးချယ်ဖော်ပြအပ်ပါသည်။

ကချင်ပြည်နယ် ဧရာဝတီမြစ်ဆုံနှင့် အထက်ဘက် မေခ-မလိခ မြစ်ဝှမ်းကို ဗဟိုပြုပြီး မြစ်ဆုံ၊ ချီဖွေ၊ ချီဖွေငယ်၊ ဂူဆောက်၊ ခေါင်လန်ဖူး၊ ယီနန်၊ ဖီဇော၊ လိုင်ဇာ အစရှိသည့် ရေအားလျှပ်စစ်စီမံကိန်းရှစ်ခု ပါဝင်သည့် မြစ်ဆုံစီမံကိန်းကို ယခင်အစိုးရလက်ထက် ၂၀၀၉ ခုနှစ်အချိန်က စတင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ စတင်ချိန်က နိုင်ငံပိုင်သတင်းစာများတွင် သတင်းဖော်ပြခဲ့သည့်တိုင် အကျယ်တဝင့် ဖော်ပြခြင်း မရှိခဲ့ပေ။ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းအပါအဝင် မေခ၊ မလိခ မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်းက အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှင့် တရုတ်နိုင်ငံ China Power Investment Corporation(CPI) တို့ ချုပ်ဆိုခဲ့ကြပြီး စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာဘက်မှ Asia World ကုမ္ပဏီက ပါဝင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းများ ပြီးစီးပါက ရေအားလျှပ်စစ်မှတစ်ဆင့်စုစုပေါင်း စက်တပ်ဆင်အား ၁၈၄၉၉ မဂ္ဂါဝပ် ရရှိမည်ဟုဆိုကာ ၁၅ နှစ်အတွင်း အပြီးတည်ဆောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

စီမံကိန်းစတင်ချိန်မှ စတင်ပြီး ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်ကာလများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများဖြစ်ပေါ်လာနိုင်သည်ကိုထောက်ပြသည့်ဝေဖန်မှုများ ထွက်ပေါ်ခဲ့သော်လည်းစီမံကိန်းများကိုဆက်လက်လုပ်ဆောင်ခဲ့ကြသည်။

ထို့အတွက်ကြောင့် ၂၀၁၁ ခုနှစ်သို့ရောက်ရှိချိန်အထိ ဝေဖန်မှုများ ဆက်လက်ထွက်ပေါ်ခဲ့ပြီး ဝေဖန်မှုအားလုံးမှာ မြစ်ဆုံစီမံကိန်းကြောင့် ဧရာဝတီမြစ်တိမ်ကောသွားမည့်အရေးနှင့် မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ပျက်သုဉ်းသွားနိုင်သည့် အကြောင်းအချက်များကိုအခြေခံခဲ့ကြသည်။ ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံအတွင်းတည်ဆောက်လျက်ရှိသည့် Three Gorges Dam စီမံကိန်းကြောင့် မျှော်မှန်းမထားသည့်ပြဿနာများပေါ်ပေါက်လာသည့်အတွက်ထိုစီမံကိန်းအပါအဝင် ဧရာမဆည်ကြီးများ တည်ဆောက်ရေးကို ပြန်လည်သုံးသပ်မှုပြုနေစဉ်တွင် မြန်မာနိုင်ငံ၌ မြစ်ဆုံစီမံကိန်း

စာမျက်နှာ(B)သို့ ➢➢

➤➤စာမျက်နှာ(A)မှအဆက်

သူ ဖြစ်သည်။

“၈၈ အရေးအခင်းပြီးတော့ ကျွန်တော့်သား အိမ်ကနေ ရုတ်တရက် ပျောက်သွားပါတယ်။ နယ်စပ်ဘက်ကို ရှောင်ပြေးသွားတာ။ တစ်ပတ်၊ နှစ်ပတ်လောက် ဘယ်မှာမှ စုံစမ်းလို့မရဘူး။ သုံး၊ လေးပတ်လောက်နေမှ စုံစမ်းလို့ရတယ်။ အိန္ဒိယနယ်စပ် ကလေးမှာရှိတဲ့ တပ်ရင်းတစ်ရင်းက ထွက်ပြေးသွားတဲ့ ဆေးကျောင်းသားတွေကိုဖမ်းမိထားတယ်လို့ သတင်းရတယ်။ အဲဒါနဲ့ ကျွန်တော် မော်လိုက်ကနေ ကလေးကိုလိုက်သွားပြီး ကျွန်တော့်သားများ ပါမလားလို့ အဲဒီတပ်ရင်းမှူးနဲ့ သွားတွေ့တယ်။ တပ်ရင်းမှူးက ဖက်လဲတကင်းနဲ့ နှုတ်ဆက်တယ်။ ကလေးတွေကိုတားဆီးထားကြောင်း ပြောပါတယ်။ တကယ်ကတော့ ကလေးတွေက ပြန်ဝင်လာတာမဟုတ်ဘူး။ ထွက်ပြေးပြီးတော့ လက်နက်ကိုင်ဖို့ သွားတဲ့သူတွေဖြစ်လို့ ကြိုက်တာလုပ်လို့ရတဲ့ အနေအထားပါ။ ဒါပေမယ့် တကယ့်ကိုဖက်လဲတကင်းနဲ့ ကလေးတွေကိုလည်းကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားတယ်။ ပြီးတော့ ရပ်မိရပ်ဖတွေကတစ်ဆင့် ကျွန်တော့်သား အပါအဝင် တခြားဆေးကျောင်းသားတွေကိုပါ အပ်နှံလိုက်တယ်။ ကျွန်တော်တို့ ခေါင်းမီးတောက်တာကို ပြေပျောက်စေခဲ့တယ်။ အဲဒီတပ်ရင်းမှူးက အရမ်းသဘောကောင်းတယ်။ ဆက်ဆံရေးပြေပြေပြစ်ပြစ်ရှိတယ်။ မောက်မာမှုမရှိဘူး။ ကလေးတွေကိုလည်း သူ့သားသမီးလိုဆက်ဆံတယ်။ ကလေးတွေကို ဆုံးမစကားပြောတဲ့အခါမှာလည်းဆန့်ကျင်ဘက်နိုင်ငံရေးစကားတွေ ရင့်ရင့်သီးသီးတစ်ခွန်းမှမပါဘဲ လူကြီးတစ်ယောက်က ဆုံးမစကားပြောသလိုပြောခဲ့တယ်။ ကလေးတွေကို ပြန်အပ်လိုက်တဲ့တပ်ရင်းမှူးက အသက် ၄၀ ကျော်ပဲ ရှိသေးတဲ့ အဲဒီတုန်းက ဒုတိယဗိုလ်မှူးကြီးသိန်းစိန်ပါ။ အခု နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပါ။ ဒီကြားထဲမှာ သူနဲ့လည်း ထပ်မတွေ့တော့ပါဘူး။ ကျွန်တော်သိတဲ့ သမ္မတကြီးဟာ ဒီလိုလူမျိုးဆိုတာ ပြောပြတာပါ”ဟု ဦးအောင်သင်း(အထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း) က ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အစိုးရအဖွဲ့သစ်ကို ဦးဆောင်တာဝန်ယူခဲ့ပြီးချိန်နောက်ပိုင်းကာလတစ်လျှောက်လုပ်ဆောင်ခဲ့သည်များမှာ ပြည်သူလူထု၏ ထောက်ခံမှုကို ရရှိခဲ့သော်လည်း ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များအစရှိသည့် နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်ထိန်းသိမ်းထားခြင်းနှင့်ပတ်သက်၍မူ ဝေဖန်မှုများ ရှိနေဆဲဖြစ်သည်။

**တပ်မတော်အစိုးရလက်ထက် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကလည်း အထက်အမိန့်နာခံတတ်မှု၊ အောက်လက်ငယ်သားတို့အပေါ် စာနာတတ်မှုတို့ဖြင့်ထင်ရှားခဲ့ပြီး နိုင်ငံတော်သမ္မတအဖြစ်တာဝန်ယူချိန်တွင်လည်း ပြည်သူလူထု၏ဆန္ဒနှင့်အသံကိုနားထောင်သူအဖြစ် မြစ်ဆုံအရေးနှင့်အတူ ထင်ရှားလာသူဖြစ်သည်**

# အာဆီယံအလှည့်ကျဉက္ကဋ္ဌတာဝန် ရရှိခြင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်လာရောက်ခြင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်ခြင်း




၂၀၁၁ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေးဖြစ်စဉ်များ၌ ဖြစ်ပေါ်ခဲ့သည်များအနက် ၂၀၁၄ ခုနှစ်အတွက် အာဆီယံအလှည့်ကျဉက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက ရရှိခဲ့ခြင်း၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံ နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်ခြင်း အစရှိသည် တို့ကို ၂၀၁၁ ခုနှစ် နိုင်ငံရေးနယ်ပယ်မှ ထင်ရှားမှုများအဖြစ် Weekly Eleven News ဂျာနယ်မှ ရွေးချယ်ဖော်ပြပါသည်။

**အာဆီယံအလှည့်ကျ ဉက္ကဋ္ဌ တာဝန်ရရှိခြင်း**

အာဆီယံအဖွဲ့၏ အလှည့်ကျဉက္ကဋ္ဌ တာဝန်ပေးမှုစနစ်အရ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဉက္ကဋ္ဌ တာဝန် ရရှိမည်ဖြစ်သော်လည်း ရရှိခဲ့ခြင်း မရှိဘဲ ဖိလစ်ပိုင်နိုင်ငံက အလှည့်ကျ ဉက္ကဋ္ဌတာဝန်ကို ရယူခဲ့သည်။ ထိုအချိန်ကမြန်မာနိုင်ငံအတွင်းလူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ဝေဖန်ခံနေရသဖြင့်အလှည့်ကျဉက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံထံသို့ လွှဲပြောင်းပေးအပ်ခဲ့ရခြင်းဖြစ်သည်။

အစိုးရအဖွဲ့သစ် တာဝန်ယူခဲ့သည့်အချိန်မှစတင်ပြီး ၂၀၁၄ ခုနှစ်အတွက် အာဆီယံအလှည့်ကျဉက္ကဋ္ဌတာဝန်ကို ရယူရန် မြန်မာနိုင်ငံဘက်မှ စတင်ကြိုးပမ်းခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ အလှည့်ကျ ဉက္ကဋ္ဌတာဝန်ပေးမှုစနစ်အရ ၂၀၁၆ ခုနှစ်ရောက်ရှိမှသာ တာဝန်ယူရရှိနိုင်ဖွယ်ရှိနေသည့်ကြားမှ ၂၀၁၄ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခွင့်ရလိုကြောင်း ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ပုံမှန်အားဖြင့်မူ အာဆီယံ၏ အလှည့်ကျဉက္ကဋ္ဌတာဝန်ကို ၂၀၁၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၃ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံတို့က ရရှိပြီး ၂၀၁၄ ခုနှစ်တွင် လာအိုနိုင်ငံက တာဝန်ယူရမည်ဖြစ်သည်။ သို့သော် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက တာဝန်ထမ်းဆောင်လိုကြောင်း ကမ်းလှမ်းခဲ့ရာထိုကမ်းလှမ်းချက်ကို လာအိုနိုင်ငံမှလက်ခံခဲ့ခြင်းဖြစ်သည်။

မေလ အတွင်းက အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ပြုလုပ်ခဲ့သော (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျ ဉက္ကဋ္ဌတာဝန်ပေးအပ်ရန် အာဆီယံခေါင်းဆောင်များက ပထမဆုံးဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ သို့သော်အဖြေထွက်ပေါ်ခဲ့ခြင်း မရှိဘဲ ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြသည်။

အောက်တိုဘာလ ၂၈ ရက်နေ့တွင် ၂၀၁၁ ခုနှစ်အတွက် အာဆီယံအလှည့်ကျဉက္ကဋ္ဌတာဝန်ကို ရယူထားသည့် အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်၏ အာဆီယံအလှည့်ကျဉက္ကဋ္ဌ တာဝန်ပေးရန်အတွက် လေ့လာမှုပြုလုပ်ရန် လာရောက်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလတတိယပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ပြုလုပ်ခဲ့သော (၁၉)ကြိမ်မြောက်အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျဉက္ကဋ္ဌ တာဝန်ပေးရေးကိစ္စရပ်ကို အာဆီယံခေါင်းဆောင်များက ဆက်လက်ဆွေးနွေးခဲ့ကြသည်။ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ၂၀၁၄ ခုနှစ်၏ အာဆီယံအလှည့်ကျဉက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန် အာဆီယံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ထိုကဲ့သို့ တာဝန်ပေးအပ်ခဲ့ရာတွင် မြန်မာနိုင်ငံ၌ ထင်သာမြင်သာရှိသော အပြောင်းအလဲများနှင့် တိုးတက်မှုများရှိခြင်း စသည့် အချက်အပေါ်မူတည်၍ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပြောင်းလဲမှုများကို သေချာစေရန်နှင့် နိုင်ငံတကာနှင့် လူထုကမျှော်လင့်ထားသည်များဖြစ်

စာမျက်နှာ(C)သို့➤➤

➤➤စာမျက်နှာ(A)မှအဆက်

လာရောက်လုပ်ဆောင်ခြင်းသည် သဘာဝမကျဟူသော ထောက်ပြမှုများလည်း ရှိလာခဲ့သည်။

၂၀၁၁ ခုနှစ်သို့ ရောက်ရှိလာချိန်တွင် မြစ်ဆုံအရေးကိစ္စမှာ အစိုးရအဖွဲ့သစ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာခဲ့သည်။ ယင်းကဲ့သို့ဖြစ်လာချိန်တွင် ၂၀၁၁ ခုနှစ် သြဂုတ်လ ၉ ရက်နေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် လျှပ်စစ်ဝန်ထမ်းတစ်ဦးအမည်ဖြင့် ရေးသားထားသည့် ‘ထာဝရအမွေအနှစ်မွန်မြတ်သည့်စေတနာ’ဆောင်းပါးကိုဖော်ပြခဲ့သည်။ ထိုဆောင်းပါး၌ ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်သောအကြောင်းအရာများ၊ အဓိကအားဖြင့်မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအကျိုးဖြစ်ထွန်းမှု အချက်အလက်များကိုရေးသားခဲ့ခြင်းဖြစ်သည်။ အချို့ပုဂ္ဂိုလ်/အဖွဲ့အစည်းများအနေဖြင့်ကချင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ဆုံ မေခ၊ မလိခ၊ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်၍နိုင်ငံတကာနှင့် ပြည်တွင်းရှိပြည်သူလူထု အထင်မှားအမြင်မှား ဖြစ်စေရန် မဟုတ်မမှန်ဖန်တီးလုပ်ကြံ၍ရေးသားလုပ်ဆောင်လျက်ရှိကြသည်ဟုဆောင်းပါး၌တုံ့ပြန်ရေးသားခဲ့သည်။

လျှပ်စစ်ဝန်ထမ်းတစ်ဦး ရေးသားပြီး နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သော ဆောင်းပါးအပေါ် ဝါရင့်သတင်းစာဆရာကြီး လူထုစိန်ဝင်းနှင့် Eleven Media Group တို့မှ တရားဝင်အတိအလင်းဝေဖန်ပြောဆိုခဲ့ကြသည်။ ထိုသို့အတိအလင်းဝေဖန်ပြောဆိုခဲ့ခြင်းသည် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း အစိုးရသတင်းစာ၏ပေါ်လစီဆောင်းပါးကို ပုဂ္ဂလိကပိုင်ဂျာနယ်ပုံနှိပ်စာမျက်နှာမှတစ်ဆင့်ပထမဆုံးဝေဖန်ပြောဆိုသည့် အကြောင်းအရာအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

သတင်းစာပါ ဆောင်းပါးအပေါ် ဝေဖန်မှု ပြုလုပ်ခဲ့ပြီးနောက် သြဂုတ်လ ၁၂ ရက်နေ့တွင် ပြုလုပ်ခဲ့သော အစိုးရအဖွဲ့သစ်၏ ပထမဆုံးနေပြည်တော်သတင်းစာရှင်းလင်းပွဲ၌ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြစ်ဆုံစီမံကိန်းကို ဆက်လုပ်သင့်၊ မလုပ်သင့်ကို အရာရာချိန်ဆပြီး လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။

သို့သော် စက်တင်ဘာ ၁၀ ရက်နေ့က နေပြည်တော်ရှိ မီးရထားဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ပြုလုပ်ခဲ့သော မီဒီယာတွေ့ဆုံပွဲတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းကမည်သည့်ကန့်ကွက်မှုများရှိသည်ဖြစ်စေ၊ ဧရာဝတီမြစ်ဆုံ စီမံကိန်းကို ဆက်လုပ်မည်ဖြစ်ကြောင်းနှင့် ဘယ်တော့မှ နောက်ဆုတ်မည်မဟုတ်ကြောင်း မီဒီယာများကိုပြန်လည်ဖြေကြားခဲ့ပါသည်။ အဆိုပါဖြေကြားချက်မှာ ဧရာဝတီရောဂါနှင့် အမီလိုက်နေသူများ၏ မေးခွန်းများ၊ ကာတွန်းများ၊ ဧရာဝတီမြစ်ဆုံစီမံကိန်း ဆက်လက်လုပ်ဆောင်ဖို့ ရှိပါသလား၊ ဘယ်အဆင့်ရောက်နေပြီလဲဆိုသည့်မေးခွန်းများနှင့် ဆက်စပ်ပြီး ပြန်လည်ဖြေကြားခြင်း ဖြစ်သည်ဟု ဦးဇော်မင်းက ပြောဆိုခဲ့သည်။ ဦးဇော်မင်း၏ ပြောကြားချက်များကိုလည်း Eleven Media Group အပါအဝင် အခြားသော နယ်ပယ်အသီးသီးမှထင်ရှားသူများ၊ ပညာရှင်များကပုံနှိပ်စာမျက်နှာများ၊ အင်တာနက်စာမျက်နှာများမှတစ်ဆင့်တရားဝင်အဖြစ်ပြန်လည်ဝေဖန်ပြောဆိုခဲ့ကြသည်။

ထိုအချိန်မှစတင်ပြီး ဧရာဝတီမြစ်ဆုံစီမံကိန်း ဆက်လက်တည်ဆောက်မှုနှင့်ပတ်သက်ပြီးဝေဖန်မှုများ၊ လှုပ်ရှားမှုများမှာပညာရှင်များသာမကသာမန်ပြည်သူများအကြားတွင်ပါ ဆက်တိုက်ပေါ်ပေါက်လာခဲ့ပါသည်။

ထိုသို့ ဝေဖန်ရာ၌ မြစ်ဆုံအရေးကိစ္စသည်–

(၁) သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်တစ်ခုတည်းကြောင့် မဟုတ်

(၂) နိုင်ငံရေးပြဿနာ တစ်ခုတည်းကြောင့် မဟုတ်

(၃) အမျိုးသားရေး ပြဿနာဖြစ်ခြင်းကြောင့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အနေဖြင့်နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် မြစ်ဆုံကိစ္စရပ်ကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းပေးရန် အစရှိသောအချက်များကို အခြေခံခဲ့ကြခြင်း ဖြစ်သည်။

ထိုကာလအတွင်း မြစ်ဆုံကိစ္စနှင့် ပတ်သက်ပြီး ပြုလုပ်ခဲ့သော ထင်ရှားသည့် လှုပ်ရှားမှုများမှာ စက်တင်ဘာလ ၁၀ ရက်နေ့က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော Save the Irrawaddy ဟောပြောပွဲနှင့် စက်တင်ဘာလ ၂၄ ရက်နေ့က ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သော သဘာဝပတ်ဝန်းကျင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟောပြောပွဲတို့မှာ ထင်ရှားသောဟောပြောပွဲများဖြစ်ခဲ့သည်။

စက်တင်ဘာလ ၃၀ ရက်နေ့တွင်မူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လွှတ်တော်သို့ သဝဏ်လွှာပေးပို့ပြီး မြစ်ဆုံဆည် တည်ဆောက်ခြင်းကို မိမိတို့အစိုးရလက်ထက်တွင်ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သဝဏ်လွှာ၌ ထည့်သွင်းပြောဆိုခဲ့သည်။

နိုင်ငံတော်သမ္မတက လွှတ်တော်သို့ပေးပို့သော သဝဏ်လွှာတွင် အချက် ၁၀ ချက်ပါဝင်ခဲ့ပြီး မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်ပြီး ပြောကြားခဲ့သော အချက်များမှာ–

“တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ငွေကြေးအရင်းအနှီးဖြင့် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စီမံကိန်းကို ပထမအဆင့်ဆောင်ရွက်ရန် စတင်ခဲ့ရာ ယခုအခါတွင် အဆိုပါ မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း အောက်ပါစိုးရိမ်ပူပန်မှုများ ရှိလာခဲ့ပါသည် –

(က) ကချင်ပြည်နယ် သာမက မြန်မာနိုင်ငံအတွက်ပါ သဘာဝက ပေးထားသည့် (Land Mark) ဖြစ်သည့် မြစ်ဆုံသဘာဝအလှ ပျောက်ကွယ်သွားနိုင်ခြင်း။

(ခ) မြစ်ညာပိုင်းရှိ တိုင်းရင်းသားကျေးရွာများ ရေမြုပ်၍ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးပျက်စီးနိုင်ခြင်း။

(ဂ)ပုဂ္ဂလိကများမှ ငွေကြေး အရင်းအနှီးများစွာ စိုက်ထုတ်၍ စီးပွားဖြစ်စိုက်ထုတ်ထားသည့် ရော်ဘာစိုက်ခင်းများနှင့် ကျွန်းစိုက်ခင်းများပျက်စီးသွားနိုင်ခြင်း။

(ဃ) ရာသီဥတုဖောက်ပြန်မှုကြောင့် မြောက်ဖျားရှိရေခဲတောင်များအရည်ပျော်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ အင်အားပြင်းထန်သည့်ငလျင်လှုပ်ခြင်းတို့ ဖြစ်ပေါ်လာပါက မြစ်ဆုံဆည်ပျက်စီးပြီး ဆည်အောက်ပိုင်းရှိ မြို့ရွာများနှင့် ပြည်သူများ သေကျေပျက်စီးမှုရှိနိုင်ခြင်း။

(င) ဧရာဝတီမြစ်ကြီး ထိခိုက်ပျက်စီးနိုင်ခြင်း စသည်ဖြင့် ပြည်သူအချို့မှ စိုးရိမ်ပူပန်မှု ရှိနေကြသည်ကို မိမိတို့သိရှိနေရပါသည်။

မိမိတို့အစိုးရသည် ပြည်သူမှ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်၍ ပြည်သူများ၏ ဆန္ဒကို အလေးထားရပါမည်။ ပြည်သူများ၏စိုးရိမ်ပူပန်မှုများကို အလေးထား၍ ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ သို့ပါ၍ မိမိတို့ အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို မပြုလုပ်စေဘဲ ရပ်ဆိုင်းထားမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက်လိုအပ်နေသည့်လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အန္တရာယ်မရှိနိုင်သည့် အခြားသောရေအားလျှပ်စစ်စီမံကိန်းများကိုသာ စနစ်တကျလေ့လာဆန်းစစ်၍ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ချုပ်ဆိုထားသည့် အဆိုပါစီမံကိန်းနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများကို မိတ်ဝတ်မပျက်စေဘဲသဘောတူလက်ခံအောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဤလွှတ်တော်သို့ အသိပေးအပ်ပါသည်”ဟူ၍ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြစ်ဆုံအရေးကိစ္စနှင့်ပတ်သက်သော နိုင်ငံတော်သမ္မတ၏ဆုံးဖြတ်ချက်သည် သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ခဲ့သည့်အပြင်ထိုဆုံးဖြတ်ချက်ကို နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ သတင်းစာဆရာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူများနှင့်ပြည်သူအားလုံးက လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။

ထို့အပြင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် နှစ်ပေါင်း ၅၀ အတွင်း ပြည်သူနှင့် အစိုးရအကြားရှိ နံရံများကို ဖြိုချနိုင်ခဲ့သည်။ အထူးသဖြင့် မြစ်ဆုံအရေးကိစ္စတွင် ပြည်သူများအနေဖြင့်မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၏ စည်းရုံးမှုမပါဘဲကိုယ်ပိုင်ဆန္ဒများဖြင့် တူညီသော အမျိုးသားအကျိုးစီးပွားအတွက် တောင်းဆိုခဲ့ကြခြင်းဖြစ်၍ နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်သည် နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်းသွေးကွဲနေခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွက် ကောင်းမွန်သည့် ပထမဆုံးခြေလှမ်းတစ်ရပ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

# ၂၀၁၁ ခုနှစ်အတွင်း Eleven Media Group မှ ပြုလုပ်ခဲ့သည့် အခမ်းအနားများ

၂၀၁၁ ခုနှစ်အတွင်း Eleven Media Group မှ ပြုလုပ်ခဲ့သည့်အခမ်းအနားများနှင့် ထိုအခမ်းအနားများ၌ ပြောကြားချက်များမှာ နိုင်ငံရေးနယ်ပယ်မှတက်ကြွလှုပ်ရှားသူများ၊ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ ပြည်တွင်းပြည်ပမှ မြန်မာ့နိုင်ငံရေးဆောင်ရွက်နေသူများအကြားတွင်သာမကဘဲ စာဖတ်ပရိသတ်သာမန်ပြည်သူများအကြားတွင်ပါထင်ရှားမှုများရှိခဲ့သည့်အတွက် အဆိုပါကိစ္စရပ်ကို ၂၀၁၁ ခုနှစ် နိုင်ငံရေးနယ်ပယ်မှထင်ရှားမှုအဖြစ် Weekly Eleven News ဂျာနယ်မှ ရွေးချယ်ဖော်ပြအပ်ပါသည်။

Eleven Media Group အနေဖြင့် ၂၀၁၁ ခုနှစ်အတွင်း ၁၁ နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားနှင့် ၁၁ ရက်၊ ၁၁ လ၊ ၂၀၁၁ ခုနှစ် (၁၁–၁၁–၁၁) '၁' ခြောက်လုံး စုံသည့်နေ့ ဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြုလုပ်ခဲ့သည့်အနက် Eleven Media Group ၏ ၁၁ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဇွန်လ ၇ ရက်နေ့က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပပြုလုပ်ခဲ့ကာ ဝါရင့်သတင်းစာဆရာကြီး လူထုဦးစိန်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဝမ်းမြောက်စကားများ ပြောကြားခဲ့ပြီး Eleven Media Group ၏ Chairman & CEO ဒေါက်တာသန်းထွဋ်အောင်က ကျေးဇူးတင်စကားနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ် မူဝါဒသဘောထားများကို ပြောကြားခဲ့သည်။



သဘာဝပတ်ဝန်းကျင်နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟောပြောပွဲကိုစီစဉ်ခဲ့သူများနှင့် မြစ်ဆုံအရေးကိစ္စတွင်အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သူများ

အခမ်းအနား၌ လူထုဦးစိန်ဝင်းက ဝမ်းမြောက်ပီတိစကားပြောကြားခဲ့ရာတွင် ယခုနှစ်ပတ်လည်အခမ်းအနားသည် Eleven Media Group ၏အောင်မြင်မှုသာမဟုတ်ဘဲစတုတ္ထမဏ္ဍိုင်၏ အောင်မြင်မှုမှတ်တိုင်ဟုယူဆကြောင်း၊ Eleven Media Group နှင့်ပတ်သက်ပြီး ဂုဏ်ယူခဲ့သည့်အချက်မှာ Eleven ဂျာနယ်များအနေဖြင့် စတင်ထုတ်ဝေချိန်မှ ယနေ့အထိ အမှန်တရားမှလွဲပြီး မှန်တဲ့အရာ ဘာမှမရှိ Truth, nothing but the truth ဆိုသည့်ဆောင်ပုဒ်ကို လက်ကိုင်ထားပြီးအမှန်တရားဘက်က အမြဲရပ်တည် ကာကွယ်ခဲ့ခြင်း၊ ပြည်သူဘက်ကသာ အမြဲရပ်တည်ကာကွယ်ခဲ့ခြင်း၊ ပြည်သူနဲ့အတူ လုပ်စရာရှိသောအလုပ်များကို လုပ်ဆောင်ခဲ့ခြင်း၊ ပြည်သူ့မျက်နှာကလွဲပြီးမည်သူ့မျက်နှာကိုမှမကြည့်ခြင်း၊ မည်သူတပည့်မွေးတာကိုမှ မခံ၊ မိမိကလည်း မည်သူ့ကိုမှ တပည့်မွေးဖို့မကြိုးစားရဘူးဆိုသည် စာနယ်ဇင်းကောင်းများ၏ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးလိုမြဲမြဲအောင်ထိန်းသိမ်းသည့်အချက်မှာ သူ့အနေဖြင့်များစွာ အားကိုးယုံကြည်ခဲ့သည့်အချက်ဖြစ်ခဲ့သည့်အပြင် ဝမ်းမြောက်ပီတိဖြစ်ရသည့် အချက်လည်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဝမ်းမြောက်ဂုဏ်ယူစကား ပြောကြားခဲ့ရာတွင် ဘောလုံးနှင့် စတင်ခဲ့သည့် မီဒီယာတစ်ခုဖြစ်သည့်အတွက် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအနေဖြင့် ပြောကြားခဲ့ခြင်းဖြစ်ကြောင်းနှင့် Eleven Media Group အောင်မြင်ခဲ့ရမှု အကြောင်းခံများနှင့် လူငယ်များ တိုးတက်ဖြစ်ထွန်းရေးကိစ္စရပ်များကို ဆက်စပ်ပြောကြားခဲ့သည်။

"ဘောလုံးပွဲတစ်ပွဲနဲ့ ကျွန်တော်သာဓကပြပြီး ပြောရမယ်ဆိုရင် ဘောလုံးပွဲတစ်ပွဲကရှုံးနေမယ်ဆိုရင် ရှေ့၊ လယ်၊ နောက်၊ ဂိုး အားလုံးညီပြီးတော့ မခံချင်စိတ်နဲ့ ကိုယ့်နိုင်ငံကိုယ့်လူမျိုးအတွက် ဒီပွဲမှာ ငါ ရွှေတံဆိပ်ရရမယ်၊ ကန်မယ်ဆိုတဲ့အသိနဲ့ကန်ဖို့လိုပါတယ်။ သို့သော်လည်း အဲလိုမခံချင်စိတ်ဆိုတဲ့နေရာမှာ Law of the Game ကို နားလည်ဖို့ လိုပါတယ်။ ကျွန်တော်တို့ကြိုက်သလိုကစားလို့မရပါဘူး။ ဒီ Law of the Game ထဲမှာကစားရင်းနဲ့ Fair Game ကစားရင်းနဲ့ တိုင်းပြည်ချစ်တဲ့စိတ်ဓာတ်နဲ့ပဲ နောက်ဆုံးအနိုင်ဂိုးတွေသွင်းပြီးနိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့တာ ဘောလုံးလောကမှာပါ။ ဒီလိုပဲနေရာတိုင်း ဓာတ်ခုံတိုင်းမှာလည်း တစ်ဦးတစ်ယောက်တည်းကလို့မရတဲ့နေရာတွေမှာလည်း ဟန်ချက်ညီစွာ ကဖို့လိုပါတယ်။ ကျွန်တော်တို့ရဲ့ Component တွေ Competition တွေကို Analysis လုပ်ဖို့ လိုပါတယ်"ဟု ဦးဇော်ဇော်က ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

ထို့နောက် Eleven Media Group ကိုတည်ထောင်ခဲ့သူ ဒေါက်တာသန်းထွဋ်အောင်က ကျေးဇူးတင်စကားနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ် မူဝါဒသဘောထားများကို ဆက်လက်ပြောကြားခဲ့သည်။

ဒေါက်တာ သန်းထွဋ်အောင်သည် Eleven Media Group တည်ထောင်ပြီးချိန်မှ စတင်ပြီး နောက်ကွယ်မှ နေထိုင်နေသူတစ်ဦး အနေဖြင့်ရပ်တည်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင်မူ မြန်မာနိုင်ငံ၌ စစ်မှန်သော အပြောင်းအလဲများဖြစ်ပေါ်စေရန်အတွက် ဂျာနယ်လစ်တစ်ဦး၊ မီဒီယာတစ်ခု၏

စာမျက်နှာ(D)သို့➤➤

➤➤စာမျက်နှာ(B)မှအဆက်

ပေါ်စေရန် မြန်မာအစိုးရအနေဖြင့် ဆက်လက်လုပ်ဆောင်သင့်ကြောင်း အခြားသောအာဆီယံခေါင်းဆောင်များက တိုက်တွန်းခဲ့ကြသည်။

### ဟီလာရီကလင်တန် လာရောက်မှု

အမေရိကန်အစိုးရက ၂၀၀၉ ခုနှစ်အတွင်းမှ စတင်ပြီး မြန်မာနိုင်ငံအပေါ်ထားရှိခဲ့သော မူဝါဒကို သုံးသပ်ခဲ့ပြီး ပြန်လည်ထိတွေ့ဆက်ဆံခြင်းကို လုပ်ဆောင်ခဲ့ရာမှ နှစ်နှစ်တာကာလအတွင်း အမြင့်ဆုံးရလဒ်အနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် နှစ်ပေါင်း ၅၀ ကျော်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဟီလာရီ ကလင်တန်၏ ခရီးစဉ်မှာ သမိုင်းဝင်ခရီးဖြစ်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၃၀ရက်နေ့မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိလာရောက်ခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်ကာလအတွင်း နေပြည်တော်၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ဟီလာရီကလင်တန်က "မြန်မာခေါင်းဆောင်တွေရဲ့ ခြေလှမ်းဟာ သန်းပေါင်း ၆၀ နီးပါးရှိတဲ့ မြန်မာနိုင်ငံသားတွေ လွတ်လပ်မှု၊ ဂုဏ်သိက္ခာနဲ့ နေထိုင်ကြဖို့ အခွင့်အလမ်း ဖြစ်ပါတယ်။ သမ္မတအိုဘားမားက မြန်မာနိုင်ငံမှာမိုန်ပျပျတိုးတက်မှုတွေ တွေ့ရှိရပြီလို့ ပြောခဲ့ပါတယ်။ သမိုင်းကြောင်းအရတော့ မိုန်ပျပျ အလင်းရောင်တွေဟာ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဒီမိုန်ပျပျ အလင်းရောင်တွေဟာ ပိုကောင်းတဲ့အနာဂတ်ကို လမ်းပြနိုင်မယ့် လွတ်လပ်မှု မီးတောက်အဖြစ် ထတောက်နိုင်ဖို့ဆိုတာခေါင်းဆောင်တွေနဲ့ ပြည်သူတွေအပေါ်မှာ မူတည်တာ ဖြစ်ပါတယ်။ မြန်မာသမ္မတကို ပြောခဲ့တဲ့အတိုင်းပါပဲ။ မြန်မာအနေနဲ့ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းဖို့ ရွေးချယ်ခဲ့မယ်ဆိုလို့ရှိရင် အမေရိကန်အနေနဲ့ မြန်မာနဲ့အတူ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းဖို့ ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ရန်ကုန်မြို့ရှိ ဒေါ်အောင်ဆန်းစုကြည် နေအိမ်၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် "ကျွန်မအနေနဲ့ပြောချင်တာကတော့ ဒီမိုကရေစီဆိုတာ ပန်းတိုင်တစ်ခုပါ။ အမေရိကန်ဟာ မြန်မာနိုင်ငံနဲ့ မိတ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်ချင်ပါတယ်။ ကျွန်မတို့ အလုပ်တွေလည်း အများကြီးလက်တွဲလုပ်ချင်ပါတယ်။ တကယ်လို့ ဒီထက်ပိုပြီး ဒီမိုကရေစီထွန်းကားရေးဆောင်ရွက်မယ်၊ နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးမယ်၊ ကာလကြာရှည်စွာရှိခဲ့တဲ့တိုင်းရင်းသားရေးရာပဋိပက္ခတွေ အဆုံးသတ်ဖို့ စတင်ဆောင်ရွက်မယ်၊ ပြီးတော့လွတ်လပ်မျှတပြီး ယုံကြည်နိုင်လောက်တဲ့ ရွေးကောက်ပွဲတွေ ဖြစ်လာမယ်ဆိုရင်ပေါ့။ နောင်မှာလည်း အမေရိကန်က ဘယ်လိုအကူအညီမျိုးကို ပေးနိုင်မလဲဆိုတာကို အနီးကပ်ဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာပါ။ မြန်မာလူမျိုးတွေဟာ နှစ်ပေါင်းများစွာ အခက်အခဲတွေကို သတ္တိရှိရှိနဲ့ ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ကြပါတယ်။ အခုအချိန်မှာတော့ကျွန်မတို့မြင်ချင်တာက မြန်မာဟာ ကမ္ဘာမှာ နေရာမှန်တစ်ခုမှာ ရှိနေမှုပါ"ဟု ပြောကြားခဲ့သည်။

> **ကျွန်မအနေနဲ့ပြောချင်တာကတော့ ဒီမိုကရေစီဆိုတာ ပန်းတိုင်တစ်ခုပါ။ အမေရိကန်ဟာ မြန်မာနိုင်ငံနဲ့ မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ချင်ပါတယ်။ ကျွန်မတို့ အလုပ်တွေလည်း အများကြီးလက်တွဲလုပ်ချင်ပါတယ်။ တကယ်လို့ ဒီထက်ပိုပြီး ဒီမိုကရေစီထွန်းကားရေးဆောင်ရွက်မယ်...**

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများ ပြုလုပ်ထားရုံသာမက လူ့အခွင့်အရေး မှတ်တမ်းများနှင့်ပတ်သက်၍ အဓိက ဝေဖန်နေသူဖြစ်သည့် အမေရိကန်နိုင်ငံက ယခုကဲ့သို့ ဆက်ဆံပြောကြားလာမှုများသည်မြန်မာနှင့်အမေရိကန်ကြားနှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်လာမည့် အလားအလာများ ရှိလာရုံသာမက မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်း တရုတ်နိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေးအလွန်အမင်း မှီခိုနေရမှုမှ လျော့ကျလာစေမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့အလယ်တွင် နေရာမှန်၌ ရပ်တည်နိုင်မည့်အခွင့်အလမ်းများ ရှိနေခဲ့သော်လည်းအကြောင်းကြောင်းကြောင့် မရရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ထိုက်တန်သောနေရာကို ပြန်လည်ရရှိရန် နီးကပ်လာပြီဟု ဆိုရမည် ဖြစ်သည်။

ထို့အပြင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး အလားအလာများ ပေါ်ထွက်လာစေခဲ့သည်သာမက ၂၁ ရာစုတွင် ကမ္ဘာ့ဓာတ်ခုံပေါ်၌ အရေးပါလာသည့် အာရှ–ပစိဖိတ်ဒေသတွင် အရေးပါသောအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်နိုင်ရန်အခွင့်အလမ်းများ ရှိနေသည့်မြန်မာနိုင်ငံကို အမေရိကန်ကကူညီသွားမည်ဟူသောရလဒ်လည်း ထွက်ပေါ်ခဲ့သည်။

### နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်ခြင်း

၂၀၁၁ ခုနှစ် မတ်လတွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့သစ် တာဝန်ယူခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ခေါင်းဆောင်များ ဆက်တိုက်လာရောက်ခဲ့ကြခြင်းနှင့် မြန်မာခေါင်းဆောင်များ၊ ထိပ်တန်းအရာရှိများ နိုင်ငံတကာသို့ သွားရောက်ခြင်းများမှာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည့်ဖြစ်စဉ်တစ်ခုအနေဖြင့် သတ်မှတ်နိုင်ခဲ့သည်။

အစိုးရအဖွဲ့သစ် တာဝန်ယူခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် နိုင်ငံတကာခေါင်းဆောင်များမှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ အင်္ဂလန်၊ ရုရှား၊ ဂျာမနီ၊ ဂျပန်၊ နော်ဝေ၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘီလာရုစ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် လာအို နိုင်ငံများမှ ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးများနှင့် အခြားဌာနဆိုင်ရာဝန်ကြီးများ လာရောက်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ လာရောက်ခဲ့သည်များအနက် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ မြန်မာနိုင်ငံသို့သမိုင်းဝင်ခရီးစဉ်ကို နိုင်ငံတကာသတင်းမီဒီယာများက ဖော်ပြရာ၌ မြန်မာနွေဦးဟူ၍ပင် တင်စားခဲ့သည်။

ထိုသို့ ရေးသားရာ၌ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလက စတင်ခဲ့သော အာရပ်နွေဦးအဖြစ်အပျက်နှင့် နှိုင်းယှဉ်ကာ မြန်မာနွေဦးဟုတင်စားခဲ့ပြီး Foreign Policy မဂ္ဂဇင်းနှင့် အခြားသော နိုင်ငံတကာသတင်းမီဒီယာများမှ ရေးသားခဲ့ကြခြင်းဖြစ်သည်။ ဟီလာရီကလင်တန် မလာရောက်မီအချိန် အောက်တိုဘာလအတွင်းကလည်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောအပြောင်းအလဲများကို ဆန်းစစ်ပြီး The Economist မဂ္ဂဇင်းက 'မြန်မာနွေဦးလား'ဆိုသည့် ဆောင်းပါးတစ်ပုဒ် ရေးသားကာ ဖော်ပြခဲ့ဖူးသည်။

မတ်လကာလ နောက်ပိုင်းအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော နိုင်ငံတကာခေါင်းဆောင်များနည်းတူ ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်ထရာတို့လည်း ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ထို့ပြင် နိုင်ငံတကာတွင် ဒီမိုကရေစီရေးနှင့် လွတ်လပ်မှုအတွက် အကူအညီပေးနေသူ Open Society Institute (OSI) ကို စတင်တည်ထောင်သူ ဂျော့ဆိုးရော့စ်လည်း ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်းကမြန်မာနိုင်ငံသို့မိသားစုအပန်းဖြေခရီးစဉ်အဖြစ် လာရောက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံတကာခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ထွန်းနေသော အပြောင်းအလဲများအတွက် အသိအမှတ်ပြုကြိုဆိုခဲ့ကြပြီး ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်သွားရန် တိုက်တွန်းမှုများပြုလုပ်ခဲ့ကြသည်။ ထို့ပြင် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း အဓိကထားဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာခေါင်းဆောင်များ၏ မြန်မာနိုင်ငံခရီးစဉ်များအတွင်း ထူးခြားချက်တစ်ရပ်အနေဖြင့် နိုဝင်ဘာလ ၂ ရက်နေ့က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သောအမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်နှင့်မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရက်မစ်ချဲလ်သည် နိုဝင်ဘာလ ၃ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့ပြီး မြန်မာ–အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရေးလုပ်ငန်းများအပြင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

*အထူးအချပ်ပို (C) မှအဆက်*

ကြိုးပမ်းမှုအနေဖြင့် ကိုယ်ပိုင်အယူအဆများဖြင့် နိုင်ငံရေး ပြောကြားချက်အချို့ကို အများပြည်သူရှေ့တွင် ထုတ်ဖော်ပြောဆိုသူဖြစ်သည်။

ယင်းကဲ့သို့ ပြောကြားခဲ့သည်များအနက် Eleven Media Group ၁၁ နှစ်ပြည့် အခမ်းအနားတွင် အချက်နှစ်ချက်ကိုအဓိကထားပြီးပြောကြားခဲ့သည်များမှာ နယ်ပယ်အသီးသီးမှ တက်ကြွလှုပ်ရှားသူများ အသိအမှတ်ပြုထောက်ခံခဲ့ကြသည့် နိုင်ငံရေးပြောကြားချက်များ ဖြစ်ခဲ့သည်။

Eleven Media Group ၁၁ နှစ်ပြည့်အခမ်းအနားတွင် ဒေါက်တာ သန်းထွဋ်အောင် ပြောကြားခဲ့သည့် အဓိက အချက်နှစ်ချက်မှာ–

(၁) နိုင်ငံအတွင်း ဖြစ်ပေါ်နေသော Human Resources ပြဿနာ

(၂) ၂၁ ရာစု၏ Super Power ဖြစ်လာမည့် အိမ်နီးချင်းနိုင်ငံ နံဘေး၌ ရှိနေသော မြန်မာနိုင်ငံအနေဖြင့် ကိုယ်ခံအားရန် မရှိမဖြစ်လိုအပ်ခြင်း စသည်တို့ ဖြစ်သည်။

ပထမအချက်ကို ပြောကြားရာ၌ နိုင်ငံအတွင်း Human Resources ပြဿနာပေါ်ပေါက်ရာ၌ နှစ်ပေါင်းများစွာ နိမ့်ကျခဲ့သော ပညာရေးကို ထောက်ပြခဲ့ပြီး ကျွမ်းကျင်မှု၊ ထူးချွန်မှုများနှင့် အရည်အသွေးပြည့်ဝသော Working Force များ မည်သည့်နေရာသို့ ရောက်ရှိနေသနည်းဆိုသည်ကို မေးခွန်းထုတ်ခဲ့သည်။ ထို့အပြင် လူဦးရေ လေးသန်းနှင့် ခြောက်သန်းကြားရှိသော မြန်မာနိုင်ငံသားများ (နိုင်ငံရေးကြောင့်ဖြစ်စေ၊ ပညာရေးကြောင့်ဖြစ်စေ၊ စီးပွားရေးကြောင့်ဖြစ်စေ) ပြည်ပသို့ ရောက်ရှိနေခြင်း၊ နိုင်ငံကို စွန့်ခွာသွားခြင်းများက နိုင်ငံကို ကြီးပွားတိုးတက်အောင် လုပ်ဆောင်ရာ၌ ပြဿနာကြီးဖြစ်လာနိုင်ကြောင်းသုံးသပ်ခဲ့သည်။ ထိုသို့ သုံးသပ်ခဲ့ပြီးနောက် ပြည်ပသို့ ရောက်ရှိနေသူများ နိုင်ငံသို့ ပြန်မလာလျှင် နိုင်ငံတိုးတက်အောင် မလုပ်ဆောင်နိုင်ကြောင်းနှင့် ထိုသူများ ပြန်လာနိုင်အောင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေကောင်းများ ဖန်တီးပေးရန် လိုအပ်ကြောင်း၊ ထွက်ခွာသွားသူများအနေဖြင့်မလွှဲမရှောင်သာ၍ ထွက်ခွာသွားရသူများ ဖြစ်ပြီး ထိုသူများအနက် ၉၅ ရာခိုင်နှုန်းမှာ နိုင်ငံသို့ ပြန်လာချင်သူများဖြစ်နေကြောင်း ပြောဆိုခဲ့သည်။ ထို့အတွက်ကြောင့် နိုင်ငံအတွင်း ဖြစ်ပေါ်နေသောHuman Resources ပြဿနာကို လာမည့်နှစ် ၂၀၊ ၃၀ ကာလအတွင်းတက်လာမည့် ပြဿနာကြီးအဖြစ် ရှုမြင်ပြီး ဖြေရှင်းနိုင်ရန် စဉ်းစားသင့်ကြောင်း အကြံပြုပြောဆိုခဲ့သည်။

ဒုတိယအချက်တွင် နိုင်ငံကြီးတစ်နိုင်ငံ Super Power ဖြစ်လာပြီဆိုပါက ထိုနိုင်ငံနံဘေးတွင် ရှိနေသော နိုင်ငံငယ်များမှာ စတေးခံရသည့်သမိုင်းရှိခဲ့ကြောင်းကို ပြောဆိုခဲ့ပြီး ၂၁ ရာစု၏ Super Power ဖြစ်လာမည့် အိမ်နီးချင်းနိုင်ငံနံဘေး၌ ရှိနေသော မြန်မာနိုင်ငံအနေဖြင့် ကိုယ်ခံအားမရှိဘဲနှင့်မည်သည့်နည်းနှင့်မျှ ရပ်တည်၍ မရနိုင်ကြောင်း ပြောဆိုခဲ့သည်။ ကိုယ်ခံအား မရှိဘဲနှင့် ရပ်တည်ရာတွင် လာမည့် နှစ် ၂၀၊ ၃၀ ကာလအတွင်း ဆိုးဝါးသော အခြေအနေတစ်ခုကို ရင်ဆိုင်ရနိုင်ကြောင်း သုံးသပ်ခဲ့သည်။ ထိုသို့ သုံးသပ်ရာတွင်ငွေကြေးတစ်ခုတည်းတင်မကဘဲ ကျား/မ အချိုးအစားကွာဟမှုကြောင့် ဒေသတွင်းနိုင်ငံ၌ ဖြစ်ပေါ်လာသောသတို့သမီးလိုအပ်ချက်(တစ်နှစ်လျှင် သတို့သမီးသန်း ၂၀)၊ ထိုလိုအပ်ချက်ကြောင့်ဖြစ်ပေါ်လာသည့်လူကုန်ကူးမှု၊ ရောင်းစားခံရမှု အန္တရာယ်များ၊ ဧရာဝတီမြစ်အရေး စသည်တို့နှင့် ချိန်ထိုးပြီး ပြောဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပါကိစ္စရပ်များကို ပြောဆိုရာ၌ နှစ်နိုင်ငံဆက်ဆံရေးကို ပျက်ပြားစေလိုသောဆန္ဒ၊ လူမျိုးရေးမုန်းတီးမှုများ မပါဝင်ဘဲ မိမိနိုင်ငံကို အခွန့်ရှည်တည်တံ့လိုသောဆန္ဒ၊မိမိနိုင်ငံ၏လွတ်လပ်ရေး တည်တံ့ခိုင်မြဲလိုသောဆန္ဒများဖြင့် ပြောဆိုခဲ့ခြင်းသာဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။




**မြစ်ဆုံပြဿနာကို ဖြေရှင်းပေးလိုက်ခြင်းဖြင့် ပြည်သူလူထု၏ သဘောဆန္ဒကို လိုက်လျောပေးရုံတင်မက တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ တိုင်းရင်းသားများ၏ ဆန္ဒကို အစိုးရက လေးစားလိုက်နာခြင်းဆိုသည်ကို ဘက်မလိုက်ဘဲ ပြောကြားလိုကြောင်း၊ ထိုသို့ဖြေရှင်းနိုင်မှုနှင့်စတင်ခဲ့ခြင်းမှာ ပြဿနာအပေါ်မှာအခြေခံပြီးနောက် ပြဿနာများကို ဖြေရှင်းပေးနိုင်မည့်တွန်းအားဖြစ်စေခဲ့ကြောင်း ...**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်း ဝင်ရောက်မည်ဆိုပါက နိုင်ငံတကာစံနှုန်းများဖြင့် ညီညွတ်အောင် အများစုပေါင်းပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်ရာတွင်ညီညွတ်မှုကအရေးပါကြောင်း ပြောဆိုခဲ့သည်။

ညီညွတ်မှုကို ပြောဆိုရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ရန် အရေးကြီးသောအခန်းကဏ္ဍရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ထိုအရာများလုပ်ဆောင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန် လုပ်ဆောင်လာသူ (အစိုးရ၊ သက်ဆိုင်ရာ အတိုက်အခံ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းအသီးသီး)ကို မိမိတို့၏ သားသမီးမြေးမြစ်တွေရဲ့ အနာဂတ်အတွက်လုပ်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုပါနေ့ရက်တွင် ဒေါက်တာသန်းထွဋ်အောင်က ပြောကြားခဲ့သည်။

Eleven Media Group မှ စီစဉ်ခဲ့ပြီး နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သော (၁၁–၁၁–၁၁) ‘၁’ ခြောက်လုံးစုံသည့်နေ့ ဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားတွင်မှ ပါမောက္ခ ဒေါ်မြင့်မြင့်ခင်၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၏ မိခင် ဒေါ်လှကြည်နှင့် ဒေါက်တာ သန်းထွဋ်အောင်တို့က အမှတ်တရ ဂုဏ်ပြုစကားများ ပြောကြားခဲ့ကြခြင်းဖြစ်သည်။

ထိုအခမ်းအနား၌ ပါမောက္ခ ဒေါ်မြင့်မြင့်ခင်က မီဒီယာနှင့်ပတ်သက်ပြီး ပြောကြားခဲ့ခြင်းဖြစ်သည်။ မီဒီယာနှင့်ပတ်သက်ပြီး ပွင့်လင်းမှုရှိလာသည့်အတွက်ဂုဏ်ယူကြောင်း၊ သို့သော်မီဒီယာလွတ်လပ်မှုအတွက် လိုအပ်မှုများ ရှိနေသေးကြောင်း၊ ယခုအချိန်ကဲ့သို့ ခေတ်ပြောင်းတော်လှန်ရေးကာလတွင် မီဒီယာများအနေဖြင့် role၊ responsibility များဖြင့် ပြုပြင် adapt လုပ်ရမည်ဖြစ်ကြောင်း၊ ထိုတာဝန်ကိုရရှိလာသည်နှင့် မည်ကဲ့သို့ထမ်းဆောင်မည်ကို စဉ်းစားရမည်ဖြစ်ကြောင်းနှင့် ယင်းကဲ့သို့ပြောဆိုခြင်းသည် မိမိ မသေခင်ကာလ၌ တိုင်းပြည်တွင် ယခုထက် ပိုကောင်းသည်များ ဖြစ်လာမလားဆိုသည့် စေတနာဖြင့် ပြောဆိုခြင်းဖြစ်ကြောင်း ပါမောက္ခ ဒေါ်မြင့်မြင့်ခင်ကပြောဆိုခဲ့ခြင်းဖြစ်သည်။

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၏ မိခင် ဒေါ်လှကြည်က ရင်တွင်းစကားကို ပြောဆိုခဲ့ရာတွင် မိမိ၏သားကို မိမိက မပိုင်တော့ဘဲ တိုင်းပြည်က ပိုင်နေပြီဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မွေးထားစဉ်က သားတစ်ဦးသာ ရှိခဲ့သော်လည်း ယခုအချိန်၌ သားများစွာ ရရှိနေခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ အများအတွက် အနစ်နာခံပြီး ပါရမီဖြည့်ခဲ့သည့် မိသားစုအားလုံးကို ကျေးဇူးတင်ကြောင်း၊ ကိုမင်းကိုနိုင်နှင့်အတူအကျဉ်းထောင်အသီးသီးတွင်ရှိနေသော နိုင်ငံရေးအကျဉ်းသားများပြန်လည်လွတ်မြောက်ရန် ဆုတောင်းကြောင်း၊ အရှင်ဇနကဘိဝံသ ဟောထားခဲ့သည့် တရားလေးတစ်ပုဒ်ဖြစ်သည့် ‘လူမှုဆိုလျှင် လူလိုပင် လောကခံ ရှိမြဲ ဝမ်းနည်းဝမ်းသာ အများပါပဲ’ဆိုသည့်အတိုင်း ပြောချင်သည်မှာ မိမိတို့မိသားစုအနေဖြင့် ကိုမင်းကိုနိုင် ပြန်လည်လွတ်မြောက်လာမည့်ရက်ကို မျှော်လင့်လျက်ရှိနေပြီး ထိုသို့လွတ်မြောက်ရန်အတွက် ဆုတောင်းမေတ္တာ ပို့သနေကြောင်း ပြောဆိုခဲ့သည်။

‘၁’ ခြောက်လုံးစုံသည့်နေ့ ဂုဏ်ပြု ဆုတောင်းပွဲ အခမ်းအနားသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲတိုးတက်မှုများ၌ ကိုယ်ကျိုးစွန့် အနစ်အနာခံခဲ့သူများ၊ ပြုပြင်ပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့သူ အစိုးရအဖွဲ့မှ လူပုဂ္ဂိုလ်များ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင်အတိုက်အခံအဖွဲ့များမှ လူပုဂ္ဂိုလ်များနှင့် ပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့သူအားလုံးကို ဂုဏ်ပြုခဲ့သည့်ပွဲဖြစ်သည်။ ထိုပွဲတွင် အခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့သူများ၊ အပြောင်းအလဲအတွက် အသက်စွန့်သွားခဲ့သူများအတွက် ရည်ရွယ်ပြီး စားပွဲဝိုင်းနံပါတ် (၁၁)ကို နေရာလွတ်အဖြစ်ထားရှိခဲ့သည်။

ယင်းအခမ်းအနား၌ ဒေါက်တာသန်းထွဋ်အောင်က အပြောင်းအလဲတွင် ပါဝင်ခဲ့သူအားလုံးကို ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားခဲ့ကာ နိုင်ငံနှင့်ပတ်သက်ပြီးပြဿနာသုံးရပ်ကို တင်ပြသည်။

အဆိုပါ ပြဿနာသုံးရပ်မှာ–

(၁) ဆင်းရဲတွင်းနက်နေသည့် စီးပွားရေးပြဿနာ

(၂) နိုင်ငံတွင်း တရားဥပဒေစိုးမိုးရေးပြဿနာ

(၃) တိုင်းရင်းသား ပြဿနာ တို့ ဖြစ်ကြသည်။

စီးပွားရေးပြဿနာကို ဖြေရှင်းရာ၌ သဘောထားကွဲမှုများ ရှိနေသည့်တိုင်အစိုးရနှင့်ဝိုင်းဝန်းပူးပေါင်းပြီးသက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် business leaders များ ပူးပေါင်းပြီး ညီညွတ်မှုဖြင့် အဖြေရှာရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပြဿနာများ တဖြည်းဖြည်းပြေလည်သွားသည်နှင့်အညီ စီးပွားရေးပြဿနာကိုလည်း အဖြေရှာရန် လိုအပ်ကြောင်း၊ နေရပ်အတွင်းမှ စောင့်နေသူများအဖို့ အပန်းမကြီးသော်လည်း အမှန်ပင် ဒုက္ခရောက်နေကြသူများ၊ ပြည်ပ၌ အလုပ်ထွက်လုပ်နေကြရသည့်နိုင်ငံသားများ၊ ပြည်တွင်း၌ ဆင်းရဲဒုက္ခခံနေရသည့်တောင်သူတောင်သား အလုပ်သမားသာမန်လူတန်းစားများအတွက် ခက်ခဲသည့် အခြေအနေဖြစ်နေကြောင်း ပြောဆိုခဲ့သည်။

ထို့အတွက်ကြောင့် တက်ညီလက်ညီဖြင့် ဆောင်ရွက်ပြီး ဝိုင်းဝန်းအဖြေရှာရန်တိုက်တွန်းခဲ့ကာ တရားဥပဒေစိုးမိုးရေးပြဿနာကို ပြောဆိုခဲ့သည်။

ထို့နောက် တိုင်းရင်းသားအရေးပြဿနာနှင့် ပတ်သက်ပြီးပြောဆိုခဲ့ရာတွင် တိုင်းရင်းသားများခံစားနေရသည့်ပြဿနာများအပေါ် မည်သည့်အခါမှ မေ့လျော့သွားမည် မဟုတ်ကြောင်း၊ ပြည်ထောင်စုစစ်စစ်ဖြစ်ပေါ်ရေးဆိုသည့် တိုင်းရင်းသားများ၏ဆန္ဒမှာ အချိန်ကာလတစ်ခုပေးပြီးပါကပြည့်လာမည်ဖြစ်ကြောင်း၊ လတ်တလောအနေဖြင့် တိုင်းရင်းသား ပြည်သူများ ခံစားနေရသည့် ဒုက္ခများ ပြေလည်စေရန်အတွက် ငြိမ်းချမ်းရေးကို အလျင်အမြန် ဖော်ဆောင်ရန်လိုအပ်ကြောင်းကို တိုင်းရင်းသား လက်နက်ကိုင်များနှင့် အစိုးရကို အနူးညွတ်တောင်းပန်လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦးအကြား မယုံကြည်မှုတွေကို ဖြေဖျောက်စေလိုကြောင်း၊ မြစ်ဆုံပြဿနာကို ဖြေရှင်းပေးလိုက်ခြင်းဖြင့် ပြည်သူလူထု၏သဘောဆန္ဒကို လိုက်လျောပေးရုံတင်မက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားများ၏ဆန္ဒကို အစိုးရက လေးစားလိုက်နာခြင်းဆိုသည်ကို ဘက်မလိုက်ဘဲ ပြောကြားလိုကြောင်း၊ ထိုသို့ဖြေရှင်းနိုင်မှုနှင့် စတင်ခဲ့ခြင်းမှာ ပြဿနာအပေါ်မှာအခြေခံပြီးနောက်ပြဿနာများကို ဖြေရှင်းပေးနိုင်မည့်တွန်းအားဖြစ်စေခဲ့ကြောင်း၊ တစ်ဦးနှင့် တစ်ဦးအကြား ရှိနေသောအမြင်များ၊ အယူအဆကွဲပြားမှုများကို ပပျောက်စေလိုကြောင်းနှင့် အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြဿနာကိုအဖြေရှာရာတွင်တိုင်းရင်းသားဒေသများအတွင်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းဖြင့် တစ်ဆင့်ချင်း အဖြေရှာနိုင်ကြောင်းကို ရခိုင်ပြည်နယ်အား ဥပမာပေး၍ ပြောဆိုခဲ့သည်။

ဒေါက်တာ သန်းထွဋ်အောင်သည် ၂၀၁၁ ခုနှစ်အတွင်း အထက်ပါအခမ်းအနားအပါအဝင် စက်တင်ဘာလအတွင်းကပြုလုပ်ခဲ့သော သဘာဝပတ်ဝန်းကျင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဟောပြောပွဲတွင်လည်း ဧရာဝတီမြစ်ဆုံစီမံကိန်းရပ်သင့်ကြောင်း ထုတ်ဖော်မှုနှင့်အတူပင်လုံညီလာခံကဲ့သို့သော ညီလာခံတစ်ရပ်ကို ပြုလုပ်ဖို့ လိုအပ်ပြီဖြစ်ကြောင်းနှင့် ထိုညီလာခံကို ပင်လုံတွင်မဟုတ် ‘မြစ်ဆုံ’၌ ပြုလုပ်မည်ဖြစ်ပြီး မိမိတို့အားလုံး ‘မြစ်ဆုံတွင် ပြန်လည်ဆုံတွေ့ကြပါစို့’ဟူသည့် စကားတစ်ရပ်ကိုလည်း ပြောဆိုခဲ့သည်။ အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုစစ်စစ် မူဝါဒကို ၎င်းက ထောက်ခံကြောင်းနှင့် ဗမာတစ်ကျပ်၊ ကချင်တစ်ကျပ်၊ ရှမ်းတစ်ကျပ်ညီမျှစွာသာရစေလိုကြောင်းနှင့် မဏ္ဍိုင်ကြီးသုံးရပ်နှင့်အတူ စတုတ္ထမဏ္ဍိုင်၊ ပြည်သူ့မဏ္ဍိုင်ဖြစ်သည့် ပဉ္စမမဏ္ဍိုင်၊ အဆိုပါမဏ္ဍိုင်များနှင့် ကင်းကင်းရှင်းရှင်း ဆဋ္ဌမမဏ္ဍိုင်အဖြစ် တပ်မတော် ပေါ်ထွန်းလာပြီ ဆိုပါက ဒီမိုကရေစီ ဖြစ်ထွန်းလာပြီး ပြည်ထောင်စုစစ်စစ်လည်းပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် Professional ပီသသည့် တပ်မတော်ဖြစ်အောင်၊ ပြည်သူလူထု လေးစားယုံကြည်သည့်၊ ပြည်သူလူထုတိုင်းရင်းသားများချစ်ခင်သည့် တပ်မတော်ဖြစ်အောင် မိမိတို့အားလုံးက တပ်မတော်ခေါင်းဆောင်များကို ကူညီပေးရမည်ဖြစ်ကြောင်း အစရှိသည်တို့ကို ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ စစ်မှန်သော အပြောင်းအလဲများဖြစ်ပေါ်စေရန်အတွက် ဂျာနယ်လစ်တစ်ဦး၏ကြိုးပမ်းမှုအနေဖြင့် နိုင်ငံရေးပြောကြားချက်များကို ပြောဆိုလာခဲ့သော ဒေါက်တာသန်းထွဋ်အောင်သည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သူဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံရေး လုပ်ငန်းများမှ အပြီးတိုင်အနားယူခဲ့ပြီးဖြစ်ကြောင်းနှင့် အနာဂတ်တွင် စီးပွားရေးလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်သွားရန် ရည်ရွယ်ထားကြောင်း ၎င်းရေးသားခဲ့သော ဆောင်းပါးများ၊ အယ်ဒီတာ့ အာဘော်နှင့် ပြောကြားချက်များကို စုစည်းထားသည့် ‘၂၂နှစ်ဆိုတာ၊ ပြန်လာစေချင်သည်နှင့် အခြားဆောင်းပါးများစုစည်းမှု’ စာအုပ်တွင် တရားဝင်ထုတ်ဖော်ရေးသားထားခဲ့ခြင်းနှင့် Eleven Media Group အခမ်းအနားများတွင် ပြောကြားခဲ့သည်များမှာ ယခုနှစ်အတွင်း ထင်ရှားခဲ့သည်။

# မျှော်လင့်ချက်များ ဖြစ်စေခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပထမဆုံးမိန့်ခွန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပထမဆုံးမိန့်ခွန်းဖြစ်သည့် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်းသည် မြန်မာနိုင်ငံတွင် အပြောင်းအလဲများ စတင်တော့မည်လော ဟူသော မျှော်လင့်ချက်များ ဖြစ်ပေါ်စေခဲ့သည့်အတွက် ၂၀၁၁ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေး နယ်ပယ်မှ ထင်ရှားမှုတစ်ရပ်အဖြစ် Weekly Eleven News Journal မှ ဖော်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၎င်း၏မိန့်ခွန်းထဲတွင် “အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေရှိသည့်မူဝါဒများ၊ လုပ်ငန်းစဉ်များကို ချမှတ်ပြီး ကျွန်တော်တို့အစိုးရသစ်အနေနှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးအင်အားဆိုသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်ကြောင်း၊ လူမျိုးစုပေါင်းတစ်ရာကျော်နှင့် စုစည်းနေထိုင်ကြသည့် ကျွန်တော်တို့နိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရင် နိုင်ငံတော်ကြီးလည်း အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးသွားမည် ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနှင့် ပတ်သက်ပြီး ဒီကနေ့အထိ မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးသည့် ပြည်တွင်းပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဥပဒေပြင်ပရှိအဖွဲ့အစည်းများ ရှိနေကြပါကြောင်း၊ မတူညီသည့်သဘောထားအမြင်များ ရှိကြမှာ ဖြစ်သော်လည်း တိုင်းပြည်၏အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင်ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျနစွာဖြင့်ရယူကြမည်ဆိုရင် လူသာခုခေါ်၊ နတ်သာခု ခေါ်ကြမည်ဖြစ်သည့်အတွက် ကျွန်တော်တို့အစိုးရအဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမည်ဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်က ပြည်သူလူထုအများစု ဆန္ဒပြုခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အတည်ဖြစ်ပြီးဖြစ်သည့်အတွက် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့အစိုးရအနေဖြင့် တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အနေဖြင့်ကတော့ အစိုးရက အတိုင်းအတာ တစ်ရပ်အထိ ထိန်းသိမ်းပံ့ပိုးဆောင်ရွက်ပေးသည့် ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းပါကြောင်း၊ ဝင်ထိန်းပေးမည်ဆိုသည်လည်း ဈေးကွက်၏လွတ်လပ်မှုကို ထိန်းချုပ်လိုသည့် သဘောမျိုး မဟုတ်ဘဲ အရင်းရှင်၊ ခရုရှင်ကြီးများ၊ အခွင့်ထူးခံများက လက်ဝါးကြီးအုပ် ခြယ်လှယ်တာမျိုး မဖြစ်ရအောင် ထိန်းကျောင်း တည့်မတ်ပေးတာမျိုးကိုသာ ရည်ရွယ်ပါကြောင်း၊ အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး ဝင်ရောက်ထိန်းကျောင်းမှုမျိုးသာလုပ်သွားမည်ဖြစ်သည့်အပြင် တတ်နိုင်သမျှဝင်ရောက်စွက်ဖက်မှု၊ ထိန်းချုပ်မှု အနည်းဆုံးဖြစ်အောင် ရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားနှင့် အလုပ်သမားများသည် နိုင်ငံတော်၏ အဓိကလူတန်းစားများဖြစ်သည့်အတွက် လုပ်လျှင်လုပ်သလောက် အကျိုးခံစားခွင့်ရရှိအောင်၊ သင့်တင့်မျှတသည့် လူနေမှုဘဝကို ပိုင်ဆိုင်ပြီး နောင်ရေးအတွက် ပူပင်ကြောင့်ကြရန်မလိုသည့်အဆင့်မျိုး ရောက်ရှိလာအောင် ကျွန်တော်တို့အစိုးရအဖွဲ့က ကြိုးပမ်းဖော်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ဒီကနေ့ကစပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် စတင်ခဲ့ပြီဖြစ်ပါကြောင်း၊ဒီလုပ်ငန်းစဉ်၏ ပထမခြေလှမ်းဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးနောက်ပိုင်းတွင်ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများစွာ ကျန်ရှိနေပါသေးကြောင်း၊ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအားလုံးတွင် အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ လုပ်ဆောင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်အပေါ်သံသယရှိနေသေးသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသူများကိုလည်း သူတို့သံသယတွေ ပျောက်ပြီး အမျိုးသားအကျိုးစီးပွားအတွက်ပါဝင်ပူးပေါင်းလုပ်ဆောင်လာအောင် ကျွန်တော်တို့ရဲ့ မှန်ကန်သည့်စေတနာများကို ပြသနိုင်ရန်လိုအပ်နေပါသေးကြောင်း၊ ကျွန်တော်တို့အစိုးရအဖွဲ့သည် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများ၊ လွှတ်တော်ပြင်ပရှိ စိတ်ရင်းစေတနာမှန်ကန်သည့် နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုပါကြောင်း၊ ဒီမိုကရေစီသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့်တွဲဖက်မှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်အစတွင်တာဝန်ယူရသည့် ကျွန်တော်တို့အစိုးရအဖွဲ့အနေဖြင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ပေါ်ပေါက်လာအောင် အလေးထားလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်ဘဝ သာယာလှပအောင်တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားသည့်ဒီမိုကရေစီနိုင်ငံတော်ကြီး ရေရှည်တည်တံ့ ရှင်သန်အောင် ကျွန်တော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းမြှင့်တင် စွမ်းဆောင်သွားပါမည်ဟု ကတိပြုပြောကြားရင်းတစ်ဖက်ကလည်းကျွန်တော်တို့နှင့်အတူ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ကိုယ့်တိုင်းပြည်အတွက်ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြပါဟု ဖိတ်ခေါ်တိုက်တွန်းပါကြောင်း”ဟု ထည့်သွင်းပြောကြားခဲ့သည်။

**ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ကျန်ရှိနေပါသေးကြောင်း၊ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအားလုံးတွင် အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ လုပ်ဆောင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊**

ယင်းကဲ့သို့ အပြောင်းအလဲကို ဦးတည်သည့် ပြောကြားချက်များကြောင့် ပြည်သူလူထုနှင့် ပြည်တွင်း၊ ပြည်ပ အတိုက်အခံ နိုင်ငံရေးသမားများအကြား မမျှော်မှန်းဖူးသည့် မျှော်လင့်ချက်များပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

အဆိုပါမျှော်လင့်ချက်များကို ဖြည့်ဆည်းပေးရာရောက်သည့် အပြောင်းအလဲအချို့ကိုလည်း နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့က လပိုင်းအတွင်း ပြုလုပ်ခဲ့သည်။ သို့ရာတွင် အရပ်သားအစိုးရသက်တမ်းကိုးလတိုင်လာခဲ့သော်လည်း ပြည့်ပြည့်ဝဝအကောင်အထည်မပေါ်လာသေးသည်ကိုတွေ့နေရသေးကြောင်း သုံးသပ်မှုအချို့ရှိနေသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးတွေ့ဆုံမှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော်ရှိ သမ္မတအိမ်တော်ရုံးခန်း၌ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ ညနေ ၄ နာရီအချိန်တွင် ပထမဆုံးတွေ့ဆုံခဲ့မှုသည် မြန်မာ့နိုင်ငံရေးနှင့် တိုင်းပြည်အတွက် မျှော်လင့်ချက် ရောင်ခြည်တန်းများ ပေါ်ထွန်းလာပြီဟုအများပြည်သူကြား မှတ်ထင်စေခဲ့မှုကို ၂၀၁၁ ခုနှစ်အတွင်းမြန်မာ့နိုင်ငံရေးနယ်ပယ်မှ ထင်ရှားမှုတစ်ရပ်အဖြစ် Weekly Eleven News Journal မှ ဖော်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များကို ခင်မင်ရင်းနှီးစွာ ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် မတူကွဲပြားသော သဘောထားအမြင်များ ဘေးဖယ်ထားကာ နိုင်ငံနှင့် ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

“ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်နဲ့လည်း တစ်ကြိမ်တွေ့ပြီးပြီ။ တွေ့ပြီးတော့ နှစ်ယောက်လုံးရဲ့ သဘောထားတွေကို ပြောခွင့်ဆိုခွင့်တွေကိုလည်း ကျွန်တော်တို့ တော်တော်လေးရတယ်။တချို့အချက်တွေလည်း မတူတာတွေ ရှိတာပေါ့။ အဲဒီတော့ မတူတာတွေကိုတော့ ကျွန်တော်တို့ ခဏဘေးဖယ် ထားကြရအောင်။ တိုင်းပြည်ရဲ့ အကျိုးစီးပွားပေါ့။ ဘုံအကျိုးစီးပွားအတွက် တူညီတာတွေကို ကျွန်တော်တို့လက်တွဲပြီး လုပ်ရအောင် ဒီကနေ့တိုင်းရင်းသားအားလုံးရဲ့ဆန္ဒကဘာလဲပေါ့။ ဒီဟာကိုလည်း ကျွန်တော်တို့ဖော်ထုတ်ဖို့လိုတယ်။ တိုင်းရင်းသားအားလုံးရဲ့ဆန္ဒက တိုင်းပြည်ကတည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနဲ့ လုံလုံခြုံခြုံရှိချင်တယ်။ ဒီဟာတစ်ချက်။နောက်တစ်ခါ ကိုယ့်တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်ချင်တယ်။ ခေတ်မီတဲ့နိုင်ငံ ကျွန်တော်တို့ ဖြစ်ချင်တယ်။ အဲဒီတော့ဒီနှစ်ချက်က ပြည်သူအားလုံးရဲ့ဆန္ဒပါ။ ပြည်သူအားလုံးရဲ့ဆန္ဒဖြစ်တဲ့အတွက်ကြောင့်ခင်ဗျားရဲ့ဆန္ဒလည်းဖြစ်တယ်။ ကျွန်တော့်ဆန္ဒလည်းဖြစ်တယ်။ ဒါကိုခင်ဗျားလက်ခံလားဆိုတော့ သူလက်ခံတယ်။ အဲဒီတော့ တိုင်းပြည်အကျိုးရှိမယ့်ဟာတွေကို ကျွန်တော်တို့ လက်တွဲပြီး လုပ်ကြရအောင်။ ဒီလိုပြောတဲ့အတွက်ကြောင့်လည်းအခုဒါရွေးကောက်ပွဲတို့ ဘာတို့ ပြန်ပြီးတော့ ပါတီမှတ်ပုံတင်ရွေးကောက်ပွဲဝင် ဘာညာလုပ်တယ်ပေါ့။ ဘာတွေလုပ်မလဲဆိုတာ၊ ဘာကိုတွဲပြီးတော့လုပ်ကြပြုကြမလဲ ဆိုတာအခုချိန်ပြောဖို့တော့ခက်တယ်။ သို့သော်လည်း ပြောနိုင်တာကတော့ တိုင်းပြည်အတွက် အကျိုးစီးပွားအတွက် ဘုံအကျိုးစီးပွားတွေအတွက် လက်တွဲပြီးတော့ လုပ်ကြမယ်ဆိုတဲ့ဟာကတော့ ဒီလိုတော့ကျွန်တော်တို့ ပြောဆိုထားတွေရှိပါတယ်”ဟု နိုင်ငံတော်သမ္မတက အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ မြန်မာသတင်းသမားများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထိုကဲ့သို့ တွေ့ဆုံခဲ့မှုသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်စေသည့်ပထမဆုံးခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု အများက ရှုမြင်ခဲ့ကြသလို အနောက်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများ မကြာမီဖြေလျှော့လာနိုင်သည်ဟူသော မျှော်လင့်ချက်များလည်း ပိုမိုအားကောင်းလာစေခဲ့သည်။ ထို့ပြင် တွေ့ဆုံမှုရလဒ်သည် မျက်မှောက် မြန်မာ့နိုင်ငံရေးတွင် အရေးကြီးသော အပြောင်းအလဲတစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံရေးပါတီ မှတ်ပုံတင်ရန် ဆုံးဖြတ်ခဲ့မှုအပေါ်လည်း သက်ရောက်မှုရှိခဲ့သည်။

# အမျိုးသားပြန်လည်သင့်မြတ်ရေး၊ NLD ပါတီ မှတ်ပုံတင်ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည် အခန်းကဏ္ဍ

အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် စကားများကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့်အစိုးရအပါအဝင် အစိုးရနှင့် သဘောထားအမြင်မတူသူများက ပြောကြားလာခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် ဆုံးဖြတ်ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးလှုပ်ရှားမှုများကိုလူထုလှုပ်ရှားမှုအသွင် ဆောင်ရွက်လာခြင်းတို့ကို ၂၀၁၁ ခုနှစ်မြန်မာ့နိုင်ငံရေးနယ်ပယ်မှ ထင်ရှားသောဖြစ်ရပ်တစ်ခုအဖြစ် Weekly Eleven News Journal မှ ရွေးချယ်ဖော်ပြအပ်ပါသည်။




### အမျိုးသားပြန်လည်သင့်မြတ်ရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၎င်း၏ ပထမဆုံးမိန့်ခွန်းထဲတွင် “မတူညီသည့်သဘောထားအမြင်များ ရှိကြမှာ ဖြစ်သော်လည်း တိုင်းပြည်၏အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်၊ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျနစွာဖြင့် ရယူကြမည်ဆိုရင် လူသာခုခေါ်၊ နတ်သာခု ခေါ်ကြမည်ဖြစ်သည့်အတွက် ကျွန်တော်တို့အစိုးရအဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမည်ဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်အပေါ် သံသယရှိနေသေးသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသူများကိုလည်း သူတို့သံသယတွေ ပျောက်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ပါဝင်ပူးပေါင်းလုပ်ဆောင်လာအောင် ကျွန်တော်တို့ရဲ့ မှန်ကန်သည့်စေတနာများကို ပြသနိုင်ရန် လိုအပ်နေပါသေးကြောင်း၊ ကျွန်တော်တို့အစိုးရအဖွဲ့သည် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများ၊ လွှတ်တော်ပြင်ပရှိ စိတ်ရင်းစေတနာမှန်ကန်သည့် နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုပါကြောင်း”စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် စကားများဖြစ်သည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူများကမှတ်ချက်ပြုသည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော်၌ ပထမဆုံးတွေ့ဆုံရာတွင်လည်း မတူကွဲပြားသော သဘောထားအမြင်များဘေးဖယ်ထားပြီး နိုင်ငံနှင့် ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ခဲ့ရာအမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကို လျှောက်လှမ်းသည့်ပထမဆုံးခြေလှမ်းတစ်ရပ်ဟုလေ့လာသူများက သုံးသပ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပတ်သက်၍လည်း ဒေါ်အောင်ဆန်းစုကြည်က ‘သမ္မတကြီးဦးသိန်းစိန်နဲ့ ပြောရဆိုရတဲ့ကိစ္စတွေမှာတော့ ကျွန်မ အင်မတန်မှအားတက်ပါတယ်။ သမ္မတကြီးအနေနဲ့တစ်ကယ်ပဲ ဒီနိုင်ငံမှာတိုးတက်မှုလိုချင်တယ်လို့ ကျွန်မတစ်ဦးအနေနဲ့ကျွန်မ ဒီလိုပဲယုံကြည်ပါတယ်”ဟု ထုတ်ဖော်ပြောကြားထားသည်။

### NLD ပါတီ မှတ်ပုံတင်ခြင်း

အဆိုပါတွေ့ဆုံမှုရလဒ် တစ်စိတ်တစ်ပိုင်းအဖြစ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီ

အထူးအချပ်ပို (F) သို့

*အထူးအချပ်ပို (E) မှအဆက်*

များ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်၍ နောင်လာမည့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည်ဟု ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့က ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့အစည်းအဝေးက ကန့်ကွက်သူမရှိတညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင်မှတ်ပုံတင်တည်ထောင်ခဲ့သောပါတီဖြစ်သည်။

၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့ပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၄၈၅ နေရာ ကျင်းပပေးခဲ့သည့်အနက် မဲဆန္ဒနယ် ၃၉၂ နေရာတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့သည်။

ယင်းကဲ့သို့ မဲဆန္ဒနယ် ရာခိုင်နှုန်းအားဖြင့် ၈၂ ရာခိုင်နှုန်းခန့် အများစု အနိုင်ရရှိခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အာဏာလွှဲပြောင်းမှု မရှိခဲ့ခြင်းကြောင့် အစိုးရအဖွဲ့ မဖွဲ့နိုင်ခဲ့ပေ။

၁၉၉၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့သည့်နိုင်ငံရေးပါတီ ၉၃ ပါတီ အနက် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ပြီးမှ ပယ်ဖျက်ခဲ့သည့်ပါတီ ၈၃ ပါတီ ရှိခဲ့ပြီးကျန်ရှိသည့် တရားဝင်ဆက်လက်ရပ်တည်ခဲ့သောနိုင်ငံရေးပါတီ ၁၀ ပါတီထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လည်း ပါဝင်ခဲ့သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၀၉ ခုနှစ်ဧပြီလ ၂၉ ရက်နေ့တွင် 'ရွှေဂုံတိုင်ကြေညာစာတမ်း'ကို ထုတ်ပြန်ခဲ့ပြီး ယင်းကြေညာစာတမ်းက "အဖွဲ့ချုပ်သည် နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို ရှေ့ရှုလျက်လက်ငင်းကြုံတွေ့နေရသော နိုင်ငံရေးအကျပ်အတည်းများဖြစ်သည့် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပါဝင်သော ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး အခွင့်အရေးတန်းတူညီမျှမှုကို အခြေခံသည့်စစ်မှန်သော ပြည်ထောင်စုကြီး တည်ဆောက်ရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရေးတို့သည် လက်ငင်းဖြေရှင်းရမည့် အဓိကပြဿနာများ ဖြစ်သည်ဟု ယူဆသည်။"ဟု ဆိုခဲ့သည်။

ထိုသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်နိုင်ငံရေးပါတီအဖြစ် ရပ်တည်နေခဲ့ရာမှ ယခင်စစ်အစိုးရလက်ထက် ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့က ထုတ်ပြန်ခဲ့သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ထပ်မံ မှတ်ပုံတင်ရမည်ဖြစ်သော်လည်း အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ကျခံနေရခြင်း၊ ကန့်သတ်ချက်များနှင့် လက်မခံနိုင်သောအချက်များ ပါဝင်နေခြင်းကြောင့် ၂၀၁၀ ပြည့်နှစ် မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထပ်မံ မှတ်ပုံမတင်ရန် ဆုံးဖြတ်ခဲ့သည်။


ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးရှေ့တွင် လူထုသို့ မိန့်ခွန်းပြောရာ၌ လာရောက်နားထောင်သူများအား တွေ့ရစဉ်

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခြင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော်ရှိ သမ္မတအိမ်တော်တွင်ပထမဆုံးတွေ့ဆုံဆွေးနွေးခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် လက်မခံနိုင်သည့်အချက်များအဖြစ် ပါဝင်နေသောပါတီဝင်များသည် ထောင်ဒဏ်ကျခံနေရသူ မဟုတ်ခြင်း ဟူသော ကန့်သတ်ချက်ကို ပယ်ဖျက်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို "ထိန်းသိမ်းစောင့်ရှောက်ရေး"ဟူသော စကားရပ်အား"လေးစားလိုက်နာရေး" ဟုပြင်ဆင်ခြင်းစသည့်အပြောင်းအလဲများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်စေခဲ့သည့်တွန်းအားများ ဖြစ်ခဲ့သည်။

ထို့ပြင် ပြည်သူလူထုနှင့်တကွ ဒီမိုကရေစီအင်အားစုများကလည်း ၎င်းတို့ လိုလားနှစ်သက်ပြီး အားကိုးအားထားပြုနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးပါတီတစ်ခုအဖြစ် ဆက်လက် ရှင်သန်ရပ်တည်စေလိုသော ဆန္ဒသဘောထားများကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်စေခဲ့သည့်တွန်းအားများအနက် အဓိကတွန်းအားဖြစ်ခဲ့သည်။

ထို့ကြောင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၂ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုပြီးဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပါတီ မှတ်ပုံတင်ရန် ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်အဖြစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သူရဦးတင်ဦးနှင့် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် တို့အား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့က ရွေးချယ်ခဲ့ပြီး ပါတီမှတ်ပုံတင်ခြင်းကို နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့နံနက်ပိုင်းကပြုလုပ်ခဲ့သည်။

ယင်းကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံရေးပါတီ မှတ်ပုံတင်ရန် ဆုံးဖြတ်ခဲ့မှုသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရာတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် သမ္မတ ဦးသိန်းစိန်ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့တို့ လက်တွဲဆောင်ရွက်ပါက ပိုမိုမြန်ဆန်စေမည်ဟု ယုံကြည်ထားမှုများကို ပိုမိုခိုင်မာစေခဲ့သလို ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှတ်ပုံတင်ကာ နိုင်ငံရေး လုပ်စေလိုသော သမ္မတဦးသိန်းစိန် အစိုးရအတွက်လည်း နိုင်ငံရေးအရ အမြတ်ထွက်ခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည် အခန်းကဏ္ဍ

အမျိုးသားခေါင်းဆောင်ကြီးနှင့် တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့မှ ၁၉၄၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်သည် ပြီးခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း နေအိမ်အကျယ်ချုပ်များဖြင့် ၁၅ နှစ်ခန့် ထိန်းသိမ်းခံခဲ့ရသည်။ ထို့ပြင် နေအိမ်အကျယ်ချုပ် ခုနစ်နှစ်နှင့် ခြောက်လကြာ ဆက်တိုက် ကျခံနေရပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာသည့်နေ့ရက်တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်မှုကို လာရောက် စောင့်စားကြည့်ရှုကြသူများထဲတွင် မီဒီယာများသာမက ပါတီဝင်များ၊ ထောက်ခံသူများ၊ ချစ်ခင်လေးစားသူများ၊ ဆယ်ကျော်သက်လူငယ်များ သောင်းဂဏန်း လာရောက်ခဲ့ခြင်းနှင့် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဌာနချုပ်ရုံးရှေ့တွင် လူထုသို့ မိန့်ခွန်းပြောရာ၌ လာရောက်နားထောင်သူပြည်သူလူထုမှာ လမ်းပိတ်သည်အထိ ပြည့်လျှံသွားခြင်းတို့သည် မြန်မာ့နိုင်ငံရေး၌ ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍမှာအခိုင်အမာရှိနေဆဲဖြစ်သည်ကို ဖော်ပြနေသည်။

ထို့ပြင် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာနိုင်ငံအပေါ် ဆက်ဆံရာတွင်လည်း အစိုးရ၏ဒေါ်အောင်ဆန်းစုကြည်အပေါ် ထားရှိသည့် သဘောထားနှင့် ဆက်ဆံရေးအပေါ်တွင် စောင့်ကြည့်ကာ တုံ့ပြန်ဆောင်ရွက်ကြသဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ဝင်ဆံ့ရေးမှာလည်း မြန်မာ့နိုင်ငံရေးဇာတ်ခုံ၌ ဒေါ်အောင်ဆန်းစုကြည် မည်မျှပါဝင်ဆောင်ရွက်နိုင်သည်မှာမူတည်နေသည်။

ဒေါ်အောင်ဆန်းစုကြည် သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာပြီးနောက်ပိုင်း အစိုးရ၏လုပ်ပုံကိုင်ပုံများနှင့် ပတ်သက်၍ အတိအလင်း ဝေဖန်ပြောကြားမှုများရှိနေသော်လည်း အစိုးရနှင့် ထိပ်တိုက်တိုးစေမည့်စကားများ ပြောဆိုမှု ရှောင်ရှားခဲ့သလို အန္တရာယ် ဖြစ်စေမည့်ခရီးစဉ်များကိုလည်း မသွားရောက်ခဲ့ပေ။

ရန်ကုန်မြို့ပြင် ခရီးစဉ်များ အဖြစ် သားဖြစ်သူ ကိုထိန်လင်းနှင့် ပုဂံသို့ မိသားစုခရီးစဉ်အဖြစ် သွားရောက်ခြင်း၊ ပဲခူးမြို့နှင့် စာကြည့်တိုက် ဖွင့်လှစ်ရေးအတွက် ပဲခူးမြို့အနီးရှိသနပ်ပင်သို့ သွားရောက်ခြင်းတို့ကိုသာ ပြုလုပ်ခဲ့သည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးလှုပ်ရှားမှုများကိုဆောင်ရွက်ရာတွင် လူထုလူတန်းစားအားလုံးပါဝင်နိုင်သည့်လူထုလှုပ်ရှားမှုအသွင် လုပ်ဆောင်လာသည်ကိုလည်း တွေ့ရသည်။

သို့ရာတွင် လူ့ရှင်တော် ဇာဂနာ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီးနောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလှုပ်ရှားမှုများထဲတွင် နိုင်ငံရေးနှင့် အနုပညာ ထင်ပေါ်ကျော်ကြားမှုများရောယှက်ဆက်နွှယ်မှုများရှိလာကြောင်း ဝေဖန်ပြောဆိုမှုအချို့ရှိခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ချင့်ချင့်ချိန်ချိန် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်နေခြင်းဖြစ်ကြောင်းနှင့် သူမ၏လုပ်ဆောင်မှုများ အဓိကရည်ရွယ်ချက်ကို ပျောက်ပျက်သွားခြင်း မရှိကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ နိုင်ငံတကာဇာတ်ခုံတွင် ထိုက်တန်သောနေရာ၌ ပြန်လည်ရပ်တည်နိုင်ရေး၊ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးတို့အတွက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍမှာ အရေးပါသည့်နေရာတွင် တည်ရှိနေဆဲဖြစ်သည်။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုးပမ်းလာခြင်း

အစိုးရအဖွဲ့သစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကြိုးပမ်းလာခြင်းကို ၂၀၁၁ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေးနယ်ပယ်မှ ထင်ရှားမှုတစ်ရပ်အဖြစ် Weekly Eleven News Journal မှ ဖော်ပြအပ်ပါသည်။

ပြည်ထောင်စု အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှုများသည် ဇွန်လ ၉ ရက်နေ့မှ စတင်ပြီး ကချင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အစိုးရတပ်မတော်နှင့် KIA တို့အကြား အပြန်အလှန်ပစ်ခတ်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ငြိမ်းချမ်းရေးရရှိရန် ပိုမိုဆောင်ရွက်လာခြင်းဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက် ဆောင်ရွက်ချက်များတွင် ထင်ရှားမှုတစ်ရပ်အနေဖြင့် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကြေညာချက်အမှတ် ၁/၂၀၁၁ ထုတ်ပြန်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

ထိုကြေညာချက်တွင် –

(၁) နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်သွားရန် အထူးပင်လိုအပ်သည်ဟု ယုံကြည်ပါသည်။

(၂) လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

(၃) ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့်အဖွဲ့အစည်း ဖွဲ့စည်းပြီး သက်ဆိုင်ရာ ငြိမ်းချမ်းရေး ဖော်ဆောင်မည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

အစရှိသော အချက်သုံးချက်ကို ထည့်သွင်းခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူး ဦးတင်မျိုးကြည်ကလက်မှတ်ရေးထိုးကာထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက် စက်တင်ဘာလ ၆ ရက်နေ့တွင် 'ဝ'အထူးဒေသ(၂) အဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းပေးသော ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၊ စက်တင်ဘာလ ၇ ရက်နေ့တွင် မိုင်းလား အထူးဒေသ(၄)အဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသော ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့သည် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်များလက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် 'ဝ'အထူးဒေသ(၂)သည် အောက်တိုဘာလ ၁ ရက်နေ့တွင်လည်းကောင်း၊ အထူးဒေသ(၄)သည် အောက်တိုဘာလ ၉ ရက်နေ့တွင်လည်းကောင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့နှင့် တွေ့ဆုံခဲ့ပြီးဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ အဆိုပါအဖွဲ့များသည် ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ထပ်မံတွေ့ဆုံပြီး သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။

ထို့အပြင် ကလို့ထူးဘောအဖွဲ့(ယခင်DKBA)နှင့်လည်း ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကာ SSA (ရှမ်းပြည်နယ်တပ်မတော်) နှင့်လည်း အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများရရှိခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ မွန်ပြည်သစ်ပါတီ၊ CNF(Chin National Front) နှင့်KNPP (Karenni National Progressive Party ) တို့နှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှု ပြုလုပ်နိုင်ရန် ကြိုးပမ်းလျက် ရှိနေသည်။

ထို့အပြင် ကချင်ပြည်နယ် အတွင်းရှိ KIO/KIA အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့ကို ဒီဇင်ဘာလ တတိယပတ်အတွင်း၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဖွဲ့စည်းပေးခဲ့သည်။ ထိုအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် အဖြစ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် အခြားအဖွဲ့ဝင် ရှစ်ဦး ပါဝင်ခဲ့သည်။

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော အခြေအနေများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကဒီဇင်ဘာလ ၁၃ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ထားခဲ့သည်။

လက်ရှိအချိန်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုးပမ်းမှုများကို ကြိုဆိုမှုများ ရှိသည့်နည်းတူ အကျဉ်းထောင်များအတွင်း ရောက်ရှိနေပြီးယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူတိုင်းရင်းသားခေါင်းဆောင်များကို လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် တိုက်တွန်းမှုများရှိနေခဲ့သည်။ အဆိုပါတိုင်းရင်းသားခေါင်းဆောင်များအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအားဖြင့် ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်ရာ၌ များစွာအထောက်အကူဖြစ်စေမည့်အခြေအနေများ ရှိနေသည်။

# ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် အလွန်အမင်းဈေးကစားမှုကြောင့် သမိုင်းတစ်လျှောက်အမြင့်ဆုံးဈေးဖြင့် လည်ပတ်ခဲ့သော ၂၀၁၁ ခုနှစ် အိမ်ခြံမြေဈေးကွက်

မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၇ ခုနှစ် အောက်တိုဘာလထိ ကာလအား အိမ်ခြံမြေရွှေခေတ်ဟု သတ်မှတ်ပြီး ယင်းကာလနောက်ပိုင်းတွင် အိမ်ခြံမြေဈေးကွက်မှာပုံမှန်အတိုင်းသာလည်ပတ်ခဲ့သည်။ အချို့နှစ်များတွင် အိမ်ခြံဈေးနှုန်းခပ်သွက်သွက်လည်ပတ်ခဲ့သောနှစ်များရှိသော်လည်းအချို့နှစ်များတွင်ခပ်အေးအေးသာရှိခဲ့သည်။ အထူးသဖြင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားဂယက်ရိုက်ခတ်ပြီးကာလတွင်အနည်းငယ်အေးစက်သွားခဲ့ရသေးသည်။ ယင်းနောက်ပိုင်း ၂၀၁၀ ပြည့်နှစ်လောက်တွင် အိမ်ခြံမြေဈေးပုံမှန်အတိုင်းသွားနေခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် သိသိသာသာလှုပ်ခတ်လာခဲ့ပြီး သမိုင်းတစ်လျှောက် အမြင့်ဆုံးဖြင့်လည်ပတ်ခဲ့သည်အနေမှုများမှာ ၂၀၁၀ရွေးကောက်ပွဲအပြီး ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်လာသောကြောင့် ပြင်ပရင်းနှီးမြှုပ်နှံမှုများမြင့်တက်လာနိုင်သည့်မျှော်လင့်ချက်ဖြင့်ဝယ်ယူမှုများလည်းရှိပြီး အလွန်အမင်းဈေးကစားလိုမှု၊ လက်ရှိအနေအထားထက် အိမ်ခြံမြေဈေးကွက် မြင့်တက်လာမည်ကိုစိုးရိမ်မှုတို့ကြောင့် ဝယ်ယူမှုများရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၏ ဘဏ်တိုးနှုန်းမှာ မြန်မာနိုင်ငံရှိ ဘဏ်တိုးနှုန်းထက် သိသိသာသာ နိမ့်နေသောကြောင့် ပြည်ပမှငွေများ ဟွန်ဒီများမှတစ်ဆင့် အိမ်ခြံမြေဈေးကွက်အတွင်းသို့ ဝင်ရောက်လာမှုကြောင့်လည်းဖြစ်ကြောင်း သုံးသပ်ကြသည်။

"မြန်မာနိုင်ငံမှာ အိမ်ခြံမြေဈေးနှုန်းတွေမြင့်တက်လာတာ နယ်စပ်ကနေ intentionally ဝင်လာတဲ့ငွေတွေနဲ့လည်း သက်ဆိုင်ပါတယ်။ တချို့ကကျောက်စိမ်းရောင်းရတဲ့ငွေတွေဝင်လာတယ်လို့ပြောနေတာတွေလည်းရှိတယ်။ တကယ်တော့ တချို့နိုင်ငံမှာ Land Policy ရှိတယ်။ သူ့နိုင်ငံသားတွေကိုပြည်ပမှာမြေဝယ်ဖို့အတွက်တွန်းအားပေးတယ်၊ ဘဏ်ကနေငွေချေးပေးတယ်။ သူတို့ outgoing policy အရရှိသမျှသူတို့ဆီကကုမ္ပဏီတွေကိုထောက်ခံတာမျိုးတွေရှိတယ်။ Laos ဆိုရင်မြေကုန်နေပါပြီ။ ဗီယက်နမ်ကတော့ Anti-Chinese မူဝါဒနဲ့ကန့်ကွက်နေတာတွေရှိတယ်။ အဲဒီလို black money တွေဝင်လာတဲ့အခါကျတော့မြန်မာနိုင်ငံရဲ့အိမ်ခြံမြေ



အထားသို့ ရောက်ရှိခဲ့သည်။

၂၀၁၁ ခုနှစ်၏ အိမ်ခြံမြေဈေးမြင့်တက်မှုမှာ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသည့်နေရာများသာမဟုတ်ဘဲ မြို့ပြင်ရှိ မြေကွက်များပါအရောင်းအဝယ်သွက်လာသကဲ့သို့ ဈေးနှုန်းများလည်း မျှော်လင့်မထားသည့်အတိုင်းအတာအထိမြင့်တက်ခဲ့သည်။ အလားတူ စက်မှုဇုန်မြေကွက်များ၊ develop ဖြစ်ပြီးသားစက်မှုဇုန်များအပါအဝင်အခြားဖွံ့ဖြိုးမှု အားယူခါစ စက်မှုဇုန်များပင်ဈေးနှုန်းများမြင့်တက်ခဲ့သည်။ ထို့အတူ နေပြည်တော်၊ မန္တလေးနှင့်နောင်တစ်ချိန်တွင်စီးပွားရေးအရအရေးပါလာမည့် ဒေသများအားလုံးမြင့်တက်ခဲ့ခြင်းဖြစ်သည်။ သာမန်လက်လုပ်လက်စားဘဝမဆိုထားနှင့် လစဉ်ပုံမှန်ဝင်ငွေသိန်းနှင့်ချီ၍ဝင်နေသောသူများပင်ခြံတစ်ခြံဝယ်ယူ၍မဖြစ်နိုင်တော့။

**အိမ်ခြံမြေဈေးနှုန်းတွေမြင့်တက်လာတာ နယ်စပ်ကနေ intentionally ဝင်လာတဲ့ငွေတွေနဲ့လည်း သက်ဆိုင်ပါတယ်။ တချို့က ကျောက်စိမ်းရောင်းရတဲ့ငွေတွေ ဝင်လာတယ်လို့ ပြောနေတာတွေလည်းရှိတယ်။ တကယ်တော့တချို့နိုင်ငံမှာ Land Policy ရှိတယ်။ သူ့နိုင်ငံသားတွေကို ပြည်ပမှာမြေဝယ်ဖို့အတွက်တွန်းအားပေးတယ်၊ ဘဏ်ကနေ ငွေချေးပေးတယ်။**

၂၀၁၁ ခုနှစ် ဇန်နဝါရီလဆန်းတွင် ပုံမှန်အနေအထားသာရှိခဲ့သော အိမ်ခြံမြေဈေးကွက်မှာပို့ကုန်တွက်ခြေမကိုက်မှု၊ ငွေမာဈေးနှင့် ပြည်ပပို့ကုန်မှရငွေ (earning) ဈေးများဆက်တိုက်ကျဆင်းမှုများနှင့်ကားဈေးကွက်ကျဆင်းလာခြင်းကြောင့်ရင်းနှီးမြှုပ်နှံသူများအိမ်ခြံမြေဘက်သို့ ဦးတည်လာခဲ့ခြင်းဖြစ်သည်။ ယင်းကာလ၌ပင် လွန်ခဲ့သည့်သုံးနှစ်ကာလနှင့်နှိုင်းယှဉ်ပါက စက်မှုဇုန်အချို့ ၁၀၀ ရာခိုင်နှုန်းဈေးတက်သွားကြောင်းသိရပြီးနောက်ပိုင်းတွင်မှ အိမ်ခြံမြေဈေးကွက်မှာရောင်းသူဈေးကွက်အဖြစ်သို့ လုံးဝကျရောက်သွားသည်။

ယင်းကဲ့သို့ အိမ်ခြံမြေမြင့်တက်

ထို့အတူ ဝင်ငွေရလမ်းမဖော်ပြနိုင်သောစီးပွားရေးလုပ်ငန်းရှင်များအတွက်မူ ၁၅ ရာခိုင်နှုန်းအခွန်ဆောင်၍ အိမ်ခြံမြေလုပ်ငန်းတွင်ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများ တရားဝင်ဖြစ်သွားရုံမျှမက အိမ်ခြံမြေဈေးနှုန်းများ လိုက်ပါမြင့်တက်လာမှုကြောင့် ပို၍ပင် အကျိုးအမြတ် ရရှိခဲ့သည်။ ဤနည်းဖြင့်လည်းအိမ်ခြံမြေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်အများကစိတ်ဝင်စားလာကြသည်။

အစပိုင်းတွင် ဒေါ်လာငွေဈေးနှုန်းများကျဆင်းလာမှုကြောင့် အိမ်ခြံမြေဘက်သို့ရင်းနှီးမြှုပ်နှံမှုများလှည့်လာခဲ့ပြီးနောက်ပိုင်းတွင်မူ နိုင်ငံရေးအနေအထားအပြောင်းအလဲများကြောင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ၏အာရုံစိုက်မှုကိုရရှိခဲ့သည့် ဖြစ်ရပ်များသည် အိမ်ခြံမြေဈေးကွက်အားပို၍လှုပ်ခတ်စေခဲ့သည်။ မြန်မာနိုင်ငံသားအမည်ခံ၍အိမ်နီးချင်းနိုင်ငံများမှနိုင်ငံခြားသားများဝယ်ယူမှုမြင့်တက်လာမှုသည်လည်းမိမိနိုင်ငံသားများအိမ်ခြံမြေဝယ်ယူခွင့်နှင့်အလှမ်းမမီသော အနေအထားတစ်ရပ်ဆီတွန်းပို့ခဲ့သည်။ ခြုံငုံသုံးသပ်ပါက ၂၀၁၁ ခုနှစ်အိမ်ခြံမြေဈေးကွက်သည် မျှော်လင့်မထားသည့်အတိုင်းအတာအထိမြင့်တက်ခဲ့တော့သည်။

ဈေးကတက်သွားလိုက်တာ၊ ဘယ်လောက်အထိတက်သွားသလဲဆိုရင် ရန်ကုန်မြို့မှာရှိတဲ့ down-town ခေါ်မြို့နယ်ရဲ့အိမ်ခြံမြေဈေးဟာ နယူးယောက်မြို့ time square ရဲ့ 1 sq feet ဈေးနှုန်းနဲ့သွားတူနေတယ်။ ကျွန်တော်တို့လေ့စ်အိန်ဂျလိမှာ ဒေါ်လာတစ်သိန်းခွဲ၊ နှစ်သိန်းလောက်ဆိုရင် တော်တော်ကောင်းတဲ့အိမ်တစ်လုံး ရတယ်။ မြန်မာနိုင်ငံမှာ အကွက်ကွင်း ကောင်းကောင်းမှာ ကျပ်သိန်း ၁၅၀၀ နဲ့ ခြံနဲ့ဝန်းနဲ့ ဘယ်လိုမှမရနိုင်ဘူး"ဟုနယူးယောက်မြို့မှပြန်လာသောမြို့ပြအင်ဂျင်နီယာတစ်ဦးက ပြောပြခဲ့သည်။

ထို့အတူ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည်အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို လွှဲပြောင်းယူရတော့မည်။ ၂၀၁၂ ခုနှစ်အတွက် ခရီးသွားကဏ္ဍမှ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်တစ်သန်းအထိတိုးမြှင့်ဝင်ရောက်လာရန်မျှော်မှန်းထားသည်။ ယင်းအတွက်ကိုလိုနီခေတ်ကပင်ရှိခဲ့သောအစိုးရပိုင်အဆောက်အအုံများပင်ဟိုတယ်လုပ်ငန်းများလုပ်ကိုင်ရန် ပုဂ္ဂလိကလက်သို့လွှဲပြောင်းသည့်အနေအထားရှိလာသည့်အတွက် မြန်မာ့အိမ်ခြံမြေဒုတိယအကြိမ်ရွှေခေတ်ဖြစ်လာဦးမည်ဟု သုံးသပ်မှုများရှိနေသည်။

# နိုင်ငံရေး၊ စီးပွားရေးအပြောင်းအလဲအချို့ကြောင့် ပြည်ပနိုင်ငံများ၏စိတ်ဝင်စားမှုကိုရရှိခဲ့သော မြန်မာ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍ

၂၀၁၁ ခုနှစ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ မူဝါဒ အပြောင်းအလဲအချို့ကြောင့် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပြည်ပနိုင်ငံများဝင်ရောက်လာရန် စိတ်ဝင်စားမှုကို ယခင် ယခင်နှစ်များထက်ပို၍ရရှိခဲ့သောနှစ်ဖြစ်ပြီး အာဆီယံနိုင်ငံများအပါအဝင် ဂျပန်၊ ကိုရီးယား၊ တရုတ် အစရှိသည့် နိုင်ငံများနှင့်အတူဥရောပနိုင်ငံများ၏စိတ်ဝင်စားမှုကိုပါရရှိခဲ့သော နှစ်တစ်နှစ်လည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေအား ၁၉၈၈ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းကာလမှစ၍ ၂၀၁၁ ခုနှစ်အထိ နိုင်ငံပေါင်း ၃၁ နိုင်ငံမှ စုစုပေါင်း စီးပွားရေးလုပ်ငန်း ပေါင်း ၄၅၄ ခု လာရောက်ရင်းနှီးမြှုပ်နှံထားကာ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၀၇ ဘီလျံဖိုးရှိကြောင်းသိရှိရသည်။

အဓိကအားဖြင့်ရင်းနှီးမြှုပ်နှံသည့်ကဏ္ဍ ၁၂ ခုတွင် လျှပ်စစ်ကဏ္ဍ၌ ၄၀ ဒသမ ၂၈ ရာခိုင်နှုန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၃၈ ဒသမ ၃ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၇ ဒသမ ၇၅ ရာခိုင်နှုန်း အစရှိသဖြင့် ရင်းနှီးမြှုပ်နှံထားပြီး တရုတ်နိုင်ငံမှ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ၂၆ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့် ပထမ၊ ထိုင်းနိုင်ငံမှ ၂၆ ဒသမ ၅၃ ရာခိုင်နှုန်းဖြင့် ဒုတိယနှင့် ဟောင်ကောင်မှ ၁၇ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိနေကြောင်း သိရသည်။

ထို့အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းမှာ သဘာဝသယံဇာတနှင့် ရေအားလျှပ်စစ်စီမံကိန်းများတည်ရှိရာ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်ဒေသများတွင် ရှိနေကြောင်းသိရသည်။

လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအား ပြင်ဆင်နေပြီး ပြည်ပမှဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံသူများကိုနိုင်ငံသားများကိုပေးသည့်အခွင့်အရေးအတိုင်းပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ကြေညာခဲ့သည်။ အလားတူပင် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များယူဆောင်လာသည့်၎င်းတို့၏ငွေကြေးအားယခင်ကငွေလဲနှုန်း ၆ ကျပ်ဖြင့်သာ တွက်ချက်ခဲ့ရာမှ ယခုအခါ Account Transfer ပေးပြီး ဈေးကွက်ပေါက်ဈေးအတိုင်းလဲလှယ်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ထို့အတူ ယခုနှစ်အတွင်း ရန်ကုန်မြို့သီလဝါစက်မှုဇုန်နှင့်ပတ်သက်သည့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေထွက်ပေါ်လာခဲ့ပြီးအထူးသဖြင့် ဂျပန်၊ ကိုရီးယား၊ တရုတ် အစရှိသည့်လုပ်ငန်းရှင်များကစိတ်ဝင်စားခဲ့ကြသည်။ သို့သော် လက်တွေ့တွင်မူ ကိုရီးယားနိုင်ငံမှရင်းနှီးမြှုပ်နှံမှုပို၍ များလာနိုင်သည့်အနေအထားရှိသည်။ အစပိုင်းတွင်မူ ဂျပန်နိုင်ငံက စိတ်ဝင်စားခဲ့သော်လည်းမြန်မာနိုင်ငံအပေါ်အမေရိကန်နိုင်ငံ၏ စီးပွားရေးဆိုင်ရာပိတ်ဆို့မှုများအားပြန်လည်ရုတ်သိမ်းခြင်းမရှိသေးသည့်အတွက် ဂျပန်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မလာနိုင်သေးဟုလည်း သုံးသပ်ကြသည်။

ဂျပန်နိုင်ငံအတွက်မူ အမေရိကန်ဒေါ်လာနှင့် LC ဖွင့်၍မရသည့်ကိစ္စကအတားအဆီးတစ်ခုဖြစ်နေပြီး လက်ရှိအချိန်တွင်ရင်းနှီးမြှုပ်နှံမှုဥပဒေပေါ်ထွက်မလာသေးသည့်အနေအထားပေါ်တွင်လည်း စောင့်ကြည့်နေသည့်သဘောများရှိသည်။

ကိုရီးယားလုပ်ငန်းရှင်များအတွက်မူစင်ကာပူတွင်ကုမ္ပဏီတစ်ခုထားရှိပြီးပြုလုပ်သွားမည့် သဘောရှိကြောင်းသိရသည်။ တရုတ်လုပ်ငန်းရှင်များအနေဖြင့်မူအစပိုင်းတွင်စိတ်ဝင်စားခဲ့သော်လည်း နောက်ပိုင်းတွင် အနည်းငယ်သွေးအေးနေကြောင်း သိရှိရသည်။

တစ်ပြိုင်နက်တည်းပင် EU နိုင်ငံအချို့လည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍအား ပြန်လည်စိတ်ဝင်စားလာပြီး အမေရိကန်လုပ်ငန်းရှင်များကလည်း သံရုံးမှတစ်ဆင့် ကမ်းလှမ်းမှုများရှိနေကြောင်း အသံအချို့လည်း ထွက်ပေါ်နေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အတိတ်တစ်ချိန်နှင့်ခြားနားစွာ ပြည်ပမှ အာရုံစိုက်မှုကို ရရှိခဲ့သည်တော့အမှန်။ မည်သည့်နိုင်ငံမှ မည်သည့်အတိုင်းအတာအထိလာရောက်ရင်းနှီးမြှုပ်နှံကြမည်၊ ထွက်ပေါ်လာမည့် ရင်းနှီးမြှုပ်နှံမှုဥပဒေက မည်သည့်အတိုင်းအတာအထိ FDI စီးဝင်မှုအားဖိတ်ခေါ်နိုင်မည်ကိုမူ မသိရသေး။ တစ်ချိန်က မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုကျဆင်းခဲ့ရသည်။ အဓိကအားဖြင့်မူ စီးပွားရေးပိတ်ဆို့မှု၊ ဘဏ်လုပ်ငန်းများဆိုင်ရာ အတားအဆီးများအပြင် မူဝါဒဆိုင်ရာအပြောင်းအလဲများ မကြာခဏဖြစ်ပွားတတ်သောကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ မဝံ့မရဲဖြစ်ခဲ့ကြကြောင်း သိရသည်။ သို့သော် ယခုနောက်ပိုင်းရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာမည်ဟုသုံးသပ်ချက်များရှိသကဲ့သို့အရာရာသည် နိုင်ငံရေးအပေါ်တွင်သာ မူတည်နေသည့်အတွက်နိုင်ငံရေးအပြောင်းအလဲများနှင့်နိုင်ငံရေးအခြေအနေတိုးတက်ကောင်းမွန်မှုအနေအထားတစ်ရပ်တွင်သာ FDI များပိုမိုစီးဝင်လာမည်ဟု သုံးသပ်တင်ပြလိုက်ပါသည်။



## ဝန်ဆောင်မှုတိုးမြှင့်ပေးလာနိုင်သည့်ဘဏ်လုပ်ငန်းနှင့် ပြောင်းလဲစပြုလာသည့်ငွေရေးကြေးရေးကဏ္ဍ

၂၀၁၁ ခုနှစ်အတွင်းစီးပွားရေးပတ်ဝန်းကျင်တစ်ရပ်လုံးအတွက်အရေးပါသည့်ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးကဏ္ဍတွင်ပြုပြင်ပြောင်းလဲမှုများစွာဖြစ်ပေါ်ခဲ့သည်။ ဗဟိုဘဏ်မှ ယခင်ကကန့်သတ်ခဲ့သောပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုအချို့ကိုပြန်လည်လုပ်ပိုင်ခွင့်ပေးအပ်မှုနှင့်အတူ ဝန်ဆောင်မှုအသစ်အချို့တို့ကိုလည်း လုပ်ကိုင်ခွင့်ပြုခဲ့သည်။

၂၀၀၃ ခုနှစ်နောက်ပိုင်း ပုဂ္ဂလိကဘဏ်များလုပ်ကိုင်ခွင့်ကန့်သတ်ခံခဲ့ရသော အကြွေးဝယ်ကတ်၊ အေတီအမ်ကတ်၊ Debitကတ်များ ပြန်လည်လုပ်ကိုင်ခွင့်၊ လက်ရောက်အပေါင်စနစ်ဖြင့်ငွေချေးခွင့်၊ စုငွေစာရင်းအာမခံအပေါင်ဖြင့် ငွေချေးခွင့်၊ ကုန်ပစ္စည်းအငှားဝယ်ယူပေးသောချေးငွေစနစ်၊ ရွှေနှင့်စိန်အာမခံအပေါင်ဖြင့်ငွေချေးခွင့်၊ နိုင်ငံခြားငွေလွှတ်လပ်စွာကိုင်ဆောင်ရောင်းဝယ်ခွင့်၊ နိုင်ငံခြားငွေလဲစင်တာများဖွင့်လှစ်လဲလှယ်ခွင့်၊ နိုင်ငံခြားဘဏ်လုပ်ငန်းများတည်ထောင်ခွင့်၊ ပြည်ပငွေပို့ငွေလွှဲလုပ်ငန်းများဆောင်ရွက်ခွင့်စသည့်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို လုပ်ကိုင်ခွင့်ပြုခဲ့သည်။

ယင်းကဲ့သို့လုပ်ကိုင်ခွင့်များကို ၂၀၁၀ ပြည့်နှစ်အတွင်းတည်ထောင်ခွင့်ရခဲ့သော ဘဏ်သစ်လေးဘဏ်ကပါရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါဘဏ်များမှာ လက်ရှိအချိန်တွင် ဘဏ်ခွဲ ၁၅ ဘဏ်ဝန်းကျင်အထိမြို့ကြီးများတွင် ဖြန့်ကျက်ထားပြီးဖြစ်သည်။ ရှိနှင့်ပြီး ဘဏ်များထဲတွင် ဘဏ်ခွဲအများဆုံးဖွင့်လှစ်ထားသောကမ္ဘောဇဘဏ်သည် ဘဏ်ခွဲ ၅၀ ကျော်ဖြင့် အရေအတွက်အများဆုံးအဖြစ်ရပ်တည်နေပြီး ၂၀၀၃ ခုနှစ်နောက်ပိုင်းငွေလွှဲလုပ်ငန်းကိုသာလုပ်ကိုင်ခွင့်ရရှိခဲ့သော ရိုးမဘဏ်ကိုလည်း အပ်ငွေလက်ခံခွင့်နှင့် ချေးငွေထုတ်ချေးခွင့်များကို ၂၀၁၁ နှစ်ကုန်ပိုင်းတွင် ပြန်လည်ခွင့်ပြုခဲ့ပါသည်။

ယခု ၂၀၁၁ ခုနှစ်ကုန်ဆုံးချိန်တွင် အကြွေးဝယ်ကတ်(အေတီအမ်)လုပ်ငန်းကို ပုဂ္ဂလိကဘဏ်နှင့် အစိုးရ–ပုဂ္ဂလိကဘဏ် ၁၀ ဘဏ်ဝန်းကျင်က နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ဝန်ဆောင်မှုပြုနေပြီး ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ မြို့ကြီးများကိုပါဖြန့်ကျက်နိုင်ရန်လုပ်ဆောင်နေသည်။ ထို့ပြင်Myanmar Payment Union(MPU) စနစ်ကို အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၃ ခုနှစ်တွင်မြန်မာနိုင်ငံမှအကြွေးဝယ်ကတ်များကိုနိုင်ငံတကာတွင်အသုံးပြုနိုင်သကဲ့သို့ နိုင်ငံတကာအကြွေးဝယ်ကတ်များကိုလည်းပြည်တွင်းတွင်အသုံးပြုနိုင်ရန်လုပ်ဆောင်နေသည်ဟုသိရပါသည်။

နိုင်ငံခြားငွေ လွှတ်လပ်စွာကိုင်ဆောင်ရောင်းဝယ်ခြင်း၊ နိုင်ငံခြားငွေလဲစင်တာဖွင့်လှစ်ခြင်းနှင့်နိုင်ငံခြားဘဏ်လုပ်ငန်းကို ဘဏ် ၁၁ ဘဏ်ကလုပ်ဆောင်နေခြင်းဖြစ်ပြီး လောလောဆယ်တွင်ကန့်သတ်ချက်အချို့နှင့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းလိုအပ်ချက်ကြောင့်နိုင်ငံတကာနှင့်ယှဉ်လျှင်ဝန်ဆောင်မှုအားနည်းနေဆဲဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်းပိုမိုတိုးတက်လာမည်ဟုဘဏ်လုပ်ငန်းရှင်များနှင့်ပညာရှင်များက ထင်မြင်ယူဆထားပါသည်။

ထို့ပြင် ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းများအား လုပ်ကိုင်ခွင့်ပိုမိုပေးအပ်နေသကဲ့သို့ငွေရေးကြေးရေးကဏ္ဍတွင်လည်းပြုပြင်ပြောင်းလဲရန်ကြိုးပမ်းနေသည်။ ထင်ရှားသည့်ပြင်ဆင်မှုအဖြစ် ဗဟိုဘဏ်ကို လွတ်လပ်စွာရပ်တည်ခွင့်ပြုရန် ကြိုးပမ်းလျက်ရှိပြီး ငွေလဲနှုန်းကိုလည်း ပြင်ဆင်ပြောင်းလဲနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ ပြုလုပ်နိုင်ရန်ငွေလဲနှုန်းတစ်မျိုးတည်းပေါင်းစည်းရေးနှင့်ပြင်ဆင်နိုင်ရေးအတွက်အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့်အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့နိုင်ငံတကာအဖွဲ့အစည်း၏နည်းပညာရယူသွားမည်ဟု သိရသည်။ ထို့ပြင်ငွေရေးကြေးရေးကဏ္ဍမှ ငွေကြေးဈေးကွက်နှင့်အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးစေရေးအတွက် ဥရောပသမဂ္ဂ၊ ဂျပန်နှင့်အမေရိကန်နိုင်ငံတို့မှ အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံမှတာဝန်ရှိသူများနှင့်ပညာရှင်များနှင့်တွဲဖက်၍အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ကာ အကြံပြုချက်များဖြင့် ထောက်ပြဆွေးနွေးခဲ့ပါသည်။

ထို့ပြင် ငွေရေးကြေးရေးကဏ္ဍအတွင်းအရေးပါသောပြုပြင်ပြောင်းလဲမှုမှာ ဘဏ်တိုးနှုန်းလျှော့ချပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ဘဏ်တိုးနှုန်းမှာဒေသတွင်းနိုင်ငံများနှင့်နိုင်ငံတကာဘဏ်အတိုးနှုန်းထက်မြင့်မားခဲ့သည်။ စီးပွားရေးပတ်ဝန်းကျင်တွင် အရင်းအနှီးရရှိနိုင်ရန်ခက်ခဲစေခဲ့ပြီး စီးပွားရေးတုံ့ဆိုင်းမှုများလည်း ရှိခဲ့သည်။ ယခင်က နှစ်စဉ်ရာခိုင်နှုန်း ၂၀ ကျော် ၃၀ ဝန်းကျင်ဖြစ်ပေါ်နေသောငွေဖောင်းပွမှုနှုန်းမှာလည်း ယခုနှစ်တွင် ၁၀ ဂဏန်းအောက်တွင်သာရှိနေသည်။ ယင်းအခြေအနေတွင် ဗဟိုဘဏ်အနေဖြင့် လေးလအတွင်း ဗဟိုဘဏ်အတိုးနှုန်းကို နှစ်ကြိမ်နှစ်ရာခိုင်နှုန်းစီလျှော့ချပေးခဲ့ပါသည်။

ဘဏ်အတိုးနှုန်း ပထမအကြိမ်လျှော့ချမှုအဖြစ် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ယခင်ဘဏ်အတိုးနှုန်း (အပ်ငွေ ၁၂ ရာခိုင်နှုန်း–ချေးငွေ ၁၇ရာခိုင်နှုန်း) မှ နှစ်ရာခိုင်နှုန်းစီ(အပ်ငွေ ၁၀ရာခိုင်နှုန်း၊ ချေးငွေ ၁၅ရာခိုင်နှုန်း) လျှော့ချခြင်းဖြစ်ပြီး ဒုတိယအကြိမ်လျှော့ချပေးခြင်းကို ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ယခင်ဘဏ်အတိုးနှုန်းထက် နှစ်ရာခိုင်နှုန်းစီထပ်မံလျှော့ချပေးခြင်းကြောင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာအပ်ငွေ ၈ ရာခိုင်နှုန်း၊ ချေးငွေ ၁၃ ရာခိုင်နှုန်းသာ ရှိတော့မည်ဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း အစိုးရသစ်တက်ရောက်လာခြင်းနှင့်အတူ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးကဏ္ဍတစ်ရပ်လုံးအတွက်အရေးပါသောဘဏ်လုပ်ငန်းများတွင် အပြောင်းအလဲများစွာဖြစ်ပေါ်ခဲ့ပြီး ၂၀၁၂ နှင့် လာမည့်နှစ်များအတွက် ကောင်းသော အထောက်အပံ့များဖြစ်ပေါ်စေမည်များကို ဆက်စောင့်ကြည့်ရမည်ဖြစ်ပါသည်။

# ဥပဒေကြောင်းအရမဟုတ်ဘဲသိမ်းယူမှုများကြောင့် လှုပ်ခတ်ခဲ့သော လယ်ယာလုပ်ငန်းခွင်ကဏ္ဍနှင့် အတည်မပြုရသေးသည့် လယ်ယာမြေဥပဒေ

၂၀၁၁ ခုနှစ်သည် လယ်ယာလုပ်ငန်းခွင်ကဏ္ဍတွင် ကြီးမားသောလှုပ်ခတ်မှုများဖြစ်ပေါ်ခဲ့သောနှစ်တစ်နှစ်ဖြစ်ပြီး ယင်းတို့အထဲတွင် လယ်ယာမြေများအား ဥပဒေကြောင်းအရမဟုတ်ဘဲသိမ်းယူမှုများနှင့် လွှတ်တော်ထဲသို့အကြိမ်ကြိမ်ရောက်ရှိလာသောလယ်ယာမြေမတရားသိမ်းယူမှုများအတွက် တိုင်စာကိစ္စများ ပါဝင်သကဲ့သို့ အလားတူ လယ်ယာမြေဥပဒေအတည်ပြုရေးကိစ္စနှင့်အတူ တည်ဆဲနှင့်အသစ်အဆိုပြုထားသော လယ်ယာမြေဥပဒေဆိုင်ရာစည်းမျဉ်းစည်းကမ်းများက တောင်သူလယ်သမားများ၏မြေယာလုပ်ကိုင်ခွင့်လုံခြုံမှုကို ပြည့်ပြည့်ဝဝထည့်သွင်း စဉ်းစားပေးနိုင်မှုဘက်တွင် အားနည်းနေမည်ကို တောင်သူများကစိုးရိမ်လျက်ရှိသောကြောင့် ယခုနှစ်သည်လယ်ယာလုပ်ငန်းခွင်ကဏ္ဍမှ အသံကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာနေသောနှစ်တစ်နှစ်ဖြစ်ကြောင်းသုံးသပ်လိုက်ပါသည်။

ယခုနှစ်ပိုင်းအတွင်း မြန်မာနိုင်ငံတွင် အိမ်ခြံမြေဈေးကွက်အပါအဝင် အလားအလာကောင်းသည့်မြေနေရာများ ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာသောကြောင့်ဈေးနှုန်းများမြင့်တက်လာချိန်တွင်အခြားတစ်ဖက်တွင်လည်း လယ်ယာမြေများအားအကြောင်းပြချက်အမျိုးမျိုးဖြင့် သိမ်းယူမှုများရှိခဲ့သည်။ ဒေသခံအများစုမှာလယ်မြေပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ခိုင်မာသောအထောက်အထားရှိသော်လည်း နိုင်ငံတော်မှသိမ်းယူသည့်သဘောမျိုးဖြင့်သိမ်းယူမှုများကိုကုမ္ပဏီအချို့မှ ပြုလုပ်ခဲ့ကြသည့်သတင်းများလည်း ထွက်နေသည်။

သို့သော်ပြီးခဲ့သည့်ပြဿနာများတွင် အင်အားကြီးသူအနိုင်ယူစတမ်းဆောင်ရွက်မှုများကြောင့်သိမ်းဆည်းခံထားရသောလယ်မြေများနှင့် လယ်လုပ်ပိုင်ခွင့်ဆုံးရှုံးနေသော တောင်သူလယ်သမားများအား ဥပဒေကြောင်းအရအကာအကွယ်အပေးရန် လိုအပ်နေကြောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများပုဒ်မ ၂၃ တွင်မူ နိုင်ငံတော်သည်တောင်သူလယ်သမားများ၏(က)အခွင့်ရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြဋ္ဌာန်း ဖော်ပြပါရှိထားသည်ကို တွေ့ရသည်။

“လယ်ယာမြေသိမ်းယူမှုတွေအများအပြားကြားရတယ်။ တောင်သူတွေအများစုကလယ်မြေသိမ်းရင်အစိုးရသိမ်းတယ်ပဲထင်တာ။ လန(၃၉)လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေအရလယ်မြေတွေကိုအစိုးရကသိမ်းယူနိုင်တယ်လို့ သိထားတဲ့အမြင်လည်းရှိတယ်။ ဒါပေမယ့်ဗျာ အစိုးရစီမံကိန်းတစ်ခုခုကြောင့် အသိမ်းခံရရင်တောင် အတိုင်းအတာတစ်ခုထိပဲဖြစ်သင့်တယ်။ အခုဆိုရရိုင်ဘက်မှာလည်း တော်တော်အပြောများလာတယ်။ နိုင်ငံတော်က ဥပဒေနဲ့အကာအကွယ်ပေးမယ်ဆိုရင်ကောင်းပါတယ်။ ဒါမှမဟုတ်ဘူးဆိုရင် ရှိသမျှလယ်မြေတွေကုန်မှာ။ အထူးသဖြင့် စက်မှုဇုန်ဧရိယာနဲ့ပတ်သက်တဲ့မြေတွေဖော်တာမျိုးတွေရှိမယ်ဆိုရင် ဒါတွေက နိုင်ငံတော် projectတွေတကယ်ဖြစ်နေရင်တော့တစ်မျိုးစဉ်းစားရမှာပေါ့။ လန(၃၉)နဲ့အစိုးရပိုင်းက သိမ်းရင်ရတယ်။ ဒါလည်းသူတို့ကလယ်ကောတွေကိုပဲလုပ်တာပါ။ ပုဂ္ဂလိကအနေနဲ့ကတော့ လုပ်ပိုင်ခွင့်လည်းမရှိဘူး၊ မသိနားမလည်တဲ့သူတွေကို အာဏာပါဝါအလွဲသုံးစားပြုပြီး လုပ်တာမျိုးတွေကတော့ မကောင်းဘူး။ တချို့စက်မှုဇုန်လိုဟာမျိုး၊ နောက်ငါးမွေးကန်လိုဟာမျိုးတွေလန(၃၉)နဲ့ပြောင်းခဲ့တာရှိတယ်။ ဒါကလည်းတစ်ခုခုကိုလုပ်မယ်ဆိုရင်အဆင့်ဆင့်တင်ရတယ်။ ဒါပေမယ့်ဒီနှစ်ပိုင်းတွေမှာ ဒေသအသီးသီးမှာ လယ်မြေအတော်များများကိုအမြောက်အမြားသိမ်းယူမှုတွေကြားသိနေရတယ်”ဟု ဥပဒေပညာရှင်တစ်ဦးက ပြောပြခဲ့သည်။

ယင်းကဲ့သို့ ကုမ္ပဏီမှ လယ်ယာမြေများသိမ်းယူရာတွင် ဒေသခံတောင်သူများအနေဖြင့် မိမိတို့၏မိရိုးဖလာအလုပ်အကိုင်နှင့်ပိုင်ဆိုင်သည့် လယ်မြေများအား နိုင်ငံတော်ဟူသောစကားလုံးနှင့် အကြောင်းပြသဖြင့်ပေးအပ်လိုက်ရသလို နောင်ကာလတစ်ခုတွင်သိမ်းယူခဲ့သည့်ကုမ္ပဏီမှမြေကွက်ဖော်ကာတစ်ဆင့်ပြန်လည်ရောင်းချမှုများလည်းရှိနေကြောင်း တောင်သူများက ရင်ဖွင့်ကြသည်။

“လယ်ယာမြေ သိမ်းတဲ့လူတွေက လန(၃၉)လျှောက်ထားပြီးပြီလို့ ပြောလေ့ရှိပါတယ်။ တကယ်တော့ လန(၃၉)က လယ်ကောတွေကိုပဲ ထုတ်ပေးတာပါ။ လယ်ကောဆိုတာကလည်း စပါးဖြစ်ထွန်းမှုမရှိတဲ့ လယ်မြေတွေကိုပြောတာ။ ၁၉၅၃ ခုနှစ် လန(၃၉) လယ်ယာမြေနိုင်ငံပိုင်ဥပဒေတွေ၊ ၁၉၆၂ ခုနှစ် သီးနှံချထားရေးဥပဒေတွေကိုတောင်သူအများစုနားမလည်ကြပါဘူး။ ဒါကိုတွေက အခွင့်ကောင်းယူတာပါ”ဟု ရန်ကုန်တိုင်းဒေသကြီးမှ တောင်သူတစ်ဦးက ပြောခဲ့သည်။

တောင်သူလယ်သမားများ လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ၂၀၁၁ ခုနှစ်လယ်ယာမြေ ဥပဒေကြမ်းကို ပြီးခဲ့သည့်လက ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့ကြောင်း၊ ထို့အတူအမျိုးသားလွှတ်တော်တွင်လည်း အတည်ပြုနိုင်ရန် သုံးသပ်ဆွေးနွေးနေကြကြောင်းကြားသိရပြန်သည်။ ယင်းဥပဒေကြမ်းမှာ တောင်သူလယ်သမားများလယ်ယာမြေပိုင်ဆိုင်ခွင့်ရပြီး မိမိတို့လယ်ယာမြေကိုပေါင်နှံရောင်းချခွင့်၊ လက်ပြောင်းလက်လွှဲလုပ်ပိုင်ခွင့်ရနိုင်မည်ဟုဆိုကြသည်။ ထို့အတူယင်းဥပဒေကြမ်းတွင် လယ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးအတွက် ဖြည့်ဆည်းသင့်တာတွေလည်းရှိသေးသည်ဟုလည်းသိရသည်။

ယင်းတို့အထဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စုတွင်အမှတ်(၅၃၁/၅၃၃)တို့ရှိ လယ်မြေဧက ၁၀၀၀ ကျော်အား ဇေကမ္ဘာကုမ္ပဏီမှ တိုးချဲ့စက်မှုဇုန်ဖော်ထုတ်ရန် အကြောင်းပြချက်ဖြင့်မိမိတို့လယ်ယာမြေများအပေါ်တွင် နှစ်ပေါင်းများစွာလုပ်ကိုင်နေကြသောလယ်သမားများအား တစ်ဧကလျှင် ကျပ်ငါးသောင်းပေးမည်ဟုဆိုကာ ၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလတွင်လယ်ယာလုပ်ကိုင်ခွင့်အားစွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးစေခဲ့သည့်ဖြစ်ရပ်များလည်းပါဝင်ခဲ့ကြောင်းသိရှိရသည်။

ယင်းဖြစ်ရပ်များက လယ်ယာလုပ်ငန်းခွင်လုပ်ကိုင်နေသော အခြားတောင်သူများဆီသို့ပါစိုးရိမ်မှုနှင့်အတူအခြားဂယက်များ ရိုက်ခတ်လာခဲ့သည်။ ယင်းကာလအတွင်း လွှတ်တော်ထဲတွင်မြေယာဥပဒေကြမ်းအားတင်သွင်းခဲ့ပြီး ယင်းမြေယာဥပဒေကြမ်းပါအခွင့်အရေးများကိုခံစားနိုင်ရန်တောင်သူများကမျှော်လင့်နေကြပြန်သည်။ အလားတူလယ်ယာမြေဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့အကြား အပြန်ပြန်အလှန်လှန် သုံးသပ်ဆွေးနွေးမှုများရှိနေပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာလသို့ရောက်သော်လည်းအတည်မပြုနိုင်သေးကြောင်းနှင့် ၂၀၁၂ ခုနှစ်ဇန်နဝါရီလတွင် ဆက်လက်သုံးသပ်သွားဖွယ်ရှိကြောင်းကြားသိရသည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း လယ်သမားအမြောက်အမြားငင်းတို့၏လယ်ယာမြေများ လက်လွှတ်ဆုံးရှုံးခဲ့ရသည့်သာဓကများကလည်း တောင်သူများ၏သောကကို ပို၍ဖိစီးမှုပေးနေသကဲ့သို့ရှိနေသည်။

မည်သို့ပင်ဆိုစေ ၂၀၁၁ ခုနှစ်သည် လယ်ယာမြေကဏ္ဍတွင် လှုပ်ခတ်မှုများစွာရှိခဲ့သော နှစ်တစ်နှစ်လည်းဖြစ်သည်။ လက်ရှိအခြေအနေတွင် မြေလွတ်မြေရိုင်း ဥပဒေကိုသာအတည်ပြုရသည့်အဆင့်တွင်ရှိနေပြီး လယ်ယာမြေဥပဒေထွက်ပေါ်မလာသေးပေ။သို့သော်ပေါ်ပေါက်လာသောလယ်ယာမြေဥပဒေသည်လယ်စိုက်တောင်သူများ၏ အကျိုးစီးပွားအားအကာအကွယ်ပေးရန်အမှန်တကယ်လိုအပ်နေပြီး မြေယာပေါ်လစီမပီပြင်ဘဲအတည်ပြုလိုက်မိပါက ၂၀၁၂ ခုနှစ်တွင်အလားတူ ပြဿနာမျိုးစုံပေါ်ပေါက်လာနိုင်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

**ပုဂ္ဂလိကအနေနဲ့ကတော့ လုပ်ပိုင်ခွင့်လည်း မရှိဘူး၊ မသိနားမလည်တဲ့သူတွေကို အာဏာပါဝါအလွဲသုံးစားပြုပြီး လုပ်တာမျိုးတွေကတော့ မကောင်းဘူး ...**



## ၁၄ နှစ်ကြာ အခွင့်ထူးခံများသာ ကန့်သတ်ထားသော ကားတင်သွင်းခြင်းကို ပြန်လည်ခွင့်ပြုခြင်း



၁၉၉၇-၉၈ ဘဏ္ဍာနှစ်အတွင်းမှစ၍အခွင့်ထူးခံများသာကားတင်သွင်းခွင့်ရှိခဲ့သည့် ကန့်သတ်မှုကို ၂၀၁၁ ခုနှစ်စက်တင်ဘာလ ၁၀ ရက်နေ့ ည ၈ နာရီသတင်းတွင် ကားတင်သွင်းခြင်းဆိုင်ရာ ထုတ်ပြန်ချက်တစ်ရပ်ဖြင့် အဆုံးသတ်ခဲ့ခြင်းမှာ ၂၀၁၁ ခုနှစ်အတွင်း ထင်ရှားသည့် ဖြစ်ရပ်တစ်ခုဖြစ်ခဲ့၍ ထည့်သွင်းဖော်ပြအပ်ပါသည်။

၁၄ နှစ်ကြာအခွင့်ထူးခံများသာ တင်သွင်းခွင့်ကန့်သတ်ထားသော ကားတင်သွင်းခြင်းကို စက်တင်ဘာလ ၁၁ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ကာ 'ယာဉ်အိုယာဉ်ဟောင်းများလဲလှယ်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေး' ခေါင်းစဉ်ဖြင့် အဆုံးသတ်ခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါကြေညာချက်တွင် ကားဟောင်းများအစားထိုးလဲလှယ်ခြင်းနှင့်အတူနိုင်ငံခြားငွေရှာဖွေပေးသူလုပ်ငန်းရှင်၊ လုပ်သားများကိုလည်းအကန့်အသတ်ဖြင့်ကားတင်သွင်းခွင့်ပေးခဲ့ခြင်းမှအစ မြန်မာနိုင်ငံတွင် Car Showroom ကြီးများဖွင့်လှစ်ကာမည်သူမဆို လွတ်လပ်စွာဝယ်ယူခွင့် ပေးမည့် အစီအစဉ်အထိ ပါဝင်ခဲ့သည်။

အခွင့်ထူးခံများသာ ကန့်သတ်တင်သွင်းနေသည့် ကားတင်သွင်းခွင့်ကိုအများပြည်သူအားကန့်သတ်ချက်အချို့ဖြင့်တင်သွင်းခွင့်ပြုသည့်အတွက်ခွင့်ပြုပေးခြင်းအပေါ် ကြိုဆိုခဲ့ကြသည်။ သို့သော်ကားဟောင်းအပ်သည်မှစ၍ကားတင်သွင်းခြင်းအထိအမျိုးမျိုးသောစည်းကမ်းချက်များ၊လက်တွေ့နှင့်မကိုက်ညီဘဲ ပြောင်းလွယ်ပြင်လွယ်သည့်စည်းကမ်းချက်များက တင်သွင်းသူများကို အခက်တွေ့စေခဲ့သည့်အခက်အခဲများလည်း ရှိခဲ့သည်။

မည်သို့ စစ်ဆေးမည်ဆိုသည့် သတ်မှတ်ချက်တိတိကျကျမရှိ၊ နှစ်ပေါင်းများစွာ ကားမသွင်းရ၍ ကားအမျိုးအစားပင် သိပ်မသိရှိသော ကားဟောင်းပိုင်ရှင်များအတွက် လွတ်ကင်းသည့် မော်ဒယ်၊ အမျိုးအစားများ သတ်မှတ်ပေးထားသည့် စာအုပ်စာတမ်းကိုးကားစရာမထုတ်ပြန်ခဲ့၊ တင်သွင်းခွင့်အတွက်လျှောက်ထားသည့်အခါ ပြန်လည်ခွင့်ပြုပေးလျှင် ကိုယ်လျှောက်ထားသည်မှာ စည်းကမ်းချက်ဖြင့်ကိုက်သည်၊ မှန်သည်ဟု ယူဆမိ၍ တင်သွင်းလာသူများ အခက်အခဲတစ်ရပ်ဖြင့်တော့ ကြုံကြရသည်။

ယခုအစီအစဉ်မှာ ကားဟောင်းပိုင်ရှင်များသာအကျိုးရှိသည်မဟုတ်ပါ။ ကြေညာချက်သည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သော်လည်းစက်တင်ဘာလ ၁၀ ရက်နေ့မတိုင်ခင်ကတည်းက သတင်းကြားသိရကာ ကားဟောင်းများကြိုဝယ်စုပြီးအကျိုးအမြတ်ကြီးခဲ့သူများလည်းရှိသည်။ မည်သည့်အမျိုးအစားများခွင့်ပြုမည်ဆိုသည်ကိုကြိုတင်သိထား၍လားဟုမေးရမလိုဖြစ်ခဲ့သေးသည့်ဖြစ်စဉ်ကရှိသေးသည်။ ခွင့်ပြုမည့်ကားအမျိုးအစား၊ မော်ဒယ်များအတိုင်းဂျပန်တွင်ကားလေလံဦးအောင်ဆွဲကာဝယ်ယူထားနိုင်၍အကျိုးအမြတ်ဖြစ်ခဲ့သူများလည်းရှိသည်။

လက်တွေ့ဖြင့် မကိုက်ညီသောစည်းကမ်းချက်များလည်းရှိနေသည်။ သဘော်သားများတင်သွင်းခွင့်ပေးရာ၌ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပြနိုင်သူသည် အမေရိကန်ဒေါ်လာ ၅၀၀၀ တန်၊ ၂၀၀၇ ခုနှစ်မော်ဒယ်အထက် ဘယ်မောင်းတင်သွင်းရန် သတ်မှတ်ထားသည်။ ၂၀၀၇ မော်ဒယ်အထက်ဘယ်မောင်းအားအမေရိကန်ဒေါ်လာ ၅၀၀၀ ဖြင့်ဂျပန်တွင် နှစ်ပေါက်သည်အထိ ရှာဝယ်လျှင်ပင်မရနိုင်၍လက်တွေ့ဖြင့် မကိုက်ညီသော စည်းကမ်းချက်ကြောင့် သဘော်သားအများစုကားမသွင်းနိုင်ခဲ့ဘဲရှိနေသည်။

သို့သော်အမျိုးမျိုးသောအခက်အခဲများကိုတစ်ကြိမ်တွေ့တစ်ကြိမ်ဖြေရှင်းနည်းဖြင့်ပြုပြင်ရင်းမူဝါဒသတ်သတ်မှတ်မှတ်ဖြင့် သွားရန်အတွက်ပြင်ဆင်သင့်သမျှပြင်ဆင်နေခြင်းများလည်းပြုလုပ်ပေးခဲ့မှုရှိသည်။

မည်သို့ပင်ဆိုစေ ၁၄ နှစ်ကြာအခွင့်ထူးခံများကန့်သတ်ထားသော ကားတင်သွင်းခွင့်ကိုအများပြည်သူထံမျှဝေပေးခြင်းကထင်ရှားသည့်ဖြစ်ရပ်အဖြစ် ရှိခဲ့သည်။

## လက်ဝါးကြီးအုပ်ကန့်သတ်ထားသည့် စားသုံးဆီနှင့် စက်သုံးဆီများကို အများစုအား တင်သွင်းခွင့်ပြုခဲ့ခြင်း

နှစ်ပေါင်းများစွာ လူအများစုအားတင်သွင်းခွင့်ကန့်သတ်ထားပြီး လူနည်းစုသာ တင်သွင်းခွင့်ရနေသည့် စားသုံးဆီနှင့် စက်သုံးဆီများအား ပြန်လည်တင်သွင်းခွင့်ပြုခဲ့ခြင်းကို ၂၀၁၁ ခုနှစ်အတွင်းထင်ရှားသည့် ဖြစ်ရပ်များအတွင်း ထည့်သွင်းဖော်ပြအပ်ပါသည်။

စားအုန်းဆီအား လူနည်းစုမှသာ ချုပ်ကိုင်တင်သွင်းနေရာမှ ၂၀၁၁ ခုနှစ် ဧပြီလအတွင်း(အစိုးရသစ်တက်ပြီးနောက်)မှစကာ ပြည်ပပို့ကုန်မှရငွေ Earning ရှိသူတိုင်း သတ်မှတ်ချက်အတိုင်းတင်သွင်းရန် ပြန်လည်ခွင့်ပြုပေးခဲ့သည်။

တစ်ကြိမ်တည်း တန်ချိန် ၃၀၀၀ နှင့်အထက်တင်သွင်းနိုင်သူများကို ဧပြီလအတွင်း၌ပင် ချက်ချင်းခွင့်ပြုပေးခဲ့ပြီး တစ်ကြိမ်တည်းတန်ချိန် ၃၀၀၀ မတင်သွင်းနိုင်သူများကို လုပ်ငန်းရှင် ၅၀ လျှင် တစ်စုဖွဲ့ကာ တင်သွင်းခွင့်ပြုခဲ့ကာ လိုင်စင်အားနေ့ချင်းပြီးချထားပေးသည့် ပုံစံဖြင့်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ထို့အတွက် စားသုံးသူများအနေဖြင့် ယခင်ကကဲ့သို့ အဆမတန်မြင့်မားသည့်ဈေး၊ မြှင့်တင်ထားဈေး၊ လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသည့်ဈေးများဖြင့် ဝယ်ယူသုံးစွဲခြင်းမပြုရတော့ဘဲ အတန်အသင့်မှန်ကန်သည့် ဈေးဖြင့်ဝယ်ယူအသုံးပြုခွင့်ရခဲ့သည်။

စားသုံးဆီနည်းတူပင် လူနည်းစုသာ တင်သွင်းခွင့်ရသည့် စက်သုံးဆီများအားလည်း Earning ရှိသူမည်သူမဆို လွတ်လပ်စွာတင်သွင်းရောင်းချဖြန့်ဖြူးခွင့်ပေးခဲ့သည်။

ချုပ်ကိုင်တင်သွင်းမှုစနစ်မှ လူအများစုတင်သွင်းသည့်စနစ်သို့ပြောင်းလဲလိုက်သည့်အတွက် အောက်တိန်း၊ ဒီဇယ်ဈေးများမှာ ယခင်ကဲ့သို့ ပြည်ပဈေးတက်လျှင် ချက်ချင်းတက် ပြည်ပဈေးကျလျှင် ဈေးပြန်မချပေးသော ညှိရောင်းသည့်ဈေးကွက်ပုံစံမှ တက်ဈေးကျဈေးအလိုက်သင့်ဖြင့်ရောင်းချပေးသည့်ပုံစံသို့ပြောင်းလဲလာခဲ့သည်။

ထို့နည်းတူပင် ယန္တရားတင်သွင်းခွင့်များကန့်သတ်လုပ်ကိုင်သည့်အတွက် စက်ရုံအလုပ်ရုံတည်ဆောက်ခြင်းမှစကာ အခြေခံတည်ဆောက်မှုများတွင်ကုန်ကျစရိတ်မြင့်မားနေခြင်းကိုလည်း ယခုနှစ်တွင် ယန္တရားများစိတ်ကြိုက်တင်သွင်းခွင့်ပြုခဲ့သည့်အတွက်လည်း ယန္တရားငှားရမ်းသုံးစွဲမှုဈေးကွက်မှာလည်း ဈေးနှုန်းတည်ငြိမ်မှုအချို့ရခဲ့သည်။

ချုပ်ကိုင်မှုစနစ်အောက်မှ မတန်တဆဈေးဖြင့် ဝယ်ယူအသုံးပြုခဲ့ရသည့် အများပြည်သူအနေဖြင့် ယှဉ်ပြိုင်ရောင်းချမှုအကျိုးကို စတင်ခံစားခဲ့ရသည့်အတွက် လက်ဝါးကြီးအုပ်စနစ်မှ အများစနစ်သို့ပြောင်းလဲခဲ့သည့်အပေါ် ၂၀၁၁ ခုနှစ်အတွင်း ထင်ရှားသည့် စီးပွားရေးဖြစ်ရပ်များထဲ၌ ထည့်သွင်းဖော်ပြအပ်ပါသည်။

## ရာသီဥတုဖောက်ပြန်၊ ပြည်ပဈေးမတက်၊ ပြည်တွင်းငွေလဲနှုန်းမတည်ငြိမ်မှုကြောင့် နိုင်ငံ့အခြေခံစိုက်ပျိုးမွေးမြူသူများ အထိနာခဲ့ရခြင်း

၂၀၁၁ ခုနှစ်အတွင်း လယ်ယာမြေရက်ရှည်ရေလွှမ်းမိုးခြင်း၊ ပြည်ပသို့တင်ပို့သည့် ပို့ကုန်များမှာ ပြည်တွင်းငွေလဲနှုန်းမတည်ငြိမ်မှု၊ ပြည်ပဈေးပိုမရမှုများကြောင့် အခြေခံစိုက်ပျိုးမွေးမြူသူများအထိနာခဲ့ရခြင်းကိုလည်း ထင်ရှားသည့်ဖြစ်ရပ်အတွင်းထည့်သွင်းဖော်ပြအပ်သည်။

၂၀၁၁ ခုနှစ် မိုးစပါးစိုက်ရာသီတွင် စိုက်ပျိုးရာဒေသအများစု၌ လယ်ယာမြေများရက်ရှည်ရေလွှမ်းမိုးခံရမှုကြောင့် တောင်သူများမှာ နှစ်ကြိမ်မှ သုံးကြိမ်အထိပြန်လည်စိုက်ပျိုးခဲ့ရပြီး စိုက်ပျိုးစရိတ်မှာ အနည်းဆုံး နှစ်ကြိမ်ပြန်ထည့်ခဲ့ရသည်။

သို့သော် စပါးသစ်ပေါ်သည့်ကာလတွင်မူ စပါးဈေးမှာ နှစ်ကြိမ်ပြန်ထည့်ရသည့် အရင်းကိုပင် မမီချင်တော့ဘဲ စပါးအကြမ်းမှာ တင်းတစ်ရာလျှင် ကျပ် ၃၅၀၀၀၀ ဝန်းကျင်၊ အမြင့်ဆုံး ကျပ် ၃၆၀၀၀၀ သာပြန်ရခဲ့ကြသည်။

ဒေသအများစုတွင် တစ်ဧကအထွက်နှုန်းမှာ တင်း ၅၀ ဝန်းကျင်သာရှိခဲ့သည့်အတွက် စပါးဈေးနှင့် စိုက်စရိတ်မကိုက်ညီခဲ့အထိနာခဲ့ရကြောင်း၊ တောင်သူများ စိုက်စရိတ်သာပြန်ရခဲ့သည့်အနေအထား၊ စပါးဈေးကျဆင်းမှုဒဏ်ခံရသည့်အနေအထားများကြောင့် နိုင်ငံတော်နှင့်ပုဂ္ဂလိကပူးပေါင်းကာ အရန်ဆန်တန်ချိန်သိန်းချီကာ တောင်သူများကိုက်ညီမည့်ဈေးဖြင့် ဝယ်ယူပေးရန် ပင်စီစဉ်ခဲ့ရသည်။

ယခုနှစ် စိုက်ပျိုးကုန်ကျစရိတ်မကိုက်ညီမှုမှာ လာမည့်နှစ် မိုးစပါးရာသီအတွက် တောင်သူများ၏ အရင်းစိုက်ထည့်နိုင်မှု အားနည်းသွားနိုင်ခြင်းသာဖြစ်သည့်အတွက်လည်း တစ်နှစ်နာခြင်းကြောင့်နှစ်နှစ်စာအထိ အခက်အခဲဖြစ်သွားခြင်းဖြစ်သည်။

စပါးဈေးကျဆင်းရခြင်း၏ အဓိကအချက်မှာ ပြည်ပဆန်ဈေးမြင့်တက်မှုမရှိဘဲ ပြည်တွင်းငွေမာဈေးကျဆင်းရခြင်းမှာ အဓိကအချက်ဖြစ်သည်။ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀၊ ၃၆၀ သာရရှိပြီး ရရှိလာသည့် ဒေါ်လာအတွက်ငွေလဲနှုန်းမှာ ယခုနှစ် ဩဂုတ်လအတွင်းက ကျပ် ၆၈၀ အထိကျဆင်းခဲ့ခြင်း၊ ကာလရှည်ကျဆင်းနေခြင်း၊ အိန္ဒိယနိုင်ငံ၏ အရန်ဆန်ထုတ်ရောင်းမှုကြောင့်ကမ္ဘာ့ဆန်ဈေးအနိမ့်၌ပင်တည်ငြိမ်နေခြင်းအချက်များပါဝင်သည်။

ယင်းအပြင် အခြား အခြေခံစိုက်ပျိုးရေးထုတ်ကုန်ဖြစ်သည့် ပဲမျိုးစုံ၊ အခြေခံမွေးမြူရေးထွက်ကုန်များကဏ္ဍတွင်အခြေခံထုတ်လုပ်သူများမှာအခက်အခဲဖြင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရသည်။

ပြည်ပမှရသည့် ပဲဈေး၊ ငါးပုစွန်ဈေးမှာမူ အမေရိကန်တစ်ဒေါ်လာ ကျပ် ၁၀၀၀ ဝန်းကျင်ငွေလဲနှုန်းရှိခဲ့သည့်အချိန်ကဈေးအတိုင်းပင်ရရှိပြီး ပြည်တွင်းငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၀၀၀ ဝန်းကျင်မှ ကျပ် ၆၆၀ ဝန်းကျင်အထိကျဆင်းခဲ့ခြင်း၊ကျပ် ၇၉၀ တွင်အချိန်ကာလကြာမြင့်စွာကျဆင်းနေခြင်းများ ယခုနှစ်အတွင်း ဆက်တိုက်ကြုံခဲ့ရ၍ဖြစ်သည်။

ဈေးကျဆင်းရခြင်း၏နောက်ဆက်တွဲအဖြစ် ယခုနှစ်အတွင်း ငါးပုစွန်မွေးမြူသူများအားလုံးနီးပါးမှာ ဘဏ်များ၏ ယုံကြည်မှုမရှိတော့ခြင်း၊ ဝယ်သူနှင့် ထုတ်လုပ်သူကြားငွေကြေးပြဿနာများပေါ်ပေါက်ခဲ့ရခြင်း၊ အဆိုးဆုံးအနေဖြင့် လာမည့်နှစ်တွင် ထပ်မံမွေးမြူထုတ်လုပ်ရန် အရင်းအနှီးပျောက်ဆုံးရခြင်းများဖြစ်ပေါ်ခဲ့ရသည်မှာ ယခုအချိန်ထိပင်ဖြစ်သည်ဟုဆိုကြသည်။

ခြုံငုံ၍ကြည့်သော် စပါးနှင့်ပဲမှာ မြန်မာနိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်ပြီး ငါးပုစွန်မှာလည်း မွေးမြူရေးကဏ္ဍ၏အဓိကထုတ်ကုန်ဖြစ်ပြီးအရေးပါသောကဏ္ဍများအထိနာခဲ့ရခြင်းမှာလာမည့်နှစ်များအတွက်ပါအကျိုးသက်ရောက်မှုကြီးသောအချက်ဖြစ်နေ၍ ထင်ရှားသော စီးပွားရေးအဖြစ်အပျက်များထဲတွင် ထည့်သွင်းဖော်ပြရခြင်းဖြစ်သည်။

## ၁၇ လကြာပိတ်ထားခဲ့သော မြဝတီနယ်စပ်တံတားနှင့် နယ်စပ်ကုန်သွယ်ရေးပြန်ဖွင့်ခဲ့ခြင်း




၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၇ ရက်နေ့မှစ၍ ပိတ်ထားခဲ့သော မြဝတီနယ်စပ်တံတားအား ၁၇ လကြာမြင့်သည့်အချိန် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှ ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးကိုပါ တစ်ပါတည်းပြန်လည်ဖွင့်လှစ်ခဲ့ခြင်းမှာ ၂၀၁၁ ခုနှစ်အတွင်း စီးပွားရေးကဏ္ဍ၌ ထင်ရှားသောဖြစ်ရပ်တစ်ခုအဖြစ်ထည့်သွင်းဖော်ပြအပ်ပါသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးကို ၁၉၉၈ ခုနှစ် စက်တင်ဘာလတွင်စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများယာယီရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားကိုလည်း ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင်ပိတ်ထားခဲ့ခြင်းဖြစ်သည်။

ပိတ်ထားခဲ့သည့်အတွက် ထိုင်းနိုင်ငံဘက်ခြမ်းအနေဖြင့် ထိုင်းလုပ်ငန်းရှင်များ အစပိုင်းလများတွင် လစဉ်ဘတ်သန်းပေါင်းများစွာနစ်နာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့သည့် ပို့ကုန်များရပ်ဆိုင်းသွားခဲ့သည်။

ယင်းမှာ အစပိုင်းလများသာဖြစ်သည်။ နောက်ပိုင်းလများတွင်မူ မြဝတီနယ်စပ်ကုန်သွယ်ရေးမှာမှောင်ခိုနည်းလမ်းမျိုးစုံဖြင့် ဖွင့်ထားခဲ့စဉ်ကအတိုင်း ပြန်လည်ကုန်သွယ်ခဲ့ကြသည့်အတွက် ထိုင်းနိုင်ငံဘက်ခြမ်းနစ်နာခြင်းထက် မြန်မာနိုင်ငံမှ ရသင့်သည့်နယ်စပ် ကုန်သွယ်ခွန်များလပေါင်းများစွာကြာအောင် နစ်နာခဲ့သည်။

ဒီဇင်ဘာလ ၁၁ ရက်နေ့က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က "မြဝတီနယ်စပ်ကုန်သွယ်ရေးကို ထိုင်းဘုရင့်မွေးနေ့ရက်မှာဖွင့်ခဲ့တယ်။ ကိုယ်ကသာပိတ်ထားတာ အစကတည်းက ပွင့်နေပါတယ်။ ပိတ်ထားတာက မှောင်ခိုအားပေးပဲဖြစ်နေပါလိမ့်မယ်"ဟု ပြောကြားခဲ့ခြင်းမှာ ပိတ်ထားခြင်းမှာ တရားမဝင်နည်းလမ်းများကိုအားပေးနေသည့်အခြေအနေဖြစ်ကြောင်း ထင်ထင်ရှားရှားသိစေနိုင်သည်။

မည်သို့ဆိုစေ ပိတ်ထားခြင်းထက်အကျိုးပိုရှိသည့် ဖွင့်လှစ်ပေးခြင်းကို ခွင့်ပြုခဲ့ခြင်းမှာ ၂၀၁၁ ခုနှစ်အတွင်းထင်ရှားသည့် စီးပွားရေး အဖြစ်အပျက်အဖြစ်ရှိခဲ့ပါသည်။

## နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးပုံနှိပ်ဖော်ပြခွင့်ရရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်းပါးနှင့် ဂျာနယ်များတွင်ဖော်ပြခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်မျက်နှာဖုံးများ

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းက နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်ခဲ့ပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ပထမဆုံးပုံနှိပ်ဖော်ပြခွင့်ရရှိခဲ့သည့်ဆောင်းပါးနှင့် ဂျာနယ်များတွင် ဖော်ပြခဲ့သောဒေါ်အောင်ဆန်းစုကြည်မျက်နှာဖုံးများကို ၂၀၁၁ ခုနှစ်အတွင်း စာပေနယ်မှ ထင်ရှားမှုအဖြစ်Weekly Eleven News ဂျာနယ်မှရွေးချယ်ဖော်ပြအပ်ပါသည်။

ပြည်တွင်း၌ ပထမဆုံးပုံနှိပ်ဖော်ပြခွင့်ရရှိခဲ့သည့်ဒေါ်အောင်ဆန်းစုကြည်၏ဆောင်းပါးမှာ'မြန်မာပြည်ကရေးတဲ့စာ အပန်းဖြေနားရက်များ –၁' ဖြစ်ပြီး စက်တင်ဘာလ ၈ ရက်နေ့ထုတ်ပြည်သူ့ခေတ်ဂျာနယ်အတွဲ –၂၊ အမှတ် ၅၉ တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထိုဆောင်းပါးသည် ယခုနှစ်အတွင်း ပုဂံသို့အပန်းဖြေခရီးထွက်ခဲ့သည့် အတွေ့အကြုံများကို ဒေါ်အောင်ဆန်းစုကြည်က ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းအရာကိုပင် ဇူလိုင်လ ၁၉ ရက်နေ့တွင် Mainichi ဂျပန်သတင်းစာ၌ အင်္ဂလိပ်ဘာသာ၊ ဂျပန်ဘာသာတို့ဖြင့် ပထမဆုံးဖော်ပြခဲ့ပြီး စက်တင်ဘာလတွင် မြန်မာဘာသာဖြင့် ပြည်သူ့ခေတ်ဂျာနယ်တွင် ဖော်ပြခဲ့ခြင်း ဖြစ်သည်။

အဆိုပါဆောင်းပါး၏ အပိုင်း–၂ ကို ပြည်သူ့ခေတ်ဂျာနယ် အတွဲ–၂၊ အမှတ် ၆၀ တွင်ဖော်ပြခဲ့ပြီးနောက် အပိုင်း–၃ကိုမူ ပြည်သူ့ခေတ်ဂျာနယ် အတွဲ–၂၊ အမှတ်၇၄၊ ဒီဇင်ဘာလသို့ရောက်ရှိမှသာ ဖော်ပြခွင့်ရရှိခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ပထမဆုံးပုံနှိပ်ဖော်ပြခွင့်ရရှိသည့်ဆောင်းပါးနှင့်အတူ ဂျာနယ်အသီးသီး၌ ဖော်ပြခဲ့သောဒေါ်အောင်ဆန်းစုကြည်မျက်နှာဖုံးဖြင့်သတင်းများမှာလည်း ထင်ရှားသောအကြောင်းအရာများဖြစ်ခဲ့သည်။ နေအိမ်အကျယ်ချုပ်မှလွတ်မြောက်လာစဉ်အချိန်က ထိုသတင်းကိုဂျာနယ်များတွင် ဖော်ပြခွင့်ရရှိခဲ့သော်လည်း သတင်းဓာတ်ပုံသုံးစွဲရာတွင် ခွင့်ပြုချက်ပမာဏအတိုင်းသာ ဖော်ပြခွင့်ရရှိခဲ့ပြီး မျက်နှာဖုံး၌ဖော်ပြခြင်းနှင့် မျက်နှာဖုံးအပြည့်ဖော်ပြခြင်းတို့ကို ကန့်သတ်ထားခဲ့သည်။

သို့သော် ၂၀၁၁ ခုနှစ်အတွင်းသို့ရောက်ရှိချိန်တွင် နေပြည်တော်သို့ ဒေါ်အောင်ဆန်းစုကြည် သွားရောက်ခြင်း၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ပထမဆုံးတွေ့ဆုံခြင်း၊ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့်တွေ့ဆုံခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံတကာ




ဒေါ်အောင်ဆန်းစုကြည်ဆောင်းပါးကို ပထမဆုံးဖော်ပြခွင့်ရရှိသည့် ပြည်သူ့ခေတ်နှင့် အင်တာဗျူးကို ပထမဆုံးဖော်ပြခွင့်ရသည့် Messenger

ခေါင်းဆောင်များ၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂအစရှိသောအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်းအစရှိသည့် ကိစ္စရပ်များမှစတင်ပြီး ပြည်တွင်းထုတ်ဂျာနယ်များတွင်ဒေါ်အောင်ဆန်းစုကြည်၏ဓာတ်ပုံများကို မျက်နှာဖုံးတွင် ဖော်ပြလာခြင်း၊ အင်တာဗျူးများနှင့်အတူ မျက်နှာဖုံးပြည့်ဖော်ပြလာကြခြင်းအစရှိသည်တို့ကိုလုပ်ဆောင်ခွင့်ရရှိလာခဲ့သည်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်နှင့်သီးခြားတွေ့ဆုံပြီး အင်တာဗျူးဖော်ပြခြင်းကို ဂျာနယ်အများစုက လုပ်ကိုင်ခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နောက်ဆက်တွဲလှုပ်ရှားမှုများကို မျက်နှာဖုံးသတင်းများအဖြစ် ဂျာနယ်အများအပြားက ဖော်ပြခဲ့ကြသည်။ ထိုသို့ ဖော်ပြမှုများအနက် ထူးခြားချက်အနေဖြင့် ဦးကိုကို(ကိုကို–စက်မှုတက္ကသိုလ်)က မေးမြန်းခဲ့ပြီး ရန်ကုန်တိုင်း(မ်)ဂျာနယ်၌ဖော်ပြခဲ့သော ဒေါ်အောင်ဆန်းစုကြည်နှင့်သီးခြားတွေ့ဆုံမှု အင်တာဗျူး အပြည့်အစုံကို စာအုပ်ငယ်အဖြစ် ပထမဆုံးထုတ်ဝေဖြန့်ချိခဲ့သည်။

## ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထားသည့် စာအုပ်အများအပြား ထွက်ရှိခဲ့ခြင်း

၂၀၁၁ ခုနှစ်အတွင်း ပြည်တွင်းစာအုပ်ဈေးကွက်၌ ဗိုလ်ချုပ် အောင်ဆန်းအကြောင်း ရေးသားထားသောစာအုပ်များနှင့် နိုင်ငံရေးစာအုပ် အများအပြား ထွက်ရှိခဲ့ခြင်းက နှစ်ပေါင်း ၂၀ ကာလအတွင်း သိသာသော အခြေအနေတစ်ရပ်ဖြစ်ခဲ့၍ ထိုကိစ္စရပ်ကို ၂၀၁၁ ခုနှစ် စာပေနယ်မှ ထင်ရှားမှုအဖြစ် Weekly Eleven News ဂျာနယ်မှ ရွေးချယ်ဖော်ပြအပ်ပါသည်။

ယခင်ကစာအုပ်ဈေးကွက်အတွင်း ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထားသည့် စာအုပ်အဟောင်းများသာထွက်ရှိခဲ့ရာ ယခုနှစ်တွင် အဆိုပါစာအုပ်များနှင့်မတူဘဲဆောင်းပါးဟောင်းများ စုစည်းမှု၊ ကဏ္ဍစုံမှ တင်ပြမှုနှင့် သီးခြားစုစည်းမှုများအနေဖြင့် ထွက်ရှိလာခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း၌ ထွက်ရှိခဲ့သောဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထားသည့်စာအုပ်အရေအတွက်မှာ အမျိုးအစား ၆၀ နီးပါး ရှိခဲ့ပြီး အချို့မှာ ထွက်ရှိပြီးသားစာအုပ်များကို ပြန်လည်ထုတ်ဝေခြင်းဖြစ်ကာ အချို့စာအုပ်များမှာ အသစ်ပြန်လည်စုစည်းပြီး ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ထုတ်ဝေခဲ့သည့်စာအုပ်များအနက်သခင်ကိုယ်တော်မှိုင်းတည်းဖြတ်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ၊ စာရေးဆရာ ကိုအောင်ဆန်း၊ ဗိုလ်ချုပ်နော်အောင်ဆန်းနော် တေဇနော်၊ ဗိုလ်ချုပ်အောင်ဆန်း၏နောက်ဆုံးနေ့မှတ်တမ်းနှင့် မြန်မာ့အောင်ဆန်း အစရှိသောစာအုပ်များမှာ အရောင်းရဆုံးစာအုပ်များ ဖြစ်ခဲ့သည်။

ထွက်ရှိခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်အများစုမှာ အကြောင်းအရာသစ်ကို ချဉ်းကပ်ရေးသားခဲ့သော စာအုပ်များ နည်းပါးခဲ့ခြင်းနှင့် ငါးပွက်ရာငါးစာချပုံစံမျိုးဖြင့် ထုတ်ဝေခဲ့ခြင်းများအပေါ် စာအုပ်လောကအတွင်းဝေဖန်မှုများရှိခဲ့သည်။ ယခုနှစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးသားထားသည့်စာအုပ်များ ဆက်တိုက်ထွက်ရှိလာရသည့်အကြောင်းရင်းမှာ ယခင်နှစ်များကတည်း စာအုပ်ထုတ်ဝေခွင့်ရရန်ရုံးတင်ထားသောစာအုပ်များကို ခွင့်ပြုချက်များ ဆက်တိုက်ချပေးခဲ့သည့်အတွက်ကြောင့်ဖြစ်သည်ဟူသောသုံးသပ်မှုများလည်း ရှိခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းဆိုသည့် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖြစ်သောကြောင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးသားထားသော စာအုပ်အများအပြား ထွက်ရှိခြင်းမှာ ကောင်းမွန်သောလက္ခဏာတစ်ရပ်ဖြစ်ခဲ့ကြောင်းအများစုက ရှုမြင်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးသားခဲ့သော စာအုပ်အများအပြား ထွက်ရှိလာခဲ့ခြင်းနှင့်အတူ ယခုနှစ်အတွင်း နိုင်ငံရေးနှင့်ပတ်သက်သော စာအုပ်များနှင့်နိုင်ငံရေးအတွေ့အကြုံစာအုပ်အများအပြားလည်း ထွက်ရှိခဲ့ပြီး ထိုအမျိုးအစားစာအုပ်အရေအတွက် ၅၀ ကျော် ထွက်ရှိခဲ့ကာ ရောင်းအားကောင်းခဲ့သောစာအုပ်များ ဖြစ်ခဲ့သည်ဟု သိရသည်။

## ထုတ်/တင်၊ တင်/ထုတ်နှင့် စာပေစိစစ်ရေးမူဝါဒ အပြောင်းအလဲ

ပြည်တွင်း၌ ထုတ်ဝေလျက်ရှိသော ဂျာနယ်၊ မဂ္ဂဇင်းများအား အုပ်စု(၂)စုခွဲ၍ထုတ်/တင်နှင့်တင်/ထုတ်စနစ်သို့ပြောင်းလဲသတ်မှတ်ခဲ့သည့်စာပေစိစစ်ရေး၏မူဝါဒအပြောင်းအလဲကို ၂၀၁၁ခုနှစ်အတွင်းစာပေနယ်မှထင်ရှားမှုအဖြစ် Weekly Eleven News ဂျာနယ်မှ ရွေးချယ်ဖော်ပြအပ်ပါသည်။

၁၉၆၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှ စတင်ပြီး ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကိုပြဋ္ဌာန်းပြီးညွှန်ကြားချက်များ၊ အမှာစာများဖြင့် စာပေလောကကို ထိန်းချုပ်ခဲ့ပြီး မျက်မှောက်ခေတ်သို့ ရောက်ရှိချိန်တွင်လည်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန ထားရှိကာ စာပေရေးသားခွင့်များကို ၁၉၆၂ ခုနှစ်ကပြဋ္ဌာန်းခဲ့သောဥပဒေဖြင့်ပင် ကန့်သတ်ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ် အစိုးရသစ်အဖွဲ့တာဝန်ယူပြီးချိန်တွင်လည်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနကို ဆက်လက်ထားရှိခဲ့သည်။

သို့သော် ဇွန်လအတွင်းမှ စတင်ပြီးပြည်တွင်း၌ထုတ်ဝေလျက်ရှိနေသော ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များကို အုပ်စု(၂)စုခွဲ၍ထုတ်/တင်၊ တင်/ထုတ်စနစ်သို့ ပြောင်းလဲခဲ့ပြီး စာပေစိစစ်ရေးမူဝါဒအချို့ကို ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။ ထိုစနစ်အရ ထုတ်/တင် စာရင်းဝင်ဂျာနယ်များသည် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအနေဖြင့် စာပေစိစစ်ရေးသို့ မူကြမ်းတင်ပြီး ခွင့်ပြုချက်တောင်းခံရန် မလိုတော့ဘဲ ထုတ်ဝေပြီးမှသာ တင်ပြရမည်ဖြစ်သည်။ တင်/ထုတ် စာရင်းဝင် ဂျာနယ်များမှာ မူလက သတ်မှတ်ထားသည့်အတိုင်း စာပေစိစစ်ရေးသို့ တင်ပြပြီးမှသာ ထုတ်ဝေခွင့် ရရှိမည်ဖြစ်သည်။

ထုတ်/ထုတ်ဂျာနယ်များအတွက် အရေးယူမှုကို ဂျာနယ်ထုတ်ဝေပြီးနောက် သတ်မှတ်ထားသောဥပဒေနှင့် လျှော်ညီမှုမရှိပါက အာမခံငွေသိန်း ၅၀ ကို ဦးစွာပေးသွင်းရမည်ဖြစ်သည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ ပါဝင်သည့်ကြီးကြပ်မှုဗဟိုအဖွဲ့မှအဖွဲ့ဝင်များ၏ဆုံးဖြတ်ချက်ဖြင့်အရေးယူမှုကို လုပ်ဆောင်သွားမည်ဟုသတ်မှတ်ခံခဲ့ရသည်။

ဇွန်လအတွင်းက စတင်ခဲ့သော စာပေစိစစ်ရေးမူဝါဒလျှော့ချမှုကြောင့် ထုတ်/တင် စာရင်းတွင် ပါဝင်ခဲ့သော ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်စုစုပေါင်း ၁၇၈ စောင်ရှိပြီး အသေးစိတ်အနေဖြင့် အနုပညာသုတရသဂျာနယ် ၁၈ စောင်၊ ကျန်းမာရေးဂျာနယ် ၆ စောင်၊ ကလေးဂျာနယ် ၉ စောင်၊ နည်းပညာဂျာနယ် ၇ စောင်နှင့် အားကစားဂျာနယ် ၄၂ စောင်၊ အနုပညာသုတရသမဂ္ဂဇင်း ၅၆ စောင်၊ ကျန်းမာရေးမဂ္ဂဇင်း ၁၁ စောင်၊ ကလေးမဂ္ဂဇင်း ၁၂ စောင်၊ နည်းပညာမဂ္ဂဇင်း ၁၄ စောင်နှင့် အားကစား မဂ္ဂဇင်း ၃ စောင်တို့ ဖြစ်ကြသည်။

ပထမဆင့်အနေဖြင့် အဆိုပါ ဂျာနယ်၊ မဂ္ဂဇင်းများကို မူဝါဒများ လျှော့ချပေးခဲ့ပြီးနောက် ဒီဇင်ဘာလ ၉ ရက်နေ့တွင် အခြားကျန်ရှိသောဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်အချို့ကို ဒုတိယဆင့်အနေဖြင့်မူဝါဒများလျှော့ချပေးခဲ့သည်။ ဒုတိယအဆင့်အနေဖြင့် ထုတ်/ တင်စာရင်းတွင်ပါဝင်လာခဲ့သော ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်စုစုပေါင်းမှာ ၅၄ စောင် ရှိခဲ့သည်။

အသေးစိတ်အနေဖြင့်မူ စီးပွားရေးဂျာနယ် ၂၈ စောင်၊ မှုခင်းနှင့်ဥပဒေဆိုင်ရာဂျာနယ် ၄ စောင်၊ စီးပွားရေးမဂ္ဂဇင်း ၁၄ စောင်၊ မှုခင်းနှင့်ဥပဒေဆိုင်ရာမဂ္ဂဇင်း ၈ စောင်တို့ ဖြစ်ကြသည်။

သတင်းဂျာနယ်စုစုပေါင်း ၇၄ စောင်အနေဖြင့်မူ စာပေစိစစ်ရေးသို့ တင်ပြပြီးမှ ထုတ်ဝေခွင့်ရရှိနေသည့် နည်းတူ သတင်းမီဒီယာများ မျှော်လင့်နေသည့် သတင်းစာထုတ်ဝေခွင့်မှာလည်း အလှမ်းကွာနေဆဲဖြစ်သည်။

## လွှတ်တော်အတွင်း ဒီမိုကရေစီကျင့်သုံးမှု ပိုမိုပီပြင်လာသည့် ပထမအကြိမ် လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများ

၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့မှ နိုဝင်ဘာလ ၂၅ ရက်နေ့ အထိ ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများနှင့် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများတွင် လွှတ်တော်အတွင်း ဥပဒေပြုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဒီမိုကရေစီကျင့်သုံးနေမှုမှာ ပိုမိုပွင့်လင်း၍ ထင်သာမြင်သာရှိလာခဲ့မှုကို ၂၀၁၁ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေးနယ်ပယ်မှ ထင်ရှားမှုတစ်ရပ်အဖြစ် Weekly Eleven News Journal မှ ဖော်ပြအပ်ပါသည်။

ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ ၁၉၆၂ ခုနှစ် တရားရုံးများကို မထိမဲ့မြင်ပြုမှု အက်ဥပဒေရုတ်သိမ်းရေး အဆိုတင်သွင်းမှုမှ စတင်ကာ လွှတ်တော်ကိုယ်စားလှယ်များ၏သဘောဆန္ဒကို မတ်တပ်ရပ်ပြောင်စနစ်ဖြင့် ဆန္ဒဖော်ထုတ်မှုကို စတင်ခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက အစည်းအဝေး၏ အပိတ်မိန့်ခွန်းတွင် ရှေ့ဆက်သွားမည့် လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်တစ်ရပ်လုံး၏ သဘောထားဆန္ဒကို ရယူရာတွင် စက်ခလုတ်ဖြင့် ဆန္ဒမဲ ရယူခြင်းထက် ပြောင်ဆန္ဒမဲရယူခြင်းစနစ်ကို အဓိကထားဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ပြီး နောက်ပိုင်းတွင် လွှတ်တော်တွင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားပေးမှုမှာ ပိုမို၍ ပွင့်လင်းကာ ထင်သာမြင်သာရှိလာခဲ့ကြောင်း ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပနေမှုများကိုနေ့စဉ်သတင်းရယူခဲ့သည့် သတင်းမီဒီယာများမှသတင်းထောက်များက ပြောကြားသည်။



လွှတ်တော်အစည်းအဝေးကျင်းပနေသည်ကို သတင်းရယူနေသည့် သတင်းထောက်များအားတွေ့ရစဉ်

**လွှတ်တော်တွင်း နိုင်ငံရေးပါတီများ၏ ရပ်တည်နေမှု၊ လွှတ်တော်တွင်း နိုင်ငံရေးအခင်းအကျင်းကို ပြည်သူလူထုက သိမြင်စိတ်ဝင်စားလာမှု ရှိမှသာ မကြာမီ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၊ နောင်လာမည့် ၂၀၁၅ ရွေးကောက်ပွဲများတွင် မှန်ကန်သည့်ရွေးချယ်မှုများကို ပြုလုပ်နိုင်မည်. . .**

ပြည်သူ့လွှတ်တော်အတွင်း ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုအစိုးရကိုယ်စားလှယ်၏ တင်ပြချက်များကို ကန့်ကွက်မှုပြုရာတွင်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်ကို ထောက်ခံချက်ပေးရာတွင် လည်းကောင်း မတ်တပ်ရပ်၍ ကန့်ကွက်ဆန္ဒဖော်ထုတ်ခြင်း၊ မတ်တပ်ရပ်၍ သဘောတူကြောင်း ဆန္ဒဖော်ထုတ်ခြင်းများကို ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေမူကြမ်း၊ ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေမူကြမ်းများ ဆွေးနွေးရာတွင် ပိုမိုပေါ်လွင်ထင်ရှားခဲ့သည်။

"ဒီနေ့ ပြည်သူ့လွှတ်တော်မှာ တိုင်းပြည်အတွက် အရေးကြီးတဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်းနဲ့ ပတ်သက်တဲ့ ပြင်ဆင်ချက် အဆိုတွေကို တင်သွင်းဆွေးနွေးကြတဲ့အခါ တပ်မတော်သား ကိုယ်စားလှယ်တွေတော်တော်များများကလည်း ဒီဥပဒေကြမ်းအပေါ်မှာ ပြင်ဆင်လိုတာတွေ၊ ဖျက်သိမ်းပေးစေလိုတာတွေ၊ ဖြည့်စွက်ချင်တာတွေကို တင်ပြဆွေးနွေးကြပါတယ်။ အဲသလို တင်ပြဆွေးနွေးကြတဲ့အခါမှာ ဒီဥပဒေကြမ်းကလည်း ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့ထားတဲ့ဥပဒေကြမ်း ဖြစ်တာကြောင့် အဆိုရှင်တွေရဲ့ တင်ပြချက်အပေါ်မှာ ပြည်ထောင်စုအစိုးရရဲ့ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြန်လည်ရှင်းလင်း ဆွေးနွေးရတာမျိုးတွေ ဖြစ်လာပါတယ်။ ဒီလိုအခါမျိုးမှာ ပုံမှန်အားဖြင့်တော့တပ်မတော်သား ကိုယ်စားလှယ်တွေအနေနဲ့ ကိုယ်တင်လိုက်တဲ့အဆိုကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ကိုယ်စားလှယ်က ဆောင်ရွက်ဖို့ မဖြစ်နိုင်တဲ့အကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးရင် အဆိုကို ရုပ်သိမ်းသွားကြတာ များပါတယ်။ ဒီလိုမဟုတ်ဘဲ မရုပ်သိမ်းဘူးဆိုရင်လည်း လွှတ်တော်တွင်းက ထောက်ခံမဲနည်းတဲ့အတွက် အဆိုရှုံးသွားရတာ များပါတယ်။ ဒီနေ့မှာတော့ တပ်မတော် သားကိုယ်စားလှယ်တွေတင်တဲ့ အဆို နှစ်ခုလောက်ကို ပြည်ထောင်စုအစိုးရအဖွဲ့က ဒီအဆိုအတိုင်းလုပ်ကိုင်ဖို့ မဖြစ်နိုင်တဲ့အတွက် ရုတ်သိမ်းပေးဖို့ ပြန်လှန်ဆွေးနွေးခဲ့ပေမယ့် တပ်မတော်သား ကိုယ်စားလှယ်တွေက ဒီမိုကရေစီနည်းလမ်းတကျလွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူပါမယ်လို့ ပြန်လည်တင်ပြလာတဲ့အတွက် လွှတ်တော်အဆုံးအဖြတ်ခံယူတဲ့နေရာမှာ ထောက်ခံမဲ အတော်များများရတဲ့အတွက် အနိုင်ရတဲ့အဆိုတွေတောင် ရှိလာပါတယ်။ ဒါဟာ လွှတ်တော်အတွင်းမှာ ဒီမိုကရေစီ ကျင့်သုံးနေမှုဟာ ထင်သာမြင်သာရှိလာတာပဲ ဖြစ်ပါတယ်"ဟု ပြည်သူ့လွှတ်တော်သတင်းများအား နေ့စဉ်ရယူနေသည့် သတင်းထောက်တစ်ဦးက ပြောပြသည်။

ပထမအကြိမ် လွှတ်တော်နှစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးများကို ကျင်းပခဲ့စဉ်က ၁၅ မိနစ်လွှတ်တော်ဟု အမည်တွင်ခဲ့ပြီး လွှတ်တော်ကျင်းပချိန်နှင့် လွှတ်တော်ကျင်းပသည့်ရက်သည်လည်း နည်းပါးခဲ့ကာ လွှတ်တော်တွင်း ဥပဒေပြုရေးကိစ္စများအား အပြန်အလှန်ဆွေးနွေးခွင့်၊ မေးမြန်းခွင့်နှင့် ဆန္ဒပြုခွင့်များမှာ ပွင့်လင်းထင်သာမြင်သာဖြစ်မှု မရှိခဲ့ဟု သုံးသပ်သူများက ဆိုပါသည်။

ပထမအကြိမ် လွှတ်တော်နှစ်ရပ်၏ ဒုတိယပုံမှန်အစည်းအဝေးများ ပြန်လည်ကျင်းပခဲ့ရာတွင် လွှတ်တော်ကျင်းပသည့်အချိန်ကာလမှာ ကြာမြင့်ခဲ့ပြီး လွှတ်တော်တွင်းနိုင်ငံရေးမှာလည်း ပိုမိုပီပြင်ခဲ့သည်ဟု သုံးသပ်ရမည်ဖြစ်သော်လည်း ရရှိလာသည့် ရလဒ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုမှာမူ အားနည်းချက်များ ရှိနေဆဲဟု ထောက်ပြသူများလည်း ရှိခဲ့သည်။

လွှတ်တော်တွင်း နိုင်ငံရေးပါတီများ၏ရပ်တည်နေမှု၊ လွှတ်တော်တွင်း နိုင်ငံရေးအခင်းအကျင်းကို ပြည်သူလူထုက သိမြင်စိတ်ဝင်စားလာမှု ရှိမှသာ မကြာမီ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၊ နောင်လာမည့် ၂၀၁၅ ရွေးကောက်ပွဲများတွင် မှန်ကန်သည့် ရွေးချယ်မှုများကို ပြုလုပ်နိုင်မည် ဖြစ်သည့်အတွက် လွှတ်တော်တွင်း နိုင်ငံရေးအခင်းအကျင်းကို ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးများထက် ပိုမိုသိမြင်လာအောင် ရုပ်သံမှ တိုက်ရိုက်လွှင့်ထုတ်ခြင်းများ၊ သတင်းမီဒီယာများတွင် ပိုမိုကျယ်ပြန့်စွာ ရေးသားနိုင်ရန် လိုအပ်မည်ဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်ကမှတ်ချက်ပြုသည်။

## နိုင်ငံရေးသတင်းများ ပိုမိုဖော်ပြလာနိုင်မှုနှင့် ပုံနှိပ်မီဒီယာ

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်း၌ ဖြစ်ပေါ်ခဲ့သောနိုင်ငံရေး အပြောင်းအလဲများ၌ ပုံနှိပ်သတင်းမီဒီယာများ၏အခန်းကဏ္ဍမှာ ပိုမိုကျယ်ပြန့်လာခဲ့သည့်နည်းတူသတင်းဂျာနယ်များအနေဖြင့် နိုင်ငံရေးသတင်းများကို ယခင်နှစ်များကထက်ပိုမိုဖော်ပြလာနိုင်ခဲ့ခြင်းကို ၂၀၁၁ ခုနှစ် စာပေနယ်မှထင်ရှားမှုအဖြစ် Weekly Eleven News ဂျာနယ်မှ ရွေးချယ်ဖော်ပြအပ်ပါသည်။

လက်ရှိအချိန်တွင် ပြည်တွင်းဂျာနယ်ဈေးကွက်အတွင်း၌ ထုတ်ဝေလျက်ရှိနေသော သတင်းဂျာနယ် ၇၄ စောင်ရှိပြီး ဂျာနယ်အများစုမှာနိုင်ငံရေးနှင့်ပတ်သက်သော သတင်း၊ ဆောင်းပါး၊ အင်တာဗျူး အစရှိသည်တို့ကို စာမျက်နှာတစ်မျက်နှာမက ဖော်ပြလာနိုင်ကြသည်။ ထိုသို့ဖော်ပြလာနိုင်မှုသည် အစိုးရအဖွဲ့သစ် တာဝန်ယူပြီးချိန်မှ စတင်ပြီး တဖြည်းဖြည်းပိုမိုရရှိလာခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ပထမဆုံးမိန့်ခွန်း၌စတုတ္ထမဏ္ဍိုင်၏အရေးပါမှုကို ထည့်သွင်းပြောကြားခဲ့ခြင်း၊ နိုင်ငံပိုင်သတင်းစာများ၏နောက်ကျောဖုံးတွင်ကာလရှည်ကြာအစဉ်တစိုက်ဖော်ပြခဲ့သော 'VOA, BBC ရန်တိုက်ပေးနေသည်၊ RFA, DVB သွေးထိုးနေသည်၊ ခလောက်ဆန်အကောက်ကြံ လေလိုင်းသံ လူသတ်သမား နားမယောင်လေနဲ့ သတိထား' အစရှိသော စာသားများကို ဖြုတ်ပယ်ခဲ့ခြင်း'၊ ကြည့်ရှုခွင့်ပိတ်ပင်ခဲ့သော Youtube၊ Blogger၊ Twitter အစရှိသော လူမှုကွန်ရက်ဖျော်ဖြေရေးဝက်ဘ်ဆိုက်များနှင့် Irrawaddy၊Mizzima၊ BBC Burmese၊ RFA နှင့် DVB အစရှိသော ဝက်ဘ်ဆိုက်များကို ပြန်ဖွင့်ပေးခဲ့ခြင်းစသည့်အပြုသဘောဆောင်သော ပြောင်းလဲမှုများနှင့်အတူ ပြည်တွင်းမှ သတင်းဂျာနယ်များ၏နိုင်ငံရေးသတင်း ရေးသားဖော်ပြနိုင်မှုမှာလည်း ပိုမိုရရှိလာခဲ့ခြင်းဖြစ်သည်။

ထူးခြားမှုများအနေဖြင့် ယခင်က အစိုးရအဖွဲ့၏လုပ်ဆောင်မှုများအကြောင်းကိုချမှတ်ထားသောစည်းဘောင်များအတွင်းမှရေးသားခွင့်ရှိခဲ့သော သတင်းဂျာနယ်များအနေဖြင့် အစိုးရ၏ အတိုက်အခံဟု သတ်မှတ်ခံထားရသော အဖွဲ့အစည်းများထံမှ အသံများကိုပါ ထည့်သွင်း ရေးသားလာနိုင်ခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် လွှတ်တော်တွင်း ဆွေးနွေးခဲ့ကြသည်များ၊ အစိုးရအဖွဲ့၏သတင်းထုတ်ပြန်မှုများ အစရှိသည်တို့ကိုသတင်းရေးသားဖော်ပြရာ၌ ပြည်သူလူထု၏ဆန္ဒနှင့်လျော်ညီမှုမရှိသော ကိစ္စရပ်များ (ရေဝတီမြစ်ဆုံစီမံကိန်း၊ ဝန်ကြီးများရုံးဟောင်းကိစ္စရပ်၊ ရထားခ၊ ကားခ၊ မီးရထားခ တိုးမြှင့်မှု) အစရှိသည့် အကြောင်းအရာကို တိုက်ရိုက်ထုတ်ဖော်ရေးသားခွင့် ရရှိလာခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့နိုင်ငံရေးသတင်းများ၊ ဆောင်းပါးများကို အထိုက်အလျောက်အားဖြင့် ပိုမိုဖော်ပြခွင့် ရရှိထားသော်လည်း စာနယ်ဇင်း၏ တာဝန်နှင့်အညီ ဖော်ပြသင့်၊ ဖော်ပြထိုက်သော အကြောင်းအရာ အများအပြားကိုမူ ဖော်ပြခွင့်ရရှိရန် စောင့်ဆိုင်းနေကြရဆဲဖြစ်သည်။

## ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအချို့နှင့် ထင်ရှားသောလူရွှင်တော် ဇာဂနာ အပါအဝင် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ် ပြုလုပ်ခြင်း

သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အရပ်သားအစိုးရ ၂၀၁၁ ခုနှစ် မတ်လအတွင်းတက်လာပြီးနောက်ပိုင်း ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအချို့နှင့် ထင်ရှားသော လူရွှင်တော် ဇာဂနာ အပါအဝင် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ် ပြုလုပ်ခဲ့ခြင်းသည် ပြည်တွင်း၊ ပြည်ပ အတိုက်အခံများနှင့် အနောက်နိုင်ငံများကတောင်းဆိုနေသည့်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ လွှတ်ပေးရေး တောင်းဆိုနေမှုများကို အနည်းငယ်ဖြည့်ဆည်းပေးရာရောက်သည့်အတွက် ၂၀၁၁ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေးနယ်ပယ်မှ ထင်ရှားမှုတစ်ရပ်အဖြစ် Weekly Eleven News Journal မှ ဖော်ပြအပ်ပါသည်။

၂၀၁၁ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် နိုင်ငံတော်သမ္မတ၏ အမိန့်ကြေညာချက်အရ ၂၀၁၁ ခုနှစ် မေလ ၁၇ ရက်နေ့ မတိုင်မီအကျဉ်းကျခံနေရသူများအနက် သေဒဏ်ချမှတ်ခံရသူများကို ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ထောင်ဒဏ်ကျခံနေရသူများအား သတ်မှတ်ထားသောထောင်ဒဏ်ကို ထောင်ဒဏ်ရရှိပြီးသော လျှော့ပေါ့ရက်များ အပြင် တစ်နှစ် ထပ်မံ လျှော့ပေါ့ရရှိစေရန်အတွက်လည်းကောင်းလွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအချို့ အပါအဝင် အကျဉ်းသား ၁၄၆၀၀ ကျော် လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၁ ကို နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေရသော အကျဉ်းသားများအနက် ၆၃၅၉ ဦးကို အောက်တိုဘာလ ၁၂ ရက်နေ့ (သီတင်းကျွတ်လပြည့်နေ့)မှ စတင်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ ယင်းအနက် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအချို့နှင့်ထင်ရှားသောလူရွှင်တော်ဇာဂနာတို့လည်း ပါဝင်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ဒီထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့ သာမန်အကျဉ်းသားအနည်းငယ်နဲ့ ယခင်ထောက်လှမ်းရေးဆိုင်ရာ ဆက်စပ်တာဝန်ထမ်းဆောင်သူအချို့ကိုလည်း တွေ့ရပါတယ်"ဟု ထိုစဉ်က ပြောကြားခဲ့သည်။ အောက်တိုဘာလ လွတ်ငြိမ်းချမ်းသာခွင့်အရ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရပြီး လွတ်မြောက်လာသူ ၂၀၀ ကျော်ထဲတွင် ထင်ရှားသော ကိုသူရ (ခ) ဇာဂနာ၊ ဗိုလ်ချုပ်ဆေထင် (SSPC ဥက္ကဋ္ဌ)၊ ကိုကိုကြီး (စမ်းချောင်း)၊ မစုစုနွေးတို့ ပါဝင်ခဲ့သည်။

လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ်တွင် ယုံကြည်ချက်ကြောင့် အကျဉ်းခံနေရသူအချို့ လွတ်မြောက်လာသော်လည်း ဦးခွန်ထွန်းဦး၊ ကိုမင်းကိုနိုင်နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအရ အရေးပါသူများ မလွတ်သေးသည်ကို တွေ့ရသည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ လွှတ်ပေးရေးသည် မြန်မာအစိုးရ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဖော်ဆောင်မှု၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတွင် အရေးကြီးသည့်ခြေလှမ်းများဖြစ်သဖြင့် ယင်းကဲ့သို့ ထောင်များတွင် ကျန်ရှိနေသည့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများအားလုံး ထပ်မံ လွှတ်ပေးရေးကိုလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ အမေရိကန်အပါအဝင် နိုင်ငံတကာခေါင်းဆောင်များ၊ တတ်သိပညာရှင်များ၊ ဂျာနယ်လစ်များက ဆက်လက်တောင်းဆိုလျက်ရှိနေသည်။

လာမည့် လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့များတွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းသားများ ထပ်မံလွှတ်ပေးရန် အစီအစဉ်ရှိကြောင်း သတင်းဖော်ပြချက်များအရ သိရပြီး ယင်းကဲ့သို့ ဖြစ်လာပါက လွတ်မြောက်လာသူများထဲတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများလည်းပါဝင်ရန် အများက မျှော်လင့်နေကြသည်။

## ၂၀၁၁ ခုနှစ်၌ ကွယ်လွန်ခဲ့သည့် ထင်ရှားကျော်ကြားသူအချို့

၁။ ဇန်နဝါရီလ ၉ - ပါမောက္ခဒေါက်တာခင်မောင်ဝင်း(ဒဿနဗေဒ) (အသက် ၈၂ နှစ်)
၂။ ဇန်နဝါရီလ ၁၁ - စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ မောင်ဝဏ္ဏ (အသက် ၆၅ နှစ်)
၃။ ဇန်နဝါရီလ ၁၆ - ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟောင်းဦးဦးသာကျော် (အသက် ၈၅ နှစ်)
၄။ ဇန်နဝါရီလ ၂၄ - စာရေးဆရာ နောင်စိုး(သခင်တိုးမြင့်) (အသက် ၉၂ နှစ်)
၅။ ဖေဖော်ဝါရီ ၁၉ - ဦးဆန်နီတင်ထွန်း (မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း) (အသက် ၈၁ နှစ်)
၆။ ဖေဖော်ဝါရီ ၂၂ - စန္ဒရားဦးချစ်မောင် (အသက် ၇၉ နှစ်)
၇။ ဖေဖော်ဝါရီ ၂၅ - ဦးတင်ဖေ(ခ) စာရေးဆရာ မောင်ဖေငယ် (အသက် ၆၈ နှစ်)
၈။ ဧပြီ ၄ - စာရေးဆရာမခင်လေးမွန်(ဒေါ်ခင်ထွေးကြည်) (အသက် ၅၈ နှစ်)
၉။ မေ ၈ - ယောဂီမယ်တော်ဘွားအိမ်ပြည့် (အသက် ၁၀၆ နှစ်)
၁၀။ မေ ၉ - ဒေါ်ချိုချိုရီ(ပန်းဝေဝေရုပ်ရှင်- ဒါရိုက်တာမောင်ဝဏ္ဏဇနီး) (အသက် ၅၉ နှစ်)
၁၁။ မေ ၁၁ - ဦးလှမြင့် (စာရေးဆရာနတ်နွယ်) (အသက် ၇၉ နှစ်)
၁၂။ မေ ၁၁ - ကာတွန်းဦးသိန်းလွင် (အသက် ၆၆ နှစ်)
၁၃။ ဇွန် ၂ - စာရေးဆရာ ကျော်သန်းမြင့်(ဖန်းမော်) (အသက် ၆၆ နှစ်)
၁၄။ ဇွန် ၆ - ဦးဒေဝ(ခ) မောင်သစ်မင်း (တေးရေးဆရာ) (အသက် ၅၈ နှစ်)
၁၅။ ဇွန် ၁၂ - စန္ဒရားဦးဘအေး(ခ) စာရေးဆရာ မောင်စံဖြူ (အသက် ၇၀)
၁၆။ ဇွန် ၁၅ - ဦးငွေးသန်း(မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း) (အသက် ၅၉ နှစ်)
၁၇။ ဇွန် ၁၉ - ဦးဖေခင်(ခ)ဦးသန်းဝင်း(မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း) (အသက် ၆၅ နှစ်)
၁၈။ ဇူလိုင် ၇ - ဦးခင်မောင်ကလေး (မြန်မာနိုင်ငံတင်းနစ်ချန်ပီယံ) (အသက် ၉၄ နှစ်)
၁၉။ ဇူလိုင် ၉ - ဒေါ်အမာ(ခ)ဒေါ်ထွေးကြည် (စစ်ကိုင်းအမာလေး) (အသက် ၈၃ နှစ်)
၂၀။ ဇူလိုင် ၁၇ - စာရေးဆရာကျော်နန္ဒအောင် (အသက် ၆၂ နှစ်)
၂၁။ ဇူလိုင် ၂၀ - ဒါရိုက်တာ ဦးမြင့်စိုး (အသက် ၅၉ နှစ်)
၂၂။ ဇူလိုင် ၃၀ - ဦးအောင်မြင့် (ပန်းချီရာဟုလာ) (အသက် ၆၅ နှစ်)
၂၃။ ဩဂုတ် ၅ - ပန်းချီမောင်မောင်သိုက် (အသက် ၆၆ နှစ်)
၂၄။ ဩဂုတ် ၈ - စန္ဒရားထိပ်တင်ဝင်း (အသက် ၅၉ နှစ်)
၂၅။ ဩဂုတ် ၁၅ - ပါမောက္ခဒေါက်တာသိန်းဇံ(ခ)စာရေးဆရာနန္ဒာသိန်းဇံ(အသက် ၆၅ နှစ်)
၂၆။ ဩဂုတ် ၂၄ - စာရေးဆရာနီလေးမောင် (အသက် ၇၃ နှစ်)
၂၇။ စက်တင်ဘာ ၂၂ - ဦးသန်းအုန်း(မိုးဝေမဂ္ဂဇင်းအယ်ဒီတာ) (အသက် ၆၃ နှစ်)
၂၈။ စက်တင်ဘာ ၂၈ - ပန်းချီလှမြင့်ကျော် (အသက် ၆၇ နှစ်)
၂၉။ အောက်တိုဘာ ၂ - စာရေးဆရာသုတေသီမြင့်ထွန်း(အသက် ၇၆ နှစ်)
၃၀။ အောက်တိုဘာ ၂၀ - ဦးရွှေဇံ(နာယက-ရခိုင်သဟာယအသင်း) (အသက် ၈၄ နှစ်)
၃၁။ အောက်တိုဘာ ၂၂ - ကဗျာဆရာကြည်မောင်သန်း (အသက် ၄၉ နှစ်)
၃၂။ အောက်တိုဘာ ၂၄ - စာရေးဆရာဖျာပုံလှမိုးနွယ် (အသက် ၆၆ နှစ်)
၃၃။ အောက်တိုဘာ ၂၅ - သခင်လှကြည်(ခေါ်) ရဲနီကျော်ဝင်း (အသက် ၉၀ နှစ်)
၃၄။ အောက်တိုဘာ ၂၅ - ဦးခင်မောင်ညွန့် (ဖိုးဆိုချင်) (အသက် ၈၅ နှစ်)
၃၅။ ဒီဇင်ဘာ ၄ - သခင်လှကွန်း (အသက် ၉၀ နှစ်)
၃၆။ ဒီဇင်ဘာ ၆ - ဦးလွင်(အတွင်းရေးမှူး-အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)(အသက် ၈၈ နှစ်)
၃၇။ ဒီဇင်ဘာ ၉ - စာရေးဆရာမကြီး ဒေါ်စောမုံညင်း (အသက် ၉၂ နှစ်)
၃၈။ ဒီဇင်ဘာ ၁၆ - သဒ္ဓမ္မရံသီဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (သက်တော် ၉၁ နှစ်)
၃၉။ ဒီဇင်ဘာ ၂၅ - ပါမောက္ခဒေါက်တာဦးသိန်းညွန့် (ညွန့်ဝေ-ကသာ) (အသက် ၈၀ နှစ်)

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းဒေါက်တာနေဝင်းမောင် CEO , Myanmar Partners Think-Tank/ Publisher of Living Color Magazine & The Voice Weekly (အထွေထွေအတွင်းရေးမှူး , Myanmar Egress) အသက် ၅၀ နှစ်သည် ၁-၁-၂၀၁၂ နံနက် ၁ နာရီ ၁၀ မိနစ်ခန့်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

ဒေါက်တာသန်းထွဋ်အောင်
Chairman & CEO
Eleven Media Group

## ပူးမနှင့်ဆင့်မအကြိမ်မြောက် ရင်ချင်းဆက်အမြွှာကို အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ခြင်း

မြန်မာနိုင်ငံ၏ ပဉ္စမမြောက်နှင့် ဆဋ္ဌမမြောက်ရင်ချင်းဆက်အမြွှာများ ဖြစ်သည့် အင်ကြင်းခိုင်၊ အင်ကြင်း လှိုင်နှင့် ရန်ကင်း၊ ရန်ရှင်းတို့ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်းက ရန်ကုန်ကလေးဆေးရုံကြီးတွင်အောင် မြင်စွာခွဲစိတ်နိုင်ခဲ့သည့်အတွက်ဆေး လောကသမိုင်းတွင်မှတ်တိုင်တစ်ခုထူ နိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်၏ ထင်ရှား ကျော်ကြားသော ဖြစ်စဉ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

ပဉ္စမမြောက် ရင်ချင်းဆက်အ မြွှာဖြစ်သည့် အင်ကြင်းခိုင်နှင့် အင် ကြင်းလှိုင်စုံတွဲကို နိုဝင်ဘာလ ၉ရက် နေ့တွင်လည်းကောင်း၊ ဆဋ္ဌမမြောက် ရင်ချင်းဆက်အမြွှာ ရန်ကင်းနှင့် ရန် ရှင်း နိုဝင်ဘာလ ၁၆ ရက်နေ့တွင် လည်းကောင်းရန်ကုန်ကလေးဆေးရုံ ကြီးတွင် အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ သည်။

ဆဋ္ဌမမြောက်ရင်ချင်းဆက်အ မြွှာဖြစ်သည့် ရန်ကင်းနှင့်ရန်ရှင်း ရင် ချင်းဆက်အမြွှာသည် မြန်မာနိုင်ငံ တွင် ပထမဦးဆုံးအကြိမ် ယောကျ်ား လေးရင်ချင်းဆက်အမြွှာဖြစ်သည်။

အဆိုပါခွဲစိတ်မှုများကို ရန်ကုန် ကလေးဆေးရုံကြီး၊ ကလေးခွဲစိတ် ကုပညာဌာနမှ ပါမောက္ခဌာနမှူး ပါ မောက္ခဒေါက်တာထူးဟန် ဦးဆောင် ၍ ဆရာဝန်စုစုပေါင်း ၇၅ဦးတို့က ပူးပေါင်းခွဲစိတ်ပေးခဲ့ ခြင်းဖြစ်သည်။

အင်ကြင်းခိုင်နှင့်အင်ကြင်းလှိုင် ရင်ချင်းဆက်အမြွှာကို တနင်္သာရီ တိုင်းဒေသကြီး၊ လောင်းလုံမြို့နယ် တွင်၂၀၀၉ခုနှစ် မွေးဖွားခဲ့ပြီးအသက် ၂နှစ်၁၀လ ကြာတွင်ခွဲစိတ်ခဲ့ခြင်း ဖြစ်သည်။ ရန်ကင်း၊ရန်ရှင်းရင်ချင်း ဆက်အမြွှာကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၂၀၀၉ခုနှစ် မတ်လ ၁၁ရက်နေ့က မွေးဖွားခဲ့ ခြင်းဖြစ်ပြီးအသက်နှစ်နှစ်နှင့်ရှစ်လ အရွယ်တွင်ခွဲစိတ်ခဲ့ခြင်းဖြစ်သည်။

ရင်ချင်းဆက်အမြွှာနှစ်တွဲလုံး သည် အတွင်းကိုယ်အင်္ဂါအစိတ်အ ပိုင်းများတွင် အသည်းချင်းဆက်နေ ခြင်းဖြစ်ပြီး ခွဲစိတ်မှုကြာချိန် ငါးနာ ရီခန့်ကြာမြင့်ခဲ့သည်။ ခွဲစိတ်မှုအ တွက်ကုန်ကျစရိတ်စုစုပေါင်း ကျပ် သိန်း၃၅၀ခန့်ကုန်ကျခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်မှ ခွဲစိတ်ခန်းပြင်ဆင်မှု များ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးဝါးကုန်ကျစရိတ်များအတွက်



ရန်ကင်း ရန်ရှင်း ရင်ချင်းဆက် အမြွှာအားခွဲစိတ်ပြီးတွေ့ရစဉ်

ကျပ်သိန်း၂၀၀ခန့်ပံ့ပိုးပေးခဲ့ခြင်းဖြစ် ပြီး ရန်ကုန်ကလေးဆေးရုံကြီးမှ ကျပ်သိန်း၁၅၀ခန့်ကုန်ကျခဲ့သည်။

ပထမဦးဆုံးရင်ချင်းဆက်အမြွှာ ကို ၁၉၇၁ခုနှစ်တွင် ခွဲစိတ်ခဲ့ပြီး အေးအေးငြိမ်း၊အိအိငြိမ်း ရင်ချင်း ဆက်အမြွှာကို၁၉၉၃ခုနှစ် နှင့်၂၀၀၂ ခုနှစ်တွင်မိုးပပမောင်၊ မိုးပပ အောင် တင်ချင်းဆက် အမြွှာကိုတစ်ကြိမ်၊ စိုပြေလင်း၊ စိုပြေဝင်းကို ၂၀၀၉ ခု နှစ်တွင်တစ်ကြိမ် အောင်မြင်စွာခွဲ စိတ်ခဲ့ပြီး မြန်မာနိုင်ငံဆေးလောက သမိုင်းတွင် အောင်မြင်မှုမှတ်တိုင် များစိုက်ထူနိုင်ခဲ့သည်။

## ပထမဦးဆုံးအကြိမ်နားအတုခွဲစိတ်အောင်မြင်ခြင်း

မြန်မာနိုင်ငံ၏ ပထမဦးဆုံး အကြိမ်အတွင်းနားအတုခွဲစိတ်ခြင်းကို မြန်မာနိုင်ငံနှင့်ဂျာမနီနိုင်ငံမှနား၊ နှာခေါင်း၊လည်ချောင်းဆရာဝန်များ ပူးပေါင်း၍ရန်ကုန်မြို့ရှိ နား၊ နှာ ခေါင်း၊ လည်ချောင်း ဆေးရုံကြီး၌ ၁-၁၁-၂၀၁၁ ခုနှစ်တွင် အောင်မြင် စွာခွဲစိတ်နိုင်ခဲ့ပါသည်။ အဆိုပါ အတွင်းနားအတုခွဲစိတ်မှုကြောင့် မြန်မာ နိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် နားလေးဝေဒနာရှင်ငါးဦးမှာ လူ ကောင်းပကတိနီးပါး အကြားအာရုံ ပြန်လည်ရရှိနိုင်ခဲ့ပါသည်။

အတွင်းနားအတု ခွဲစိတ်အောင် မြင်ခြင်းသည် မြန်မာတစ်နိုင်ငံလုံး ရှိ နားလေးဝေဒနာခံစားနေရသည့် ဝေဒနာရှင်များအတွက်မျှော်လင့်ချက် ရောင်ခြည်တစ်ခုဖြစ်သကဲ့သို့ မြန်မာ နိုင်ငံဆေးလောက၏သမိုင်းမှတ်တိုင် သစ်တစ်ရပ်လည်း ဖြစ်ခဲ့သည်။

အဆိုပါခွဲစိတ်မှုများကို မြန်မာ နိုင်ငံရှိ မြန်မာစားဖိုမှူးများ အသင်း၏ စီစဉ်မှုဖြင့် ဂျာမနီနိုင်ငံရှိMED-AID Germany NGO အဖွဲ့မှခွဲစိတ်ဆရာ ဝန်ကြီးများ၏ အခမဲ့ခွဲစိတ်မှု၊ ဂျာမနီ နိုင်ငံရှိကုမ္ပဏီလေးခုတို့မှ ခွဲစိတ်ခန်း သုံးစက်ကိရိယာများ ငှားရမ်းပေး ခြင်းဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာတွင် ထိုအတွင်း နားတုစက်ကို သုံးစွဲနေသည်မှာ နှစ် ပေါင်း၂၀ခန့်ရှိပြီဖြစ်ပြီး ကမ္ဘာပေါ် တွင် ထိုစက်ဖြင့် အကြားအာရုံပြန် လည်ရရှိသူပေါင်းတစ်သိန်းကျော်ရှိပြီ ဖြစ်သည်။

အတွင်းနားအတုစက် ဆိုသည် မှာကွန်ပျူတာလျှပ်စစ်ပစ္စည်းတစ်မျိုး ဖြစ်ပြီး အပြင်ပိုင်းကို နားရွက်နောက် တွင်ချိတ်ထားရပြီး အတွင်းပိုင်းကို နားအနောက်ရိုးအား ခွဲစိတ်ကာထည့် သွင်းရခြင်းဖြစ်သည်။စက်အပြင်ပိုင်း သည် အသံလှိုင်းကိုဖမ်းယူပြီး လျှပ် စစ်လှိုင်းအဖြစ် အတွင်းပိုင်းရှိစက်ကို ပို့ဆောင်ပေးကာ အတွင်းနားတွင်းရှိ နားအာရုံကြောမှ တဆင့်ဦးနှောက်သို့ လျှပ်စစ်လှိုင်းသို့ ရောက်ရှိကာ အသံ ကြားရခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ နားတုစက်ကိုနားနှစ်ဖက်လုံး အလွန်နားလေးပြီး နားကြားကိရိယာ တပ်ဆင်၍မရတော့သည့် အခြေအနေ ရှိသူများသာ တပ်ဆင်နိုင်ကြောင်း သိရသည်။ နားတုစက်၏ ကာလ တန်ဖိုးမှာ မြန်မာငွေကျပ်သိန်းနှစ်ရာ ဝန်းကျင်ဖြစ်သည်။

နားတုစက်သည်ခွဲစိတ် အစား ထိုးပြီး၍ တစ်လကြာချိန်တွင် စက်ဖွင့် ၍စတင်အသုံးပြုရခြင်းဖြစ်ပြီး မြန်မာ နိုင်ငံတွင် ပထမဦးဆုံးနားတုစက် အစားထိုး၍ အကြားအာရုံပြန်လည် ရရှိခဲ့သည့် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ဒဿနိကဗေဒဌာနမှ လက်ထောက်ကထိကဦးခင်မောင် ဆန်းက "ကိုယ့်ရဲ့အလုပ်ကိုတောင် စွန့်လွှတ်လိုက်ရတော့မလိုဖြစ်ပြီးမှ အကြားအာရုံလည်းပြန်ရပြီး အလုပ် လည်း ထွက်စရာမလိုတော့ဘူးဆို တော့ အရမ်းပျော်တာပါပဲ။ နားလုံးဝ မကြားတော့တာ နှစ်နှစ်ကျော်ပြီဆို တော့ အခုအသံတွေပြန်ကြားနေရ တာ ပျော်စရာကောင်းတယ်"ဟု ပြော ပြခဲ့သည်။

"ခွဲစိတ်ခဲ့တဲ့အထဲမှာ အသက် ၁၄ နှစ်ကနေ အသက် ၇၈ နှစ်အထိ ပါပါတယ်။ လူတစ်ယောက်အတွက် အလွန်အရေးပါတဲ့ အကြားအာရုံပြန် လည်ရရှိစေနိုင်ခဲ့တဲ့အတွက် အရမ်း ဝမ်းသာမိပါတယ်။နောင်နှစ်တွေမှာ လည်း အခုလိုပူးပေါင်းပြီးကုသပေး သွားဖို့ ကြိုးစားသွားမှာပါ"ဟု နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံမှ ဌာနမှူးဒေါက်တာဦးသိန်းထွန်းက ဆိုပါသည်အတွင်းနားအတု အစား ထိုးခွဲစိတ်ပြီး တစ်လပြည့်သည့်နေ့ တွင် MED-AID Germany NGO အဖွဲ့မှ ဆရာဝန်တစ်ဦးလာရောက်၍ စက်ကိုဖွင့်ပေးခဲ့ပြီး အကြားအာရုံ ပြန်လည်ရရှိနေပြီဖြစ်သည်။

## ၂၀၁၁နှင့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေပြဋ္ဌာန်းချက်

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေ(၂၀၁၁ခုနှစ်ပြည်ထောင်စုလွှတ် တော်ဥပဒေအမှတ်၁၄)ကို ဒီဇင်ဘာ လ၄ရက်နေ့ထုတ် နိုင်ငံပိုင်သတင်း စာများတွင် ၂၀၁၁ခုနှစ်ဒီဇင်ဘာလ ၂ ရက်နေ့၊ ရက်စွဲဖြင့်ထုတ်ပြန်ကြေ ညာခဲ့မှုသည် ၂၀၁၁ခုနှစ်အတွင်းမြန် မာ့ပညာရေးလောကတွင်အရေးကြီး သောအပြောင်းအလဲဖြစ်၍ ပညာရေး နယ်ပယ်မှထင်ရှားမှုတစ်ခုအဖြစ်ရွေး ချယ်ဖော်ပြအပ်ပါသည်။

အဆိုပါကိုယ်ပိုင်မှတ်ပုံတင် ဥပဒေတွင် အခန်း(၈)ခန်းပါဝင်ပြီး အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ လုပ်ငန်းတာဝန်များ၊ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက် မှတ်ထုတ်ပေးခြင်း၊ကိုယ်ပိုင်ကျောင်း ဆရာမှတ်ပုံတင်လက်မှတ်ထုတ်ပေး ခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရအ ရေးယူခြင်းနှင့်အယူခံခြင်း၊ တားမြစ် ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊အ ထွေထွေဟူ၍ပါရှိကြောင်းသိရသည်။

ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥ ပဒေထွက်လာခြင်းဖြင့် လက်ရှိလုပ် ကိုင်ခွင့်ရရှိထားသောပုဂ္ဂလိကကျောင်း များမှာ သတ်မှတ်ချက်များနှင့်အညီ တိုးချဲ့ပြင်ဆင်ခြင်းများပြုလုပ်သွားရ မည့်အပြင် လက်ရှိပမာဏအနေအ ထားများဖြင့် လုံလောက်မှုရှိနိုင်မည် မဟုတ်ကြောင်း ပုဂ္ဂလိကကျောင်းဆ ရာများကပြောကြားခဲ့သည်။ ထို့ပြင် ပုဂ္ဂလိကကျောင်းများပေါ်ပေါက်လာ ခြင်းဖြင့် ကျူရှင်စနစ်ပပျောက်သွား စေနိုင်ကြောင်းကိုလည်း ရွှေပင်ရွှေ သီးပုဂ္ဂလိကကိုယ်ပိုင်ကျောင်းမှ ကျောင်းအုပ်ကြီးကပြောကြားခဲ့သည်။

ကိုယ်ပိုင်ကျောင်း တည်ထောင် ဖွင့်လှစ်ရာတွင် ပြည်ပနိုင်ငံအကူအ ညီဖြင့် တည်ထောင်ဖွင့်လှစ်သော ကျောင်းမဖြစ်စေရခြင်း၊ နိုင်ငံခြားအ ဖွဲ့အစည်းမှဦးစီးတည်ထောင်ဖွင့်လှစ် သော(သို့မဟုတ်)ထိုအဖွဲ့အစည်း၏အ ကူအညီဖြင့်တည်ထောင်ဖွင့်လှစ်သော ကျောင်းမဖြစ်စေရခြင်းနှင့်သာသနာ ပြုကျောင်းမဖြစ်စေရဘဲ ကိုယ်ပိုင် ကျောင်းဖွင့်လှစ်လိုသောပုဂ္ဂိုလ်သည် တစ်ဦးတည်းကတည်ထောင်ဖွင့်လှစ် လိုခြင်းဖြစ်ပါက မြန်မာနိုင်ငံသား ဖြစ်ခြင်း၊ အဖွဲ့အစည်းကတည်ထောင် လိုခြင်းဖြစ်ပါက အဖွဲ့ဝင်အားလုံး သည် မြန်မာနိုင်ငံသားဖြစ်ရမည်ဟု ဖော်ပြပါရှိသည်။ ရန်ကုန်တွင် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများအဖြစ် စမ်းသပ်လုပ်ကိုင်ခွင့်ကို ၂၀၀၉- ၂၀၁၀ ပညာသင်နှစ်မှ စတင်ခဲ့သည်။

## တက္ကသိုလ်ဝင်တန်းအမှတ်အများဆုံးမမြတ်ရွှေရည်ထွန်း



၂၀၁၀-၂၀၁၁ခုနှစ်ပညာသင် နှစ်တွင် မြန်မာတစ်နိုင်ငံလုံးတက္က သိုလ်ဝင်တန်းစာမေးပွဲတွင်အမှတ်အ များဆုံးရရှိခဲ့သူမှာ မမြတ်ရွှေရည် ထွန်းဖြစ်ပြီး သိပ္ပံဘာသာတွဲဖြင့်ဖြေ ဆိုအောင်မြင်ခဲ့ရာရမှတ်စုစုပေါင်းမှာ ၅၅၄မှတ်ဖြစ်သည်။

မမြတ်ရွှေရည်ထွန်းအား တက္က သိုလ်ဝင်တန်းစာမေးပွဲဖြေဆိုစဉ်အား ထုတ်ကြိုးပမ်းခဲ့မှုများနှင့်ပတ်သက်၍ လူငယ်များအားကျအတုယူနိုင်စေ ရန် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာတွင် သူမက "နဝမတန်းအောင်လို့နွေရာသီ မှာကတည်းက၁၀ တန်းစာကိုထိ တွေ့လေ့လာခဲ့တယ်။ အချိန်စာရင်းနဲ့ စာမကျက်ခဲ့ဘူး။ ဒါပေမယ့် နေ့စဉ် စာကို အကြွေးမထားပဲပုံမှန်ကျက် ပါတယ်။ ၁၀တန်းအောင်ရင် ဆရာ ဝန်လုပ်ဖို့ဝါသနာပါတယ်။အနာဂတ် ရည်မှန်းချက်ကတော့အထူးကု ဆရာဝန်တစ်ယောက်ဖြစ်လိုပါတယ်" ဟုဖြေကြားခဲ့ပါသည်။

| အမှတ်စာရင်း | |
|---|---|
| မြန်မာစာ | ၇၅ |
| အင်္ဂလိပ်စာ | ၈၄ |
| သင်္ချာ | ၁၀၀ |
| ဓာတုဗေဒ | ၉၉ |
| ရူပဗေဒ | ၉၇ |
| ဇီဝဗေဒ | ၉၉ |
| စုစုပေါင်း | ၅၅၄ |

| | |
|---|---|
| အမည် | မမြတ်ရွှေရည်ထွန်း |
| မွေးသက္ကရာဇ် | ၁၅-၆-၁၉၉၅ |
| မိဘအမည် | ဦးထွန်းထွန်း၊ဒေါက်တာတင်တင်မော် |
| မွေးချင်း | အစ်ကိုတစ်ဦး (ရေကြောင်းပညာတက္ကသိုလ်) |
| တက်ရောက်ခဲ့သည့်ကျောင်းများ | အလက(၁)ဒဂုံ၊အထက(၁)ဒဂုံ |

## စင်ကာပူဘွဲ့လွန်ပညာသင်ဆုရ မောင်သက်ဝေလှိုင်



အာဆီယံနိုင်ငံများမှ ထူးချွန်လူ ငယ်များကိုသာပညာသင်ဆုပေးသည့် NUS(စင်ကာပူ)၏ဘွဲ့လွန်ပညာသင် ဆုရရှိသူသည် ၂၀၁၁ခုနှစ်အတွက် မြန်မာနိုင်ငံမှ မောင်သက်ဝေလှိုင်ဖြစ် ပါသည်။

"ဒီပညာသင်ဆုကို အာဆီ ယံ၁၀နိုင်ငံကထူးချွန်ကျောင်းသားတွေ လျှောက်လို့ရတယ်။နံပါတ်၁အချက် ကမြန်မာနိုင်ငံသားဖြစ်တယ်။ ၂ အ ချက်က ကိုယ့်ရဲ့ပညာရေးမှတ်တမ်း မှာ အကောင်းဆုံးကြိုးစားထားတာ မျိုးဖြစ်ရမယ်။အတန်းတိုင်းမှာလည်း ကိုယ့်ရဲ့အဆင့်ကကောင်းနေရမယ်။ ကျွန်တော်ဒီမှာရခဲ့တဲ့ဘွဲ့က BE (Electronics) ပါ။ ဟိုမှာမဟာ လျှောက်တော့လည်း ဒီမေဂျာပဲအဓိ ကထားလျှောက်ခဲ့တာပါ။ ကျောင်း မှာကတည်းကသေချာလေး ကြိုးစား ပြင်ဆင်ခဲ့တာ။ ကျွန်တော် ကြားဖူး ထားတာကကျောင်းပြီးရင် မြန်မာ တွေဟာစင်ကာပူ NUS ပဲ ဖြစ်ဖြစ်၊ NTUပဲဖြစ်ဖြစ်ဆက်တက်လို့ရတယ် လို့သိခဲ့တယ်"ဟုမောင်သက်ဝေလှိုင် ကရှင်းပြခဲ့ပါသည်။

အဆိုပါ ပညာသင်ဆုကိုမြန်မာ မှ ထူးချွန်လူငယ်များရရှိခဲ့ဖူးသော် လည်း နှစ်စဉ်ရရှိနိုင်ရန်ခဲယဉ်းလှပေ သည်။

ထိုပညာသင်ဆုမှာ တစ်နှစ် လျှင်နှစ်ကြိမ်ခေါ်ယူလေ့ရှိသည်ဟုသိ ရသည်။

| | | |
|---|---|---|
| အမည် | - | မောင်သက်ဝေလှိုင် |
| မွေးသက္ကရာဇ် | - | ၂၈-၇-၁၉၈၉ |
| မိဘအမည် | - | ဦးကြည်စိန်၊ ဒေါ်သိုညိုထွေး |
| ရခဲ့တဲ့ဘွဲ့ | - | B.E(Electronics) |
| မွေးချင်း | - | နှစ်ဦး |

# ရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီနှင့် ကြော်ငြာအများဆုံး ရိုက်ကူးခွင့်ရရှိခဲ့သူ သရုပ်ဆောင်အကယ်ဒမီနေတိုး

၂၀၁၁ ခုနှစ်အတွင်းရုပ်ရှင်၊ ဗီဒီယို၊ဒီဗီဒီနှင့်ကြော်ငြာအများဆုံးရိုက်ကူးခွင့်ရရှိခဲ့ပြီး ပရိသတ် စိတ်ဝင်စားအားပေးမှုလည်းများပြားခဲ့သူ သရုပ်ဆောင်အကယ်ဒမီနေတိုးအား၂၀၁၁ ခုနှစ်ထင်ရှားကျော်ကြားကဏ္ဍအတွက် ထင်ရှားကျော်ကြားသည့် အမျိုးသားအနုပညာရှင်အဖြစ် ရွေးချယ်ဖော်ပြအပ်ပါသည်။ သရုပ်ဆောင်နေတိုးသည် ၂၀၁၁ ခုနှစ်နှစ်ဆန်းပိုင်းတွင် ပြုလုပ်ခဲ့သည့် ၂၀၀၉ ခုနှစ်အတွက် ရွေးချယ်ပေးအပ်ခဲ့သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် 'မိုးညအိပ်မက်မြူ'ရုပ်ရှင်ဇာတ်ကားဖြင့် အကယ်ဒမီဆုရရှိခဲ့ပြီး တစ်နှစ်တာလုံးတွင်ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား၊ ထွက်ရှိခဲ့သည့်ဗီဒီယိုဇာတ်ကား၊ ဒီဗီဒီဇာတ်ကားနှင့် ကြော်ငြာများတွင်လည်း အများဆုံးပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့်ဇာတ်ကားများအနက် 'လာထားအာဘွား၂'၊ 'ဖလန်းဖလန်းဖြစ်တဲ့အချစ်'၊ 'ချိန်း' စသည့် ရုပ်ရှင်ဇာတ်ကားများမှာ ပရိသတ်အားပေးမှုများပြားခဲ့သည့် ဇာတ်ကားများဖြစ်ပြီး ဗီဒီယိုဇာတ်ကားများတွင်လည်း မတူကွဲပြားသည့် ဇာတ်ကောင်စရိုက်များဖြင့် ရိုက်ကူးထွက်ရှိခဲ့ကာ ယင်းဇာတ်ကားများအား ပရိသတ်လက်ခံမှုရရှိခဲ့သည်။



"၂၀၁၁ မစခင်ကတည်းက ကျွန်တော်ပြောခဲ့ဖူးပါတယ်။ ဒီနှစ်ထဲမှာ ကျွန်တော်အရင်နဲ့မတူကွဲပြားတဲ့ဖန်တီးမှုတွေ အနုပညာတွေပြုလုပ်သွားမယ်လို့။ ပြောခဲ့တဲ့အတိုင်းပဲ တကယ်လည်းမတူကွဲပြားတဲ့ပုံစံတွေဖန်တီးပြနိုင်ခဲ့တယ်။ အဲဒီလိုကွဲပြားတဲ့ပုံစံကိုပရိသတ်တွေကလည်းလက်ခံခဲ့တယ်။ဒီတစ်နှစ်လုံးမှာကျွန်တော်လုပ်ဖြစ်ခဲ့တာတွေကိုပရိသတ်က လက်ခံအားပေးခဲ့ကြတဲ့အတွက် ၂၀၁၁ က ကျွန်တော့်အတွက် အမှတ်တရဖြစ်စေတဲ့နှစ်တစ်နှစ်ပါ"ဟု နေတိုးက ၂၀၁၁ ခုနှစ်အတွင်းအနုပညာလှုပ်ရှားမှုများနှင့်ပတ်သက်၍ရှင်းပြခဲ့သည်။

"၂၀၁၁ ခုနှစ်အတွင်းမှာ ပရိသတ်ကြိုက်နိုင်တာလေးတွေပဲလုပ်မယ်ဆိုတာမျိုးထက်ပရိသတ်လည်းလက်ခံနိုင်မယ့်ကိုယ့်အတွက်လည်း အပြောင်းအလဲဖြစ်စေမယ့် ကာရိုက်တာမျိုးတွေလုပ်နိုင်ခဲ့ပါတယ်။ အမုန်းသင့်လေပြည်လိုခပ်ကြမ်းကြမ်းကာရိုက်တာမျိုး၊ ကောင်မလေးတွေမသိစေနဲ့လို ဗီလိန်ဆန်တဲ့ကာရိုက်တာမျိုးတွေကျတော့ ကျွန်တော်ကိုယ်တိုင်လည်း စွန့်စားပြီးလုပ်ခဲ့ရတာ။ တကယ်တမ်းပရိသတ်က အားပေးတယ်ဆိုတဲ့အခါမှာတော့ ကျွန်တော်စွန့်စားရကျိုးနပ်တာပေါ့လေ။ ဒီနှစ်ကကျွန်တော့်အတွက် ထူးခြားတဲ့နှစ်တစ်နှစ်လို့ဆိုလို့ရပါတယ်"ဟု နေတိုး၏ ၂၀၁၁ ခုနှစ်ဇာတ်ကောင်စရိုက်အပြောင်းအလဲများနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

သရုပ်ဆောင်အကယ်ဒမီနေတိုးသည် ၁၉၉၉ ခုနှစ်နှောင်းပိုင်းကာလတွင် အနုပညာလောကသို့ စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်ခန့်မှစတင်၍ ပရိသတ်လက်ခံအားပေးမှုကိုသိသိသာသာရရှိလာခဲ့ကာ ယင်းနှစ်အတွင်းရုံတင်ပြသခဲ့သည့် 'မင်္ဂလာပါ' ရုပ်ရှင်ဇာတ်ကားသည်လည်း ပရိသတ်စတင်လက်ခံခဲ့သည့် သရုပ်ဆောင်နေတိုး၏ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။ ယင်းနှစ်မှစတင်၍ ဇာတ်ကားများဆက်တိုက်ရိုက်ကူးလာရပြီးနောက် ၂၀၁၁ ခုနှစ်အတွင်းတွင် ရုပ်ရှင်၊ဗီဒီယို၊ကြော်ငြာအများဆုံးရိုက်ကူးရသည့်သရုပ်ဆောင်တစ်ဦးအဖြစ်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ရုပ်ရှင်အနုပညာရှင်များတွေ့ဆုံ၍ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးရန်စီစဉ်မှုများ



ဒေါ်အောင်ဆန်းစုကြည်နှင့် ရုပ်ရှင်အနုပညာရှင်များတွေ့ဆုံ၍ ဗိုလ်ချုပ်အောင်ဆန်းရာပြည့်အဖြစ် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရန် စီစဉ်မှုများကို ၂၀၁၁ ခုနှစ်ထင်ရှားကျော်ကြားကဏ္ဍ၏ထင်ရှားသည့်ဖြစ်စဉ်တစ်ခုအဖြစ် ရွေးချယ်ဖော်ပြအပ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရန် အနုပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်းကို ဒီဇင်ဘာလ ၃ ရက်နေ့တွင် ပြုလုပ်ခဲ့ရာရုပ်ရှင်အနုပညာရှင်များစုံလင်စွာတက်ရောက်ခဲ့ကြပြီး ကော်မတီအဖွဲ့ ဖွဲ့စည်းရန်နှင့်ကျရာအခန်းကဏ္ဍများ မှ နေ၍ပါဝင်ကြရန် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ကြသည်။

ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် ကော်မတီများဖွဲ့စည်းခဲ့ရာ၌သမိုင်းအချက်အလက်ရှာဖွေစုဆောင်းရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၊ ဇာတ်ညွှန်းရေးဖွဲ့ရေး ကော်မတီစသည်ဖြင့် ကော်မတီများဖွဲ့စည်းကာအပတ်စဉ်အစည်းအဝေးများပြုလုပ်၍ စတင်ပြင်ဆင်လျက်ရှိသည်။ အဆိုပါရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် ပြင်ဆင်မှုနှင့်ပတ်သက်၍ သမီးဖြစ်သူဒေါ်အောင်ဆန်းစုကြည်က "လွတ်လပ်ရေးလှုပ်ရှားမှုတွေကို အဓိကလုပ်ဆောင်ခဲ့တဲ့ အသက် ၁၈ နှစ်က ၃၂ နှစ်ကြားထဲက ဆောင်ရွက်ချက်တွေကို အဓိကရိုက်ကူးလိုတာပါ။ ဒါကြောင့် သရုပ်ဆောင်ရွေးချယ်ရာမှာလည်း ဗိုလ်ချုပ်ရဲ့နေရာအတွက်ဆိုရင် ရှိပြီးသားသရုပ်ဆောင်တွေထဲက မဟုတ်ဘဲ အသက် ၃၂ နှစ်အောက်ပြင်ပဝါသနာရှင်တွေထဲက ရွေးချယ်လိုပါတယ်။ မြန်မာပြည်ကခေါင်းဆောင်တစ်ယောက်ရဲ့အတ္ထုပ္ပတ္တိကိုရိုက်ကူးရာမှာ မြန်မာပရိသတ်တွေချစ်ခင်လက်ခံပြီးသား အနုပညာရှင်တွေပါဝင်သင့်တယ်လို့ထင်ပါတယ်။ ဒါကြောင့်စက်မှုပိုင်းဆိုင်ရာအကူအညီကလွဲရင်ပြည်တွင်းက အနုပညာရှင်တွေရဲ့စွမ်းအားနဲ့ပဲရိုက်ကူးသွားချင်ပါတယ်" ဟု ဆိုသည်။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် ကနဦးလှုပ်ရှားမှုများအဖြစ် ကော်မတီအဖွဲ့ဝင်များ အပတ်စဉ်တွေ့ဆုံညှိနှိုင်းခြင်း၊ သမိုင်းအချက်အလက်ရှာဖွေရေးကော်မတီမှ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် သမိုင်းအချက်အလက်များ စတင်ရှာဖွေစုဆောင်းခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနေရာတွင် သရုပ်ဆောင်မည့် သရုပ်ဆောင်သစ်အတွက် လိုအပ်သည့်စည်းမျဉ်းများအားထုတ်ပြန်ရန်စီစဉ်ခြင်း၊ ရန်ပုံငွေရှာဖွေပြုလုပ်နိုင်ရန် စီစဉ်ခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိသည်။ အဆိုပါရုပ်ရှင်ဇာတ်ကားအား ဗိုလ်ချုပ်အောင်ဆန်း၏ အသက်ရာပြည့်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာရုပ်ရှင်ရုံများ၌ပြသနိုင်ရန် စီစဉ်ရိုက်ကူးသွားမည်ဖြစ်သည်ဟုသိရသည်။

## ဒေါ်အောင်ဆန်းစုကြည်နှင့် ဂီတအနုပညာရှင်များတွေ့ဆုံခဲ့ပြီး စိတ်ဓာတ်ခွန်အားတက်ကြွစေသည့် တေးသီချင်းများနှင့် ပြည်သူ့အကျိုးပြုတေးအယ်လ်ဘမ်စီစဉ်မှု

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ ညနေပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်ဂီတနယ်ပယ်မှ အနုပညာရှင် ၄၀ ဝန်းကျင် ဒေါ်အောင်ဆန်းစု ကြည်နေအိမ်၌ တွေ့ဆုံခဲ့ကြပါသည်။အဆိုပါတွေ့ဆုံပွဲသည် ဒေါ်အောင်ဆန်းစုကြည်နှင့်ဂီတအနုပညာရှင်များစွာတို့ ပထမဆုံးအကြိမ်တွေ့ဆုံသည့်တွေ့ဆုံပွဲဖြစ်ကာ ဂီတအမျိုးအစားအစုံမှ တေးရေး၊ တေးဆို၊ အသံဖမ်း၊ အတီး၊ ထုတ်လုပ်စသော ဂီတသမားများသာမက စတူဒီယိုပိုင်ရှင်များလည်း ပါဝင်တက်ရောက်ခဲ့ကြကာပြည်သူများ စိတ်ဓာတ်ခွန်အားတက်ကြွစေသည့် သီချင်းများသီဆိုကြရန် တိုက်တွန်းမှုပြုလုပ်ခဲ့သဖြင့် ယခုနှစ်အတွင်းထင်ရှားသောအဖြစ်အပျက်တစ်ခုအဖြစ်ဖော်ပြလိုက်ပါသည်။

တွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်မှ တစ်ခေတ်တစ်ခါကကဲ့သို့သော ပြည်သူတို့၏စိတ်ဓာတ်ကိုခွန်အားတိုးပွားစေသော တေးအယ်လ်ဘမ်တစ်ချပ်ထုတ်လုပ်ရန်တိုင်ပင်ခဲ့ကြပြီးနောက်တွင် တက်ရောက်လာကြသူများမှ ယင်းစီးရီးဖြစ်မြောက်ရေးအတွက်ကို ကိုရဲလွင်(မချိုမလှိုင်း)၊ သားထွေး၊ရွှေဂျော်ဂျော်၊နောင်နောင် (SF)၊ ညီညီသွင်နှင့် ဆောင်းဦးလှိုင်တို့က အဓိကတာဝန်ယူလုပ်ကိုင်ရန် စီစဉ်ခဲ့ကြပြီး နိုဝင်ဘာလ ၂၈ ရက်နေ့တွင် Metal Zone စတူဒီယိုတွင် စတင်အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြကြောင်း သိရှိရသည်။

တေးသီချင်း ၂၀ ပါဝင်ကာ နှစ်ချပ်တွဲတေးစီးရီးအဖြစ်စီစဉ်သော ယင်းစီးရီးတွင်တိုင်းပြည်စည်းလုံးညီညွတ်မှု၊လူငယ်နဲ့အနာဂတ်၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကလေးသူငယ်နွေးထွေးလုံခြုံမှုစသော အကြောင်းအရာများကို ခေတ်ပေါ်ဂီတပုံစံများသာမက အမျိုးသားရေးဆန်သော ဂီတလက္ခဏာများကိုပါထည့်သွင်းကာ စီစဉ်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ဒီဇင်ဘာလ ၂၆ ရက်နေ့ကလည်း အိုင်းရင်းခရော့တေးဂီတအဖွဲ့သားများနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ထပ်မံတွေ့ဆုံခဲ့ပြီး ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်လည်း တီးဝိုင်း ၁၀ ဝိုင်းနှင့်အဆိုတော် ၈၀ ကျော်ပါဝင်ဖျော်ဖြေကြသည့် ပြည်ထောင်စုတိုင်းရင်းသားများပညာရေးရန်ပုံငွေဂီတဖျော်ဖြေပွဲကိုMCCမြက်ခင်းပြင်တွင် ကျင်းပခဲ့သည်။

# ထင်ရှားသည့်အနုပညာဖန်တီးမှုများနှင့် ဒါရိုက်တာဝိုင်း

ယခုနှစ်အတွင်းထင်ရှားသည့် အနုပညာဖန်တီးမှုများနှင့် ပရိသတ်အားပေးမှုအများအပြားရရှိခဲ့သူ ဒါရိုက်တာဝိုင်းအား ၂၀၁၁ ခုနှစ်ထင်ရှားကျော်ကြားကဏ္ဍအတွက် ထင်ရှားသည့် ဒါရိုက်တာအဖြစ်ရွေးချယ်ဖော်ပြအပ်ပါသည်။ ဒါရိုက်တာဝိုင်းသည် ယခုနှစ်အတွင်းပရိသတ်အားပေးမှုများပြားသည့် ဇာတ်ကားများစွာကိုရိုက်ကူးဖန်တီးခဲ့သူတစ်ဦးဖြစ်ပြီး ယင်းဇာတ်ကားများအနက်'အာဒမ်ရယ်ဧဝရယ် ဒသရယ်' ရုပ်ရှင်ဇာတ်ကား၊ 'မျက်ရည်အဘိဓာန်'၊ 'သစ္စာစောင့်နတ်သမီး'၊ 'ကြမ္မာ' စသည့်ဇာတ်ကားများမှာ ပရိသတ်အားပေးမှုများပြားခဲ့သည့်ဇာတ်ကားများဖြစ်ပြီး ရုပ်ရှင်လောက၏ဖြစ်ရပ်အားပုံဖော်ထားကာလွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော်သို့ပေးပို့ယှဉ်ပြိုင်ခဲ့သည့်'Ban That Scene' ဇာတ်ကားတိုမှာလည်း အင်တာနက်စာမျက်နှာထက်တွင် download ရယူမှုအများဆုံးဇာတ်ကားတစ်ကားအဖြစ် ရေပန်းစားခဲ့သည်။



"ကျွန်တော် ၂၀၁၁ အတွက် လုပ်မယ့်အလုပ်တွေအားလုံးကို ကြိုတင်စီမံကိန်းဆွဲပြီးလုပ်ဖြစ်ခဲ့တာပါပဲ။ ဒီတစ်နှစ်လုံးဖြတ်သန်းပြီးချိန်မှာသတိပြုမိတာတစ်ခုက ကြိုတင်ပြင်ဆင်ထားတဲ့အရာတွေအားလုံးက အနည်းအကျဉ်းကလွဲရင် အဆင်ပြေတယ်ဆိုတာပါပဲ။ ကျွန်တော်ရိုက်မယ်လို့ သေချာစီစဉ်ထားတဲ့ကားလေးတွေက ဒီနှစ်ထဲမှာရိုက်ဖြစ်တဲ့အခါအဆင်ပြေပြေနဲ့ပြီးတယ်။အထူးခြားဆုံးဖြစ်ရပ်တစ်ခုဆိုရင်တော့ အခုနှစ်ကုန်ပိုင်းမှာ ပထမဆုံးဇာတ်ကားတိုလေးကို ရိုက်နိုင်ခဲ့တယ်။ အဲဒီဇာတ်ကားတိုလေးကလည်း ရုပ်ရှင်လောကရဲ့တကယ့်ဖြစ်ရပ်မှန်တစ်ခုအတွက် သရော်တဲ့အနေနဲ့ရိုက်ကူးထားတာ။ အဲဒီကားတိုလေးကအင်တာနက်မှာပျံ့နှံ့ပြီး ပရိသတ်လက်ခံတယ်ဆိုတဲ့အတွက်လည်း တကယ်ဝမ်းသာတယ်။ နောက်ထပ်အမှတ်တရတစ်ခုဆိုရင်တော့ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရေးအဖွဲ့မှာ ကျွန်တော်ပါဝင်ခွင့်ရတာပါပဲ။ ပြောရမယ်ဆိုရင်တော့ ၂၀၁၁ ကကျွန်တော့်အတွက် ကျေနပ်စရာကောင်းတဲ့နှစ်တစ်နှစ်လို့ဆိုရပါမယ်" ဟု ဒါရိုက်တာဝိုင်းက ရှင်းပြခဲ့သည်။

ထို့အပြင် ၂၀၁၂ ခုနှစ် အစီအစဉ်များနှင့်ပတ်သက်၍လည်း "ကျွန်တော် ၂၀၁၁ အတွက် ကြိုတင်ပြင်ဆင်ခဲ့သလိုပါပဲ။ ၂၀၁၂ အတွက်လည်းကြိုပြီး စီစဉ်ထားပါတယ်။ သေချာတာတစ်ခုကတော့ ကျွန်တော့်အတွက် ဆုံးဖြတ်ချက်တစ်ခုက အရေးကြီးတဲ့နေရာကိုရောက်နေပါပြီ။ အဲဒီဆုံးဖြတ်ချက်ကပဲ ကျွန်တော်ရှေ့ဆက်သွားချင်တဲ့ လမ်းကြောင်းတစ်ခုကိုအဆုံးအဖြတ်ပေးသွားလိမ့်မယ်လို့ ထင်တယ်။ ကျွန်တော်ကအလုပ်တွေကို ကြိုပြီးစီစဉ်ထားတဲ့အတွက် ၂၀၁၂ ဇွန်လအထိတော့ ရိုက်ရက်တွေပြည့်နေပါပြီ။ အဲဒီရဲ့နောက်ပိုင်းကိုတော့ နှစ်လတစ်ကားသုံးလတစ်ကားလောက်ပဲရိုက်ဖြစ်ပါလိမ့်မယ်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိဇာတ်ကားရိုက်ကူးရေးမှာကျွန်တော်ပြီးစလွယ်မလုပ်ချင်ဘူး။ ကမ္ဘာမှာပြမယ့်ဇာတ်ကားကမြန်မာတွေဒီလောက်ပဲရိုက် တတ်တာလားဆိုတာမျိုးအဖြစ်မခံချင်လို့ပါ"ဟုဒါရိုက်တာဝိုင်းကရှင်းပြခဲ့သည်။

ဒါရိုက်တာဝိုင်းသည် သရုပ်ဆောင်တစ်ဦးအဖြစ်အနုပညာလောကအတွင်း နှစ်ပေါင်းများစွာကျင်လည်ခဲ့ပြီးနောက်ရုပ်ရှင်၊ ဗီဒီယိုနှင့် ဒီဗီဒီဇာတ် ကားများကိုလည်းဆက်လက်ရိုက်ကူး ဖန်တီးလာသူတစ်ဦးဖြစ်သည်။၎င်းရိုက်ကူးခဲ့သည့် 'နှလုံးသားစီရင်ခန်း'၊ 'နေကြတ်ချိန်'စသည့် အောင်မြင်သည့် ဇာတ်ကားများမှအစပြု၍'အာဒမ်ရယ်ဧဝရယ် ဒသရယ်' ရုပ်ရှင်ဇာတ်ကားဖြင့်၂၀၁၀ ပြည့်နှစ်အတွက်ပေးအပ်ချီးမြှင့်မည့်အကယ်ဒမီ ထူးချွန်ဆုအတွက်လည်း ရေပန်းစားနေသည့်ဒါရိုက်တာတစ်ဦးလည်းဖြစ်သည်။

## ပရိသတ်ကြားရေပန်းစားတဲ့ သီချင်းတွေနဲ့ ၂၀၁၁ ခုနှစ်အတွင်း အောင်မြင်လာတဲ့အိမ့်ချစ်



'နှုတ်မဆက်ချင်ဘူး'သီချင်းသည် လူငယ်ပရိသတ်များအကြား လူကြိုက်များသည့်သီချင်းဖြစ်ခဲ့သည့်အပြင်'ကိုယ်တိုင်ရေးပုံတူ' တစ်ကိုယ်တော်စီးရီးဖြင့်လည်း ပရိသတ်အားပေးမှုရယူနိုင်ခဲ့သည့် အဆိုတော်အိမ့်ချစ်အား ၂၀၁၁ ခုနှစ်၏ထင်ရှားကျော်ကြားကဏ္ဍတွင် ရွေးချယ်ဖော်ပြအပ်ပါသည်။

အိမ့်ချစ်သည် ၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့သည့်ဖခင်ဖြစ်သူအဆိုတော်ချစ်ကောင်း၏ CK Live Show တွင် ဖခင်ဖြစ်သူနှင့်အတူ သီဆိုခဲ့သည့် 'ရေစီးကြောင်း သံယောဇဉ် 'သီချင်းဖြင့်ပရိသတ်များကသူမ၏အနုပညာအရည်အသွေးကို အသိအမှတ်ပြုစေနိုင်ခဲ့သူဖြစ်သည်။ အသက် ၁၃ နှစ်အရွယ်မှဂီတအလုပ်များလုပ်ကိုင်လာခဲ့သည့်အိမ့်ချစ်သည် ၂၀၀၄ ခုနှစ် ဖခင်၏ Live Show အပြီးတွင် တေးစီးရီးအများအပြားတွင်ပါဝင်သီဆိုခဲ့သည်။

အိမ့်ချစ်သီဆိုခဲ့သည့်တေးသီချင်းများအနက် မာစတာသကြၤန်စီးရီးမှ 'တွေ့ဖူးတယ်'၊ဗေရယ်ကွင်းစီးရီးမှ 'ယောကျ်ား'၊ မင်းအတွက် ၃ စီးရီးမှ 'ကြွေလွင့်တော့မယ်'၊ နိုင်းဝမ်းနှင့်သီဆိုထားသည့်'ကမ္ဘာငယ်လေး'စသည့်တေးသီချင်းများဖြင့် အားပေးမှုနှင့် အသိအမှတ်ပြုမှုကိုရယူနိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင်ထွက်ရှိခဲ့သည့် အိမ့်ချစ်၏ 'ကိုယ်တိုင်ရေးပုံတူ' တစ်ကိုယ်တော်တေးစီးရီးသည်လည်းပရိသတ်အားပေးလက်ခံမှုရရှိခဲ့သည်။ လူငယ်အဆိုတော်အိမ့်ချစ်သည် ၂၀၁၁ ခုနှစ်အတွင်းကကျင်းပခဲ့သည့် 'မြန်မာပြည်သိန်းတန်'ရှိုးပွဲတွင် မြန်မာပြည်သိန်းတန် နှင့်အတူ 'နှစ်ကိုယ်တူချစ်သမျှ'တေးသီချင်းသီဆိုမှုဖြင့် လူလတ်ပိုင်းနှင့်လူကြီးပိုင်းပရိသတ်များ၏ အသိအမှတ်ပြုမှုကိုလည်းရယူနိုင်ခဲ့သည်။

"ဒီဂီတလမ်းကြောင်းကို ဝါသနာပါတဲ့အတွက်အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုအဖြစ်ပါရွေးချယ်ခဲ့တာပါ။အဲဒီအတွက်ကိုယ်တိုင်ကလည်းနောက်ဆုတ်ဖို့ မစဉ်းစားပဲဒီလမ်းကိုအဆုံးထိ လျှောက်မှာပါ။ ဒါကြောင့်ဂီတအနုပညာနဲ့ပတ်သက်တဲ့ အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာတွေအားလုံးကို ကိုယ်တတ်နိုင်သမျှလေ့လာမှတ်သားသင်ယူဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကတော့အိမ့်ချစ်အတွက်အောင်မြင်တဲ့ နှစ်တစ်နှစ်လို့ပြောလို့ရပါတယ်"ဟု အိမ့်ချစ်ကဆိုပါသည်။

## အဆိုတော်အဖြစ်သာမက တေးရေးအဖြစ်ပါ အောင်မြင်လာသည့် အောင်လ

အဆိုတော်အဖြစ်သာမက တေးသီချင်းရေးမှုများတွင်လည်း အောင်မြင်မှုများရရှိလာသည့် တေးသံရှင်အောင်လအား ၂၀၁၁ ခုနှစ်၏ ထင်ရှားကျော်ကြားကဏ္ဍတွင်ရွေးချယ်ဖော်ပြအပ်ပါသည်။ အောင်လသည် NC 13 Band နှင့်အတူ 'ဘာလာလာ' စီးရီး၊'ပြောပါပြောပါ'စီးရီးတွင် သူရေးခဲ့သည့်တေးသီချင်းနှင့်သူ၏ သီဆိုမှုများအားပရိသတ်နှင့် စတင်ထိတွေ့ခွင့်ရခဲ့သည်။

" ကျွန်နာမည်ရင်းက ဇွဲရန်အောင်လုပါ။ ဒါပေမယ့် ၉ တန်းလောက်ကစပြီး သူငယ်ချင်းတွေက အောင်လုဆိုတဲ့နာမည်ပဲခေါ်ကြတယ်။ ကျွန်တော် စီးရီးထဲမှာပထမဆုံးပါရတော့ အောင်လုဆိုတဲ့နာမည်ပဲပေးမယ်လို့လုပ်ခဲ့တာ။ ဒါကို ကိုဂျီလတ်တို့က အောင်လုဆိုတဲ့နာမည်ထက် အောင်လကပိုကောင်းတယ်လို့ ဝိုင်းရွေးပေးတာကြောင့် နောက်ပိုင်းမှာလည်း အောင်လဆိုတဲ့နာမည်နဲ့ပဲ အနုပညာအလုပ်တွေလုပ်ဖြစ်ခဲ့တယ်" လို့ အောင်လက ဆိုပါသည်။

၂၀၀၇ ခုနှစ်တွင်မှ Reason Band ကိုထူထောင်ခဲ့ပြီး အနုပညာလှုပ်ရှားမှုများကိုပိုမိုလုပ်ဆောင်လာခဲ့သည့် အောင်လက "ကျွန်တော်တို့ကိုယ်ပိုင် Band လေးနဲ့လုပ်လာပြီးတဲ့အချိန်မှာ အခက်အခဲတွေအများကြီးကြုံခဲ့ရတယ်။ နာမည်မရှိသေးတာကြောင့် ရသမျှနေရာလေးတွေမှာလိုက်တိုးရတယ်။ တချို့ပွဲတွေမှာဆိုပရိသတ်က ကိုယ့်ကိုမသိတဲ့အတွက်ဆဲတာလည်း ခံရတယ်။ Reason အဖွဲ့နဲ့ပထမဆုံးတစ်ကိုယ်တော်ထွက်ဖြစ်တာက ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလလောက်ကထွက်ခဲ့တဲ့ 'မာတိကာ' စီးရီးပါ"ဟု ဆိုပါသည်။

အောင်လနှင့် Reason အဖွဲ့၏ပထမဆုံးစီးရီး ဖြစ်သည့် 'မာတိကာ' စီးရီးသည်ဗီစီဒီထွက်ရှိလာချိန် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင်မှ ပရိသတ်များကြားလူသိများလာခဲ့သည်။ ယင်းစီးရီးမှ 'တောင်းပန်တယ်' သီချင်းသည် ၂၀၁၁ ခုနှစ် တစ်နှစ်တာလုံးအတွက်အောင်မြင်မှုအရှိဆုံးတေးသီချင်းတစ်ပုဒ်ဖြစ်ခဲ့သည်။ ထို့အတူ ၂၀၁၁ ခုနှစ်အတွက် အောင်လရေးစပ်ပေးခဲ့သည့်သီချင်းအချို့သည်လည်းပရိသတ်အကြားလူကြိုက်များခဲ့သည်။



"သီချင်းရေးတာကို ၁၀ တန်းဖြေပြီးချိန်လောက်မှ ကော်ပီသီချင်းတွေနဲ့စပြီးကျင့်တယ်။၂၀၀၃-၂၀၀၄ ခုနှစ်လောက်ဂီတအလုပ်တွေစလုပ်ရချိန်မှာတော့ ကိုယ်ပိုင်သံစဉ်တွေကိုပဲရေးဖြစ်ပါတယ်။ ပထမဆုံးရေးပေးရတဲ့သူက ကိုဂျီလတ်ပါ။ တောင်းပန်တယ်နဲ့ ရတနာမိုင်ကိုရေးပေးခဲ့တဲ့ 'အလွမ်းသင့်ပန်းချီ'နဲ့ မေသူအတွက် ရေးပေးခဲ့တဲ့သီချင်းတွေ လူကြိုက်များလာတဲ့နောက်တော့ ကျွန်တော်ဆီမှာ သီချင်းလာအပ်တဲ့သူတွေများလာတယ်"ဟု အောင်လကဆိုပါသည်။ ၂၀၁၁ ခုနှစ်တစ်နှစ်တာလုံးတွင် တေးသံရှင်အောင်လနှင့် Reason အဖွဲ့တို့သည် မြန်မာနိုင်ငံအနှံ့ရှိ ဂီတဖျော်ဖြေပွဲအများအပြားတွင် ပါဝင်ဖျော်ဖြေခဲ့ကြသည်။

## ၂၀၁၁ ခုနှစ်အတွင်းများပြားလာသည့် ကာတွန်းပြပွဲများနှင့် သတင်းကာတွန်းများ၏အရေးပါလာမှု

၂၀၁၁ ခုနှစ်အတွင်းများပြားလာသည့် ကာတွန်းပြပွဲများနှင့် သတင်းကာတွန်းများ၏ အရေးပါလာမှုကို ၂၀၁၁ ခုနှစ်အတွင်း ထင်ရှားသည့်ဖြစ်ရပ်တစ်ခုအဖြစ် ရွေးချယ်ဖော်ပြအပ်ပါသည်။ သတင်းကာတွန်းများကို ၂၀၀၉ ခုနှစ်ခန့်မှစတင်၍ သတင်းဂျာနယ်များတွင် ဦးစားပေးဖော်ပြလာခဲ့ရာမှအစပြု၍ သတင်းကာတွန်းများ၏ အရေးပါလာမှုမှာ သိသာထင်ရှားလာခဲ့ပြီး လက်ရှိခေတ်အခြေအနေ၊ လူမှုပတ်ဝန်းကျင်အတွင်းဖြစ်ပျက်နေမှုများကို ထင်ဟပ်ပုံဖော်သည့် သတင်းကာတွန်းများပေါ်ထွန်းလာခဲ့ရုံသာမက လူငယ်သတင်းကာတွန်းဆရာမျိုးဆက်သစ်များစွာလည်း ပေါ်ထွက်လာခဲ့သည်။ ၂၀၁၁ ခုနှစ်အတွင်းတွင်မှုသတင်းကာတွန်းများ၏နေရာရရှိမှုမှာသိသာထင်ရှားလာရုံသာမကဘဲ သတင်းကာတွန်းများကိုပြသသည့်ကာတွန်းပြပွဲများသည်လည်းယခင်နှစ်များကထက်ပိုမိုများပြားလာခဲ့ကာ ဆယ်စုနှစ်နှစ်ခုနီးပါးခန့်မပြုလုပ်နိုင်ခဲ့သည့်ကာတွန်းဦးဘဂျမ်းလမ်းကာတွန်းပြပွဲကဲ့သို့ထင်ရှားသည့် ကာတွန်းပြပွဲများစွာလည်း ပြုလုပ်နိုင်ခဲ့သည်။

"သတင်းကာတွန်းတွေရဲ့ အရေးပါမှုက အခုနှစ်အတွင်းမှာ ပိုမိုသိသာထင်ရှားလာခဲ့သလို သတင်းကာတွန်းစံအရည်အသွေးတွေကလည်း အခုနှစ်အတွင်းမှာပိုပြီးမြင့်တက်လာခဲ့ပါတယ်။ သတင်းကာတွန်းဆိုတာ သတင်းဂျာနယ်တွေရဲ့နေရာပေးဖော်ပြမှုကအရေးကြီးသလို အယ်ဒီတာတွေရဲ့ရွေးချယ်တတ်မှုကလည်းအရေးကြီးပါတယ်။ အခုနှစ်အတွင်းမှာ သတင်းကာတွန်းတွေကိုသတင်းဂျာနယ်တွေကထိုက်တန်တဲ့နေရာပေးမှုနဲ့ ရွေးချယ်ဖော်ပြလာကြသလို ထိုက်တန်တဲ့ချီးမြှင့်မှုတွေလည်း ရှိလာပါတယ်"ဟု ကာတွန်းရွှေမင်းသားကရှင်းပြခဲ့သည်။

လူငယ်ကာတွန်းဆရာ ကျော်သူရိန်ကလည်း "ဒီနှစ်အတွင်းမှာ သတင်းကာတွန်းတွေကိုနေရာပေးဖော်ပြမှုတွေပိုမိုများပြားလာသလို ရန်ကုန်နဲ့နယ်မြို့တွေမှာလည်းကာတွန်းပြပွဲတွေပိုမိုပြုလုပ်လာကြပါတယ်။ အရင်က ကာတွန်းဆိုတာfiller အဆင့်လောက်ပဲသတ်မှတ်ခံထားရ ပေမယ့် အခုတော့သတင်းဂျာနယ်တွေရဲ့နေရာပေးဖော်ပြမှုတွေကြောင့် အရေးပါလာပါပြီ။ ဒီလိုအခြေအနေမျိုးမှာထိမိတဲ့သတင်းကာတွန်းတွေဖန်တီး နိုင်ဖို့ကျွန်တော်တို့မှာလည်းတာဝန်ရှိလာပါတယ်"ဟုရှင်းပြခဲ့သည်။

သတင်းကာတွန်းများအရေးပါထင်ရှားလာသည်နှင့်အမျှသီတင်းကျွတ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်တို့၌ဦးဘဂျမ်းလမ်းကာတွန်းပြပွဲအပါအဝင်ရန်ကုန်မြို့ရှိရပ်ကွက်များ၌ကာတွန်းပြပွဲများပြုလုပ်ခဲ့ရုံသာမကနယ်မြို့များတွင်လည်းစာပေဟောပြောပွဲများနှင့်တွဲဖက်၍ကာတွန်းပြပွဲများပြုလုပ်ခဲ့ကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကာတွန်းပြပွဲများကိုလည်းပြုလုပ်နိုင်ခဲ့သည်။

## ၂၀၁၁ ခုနှစ်အတွင်း လူငယ်များအကြား ဂီတနဲ့သာမက လူမှုရေးနိုင်ငံရေးများကြောင့် အာရုံစိုက်ခြင်းခံရတဲ့ ဇေယျာသော်

လူငယ်များပရိသတ်များအကြားဂီတအနုပညာပိုင်းအရသာမက လူမှုရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုများကြောင့်ပရိသတ်များပိုမိုအာရုံစိုက်ခြင်းခံလာရသူ ဇေယျာသော်အား ၂၀၁၁ ခုနှစ်၏ ထင်ရှားကျော်ကြားကဏ္ဍတွင်ရွေးချယ်ဖော်ပြအပ်ပါသည်။ ပြည်သူတွေအပေါ် အမှန်တကယ်အကျိုးရှိတဲ့အလုပ်တွေလုပ်တယ်ဆိုရင် နိုင်ငံရေးလုပ်တယ်လို့ယူဆတဲ့ဇေယျာသော်ကို ၁၉၈၁ ခုနှစ် မတ်လ ၁၆ ရက်နေ့မှာ မွေးဖွားခဲ့သည်။ မိဘများဖြစ်သည့်ပါမောက္ခဒေါက်တာမြသော်နှင့်ဒေါက်တာခင်ဝင်းမေတို့၏အငယ်ဆုံးသားဖြစ်ပြီး အမည်ရင်းမှာ ဖြိုးဇေယျာသော်ဖြစ်သည်။ အင်္ဂလိပ်စာအထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သူဇေယျာသော်အား ဟစ်ဟော့ပ်ဂီတသမားတစ်ဦးအဖြစ် ၂၀၀၀ ဝန်းတွင် ပရိသတ်များနှင့်ရင်းနှီးမှုရရှိခဲ့သည်။ ပထမဆုံးဟစ်ဟော့ပ်စီးရီးဖြစ်သည့် Acid အဖွဲ့၏ 'စတင်ခြင်း' တေးအယ်လ်ဘမ်မှာနိုက်ထရစ်အက်စ်အဖြစ်ပါဝင်သီဆိုရေးသားခြင်းဖြင့် ဂီတနယ်ပယ်တွင်အောင်မြင်မှုတစ်နေရာကိုရယူနိုင်ခဲ့သည်။ ဟစ်ဟော့ပ်ဂီတနယ်ပယ်တွင်ကျင်လည်ခဲ့သူ ဇေယျာသော်၏ဘဝသည် ၂၀၀၇ ခုနှစ်တွင် ပြောင်းလဲမှုတစ်ခုဖြစ်လာခဲ့သည်။

ယင်းအပြောင်းအလဲနှင့် ပတ်သက်၍ "ကျွန်တော် ၂၀၀၇ ခုနှစ်နှစ်ဆန်းပိုင်းလောက်ကတည်းက သေသေချာချာအချိန်ပေးပြီး ဝေဖန်ဆန်းစစ်မိတာပါ။ အဲဒီလို မိမိကိုယ်တိုင်အနေနဲ့ တွေးကြည့်မိတဲ့အခါ အပြင်ပန်းအားဖြင့် လွတ်လပ်တယ်လို့ ပြောလို့ရပေမယ့် မမြင်ရတဲ့နှောင်ကြိုးနဲ့ အကန့်အသတ်တွေတွေ့လာရတယ်။ ဒီနှောင်ကြိုးနဲ့ အကန့်အသတ်တွေက မိမိတစ်ဦးတည်းအတွက်လား၊ ဒါမှမဟုတ် မိမိ မိသားစုနဲ့ပတ်ဝန်းကျင်မှာရော ရှိနေလား။ အဲဒါတွေကို ဝေဖန်ဆန်းစစ်လာမိတယ်"ဟု သူ၏အတွေးကို ပြောပြခဲ့သည်။

ထိုအတွေးမှစတင်ခဲ့သည့်သူ၏ လုပ်ဆောင်ချက်အချို့ကြောင့် ၂၀၀၈ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် တရားမဝင်အသင်းဖွဲ့စည်းမှု၊ နိုင်ငံခြားငွေကိုင်ဆောင်မှုစသည့်ပုဒ်မများဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ အပြစ်ဒဏ်နဲ့ကော့သောင်းအကျဉ်းထောင်တွင် လေးနှစ်တာအပြစ်ကျခံနေရစဉ် ၂၀၁၁ မေလအတွင်းထုတ်ပြန်ခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြေငြာချက်ကြောင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။



အောင်မြင်ကျော်ကြားသည့်အနုပညာရှင်တစ်ဦးဖြစ်ခြင်း၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူတစ်ဦးဖြစ်ခြင်းစသော အချက်များကြောင့် ဇေယျာသော်လွတ်မြောက်မှုကို ပြည်တွင်း၊ ပြည်ပမီဒီယာများမှ အာရုံစိုက်ခြင်းကိုခံခဲ့ရသူလည်းဖြစ်သည်။

လက်ရှိတွင် ဇေယျာသော်သည် သူနှင့်စိတ်တူကိုယ်တူ သူငယ်ချင်းများစုစည်းလုပ်ကိုင်လျက်ရှိသော Generation Wave အဖွဲ့နှင့်အတူ လူမှုရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုစသည့် သူယုံကြည်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းများလုပ်ကိုင်လျက်ရှိသည်။ ■

## ပရိသတ်စိတ်ဝင်စားအားပေးမှုအများအပြားရယူပိုင်ဆိုင်နိုင်ခဲ့သည့် သရုပ်ဆောင်သက်မွန်မြင့်



၂၀၁၁ ခုနှစ်အတွင်း ပရိသတ်စိတ်ဝင်စားအားပေးမှုအများအပြားရယူပိုင်ဆိုင်နိုင်ခဲ့သည့် သရုပ်ဆောင်သက်မွန်မြင့်အား ၂၀၁၁ ခုနှစ်ထင်ရှားကျော်ကြားကဏ္ဍအတွက် ထင်ရှားကျော်ကြားသည့် အမျိုးသမီးအနုပညာရှင်တစ်ဦးအဖြစ်ရွေးချယ်ဖော်ပြအပ်ပါသည်။ သရုပ်ဆောင်သက်မွန်မြင့်သည် ၂၀၁၁ ခုနှစ်နှစ်ဆန်းပိုင်းမှစတင်၍ ပရိသတ်စိတ်ဝင်စားအားပေးမှုပိုမိုရရှိလာခဲ့ခြင်းဖြစ်ပြီး ၎င်းပါဝင်သရုပ်ဆောင်ထားသည့် 'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ဇာတ်ကားဖြင့်လည်း ပရိသတ်ချစ်ခင်အားပေးမှုအပြည့်အဝရရှိခဲ့သူတစ်ဦးဖြစ်သည်။ ယခုနှစ်အတွင်းတွင် ရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီနှင့်ကြော်ငြာအများအပြားရိုက်ကူးခွင့်ရရှိခဲ့ကာ ထွက်ရှိလာသည့်ဇာတ်ကားများတွင်လည်း အများဆုံးပါဝင်ခွင့်ရသည့်အမျိုးသမီးသရုပ်ဆောင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည် 'အာဒမ်ရယ် ဧဝရယ် ဒသရယ်'ရုပ်ရှင်ဇာတ်ကားအား စင်ကာပူနိုင်ငံနှင့်အမေရိကန်နိုင်ငံတို့တွင် သွားရောက်ပြသရာ၌ သရုပ်ဆောင်သက်မွန်မြင့်ကိုယ်တိုင်တက်ရောက်ပြသနိုင်ခဲ့သည်။

"သက်မွန်ကို ၂၀၁၁ ထဲမှာ ပရိသတ်အားပေးမှုပိုရလာသလို သက်မွန်ဖန်တီးတဲ့အနုပညာကိုပရိသတ်ကပိုပြီးလက်ခံလာကြတယ်။ သက်မွန်ကိုပိုပြီးချစ်လာတယ်လို့လည်း ခံစားရတယ်။ ဒီနှစ်ထဲမှာမျှော်လင့်ထားပြီး မလုပ်ဖြစ်တာကတော့ သက်မွန်သင်တန်းတက်ချင်တာလေး၊ တခြားလုပ်ချင်တာလေးတွေကို အချိန်မအားလပ်တာကြောင့်မလုပ်ဖြစ်နိုင်ခဲ့ဘူး။ သက်မွန်ကအလုပ်ဆိုလည်းပုံမှန်ပဲလုပ်ဖြစ်နေတာဆိုတော့ အခုလိုမျှော်လင့်မထားဘဲ အားပေးမှုကိုအများကြီးရတဲ့အချိန်မှာပျော်တာပေါ့"ဟု သက်မွန်မြင့်က ရှင်းပြခဲ့သည်။

ထို့အပြင် ၂၀၁၀ ပြည့်နှစ်အတွက် ရွေးချယ်ပေးအပ်မည့် အကယ်ဒမီနှင့်ပတ်သက်၍ ပရိသတ်များကြားရေပန်းစားနေမှုနှင့်ပတ်သက်၍လည်း သက်မွန်မြင့်က "အရင်နှစ်တွေကနဲ့စာရင်တော့ ဒီနှစ်ကစိတ်ကူးယဉ်လို့ရတဲ့နှစ်တစ်နှစ်လို့ပြောလို့ရတာပေါ့။ မျှော်လင့်စရာစိတ်ကူးယဉ်စရာကားလေးတွေရှိသွားတာပေါ့နော်။ သက်မွန်ကိုအခုလိုရစေချင်တယ်။ ဆုတောင်းပေးတယ်ဆိုတာနဲ့တင် သက်မွန်ကျေနပ်ပါတယ်"ဟု ဆက်လက်ပြောပြခဲ့သည်။

သရုပ်ဆောင်သက်မွန်မြင့်သည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ခန့်က အနုပညာလောကအတွင်းသို့ ဗီစီဒီများနှင့်ကြော်ငြာများတွင် သရုပ်ဆောင်ခြင်းမှအစပြု၍ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ်ဝန်းကျင်ခန့်တွင် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခွင့်ရရှိခဲ့သည်။ ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများတွင် ပုံမှန်သရုပ်ဆောင်လျက်ရှိသည့်သရုပ်ဆောင်သက်မွန်မြင့်၏ ၂၀၁၀ ပြည့်နှစ်အတွင်း အချစ်ရေးသတင်းစကားများကြောင့် ပရိသတ်စိတ်ဝင်စားအားပေးမှုမှာ အရှိန်အဟုန်မြင့်တက်လာခဲ့သည်။ ၂၀၁၁ ခုနှစ်အတွင်းတွင်မူ ဇာတ်ကားများအများအပြားလက်ခံရိုက်ကူးခွင့်ရရှိခဲ့ပြီး 'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ဇာတ်ကား၊ 'အမေ့ကျေးဇူးဆပ်ဖူးချင်တယ်' ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ၂၀၁၀ ပြည့်နှစ်အကယ်ဒမီအတွက် ရေပန်းစားနေသူတစ်ဦးဖြစ်သည်။

## မြန်မာရုပ်ရှင်ပရိသတ်များ၏အားပေးမှုအများဆုံးရရှိခဲ့သည့် " အာဒမ်ရယ် ဧဝရယ် ဒသရယ် " ရုပ်ရှင်ဇာတ်ကား

၂၀၁၁ ခုနှစ်အတွင်းရုံတင်ပြသခဲ့သည့် 'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ဇာတ်ကားကြီးသည် တစ်နှစ်တာလုံးတွင် ပရိသတ်အားပေးမှုအများဆုံးနှင့်အောင်မြင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့သည့်အတွက် ၂၀၁၁ ခုနှစ်၏ ထင်ရှားကျော်ကြားကဏ္ဍတွင် ထည့်သွင်းဖော်ပြအပ်ပါသည်။

မြန်မာရုပ်ရှင်ဇာတ်ကားများတွင် ၂၀၀၈ ခုနှစ်မှစတင်ကာ ဟာသရုပ်ရှင်ဇာတ်ကားများအောင်မြင်လူကြိုက်များလာခဲ့သည်။ ထို့အတွက် မြန်မာ့ရုပ်ရှင်ဇာတ်ကားများတွင် ဟာသကားများကိုသာ ဆက်တိုက်ရိုက်ကူးလာခဲ့ကြသည်။ ၂၀၁၁ ခုနှစ်အတွင်းရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားများတွင်လည်း ဟာသရုပ်ရှင်ဇာတ်ကားများအများဆုံးပါဝင်ခဲ့သည်။ ဒရမ်မာရုပ်ရှင်များ၏ အောင်မြင်မှုမှေးမှိန်နေပြီး ဟာသ ရုပ်ရှင်များအပေါ်ပရိသတ်အားပေးမှုလျော့နည်းလာချိန်တွင် 'အာဒမ်ရယ် ဧဝရယ် ဒသရယ်'ဇာတ်ကားသည် မြန်မာရုပ်ရှင်ကြည့်ပရိသတ်အတွက် တောင့်တမှုတစ်ခုကို ဖြည့်ဆည်းပေးနိုင်သည့် ရုပ်ရှင်တစ်ခုဖြစ်ခဲ့သည်။

'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ကားသည် စာရေးဆရာမပုညခင်၏ဝတ္ထုကို ဒါရိုက်တာဝိုင်းကိုယ်တိုင်ဇာတ်ညွှန်းခွဲကာရိုက်ကူးထားသည်။ ယင်းဇာတ်ကားကို စတင်ရိုက်ကူးစဉ်က ဗီဒီယိုဇာတ်ကားအဖြစ်သာ ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ဒီဗီဒီအဖြစ် ပြောင်းလဲရန်စီစဉ်ခဲ့သည်။ နောက်ဆုံးတွင်မူ ရုပ်ရှင်ဇာတ်ကားအဖြစ်နည်းပညာပိုင်းပြောင်းလဲကာဖန်တီးခဲ့ခြင်းဖြစ်သည်။

'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ဇာတ်ကားသည် ဒါရိုက်တာဝိုင်း၏ အနုပညာကိုပရိသတ်များကသာမက အနုပညာရှင်များကပါအသိအမှတ်ပြုခဲ့ရသည့် ဇာတ်ကားဖြစ်သည်။ ထို့အတူ ပါဝင်သရုပ်ဆောင်ခဲ့သည့် ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်နှင့်သက်မွန်မြင့်တို့၏ သရုပ်ဆောင်မှုများသည် ပရိသတ်၏အားပေးမှုကို ပိုမိုရရှိစေခဲ့သည်။

'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ကားအား စတင်ရုံတင်ပြသ ရာတွင်ရက်သတ္တပါတ်အထိရုံတင်ခဲ့ရပြီးပွဲစဉ်တိုင်းတွင်လည်းပရိသတ်များ၏ရုံပြည့်ရုံလျှံအားပေးမှုကိုရရှိခဲ့သည်။



## ၂၀၁၁ ခုနှစ်အတွင်း နာမည်ကြီးတေးသံရှင်အများစု၏ တစ်ကိုယ်တော်အခွေများ ထွက်ရှိလာခြင်း

၂၀၁၁ခုနှစ်အတွင်း ပရိသတ်လက်ခံသော နာမည်ကြီးတေးသံရှင်အများစု၏ တစ်ကိုယ်တော်အခွေများထွက်ရှိလာမှုကို ၂၀၁၁ ခုနှစ်၏ ထင်ရှားသောဖြစ်ရပ်တစ်ခုအဖြစ်သတ်မှတ်၍ ဖော်ပြလိုက်ရပါသည်။

ပြီးခဲ့သည့်နှစ်များက ဂီတလောကအတွင်း ခိုးကူးခွေများ တွင်ကျယ်လာမှုကြောင့် တစ်ကိုယ်တော်အခွေထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ခြင်းမရှိဘဲ အတွဲခွေများတွင်သီဆိုရန်နှင့် ဖျော်ဖြေပွဲများ သီဆိုရန်၊ ပြည်ပနိုင်ငံများတွင် ကျင်းပသောဖျော်ဖြေပွဲများ၌ သွားရောက်သီဆိုရန်သာ ပြုလုပ်ခဲ့ကြသည်။

ယခုနှစ်တွင်မူ ခိုးကူးခွေများအားစီမံချက်ဖြင့်တင်းကျပ်စွာအရေးယူဆောင်ရွက်မှုများပြုလုပ်လျက်ရှိရာ ဂီတလောကအနေဖြင့် အတန်ငယ်ဦးမော့နိုင်လာသဖြင့် နာမည်ကြီးတေးသံရှင်များအပါအဝင် တေးသံရှင်အများစု တစ်ကိုယ်တော်အခွေများထွက်ရှိလာခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း တစ်ကိုယ်တော်အခွေများထွက်ရှိလာခဲ့သည့် နာမည်ကြီးတေးသံရှင်များ၏ တေးအယ်လ်ဘမ်များမှာ တေးသံရှင်Rဇာနည်၏ အဆိပ်တက်အိပ်မက်တေးစီးရီး၊ အဲလက်စ်၏နောက်ကျနေတဲ့ ငါတေးစီးရီး၊ ချမ်းချမ်း၏ချစ်တယ်၊ မုန်းတယ် တေးစီးရီး၊ ဝိုင်းစုခိုင်သိန်း၏မျက်လှည့်တေးစီးရီး၊ ဝိုင်ဝိုင်း၏ အတုံ့အလှည့်၊ ကဗျာဘွဲ့မှူး၏အချစ်ဆိုတာ တေးစီးရီး၊ စန္ဒီမြင့်လွင်၏ Shock တေးစီးရီး၊ သီရိဆွေ၏ ဆိုလာကိုစတာတေးစီးရီး၊ အိမ့်ချစ်၏ ကိုယ်တိုင်ရေးပုံတူတေးစီးရီး၊ J-me ၏ ဘဝရဲ့နိဗ္ဗာန်ဘုံ၊ ဂျောက်ဂျက် ၏ ငါသည်သာငါ၏ပြိုင်ဘက်၊ ကျော်ထွဋ်ဆွေ၏ ရုပ်ကွက်ထဲကအရူးစသည့် တေးစီးရီးများထွက်ရှိခဲ့ကာ တက်သစ်စတေးသံရှင်အချို့၏ တစ်ကိုယ်တော်အခွေများလည်း ထွက်ရှိခဲ့သည်။






## အကယ်ဒမီဗန်းကိုင်တစ်ဦးအဖြစ်မှ အနုပညာလှုပ်ရှားမှုများ လုပ်ကိုင်ခွင့်ရရှိလာသူ သရုပ်ဆောင်မော်ဒယ်လ်စံရတီမိုးမြင့်



အကယ်ဒမီဗန်းကိုင်တစ်ဦးအဖြစ်မှ အနုပညာလှုပ်ရှားမှုများဆက်တိုက်လှုပ်ရှားခွင့်ရရှိလာခဲ့သူသရုပ်ဆောင်မော်ဒယ်လ်စံရတီမိုး မြင့်အား ၂၀၁၁ ခုနှစ်ထင်ရှားကျော်ကြားကဏ္ဍအတွက် ထင်ရှားသည့်တက်သစ်စအမျိုးသမီးအနုပညာရှင်တစ်ဦးအဖြစ်ရွေးချယ်ဖော်ပြအပ်ပါသည်။ သရုပ်ဆောင်မော်ဒယ်လ်စံရတီမိုးမြင့်သည် ၂၀၁၀ ပြည့်နှစ်အတွက် ရွေးချယ်ပေးအပ်ခဲ့သည့် အကယ်ဒမီထူးချွန်ဆုပေးပွဲတွင် ဗန်းကိုင်တစ်ဦးအဖြစ်ပါဝင်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်အတွင်း အနုပညာလှုပ်ရှားမှုများဆက်တိုက်လုပ်ကိုင်ခွင့်ရရှိလာသူတစ်ဦးဖြစ်သည်။ ၎င်းပါဝင်သရုပ်ဆောင်ထားသည့် Doaru Young ကြော်ငြာသည် ပရိသတ်အားပေးမှုအများအပြားရရှိပြီး နောက်ဗီဒီယို၊ ဒီဗီဒီဇာတ်ကားနှင့် ကြော်ငြာများတွင်ဆက်တိုက်ပါဝင်သရုပ်ဆောင်ခွင့်ရရှိလာကာ ၂၀၁၁ နှစ်ကုန်ပိုင်းတွင် ခရေဖြူဗီဒီယိုထုတ်လုပ်ရေးနှင့်ဇာတ်ကား ၂၀ ရိုက်ကူးရန် စာချုပ်ချုပ်ထားနိုင်ခဲ့သည်။

"စံရတီအနေနဲ့ ဒီနှစ်အတွင်းမှာအနုပညာလှုပ်ရှားမှုတွေအများကြီးလုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ အကယ်ဒမီဗန်းကိုင်တစ်ဦးအဖြစ်ပါဝင်ခွင့်ရခဲ့သလို ဇာတ်ကားတွေ၊ ကြော်ငြာတွေလည်းဆက်တိုက်ရိုက်ကူးခွင့်ရလာပါတယ်။ စံရတီသရုပ်ဆောင်ထားတဲ့ဇာတ်ကားတွေကိုပရိသတ်တွေကြည့်ပြီးတဲ့အခါဝေဖန်အကြံပြုတာတွေလည်းကြားချင်ပါတယ်"ဟု သရုပ်ဆောင် စံရတီမိုးမြင့်က ရှင်းပြခဲ့သည်။

ထို့အပြင်ရှေ့ဆက် ဆောင်ရွက်သွားမည့် အနုပညာလှုပ်ရှားမှုများနှင့် ပတ်သက်၍လည်း "စံရတီတတ်စွမ်းသရွေ့လေးကြိုးစားတဲ့အပိုင်းကို ပရိသတ်လက်ခံအားပေးတဲ့အတွက်အရမ်းဝမ်းသာပါတယ်။ ရှေ့ဆက်ပြီးအစွမ်းကုန်ကြိုးစားသွားမှာပါ။ စံရတီကအခုမှဒီလောကထဲရောက်လာတာဖြစ်တဲ့အတွက်မသိတာမတတ်တာတွေအများကြီးပါ။ အဲဒါတွေအားလုံးကို လေ့လာပြီးကြိုးစားသွားပါမယ်"ဟု စံရတီမိုးမြင့်က်ပြောကြားခဲ့သည်။

# ၂၀၁၁ ခုနှစ်ဆင်ဆာမူဝါဒအပြောင်းအလဲနှင့် အနုပညာရှင်တို့၏တောင်းဆိုမှုများ



၂၀၁၁ ခုနှစ်ဆင်ဆာမူ ဝါဒအပြောင်းအလဲနှင့်အနုပညာရှင်တို့၏ တောင်းဆိုမှုများကို ၂၀၁၁ခုနှစ် ထင်ရှားကျော်ကြားကဏ္ဍအတွက် ထင်ရှားသောဖြစ်ရပ်တစ်ခုအဖြစ်ရွေးချယ်ဖော်ပြအပ်ပါသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ရက်နေ့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင်ပြုလုပ်ခဲ့သည့် ဆင်ဆာမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌အနုပညာရှင်များကြုံတွေ့ ခံစားရလျက်ရှိသည့်ဆင်ဆာမူဝါဒဆိုင်ရာအချက်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၏အဂတိလိုက်စားမှုများကိုဝေဖန်သုံးသပ်ထားပြီးပြင်ဆင်သင့်သည်များကိုအကြံပြုထားသည့်စာတမ်းငယ်တစ်စောင်ကို တင်သွင်းခဲ့ပြီးနောက်ဒီဇင်ဘာလ၁၀ရက်နေ့တွင်မူလရှိနှင့်ပြီးသည့် ဆင်ဆာမူဝါဒဆိုင်ရာ၁၀ချက်ထဲမှ လေးချက်ကိုသာပယ်ဖျက်ပေးခဲ့ရာ အနုပညာရှင်များကငင်းတို့လိုလားလျက်ရှိသည့်အချက်များကိုထပ်မံတောင်းဆိုလိုခြင်းအခြေအနေပေါ်ဖြစ်သည်။

နိုဝင်ဘာလ ၁၆ရက်နေ့ တွင်တင်သွင်းခဲ့သည့်အနုပညာရှင်များ၏ စာတမ်းငယ်အတွင်း၌ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာ အဖွဲ့အားဖွဲ့စည်းထားရာတွင်ရုပ်ရှင်အနုပညာနယ်ပယ်မှတတ်ကျွမ်းသူ တစ်ဦးတစ်ယောက်မျှ မပါဝင်ဘဲဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များကသာပါဝင်နေပြီးမိမိတို့တတ်ကျွမ်းသည့်နယ်ပယ်သာမကဘဲဇာတ်ကားတစ်ကားလုံးအပေါ်တွင်ဝင်ရောက်စွက်ဖက်မှုများရှိနေခြင်း၊ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာမူဝါဒများ တွင်အခြေခံမူ(၁၀) ချက်ဟုဆိုသော်လည်း ယင်းမူများနှင့်မသက်ဆိုင်သည့်ကျန်းမာရေး၊ ဘာသာရေး၊ တရားရေး၊ ရဲတပ်ဖွဲ့ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ဆင်ယင်မှုထုံးဖွဲ့မှုဆိုင်ရာ၊အပြင်အဆင်ဆိုင်ရာ၊တပ်မတော်ပိုင်းဆိုင်ရာကဏ္ဍအသီးသီးတွင်သီးခြားထပ်မံသတ်မှတ်ထားသည့်မူဝါဒများရှိနေခြင်း၊ ထို့အပြင်ရုပ်သံဌာနများဖြစ်သည့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ MRTV 4၊ Sky Net စသည်တို့တွင်ထုတ်လွှင့်ပြသလျက်ရှိသည့်နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲများတွင်မူယခုသတ်မှတ်ထားသည့်ဆင်ဆာမူဝါဒများနှင့်ကိုက်ညီရန်သတ်မှတ်ထားခြင်းမရှိခြင်း၊ထို့အပြင်လာဘ်ပေးလာဘ်ယူသဘောတရားများမှာလည်း ဆင်ဆာအဖွဲ့နှင့်ဆင်ဆာမူဝါဒ ဆုံးဖြတ်ချက်များတွင်သက်ရောက်နေခြင်း စသည့်အချက်များကို အဓိကထား၍ တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲအပြီးတွင် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ပြန်ကြားရေးဝန်ကြီးဌာနယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့်ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်များနှင့်ရွေးချယ်ဖိတ်ကြားသည့် အနုပညာရှင်အချို့တို့တက်ရောက်ခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲတွင်မူလကသတ်မှတ်ထားသည့်ဆင်ဆာမူဝါဒဆယ်ချက်အစား နိုင်ငံရေး၊ ဘာသာရေး၊တိုင်းရင်းသားချစ်ကြည်ရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ ရက်စက်ကြမ်းကြုတ်မှုများပါဝင်မှုမရှိစေရေး၊ကာမရာဂလှုံ့ဆော်မှုများပါဝင်မှုမရှိစေရေးတို့ကိုသတ်မှတ်ချက်များဖြင့်ခွင့်ပြုရန်ပြင်ဆင်ခဲ့သည်။ထို့အပြင်တင်ပြချက်ပေါ်မူတည်၍ရိုက်ကူးနိုင်သည့်ဇာတ်လမ်းဇာတ်ကွက်များအဖြစ် ထိတ်လန့်ကြောက်ရွံ့စက်ဆုပ်ရွံရှာဖွယ်မဖြစ်သည့် သရဲတစ္ဆေဝိဉာဉ်နှင့်ပတ်သက်သည့်ဇာတ်လမ်းဇာတ်ကွက်များကိုခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါစည်းကမ်းချက်များအားဒီဇင်ဘာလ ၁၀ ရက်နေ့တွင်စတင်ကျင့်သုံးခဲ့ပြီးရုပ်ရှင်နှင့်ဗီဒီယိုပရိုဂျက်တာနှင့်ပြသခွင့်ပြုမည့်ဇာတ်ကားအတွက်ဇာတ်ညွှန်းရေးသားရာတွင်ပြည့်စုံစွာရေးသားတင်ပြရန်သတ်မှတ်ထားကြောင်းပြောကြားခဲ့သည်။

ယင်းကဲ့သို့အနုပညာရှင် များ၏တောင်းဆိုချက်များအနက်အနည်းငယ်သာလိုက်လျောပေးခဲ့သည့် ပြင်ဆင်ချက်အပေါ် "ဦးမျိုးတို့ပထမဆုံးစပြီးစာတမ်းတင်ကတည်းက တရားမျှတသောဆင်ဆာအဖွဲ့နဲ့ဆုံးဖြတ်ချက်ဖြစ်ရမယ်လို့ပဲတင်ပြခဲ့တာပါ။ အခုပြင်ဆင်ပေးတဲ့အချက်တွေမှာ အများကြီးချဲ့ကားလို့ရနိုင်တဲ့အချက်တွေပါနေပါသေးတယ်။တိုးတက်တဲ့အနုပညာဖန်တီးမှုဆိုတာလွတ်လပ်သောစိတ်ကူးအတွေးအခေါ်က တစ်ဆင့်ပဲဖြစ်နိုင်ပါတယ်"ဟုဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ကဆိုသည်။

ဆင်ဆာမူဝါဒလေး ချက်လျှော့ချပေးသည့်ကြေညာချက်ထုတ်ပြန်အပြီးတွင်အနုပညာရှင်များ၏ထပ်မံလှုပ်ရှားမှုအဖြစ် ပြည်သူ့လွှတ်တော်အားကစားယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီတွင်အနုပညာရှင်များစုစည်းရေးသားထားသည့် စာတမ်းငယ်ကိုတင်သွင်းခဲ့သည်။ အနုပညာရှင်များအနေဖြင့်လက်ရှိဆင်ဆာအဖွဲ့နှင့်ဆင်ဆာမူဝါဒများအပေါ်လိုအပ်ချက်များအားထပ်မံတောင်းဆို သွားရန်ပြင်ဆင်ထားသည်ဟု သိရှိရသည်။

# (၂၆) ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ရယူပေးနိုင်ခဲ့သူ အောင်ငိုမ်း

၂၀၁၁ဆီးဂိမ်းစ်ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အတွက်ပထမဆုံးရွှေတံဆိပ်ဆုကို မြားပစ်အားကစားနည်းကနေ မြန်မာ့လက်ရွေးစင်မအောင်ငိုမ်းက ဆွတ်ခူးရယူပေးခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် မအောင်ငိုမ်းဟာ ၂၀၁၁ဆီးဂိမ်းစ်ပြိုင်ပွဲမှာ စုစုပေါင်း ရွှေတံဆိပ် (၃)ခုရယူနိုင်ခဲ့ပြီး မြန်မာအားကစားအဖွဲ့ဝင်တွေအနက် ထင်ရှားသူတစ် ယောက်ဖြစ်ခဲ့တဲ့အတွက် ၂၀၁၁ အားကစားကဏ္ဍ၏ ထင်ရှားသူတစ်ဦးအဖြစ်ရွေးချယ်လိုက်ရပါတယ်။

ချင်းပြည်နယ်၊ မင်းတပ်မြို့ဇာတိဖြစ်ပြီး မြားပစ်အားကစားကို ၂၀၀၂ခုနှစ်မှစတင်ကာ အချိန်ပြည့်လေ့ကျင့်ခဲ့သူဖြစ်ပါတယ်။ ပထမဆုံးဆီးဂိမ်းစ်ပြိုင်ပွဲအဖြစ် ၂၀၀၅ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံမှာကျင်းပခဲ့တဲ့ ဆီးဂိမ်းစ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီးအသင်းလိုက်ပွဲစဉ်ကနေ ကြေးတံဆိပ်(၁)ခုရရှိခဲ့တယ်။ အဲဒီနောက်ပိုင်းမှာလည်း မြန်မာ့လက်ရွေးစင်အမျိုးသမီးမြားပစ်အားကစားသမားအဖြစ် နိုင်ငံတကာပြိုင်ပွဲတွေမှာတောက်လျှောက် ကိုယ်စားပြုယှဉ်ပြိုင်ခွင့်ရရှိခဲ့ကာအရှေ့တောင်အာရှအဆင့် ဆုတံဆိပ်များစွာဆွတ်ခူးနိုင်ခဲ့ပါတယ်။ပထမဆုံးဆီးဂိမ်းစ်ရွှေတံဆိပ်ဆုကိုတော့ ၂၀၀၉ လာအိုဆီးဂိမ်းစ်ပြိုင်ပွဲမှာအမျိုးသမီးအသင်းလိုက်ပြိုင်ပွဲကနေ မအောင်ငိုမ်းအနေနဲ့ ဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၁၁ဆီးဂိမ်းစ်ပြိုင်ပွဲမှာတော့မအောင်ငိုမ်းဟာပွဲစဉ်(၃)ရပ်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးအမျိုးသမီးတစ်ဦးချင်း၊အမျိုးသား၊အမျိုးသမီးနှစ်ယောက်တွဲနဲ့ အမျိုးသမီးအသင်း လိုက်ပွဲစဉ်တွေ ကနေ ရွှေတံဆိပ်(၃)ခုရရှိကာ နိုင်ငံ့ ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။



## ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးရရှိခဲ့သည့် မြန်မာရိုးရာလေ့လှော်အဖွဲ့

၂၀၁၁ခုနှစ်အတွင်း မြန်မာအားကစားလောကအတွက် ထင်ရှားကျော်ကြားတဲ့အောင်မြင်မှုရရှိခဲ့သူတွေအနက်မြန်မာရိုးရာလှေလှော်အားကစားအဖွဲ့ရဲ့စွမ်းဆောင်မှုဟာလည်း ချန်ထားလို့မရပါဘူး။

အင်ဒိုနီးရှား နိုင်ငံမှာကျင်းပခဲ့တဲ့ ၂၀၁၁ဆီးဂိမ်းစ်ပြိုင်ပွဲမှာ မြန်မာရိုးရာလှေလှော်အဖွဲ့ဟာ ရွှေတံဆိပ် (၉)ခုနဲ့ ငွေတံဆိပ်(၁)ခုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၁ခုနှစ်ရဲ့အားကစားကဏ္ဍအတွက်ထင်ရှားကျော်ကြားစာရင်းမှာ မြန်မာ့ရိုးရာလှေလှော်အဖွဲ့ကို ထည့်သွင်းခဲ့ရတာဖြစ်ပါတယ်။

(၂၆)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲမှာ လှေလှော် ပြိုင်ပွဲစုစုပေါင်း(၁၀)ပွဲကျင်းပခဲ့ရာမှာ ရွှေတံဆိပ်(၉)ခုရရှိခဲ့တဲ့မြန်မာရိုးရာလှေလှော်အဖွဲ့ရဲ့ စွမ်းဆောင်မှုက အရှေ့တောင်အာရှမှာအကောင်းဆုံးဆိုတာသိသာ ထင်ရှားစေခဲ့တာလည်းဖြစ်ပါတယ်။ မြန်မာ့ရိုးရာလှေလှော်အဖွဲ့ ရရှိခဲ့တဲ့ ရွှေတံဆိပ်(၉)ခုအနက်(၅)ခုကို အမျိုးသမီးပွဲစဉ်တွေကနေရရှိခဲ့တာဖြစ်ပြီး အမျိုးသားပွဲစဉ်တွေမှာတော့ ရွှေတံဆိပ်(၄)ခု၊ ငွေတံဆိပ်(၁) ခုဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။

# Goal.comက ရွေးချယ်တဲ့ ၂၀၁၁ဆီးဂိမ်းစ်ဘောလုံးပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမား (၅)ဦးစာရင်းဝင် ကျော်ကိုကို



မန္တလေးအား/ကာသိပွဲကနေပေါ်ထွက်လာတဲ့ ဇေယျာရွှေမြေအသင်းတိုက်စစ်မှူး ကျော်ကိုကိုဟာ ၂၀၁၁ခုနှစ်အတွင်း မြန်မာဘောလုံးလောကမှာ ထင်ရှားကျော်ကြားသူတစ်ဦးဖြစ်ခဲ့ပါတယ်။ ၂၀၁၁ဆီးဂိမ်းစ်ပြိုင်ပွဲမှာဒုတိယရရှိခဲ့တဲ့ မြန်မာယူ-၂၃အသင်းရဲ့အဓိကတိုက်စစ်မှူးအဖြစ်ခြေစွမ်းပြခဲ့ပြီး မြန်မာယူ-၂၃အသင်းအတွက် (၅)ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဆီးဂိမ်းစ်ပြိုင်ပွဲမှာ အဓိကခြေစွမ်းပြနိုင်ခဲ့တာကြောင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ကချီးမြှင့်တဲ့ ၂၀၁၁အတွက်မြန်မာအကောင်းဆုံးဘောလုံးသမားဆုကိုရရှိခဲ့တယ်။ဒါ့အပြင် ကျော်ကိုကိုအနေနဲ့ အီတလီအခြေစိုက် Goal.comကရွေးချယ်တဲ့၂၀၁၁ ဆီးဂိမ်းစ်ဘောလုံးပြိုင်ပွဲရဲ့အကောင်းဆုံးကစားသမား(၅)ဦးစာရင်းမှာလည်း ရွေးချယ်ခြင်းခံခဲ့ရတယ်။

၂၀၀၉ခုနှစ် MNLပြိုင်ပွဲစတင်ချိန်ကစလို့ ကျော်ကိုကိုဟာ ဇေယျာရွှေမြေအသင်းမှာပါဝင်ကစားခဲ့သူဖြစ်ပါတယ်။၂၀၀၉MNL Cupပြိုင်ပွဲမှာပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့လို့ ကာလရှည်အနားယူခဲ့ရတယ်။ ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲမှာတော့ ပုံမှန်ကစားသမားတစ်ဦးအဖြစ်ခြေစွမ်းပြနိုင်ခဲ့ပြီး အာဆီယံပြိုင်ပွဲဝင်မြန်မာယူ-၁၉အသင်းမှာ ရွေးချယ်ခြင်းခံခဲ့ရသလို၊၂၀၀၉ဆီးဂိမ်းစ်ပြိုင်ပွဲဝင် မြန်မာယူ-၂၃အသင်းမှာလည်း ပါဝင်ခွင့်ရရှိခဲ့တယ်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနည်းပြအဖြစ်ဆားဘီးယားလူမျိုး မီလန်ဇီဗာဒီနိုဗစ်ရောက်ရှိလာတဲ့ ၂၀၁၁နှစ်ဆန်းပိုင်းမှာလည်း ကျော်ကိုကိုဟာ မြန်မာယူ-၂၃အသင်းနဲ့မြန်မာ့လက်ရွေးစင်အသင်းအတွက် အဓိကကစားသမားအဖြစ် ရွေးချယ်ခြင်းခံခဲ့ရတယ်။၂၀၁၁မတ်လအတွင်းအိန္ဒိယအသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့ရတဲ့လန်ဒန်အိုလံပစ်အာရှဇုန်ပထမအဆင့်ခြေစစ်ပွဲဒုတိယအကျော့မှာတော့ ကျော်ကိုကို (၂)ဝါ၊ (၁)နီနဲ့အထုတ်ခံခဲ့ရလို့ မြန်မာယူ- ၂၃အသင်းအတွက် နစ်နာခဲ့ရပါတယ်။ အဲဒီနောက် ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲပထမ အဆင့်ရဲ့ပထမအကျော့ပွဲစဉ်အဖြစ်မွန်ဂိုလီးယားနိုင်ငံမှာ မွန်ဂိုလီးယားအသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့ရာမှာလည်း ကျော်ကိုကို အနီကတ်ပြထုတ်ပယ်ခံခဲ့ရပြန်တယ်။ဒါပေမယ့် ဇေယျာရွှေမြေအသင်းနဲ့အတူ ၂၀၁၁ MNLပွဲစဉ်တွေမှာခြေစွမ်းပြနိုင်ခဲ့တာကြောင့် ကျော်ကိုကိုဟာ ၂၀၁၁ ဆီးဂိမ်းစ်ပြိုင်ပွဲဝင် မြန်မာယူ-၂၃အသင်းမှာ ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၁၁ ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မြန်မာယူ-၂၃အသင်းအတွက်အဖွင့်ဂိုးကိုလာအိုအသင်းနဲ့ပွဲစဉ်မှာသွင်းယူနိုင်ခဲ့သလို၊အုပ်စုပွဲစဉ်တွေဖြစ်တဲ့ဘရူနိုင်း၊ဖိလစ်ပိုင်အသင်းတို့နဲ့ယှဉ်ပြိုင်ကစားတဲ့ ပွဲစဉ်တွေမှာလည်း ဂိုးတွေသွင်းယူနိုင်ခဲ့ပါတယ်။ အုပ်စုတွင်းပြိုင်ဘက် ဗီယက်နမ်အသင်းနဲ့ပြန်လည်ဆုံတွေ့တဲ့တတိယနေရာလုပွဲမှာလည်းကျော်ကိုကိုအနေနဲ့မြန်မာယူ-၂၃အသင်းအတွက်ခြေစွမ်းပြဂိုးသွင်းနိုင်ခဲ့သူဖြစ်ပါတယ်။

# TOPPLED LEADERS



## ဟိုစနီမူဘာရက်



အီဂျစ်မှာရှိတဲ့ တဟီရာရင်ပြင်မှာ ပြည်သူတွေရဲ့ ၁၈ ရက်ကြာ လူထုတော်လှန်ရေးအပြီးမှာ ရာထူးဆင်းပေးခဲ့တဲ့ ဟိုစနီမူဘာရက်ဟာ မီးခိုးငွေ့လို ဖျတ်ကနဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီမီးခိုးငွေ့တွေ ကင်းစင်သွားတဲ့အခါမှာ အသက် ၇၆ နှစ်ရှိ ကာကီရောင် ဦးထုပ်ဆောင်းထားတဲ့ ဖီးမာရှယ်တန်တာဝီလက်ထဲမှာ အလုံးစုံအာဏာကျရောက်နေပါတယ်။

သူ အာဏာလွှဲပေးခဲ့တဲ့ အီဂျစ်စစ်ဘက်ကောင်စီဟာ အရပ်ဘက်ကို အာဏာလွှဲပေးမယ်။ ဒီမိုကရေစီ နည်းကျရွေးကောက်ပွဲတွေကို ပြုလုပ်ပေးမယ်ဆိုပြီး ကတိတွေတစ်သီကြီးပေးခဲ့တယ်။ ဒါပေမဲ့ အပြောနဲ့အလုပ်မညီဘဲ အီဂျစ်အနာဂတ်ကို သူတို့ပဲပုံဖော်မယ်လို့ စစ်ကောင်စီက ကြံစည်ခဲ့ပါတယ်။ ဒါကိုမကျေနပ်လို့ ဆန္ဒပြသူတွေကို စစ်ကောင်စီက အကြမ်းဖက်နှိမ်နင်းတာတွေ၊ အထူးသဖြင့် အမျိုးသမီးတွေကို အကွက်ချနှိမ်နင်းတာ ဆက်တိုက်ပြုလုပ်ခဲ့ပါတယ်။ မူဘာရက်ကို ရုံးတင်စစ်ဆေးရာမှာလည်း အစပိုင်းမှာ ဟုတ်သလိုရှိနေပေမယ့် တန်တာဝီရဲ့ထွက်ဆိုချက်တွေကို လျှို့ဝှက်ထားတာ၊ တရားလိုရှေ့နေတွေကို ပိတ်ပင်ထားတာ၊ မီဒီယာတွေကိုပိတ်ပင်တာတွေကို မူဘာရက်နဲ့ပတ်သက်မှုရှိတဲ့ တရားသူကြီးများအဖွဲ့က လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် အာဏာကို အနှစ် ၃၀ ကျော်ချုပ်ကိုင်ခဲ့တဲ့ မူဘာရက်လက်ထက်မှာ မတရားလုပ်ခံရတဲ့သူတွေ၊ လူထုလှုပ်ရှားမှုမှာ အသတ်ခံရသူတွေအတွက် ရှေ့နေလိုက်ပေးတဲ့သူတွေက အဲဒီတရားသူကြီးအဖွဲ့ကို အပြောင်းအလဲပြုလုပ်ဖို့ တောင်းဆိုခဲ့တယ်။ စွဲချက်အများအပြားရင်ဆိုင်ထားရပြီး ပြစ်မှုထင်ရှားရင် သေဒဏ်ကျခံရနိုင်တဲ့ မူဘာရက်ဟာ တရားနည်းလမ်းကျ စီရင်ခံရပါ့မလား၊ အမှုကို အချိန်ဆွဲရင်းနဲ့ပဲ ဇရာနဲ့စိတ်ဓာတ်ကျဆင်းမှုကြောင့် သူ့ဘာသာ ကွယ်လွန်သွားလေမလား မသိနိုင်သေးပါဘူး။

## ဘင်အလီ

အနောက်မျှော်ဝါဒကြောင့် နိုင်ငံတကာမှာ မျက်နှာပန်းလှပေမဲ့ ပြည်တွင်းမှာဖိနှိပ်မှုတွေနဲ့ သမ္မတထိုင်ခုံပေါ်က ၂၃ နှစ်ကြာ မထတဲ့ ဘင်အလီဟာ ဒီနှစ်မှာတော့ လူထုက ဖြုတ်ချတာခံခဲ့ရတဲ့ ပထမဆုံးခေါင်းဆောင်ဖြစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲငါးကြိမ်မှာ မဲ ၉၀ ရာခိုင်နှုန်းလောက်အမြဲရအောင် အမှန်တရားကိုအပထားပြီး စွမ်းဆောင်နိုင်ခဲ့သူပါ။ Ben A Vie ရာသက်ပန်သမ္မတကြီးလို့ ကင်ပွန်းတပ်ခံရတဲ့ဘင်အလီနဲ့သူ့မိသားစုရဲ အလွန်အမင်းကြွယ်ဝသုံးဖြုန်းမှုတွေ အကြောင်းကို ဝီကီလိခ်ကတစ်ဆင့်ပေါက်ကြားခဲ့တဲ့အချိန်မှာတော့ အလုပ်လက်မဲ့ပေါင်းများစွာနဲ့ စားစရာ အနိုင်နိုင်ရှာနေရတဲ့ မျိုးဆက်ရဲ့ဒေါသမာန်ဟာ နိုးထလာခဲ့ပါတော့တယ်။ တစ်နေ့ကြက်လေးကောင်စားတဲ့ကျားကို နန်းတော်ထဲမှာ အလုမွေး၊ မြို့တော်တူးနစ်က အမေရိကန်သံအမတ်ကို နိုင်ငံခြားကရေခဲမုန့်ကို ရေခဲသေတ္တာနဲ့သယ်လာပြီး ကျွေးတဲ့သူ့အကြောင်းတွေ ပေါက်ကြားခဲ့ပါတယ်။ သေခြင်းတရားထက် ဝမ်းနည်းစရာကောင်းတဲ့ ရှင်သန်မှုကို တူနီးရှားပြည်သူတွေ အလိုမရှိကြတော့တဲ့နောက် အာရပ်နွေဦးရဲ့ကန့်လန့်ကာအဖွင့် စံပယ်ဖြူတော်လှန်ရေး ပေါ်ပေါက်လာခဲ့ပါတော့တယ်။ ပြင်သစ်နဲ့အမေရိကန်မှာ ပညာသင်ခဲ့ပြီး တူနီးရှားထောက်လှမ်းရေးအရာရှိမျိုးရိုးက ဆင်းသက်လာတဲ့ဘင်အလီဟာ ခြေလှမ်းသွက်သွက်နဲ့ နိုင်ငံခြားကို အပြေးမြန်ခဲ့ပါတယ်။ ရွှေချောင်းတွေလေယာဉ်စီးလုံးတိုက်သယ်သွားတယ်လို့လည်း ဆိုကြပါတယ်။ သွေးထွက်သံယိုမဲ့အာဏာသိမ်းမှုနဲ့ ဒီမိုကရေစီဖော်ဆောင်ပေးမယ်ဆိုတဲ့ ကတိကဝတ်ကိုကိုင်ဆွဲပြီး ၁၉၈၇ မှာ သမ္မတဖြစ်လာခဲ့တဲ့ဘင်အလီဟာ တိုင်းပြည်ဘဏ္ဍာအလွဲသုံးမှုစွဲချက်တွေနဲ့ မျက်ကွယ် ထောင်ဒဏ် ၆၆ နှစ်ချမှတ်ခံထားရပေမဲ့ လွတ်နေဆဲဖြစ်ပါတယ်။

## ဆာလက်ဟ်

အာရပ်နွေဦးကြောင့် ပြုတ်ကျသမျှခေါင်းဆောင်တွေထဲမှာတော့ ယီမင်သမ္မတဟာ ကံအကောင်းဆုံးပါ။ အယ်လ်ကေးဒါးနှိမ်နင်းရေး အကြောင်းပြပြီး အမေရိကန်နဲ့ဆက်ဆံရေးကောင်းအောင် လုပ်ထားတာလည်းပါပါတယ်။ ရာထူးက အေးအေးဆေးဆေးထွက်ပြီး အမေရိကန်မှာဆေးသွားကုဖို့ဆိုတဲ့ လမ်းကြောင်းကို ရအောင်ယူနိုင်သူပါ။ ရက်ရက်စက်စက်နှိမ်နင်းနေပေမဲ့ ကြားဝင်ညှိနှိုင်းမှုတွေကိုလည်း လက်ခံပြီးတော့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် မူဝါဒကို ကိုင်စွဲခဲ့ပါတယ်။ စစ်ဘက်ကလာတဲ့ဆာလက်ဟ်ဟာ ၁၉၇၀ ပြည်တွင်းစစ်ကာလအတွင်း မြောက်ယီမင်တပ်တွေဘက်က ပါခဲ့ပါတယ်။ နောက်လေးနှစ်အကြာ အာဏာသိမ်းမှုမှာပါခဲ့သလို ၁၉၇၈ မှာတော့ ပါလီမန်ကရွေးချယ်မှုနဲ့ သမ္မတဖြစ်လာခဲ့ပါတယ်။ ဒီကတည်းက ၃၃ နှစ်ကြာအောင် ထိုင်ခုံမြဲခဲ့တဲ့ဆာလက်ဟ်ဟာ ပြီးခဲ့တဲ့ဇွန်လက သမ္မတနန်းတော်တိုက်ခိုက်ခံရမှုမှာ အသက်ဘေးက သီသီလေးလွတ်ခဲ့တာပါ။ ဆာလက်ဟ်ကို တရားဥပဒေရှေ့မှောက်အရောက်ပို့ပြီး သူ့အတွင်းစည်းကို အာဏာဆက်ကိုင်မထားစေဖို့ မျှော်လင့်ထားတဲ့ ကန့်ကွက်သူတွေရဲ့ဆန္ဒကတော့ မဖြစ်လာသေးပါဘူး။

## အိုစမာဘင်လာဒင်



အမေရိကန်နဲ့ကမ္ဘာတစ်ဝန်းကို ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် အိပ်မက်ဆိုးပေးခဲ့တဲ့ အယ်လ်ကေးဒါးအဖွဲ့ခေါင်းဆောင်အိုစမာဘင်လာဒင်ဟာ အဲဒီဖြစ်စဉ် ၁၀ နှစ်ပြည့်တဲ့နှစ်မှာတော့ အမေရိကန် Navy Seals အဖွဲ့ရဲ့ ချေမှုန်းခြင်းခံလိုက်ရပါတယ်။

၉/၁၁ ဖြစ်စဉ်အပြီးမှာ အမေရိကန်နဲ့နိုင်ငံတကာတပ်တွေရဲ့ ပိုက်စိပ်တိုက်ထိုးစစ်ဆင်မှုတွေကို အာဖဂန်၊ ပါကစ္စတန်နယ်ခြားတွေမှာ ရှောင်တိမ်းနိုင်ခဲ့တဲ့ ဘင်လာဒင်ဟာ အထိမ်းအမှတ်နေ့တွေရောက်ရင်တော့ မှာတမ်းခွေထားတဲ့ အသံလွှင့်ဖိုင်တွေ ထုတ်ပြန်လေ့ရှိပါတယ်။ သူချေမှုန်းခံရတဲ့နေရာကလည်း ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမာဘတ်မှာရှိတဲ့ စစ်သင်တန်းကျောင်းနဲ့လည်း မနီးမဝေးမှာရှိတဲ့ ခြံတစ်ခြံကြီးထဲမှာဖြစ်နေတယ်ဆိုတော့ အမေရိကန်နဲ့ပါကစ္စတန်အကြား မယုံကြည်မှုတွေဖြစ်အောင် တမင်ဖန်တီးခဲ့သလား ထင်ရပါတယ်။

ပါကစ္စတန်အစိုးရအတွက်လည်း သူ့နိုင်ငံထဲမှာ အကြမ်းဖက်အဖွဲ့ခေါင်းဆောင်တစ်ဦး ဖိမ်ကျကျပုန်းနေတယ်ဆိုတာ နှစ်နဲ့ချီမသိရလေအောင် ဘင်လာဒင်ဘယ်လိုလုပ်ထားခဲ့တယ်ဆိုတာ ပါကစ္စတန်အစိုးရနဲ့ ဘင်လာဒင်တို့ပဲ သိမှာပါ။ အကြမ်းဖက်တိုက်ခိုက်မှုတွေကိုအားပေးပြီး အမေရိကန်ရဲ့ရန်သူတော်ဖြစ်ခဲ့တဲ့ ဘင်လာဒင်မရှိတော့တဲ့နောက်မှာတောင် အမေရိကန်ကို ပြဿနာတွေပေးသွားခဲ့ပါတယ်။ ဘင်လာဒင်စစ်ဆင်ရေးအပြီး အမေရိကန်နဲ့ပါကစ္စတန်အစိုးရတို့အကြားမှာ ဆက်ဆံရေးအလွန်ဆိုးရွားခဲ့ပြီး မယုံကြည်မှုတွေ တိုးပွားလာလို့ အခုချိန်မှာ နှစ်နိုင်ငံအကြား တင်းမာမှုဆက်ရှိနေဆဲပါ။





## မွမ်မာကဒါဖီ

အပျိုစင်တွေပြည့်နှက်နေတဲ့ တဲတစ်လုံးကို အလိုရှိတယ်လို့ဆိုခဲ့ဖူးသူ၊ အပျိုစင်တွေကို ကိုယ်ရံတော်များအဖြစ်ခန့်ထားခဲ့သူ၊ ရောက်ရာနိုင်ငံတွေမှာ တဲကြီးတွေထိုးပြီးမှ စတိုင်တစ်မျိုးထွင်နေတတ်သူ လစ်ဗျားအာဏာရှင်မွမ်မာကဒါဖီဟာ ဒီနှစ်မှာတော့ ရာထူးဖြုတ်ချခံရတဲ့ တတိယမြောက်အာရပ်ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။

၁၉၆၉ ခုနှစ်မှာ အာဏာသိမ်းပြီးတက်လာတဲ့ ဗိုလ်မှူးကြီးကဒါဖီဟာ အစိုးရခေါင်းဆောင်ရာထူးတစ်ခုမှ မယူဘဲ သူနဲ့မိသားစုဝင်တွေပေါင်းပြီး နိုင်ငံမှာပေါ်ကြွယ်ဝတဲ့ ရေနံလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်၊ စစ်တပ်ကို ချုပ်ကိုင်ခဲ့တာ နှစ်ပေါင်း ၄၀ ကျော်ခဲ့တယ်။

အာရပ်နွေဦးတော်လှန်ရေးကိုအားကျပြီး လစ်ဗျားပြည်သူတွေက အစိုးရကိုဆန္ဒပြလာချိန်မှာတော့ သူ့ကိုယ်သူ 'တော်လှန်ရေးရဲ့ခေါင်းဆောင်'လို့ ခံယူထားတဲ့ ကဒါဖီဟာ ကိုယ့်ပြည်သူတွေကို ဖုံးကြဲဖို့အထိတောင် ညွှန်ကြားခဲ့သူပါ။ အဲဒီလောက်အထိ ဆိုးရွားလာလို့ ကုလသမဂ္ဂ ဆုံးဖြတ်ချက်နဲ့ နေတိုးအဖွဲ့အပါအဝင် နိုင်ငံတကာကလေကြောင်းထိုးစစ်ဆင်ပြီး တော်လှန်ရေးသမားတွေကို ကူညီပေးခဲ့ရတယ်။

မသေခင်မှာတော့ နိုင်ငံတကာကိုရော၊ တော်လှန်ရေးသမားတွေကိုရော အပုပ်ချတဲ့စကားမျိုးစုံပြောခဲ့တဲ့ ကဒါဖီဟာထွက်ပြေးဖို့ကြိုးစားတုန်းမှာ မွေးရပ်မြေ ဆာတီမြို့အနီးမှာ တော်လှန်ရေးသမားတွေရဲ့ ဖမ်းဆီးခြင်းခံရပါတယ်။

ကဒါဖီကိုဖမ်းမိချိန်မှာရှိနေတဲ့ တော်လှန်ရေးသမားတွေထဲမှာ သူ့ရဲ့ မတရားလုပ်ရပ်တွေ ခါးစည်းခံရသူတွေပါမှာပါပဲ။ ကဒါဖီကို ပစ်သတ်လိုက်တယ်လို့ ဝန်ခံထားတဲ့သူက မတရားမှုကမ်းကုန်အောင် ကျူးလွန်ထားတဲ့ ကဒါဖီကို တရားဥပဒေအတိုင်းစီရင်နိုင်အောင် လွှဲပေးမယ်ဆိုပြီး အလွယ်တကူခွင့်ပေးမှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်။ ကဒါဖီရဲ့ဇနီးကတော့ သူ့ယောကျ်ားသေဆုံးမှုကို (ICC) က စစ်ဆေးပေးဖို့ တောင်းဆိုထားပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကဒါဖီဟာ သေဆုံးခဲ့ပြီးဖြစ်ပြီး တကယ်လို့သာ ကဒါဖီဟာ အီရတ်အာဏာရှင်ဆက်ဒမ်ဟူစိန်လို အမေရိကန်တွေလက်ထဲမှာ ဖမ်းမိခဲ့ရင် အခုလိုမျိုး သေရဖို့ မရှိပါဘူး။ အနည်းဆုံးတော့ သူကျူးလွန်ထားတဲ့အပြစ်တွေကို ဝန်ခံပြီးမှသာ တရားဥပဒေအတိုင်း စီရင်ခံရမှာဖြစ်ပါတယ်။ အခုအခါမှာတော့ သူ့ရဲ့ရက်စက်မှုတွေကို ရက်ရက်စက်စက်ပြန်လည်တုံ့ပြန်ခံခဲ့ရပြီး ဆိုးဆိုးရွားရွားပုံစံနဲ့ အသေဆိုးခဲ့ရပါတယ်။ ရန်ကို ရန်ချင်း တုံ့နှင်းတတ်တဲ့ဓလေ့နဲ့ တရားဥပဒေရှေ့မှောက်မတင်ဘဲ လက်တုံ့ပြန်မှုဟာ ခံစားရတဲ့သူတွေဘက်က တန်ပြင် မတန်သေးဘူးဆိုသည့်တိုင် မဖြစ်သင့်တဲ့ကိစ္စလို့တော့ နိုင်ငံတကာက ယူဆကြပါတယ်။ လူမျိုးစုတွေများတဲ့ လစ်ဗျားအနာဂတ် ကဒါဖီမရှိတဲ့နောက် ဘာဆက်ဖြစ်မယ်ဆိုတာကလည်း မရေရာသေးပါဘူး။

ERIA ဆိုတဲ့ စကားဝှက်နဲ့အတူ ရောက်လာခဲ့ပါတယ်။ Geronimo ဆိုတာက ဘင်လာဒင် ကို ခေါ်တဲ့စကားဝှက်ဖြစ်ပြီး

# V

## တစ်ကျော့ပြန်ဇာတ်ရှင်

■ ဗလာဒီမာပူတင်၊ လေးနှစ်တာ ဝန်ကြီးချုပ်လုပ်ခဲ့ပြီးနောက် သမ္မတနေရာကို ၂၀၂၄ ခုနှစ်အထိ ပြန်လည်ရယူရန် လမ်းခင်းထားခဲ့ပြီး ယခုနှစ်တွင် တရားဝင်ကြေညာခဲ့

၂၀၁၁ ခုနှစ်ဟာ ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲတာ နှစ် (၂၀) ပြည့်တဲ့နှစ်ဖြစ်ပါတယ်။ ရုရှားတွေ က ကွန်မြူနစ်တွေရဲ့ နှစ် ၇၀ ကြာ အုပ်စိုးမှုကို ဆန့်ကျင်ခဲ့ပြီး ဒီမိုကရေစီနဲ့လွတ်လပ်မှုကို ရှာဖွေခဲ့ကြပါတယ်။ သူတို့ရခဲ့တာက (*bardak*) လို့ ခေါ်တဲ့ ရှုပ်ထွေးပွေလီတဲ့ အခြေအနေတစ်ရပ်ပါ။ ၁၉၉၀ ပြည့်လွန်နှစ်များဟာရုရှားအတွက် ဒီမိုကရေစီဆိုတာ ခါးသက်သက်အရာတစ်ခုပါ။

ဆိုဗီယက်ခေတ် စက်မှုလုပ်ငန်းဟောင်းတွေကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကနေ ဘီလျံနာလူတန်းစားတစ်ရပ်ပေါ်ထွက်လာတယ်။ ဒီလိုခေတ်အခါ ဘောရစ်ယဲ့လ်ဆင်အလွန်မှာ သမ္မတဖြစ်လာတဲ့ပူတင်ဟာ သမ္မတ ရှစ်နှစ်လုပ်၊ ဝန်ကြီးချုပ်လေးနှစ်လုပ်ခဲ့ပြီးတဲ့နောက် လာမဲ့နှစ် မတ်လ သမ္မတ ရွေးကောက်ပွဲမှာ ပြန်အရွေးခံဦးမှာပါ။မက်ဗီဒက်လက်ထက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲခဲ့တာကြောင့် သမ္မတသက်တမ်းက ၆ နှစ်ဖြစ်သွား ခဲ့ပြီး ပူတင်သာ နိုင်အောင်လုပ်နိုင် မယ်ဆို ၂၀၂၄ အထိသမ္မတဆက် လုပ်လို့ရမှာပါ။

ဒါပေမဲ့ အကွက်ချထားတဲ့ အတိုင်းဖြစ်လာဖို့ကတော့ မလွယ်လှပါဘူး။ ဒီဇင်ဘာလပါလီမန်ရွေးကောက်ပွဲအပြီးမှာတော့ ကန့်ကွက်မှုတွေကိုရင်ဆိုင်လာရတဲ့ပူတင်တစ်ယောက် အသက် ၇၁ နှစ်ပြည့် မွေးနေ့ ကို သမ္မတဘဝနဲ့ဆင်နွှဲခွင့်ရကောင်းရနိုင်ပေမဲ့ ၂၀၂၄ ထိဆိုတာကတော့။

## နိုင်ငံသစ်ကို သန္ဓေလွယ်သူ

■ မာမွတ်အဘားစ်၊ ဆွေးနွေးမှုများအလုပ်မဖြစ်သည့်နောက်တွင် ကန့်ကွက်မှုများကြားမှ နိုင်ငံထူထောင်ခွင့်ကိုတင်သွင်းခဲ့ပြီး မအောင်မြင်သော်လည်း ထောက်ခံမှုကြီးကြီးမားမားရရှိခဲ့

မာမွတ်စ်အဘားစ်ဟာ သူ့နယ်မြေထဲက ပြိုင်ဘက်ဟားမားစ်အဖွဲ့ရဲ့ ဆန့်ကျင်မှု၊ အစ္စရေးရဲ့ကန့်ကွက်မှု၊ အစ္စရေးနဲ့ဆွေးနွေးပွဲမလုပ်ဘဲ နိုင်ငံထူထောင်ခွင့်တောင်းခံမယ်ဆိုရင်ဗီတိုသုံးပယ်ချမယ်ဆိုတဲ့ အမေရိကန် ရဲ့ သတိပေးမှုတွေကြုံခဲ့ရတာပါ။ ဒါပေမဲ့လည်း ပါလက်စတိုင်းနိုင်ငံထူထောင်ခွင့်ရပြီဆိုရင် နိုင်ငံရေးလောကကနေ အနားယူမယ်ဆိုတဲ့ အဘားစ်ဟာဖြစ်လာနိုင်ခြေနည်းပါးတာ သိပေမဲ့ကြိုးပမ်းခဲ့ပါတယ်။ ကြိုးပမ်းမှုဟာအရာမထင်သေးပေမဲ့ ပါလက်စတိုင်းပြည်သူတွေနဲ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၀၀ ကျော်ရဲ့ ထောက်ခံမှုကို ရခဲ့ပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်နဲ့ အမေရိကန်သမ္မတအိုဘားမားတို့က ပါလက်စတိုင်းအနေနဲ့ အစ္စရေးနိုင်ငံနဲ့ နှစ်နိုင်ငံယှဉ်တွဲပေါ်ပေါက်ရေးကို အစ္စရေးနှင့်ဆွေးနွေးမှုပြုလုပ်ပြီးမှသာ နိုင်ငံထူထောင်ခွင့်ကိုလက်ခံမယ်လို့ ပြောထားပါတယ်။ ဒါပေမဲ့ အစ္စရေးကလည်း သူ့ပြည်တွင်းရေးနဲ့သူမို့ ပါလက်စတိုင်းတို့လိုချင်တဲ့နိုင်ငံထူထောင်ခွင့်ကိုအလွယ်တကူပေးမယ့်ပုံမရှိပါဘူး။

ခေါင်းဆောင်ဟောင်းယာဆာအာရာဖတ်အရိပ်လွှမ်းမိုးမှု အောက်ကနေ ရုန်းထွက်ပြီး ပါလက်စတိုင်းအမျိုးသားရေးဝါဒီတစ်ဦးအဖြစ် ပုံရိပ်ထူထောင်ခဲ့တဲ့အဘားစ်ဟာ အစ္စရေးနဲ့ အနှစ် ၂၀ ကြာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆွေးနွေးမှုအပေါ်စိတ်ပျက်လာလို့ ကုလသမဂ္ဂမှာ တင်းပြည့်အဖွဲ့ဝင်အဖြစ် တိုက်ရိုက်တောင်းဆိုခဲ့တာပါ။ နိုင်ငံသစ်တစ်ခုမွေးဖွားဖို့ သန္ဓေလွယ်ထားတဲ့ အဘားစ်ရဲ့မျှော်လင့်ချက်တွေဖြစ်လာ၊ မလာ ဆိုတာကတော့။




## တော်လှန်ရေးခေါင်းစဉ်အောက်က အာဏာရှင်

■ ဟူဂိုချားဗက်ဇ်၊ ကင်ဆာရောဂါဖြစ်ပွားခဲ့သော်လည်း နောင်နှစ်ပေါင်းများစွာ သမ္မတဆက်လက်ဦးမည်ဟု ကြွေးကြော်ထားသူ

လေထီးစစ်သားဟောင်း ဟူဂိုချားဗက်ဇ်ကတော့ ကင်ဆာကြောင့် ဓာတ်ကင်ရင်း ထိပ်ပြောင်နေပြီဖြစ်ပေမဲ့သူ့တော်လှန်ရေးက မပြီးဆုံးသေးဘူးလို့ ကြွေးကြော်နေဆဲပါ။

အမေရိကန်ကို အစဉ်တစ်စိုက်ဝေဖန်လေ့ရှိတဲ့ ချားဗက်ဇ်ဟာ ရွေးကောက်ပွဲတွေ၊ ဆန္ဒခံယူပွဲတွေမှာ အကြိမ်ကြိမ်အနိုင်ယူပြီး အကန့်အသတ်မဲ့ ရာထူးရယူနိုင်ဖို့လည်း အခြေခံဥပဒေကိုလည်းပြင်ခဲ့ပါတယ်။ကျောင်းဆရာသားချားဗက်ဇ်ကို ထောက်ခံသူတွေကတော့ သူဟာ ဆင်းရဲသားတွေကိုကြည့်ရှုသူလို့ ဆိုကြပေမဲ့ကန့်ကွက်သူတွေအတွက်တော့ သူဟာ အာဏာရှင်တစ်ဦးပါ။

၂၀၁၂ ခုနှစ် ရွေးကောက်ပွဲမှာလည်း သူက ဝင်ပြိုင်ဦးမှာဖြစ်ပြီး သမ္မတထပ်ဖြစ်ရင်တော့ ၂၀၁၉ ခုနှစ်အထိ အာဏာရမှာပါ။ ဒါပေမဲ့ ဒီနှစ်လယ်မှာ ကင်ဆာရောဂါဖြစ်ခဲ့တယ်။ ကုသမှု အကြိမ်ကြိမ်လုပ်ခဲ့ပြီးတော့ အံ့ချီးဖွယ်ကြေညာချက်အနေနဲ့ ကင်ဆာပျောက်ပြီလို့ ဆိုခဲ့ပါတယ်။

သူကိုယ်တိုင် အာဏာရှင်အစိုးရကို တိုက်ခိုက်လို့ ထောင်ကျခဲ့ဖူးသလို ကိုယ်တိုင်သမ္မတဖြစ်လာချိန်မှာတော့ အတိုက်အခံတွေကို ပြန်လည် နှိပ်ကွပ်ခဲ့ပါတဲ့ ချားဗက်ဇ်ဟာ ၂၀၁၂ ခုနှစ်မှာ ထပ်နိုင်ပြီး သမ္မတဆက်လုပ်နိုင်ဦးမလား ဆိုတာတော့ ကင်ဆာကပဲအဆုံးအဖြတ်ပေးပါလိမ့်မယ်။

## ခြစားမှုတိုက်ဖျက်ရေးမီးရှူးတိုင်ကို စောင့်ကြပ်သူ

■ အန်နာဟာဇာရီ၊ အစာငတ်ခံဆန္ဒပြပြီး အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်နိုင်ရေး ဦးဆောင်စေ့ဆော်နိုင်ခဲ့သူ

စကားညင်ညင်သာသာပြောတတ်တဲ့ အသက် ၇၄ နှစ်ရှိ အန်နာဟာဇာရီဟာ အိန္ဒိယခြစားမှုတိုက်ဖျက်ရေးရဲ့နောက်ကွယ်ကတွန်းအားဖြစ်လိမ့်မယ်ဆိုတာ အရင်တုန်းက ဘယ်သူမှစိတ်မကူးဖူးခဲ့တဲ့ကိစ္စပါ။ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံမှာ ဟာဇာရီဟာ ရက်အတော်ကြာ အစာငတ်ခံပြီးတော့အစိုးရကို ဆန္ဒပြမှုအကြိမ်ကြိမ်လုပ်ခဲ့တဲ့အခါမှာ ပြည်သူထောင်ပေါင်းများစွာ ပါဝင်လာခဲ့ပါတယ်။ ဟာဇာရီရဲ့ တောင်းဆိုချက်ကိုလည်း လွှတ်တော်မှာဆွေးနွေးခဲ့ရပါတယ်။

ဗျူရိုကရေစီဆန်တဲ့အစိုးရအဖွဲ့အတွင်း နှစ်ပေါင်းများစွာ အတွင်းလိုက်ခြစားနေမှုကို လူလတ်တန်းစားတွေက မခံမရပ်နိုင်ဖြစ်လာတဲ့နောက် ကန့်ကွက်လာကြတာမှာ ဟာဇာရီဟာ ဦးဆောင်သူပါပဲ။ ဒီနှစ်ထဲမှာ အစိုးရအဓိကဝန်ကြီးအချို့ရဲ့ ခြစားမှုအရှုပ်တော်ပုံတွေ ပေါ်လာပြီးတဲ့နောက် ဝေဖန်မှုတွေ ညံလာခဲ့ပါတယ်။

ဟာဇာရီနဲ့ သူ့ကိုထောက်ခံသူတွေက ဝန်ကြီးချုပ်ကို တရားစွဲဆိုခွင့်ရှိစေမယ့်ခြစားမှုတိုက်ဖျက်ရေးဥပဒေကြမ်းတစ်ခု တင်သွင်းနိုင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်ကို တရားစွဲဆိုမှုကင်းလွတ်ခွင့်ပေးထားတဲ့ ဥပဒေကြမ်းကို အောက်လွှတ်တော်က အတည်ပြုထားပေမဲ့ အထက်လွှတ်တော်က အတည်မပြုခဲ့ပါဘူး။ ဟာဇာရီဟာ အခုချိန်မှာတော့ လူလတ်တန်းစားသန်းပေါင်းများစွာကိုလှုပ်နှိုးနိုင်ခဲ့ပါပြီ။ "ခြစားမှုတိုက်ဖျက်ရေးမီးရှူးတိုင်ကို ခင်ဗျားတို့ မီးထွန်းညှိခဲ့တယ်" ဟု ဟာဇာရီက ထောက်ခံသူတွေကိုပြောခဲ့တယ်။အဲဒီမီးရှူးတိုင်ဟာ ဘယ်အချိန်မှာငြိမ်းသွားမလဲဆိုတာ မသိပေမယ့် ဟာဇာရီကတော့ ဒီအတိုင်း မီးငြိမ်းခံမှာမဟုတ်ပါဘူး။

■ ကိတ်မစ်ဒယ်လ်တန်၊တေ

မင်းသားဝီလျံနဲ့ သူ့ရဲ့လက်ထပ်ပွဲကို လူသန်းပေါင်းများစွာက စိတ်ဝင်တစားကြည့်ခဲ့ကြပြီး ထောပနာပြုခဲ့ကြပါတယ်။ တော်ဝင်အိမ်တော်ဝင်ဆာမှာရှိတဲ့သူတိုင်းက ထင်ရှားသူတွေပါ။ ဒါပေမယ့် ထင်ရှားသူတွေအားလုံးထဲမှာ အထင်ရှားဆုံးဖြစ်လာတာက ကိန်းဘရစ်မြို့စားကတော် မစ်ဒယ်လ်တန်ပါ။ လှပပြီး ထက်မြတ်သူ အရပ်သားမှတော်ဝင်အသိုင်း အဝိုင်း

စာမျက်နှာ (x) မှအဆက်

ဘာဖြစ်နေသလဲဆိုသည်ကို ကမ္ဘာက သိဖို့ကူညီခဲ့သည်။ ပျံ့နှံ့ဖို့ ကူညီခဲ့သည်။ နည်းပညာဝါယာကြိုးတပ်တော်လှန်ရေးဟူ၍တော့ ကင်ပွန်းမတပ်နိုင်။ နည်းပညာတကာ့ နည်းပညာတို့ရဲ့ရှေ့အကျဆုံး လူသားတို့မှာ မွေးရာပါတပ်ဆင်ထားပြီးဖြစ်သော နှလုံးသားနှင့် စိတ်ထားတို့၏ တော်လှန်ရေးစစ်စစ်။

### Happy Ending ဖြစ်၊ မဖြစ်

ယခုနှစ်သည် အတိုင်းအတာတစ်ခုထိတော့ ဆန္ဒတို့ရှုပ်လုံးပေါ်လာသည့်နှစ်ဟု ဆိုနိုင်ပါသည်။ သို့ပေမဲ့ တကယ့်ဘဝတွေသည်သာမန် ရုပ်ရှင်ထဲကလို Happy Ending ဖြင့် အမြဲအဆုံးမသတ်။ တော်လှန်ရေး၏ နောက်ဆက်တွဲမှာ မဖြေရှင်းနိုင်သေးတာတွေ တစ်ပုံတစ်ခေါင်း ကျန်ခဲ့သည်။ တူနီးရှားကတော့ မဆိုးလှ။ အီဂျစ်မှာက စစ်ဘက်နှင့် အစ္စလာမစ်အခြေခံဝါဒီတွေ၏ပြဿနာ၊ လစ်ဗျားမှာက လူမျိုးစုပြဿနာ၊ ယီမင်နှင့်ဆီးရီးယားမှာက ဇာတ်လမ်းမပြီးသေး။ ဥရောပနှင့်အမေရိကမှကန့်ကွက်မှုမျိုးကတစ်မျိုးတစ်ဘာသာ။ သူတို့လည်းအဖြေမထွက်သေး။သူတို့တစ်တွေသည် မလိုချင်သော အရာကိုသာ ကန့်ကွက်ခဲ့ကြတာဖြစ်သည်။ ဘာကိုလိုချင်သလဲ၊ လိုချင် တာတွေဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုသည့် အပိုင်းက အများကြီး ကျန်နေသေးသည်။

### Person of the Year

မည်သို့ပင်ဆိုစေ မတည်ငြိမ်သော၊ အမြဲမရှိသော လောကဇာတ်ခုံ၏ ဒီတစ်နှစ်တာအတွက်တော့ လူသားရဲ့ ဂုဏ်သိက္ခာကိုပြန်လည်ထွန်းတောက်စေဖို့ ရှေးအကျဆုံး နည်းပညာဖြစ်သော နှလုံးသားနှင့် စိတ်ထားကို ခေတ်အမီဆုံး အိုင်တီနည်းပညာများနှင့်ပေါင်းစပ်နိုင်သော၊ ၂၁ရာစုအစ ဂြိုဟ်ကမ္ဘာကို (တစ်ခါတရံမှာပိုပြီး အန္တရာယ်ရှိလာစေပေမဲ့) ပိုပြီးဒီမိုကရေစီဆန်တဲ့လမ်းကြောင်းပေါ် မောင်းနှင်ပေးနိုင်သော ကမ္ဘာတစ်လွှားမှဆန္ဒပြသူများသည်သာ ယခုနှစ်၏ Person of the Year ဖြစ်သည်ဟု ရွေးချယ်ဖော်ပြပါသည်။

■

## The Protest



**၁ အယ်လ်ဂျီးရီးယား**

အစားအစာနဲ့အလုပ်အကိုင်ရှားပါးမှုနဲ့ ပတ်သက် လို့အဓိကရုဏ်းတွေဇန်နဝါရီလ၃ရက်နေ့မှာစပြီးတဲ့နောက် ၁၉ နှစ်ကြာနိုင်ငံအရေးပေါ်အခြေအနေကို ဖေဖော်ဝါရီလမှာ ရုပ်သိမ်းပေးခဲ့ပါတယ်။

**၂ တူနီးရှား**

သမ္မတဘင်အလီဟာ သူရဲ့ ၂၃နှစ်ကြာ အုပ်ချုပ်မှုကိုဇန်နဝါရီလ၁၄ရက်နေ့မှာအဆုံးသတ်ခဲ့ပါတယ်။ဒီဇင်ဘာလမှာ ကြားဖြတ်သမ္မတတစ်ဦးကိုရွေးချယ်ခဲ့ပါတယ်။

**၃ အီဂျစ်**

ဆန္ဒပြမှုတွေဟာဇန်နဝါရီလ ၂၅ ရက်နေ့မှာ စတင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာသမ္မတမှူဘာရက်ရာထူးက နုတ်ထွက်ပေးခဲ့ရပါတယ်။

**၄ ယီမင်**

ဆန္ဒပြမှုများဖေဖော်ဝါရီလတွင်စတင်ခဲ့ပြီး နိုဝင်ဘာလ ၂၃ရက်နေ့တွင်သမ္မတဆာလက်က ၃၃နှစ်ကြာအုပ်စိုးမှုကိုအဆုံးသတ်ရန် သဘောတူညီချက်တစ်ခုကိုလက်မှတ်ရေးထိုးခဲ့သည်။

**၅ ဆီးရီးယား**

ဆန္ဒပြမှုတွေ ဇန်နဝါရီလမှာ စတင်ခဲ့ပြီး မတ်လမှာအရှိန်ရလာပါတယ်။ အကြမ်းဖက်နှိမ်နင်းမှုတွေ ရှိနေဆဲဖြစ်ပါတယ်။

**၆ ဂျော်ဒန်**

ဇန်နဝါရီလကလူထောင်ပေါင်းများစွာဟာ ငြိမ်းချမ်းစွာဆန္ဒပြခဲ့ပြီးဝန်ကြီးချုပ်နုတ်ထွက်ဖို့ တောင်းဆိုခဲ့ကြပါတယ်။

**၇ ဝစ္စကွန်ဆင်**

အလုပ်ရှင်နဲ့အလုပ်သမားသမဂ္ဂတို့ ညှိနှိုင်းဆွေးနွေးမှုကို ကန့်သတ်သည့်ဥပဒေတစ်ခုကို ဆန့်ကျင်တဲ့ဆန္ဒပြမှုတွေဟာ တစ်မျိုးသားလုံးရဲ့ ထောက်ခံမှုကိုရှိခဲ့ပြီးဥပဒေပြဋ္ဌာန်းပေးခဲ့ရပါတယ်။

**၈ ဘာရိန်း**




## ပေကျင်းကိုဝေဖန်သူ

■ အိုက်ဝေဝေ၊ ထင်ရှားသောအနုပညာရှင်တစ်ဦးဖြစ်ပြီး တရုတ်အစိုးရကိုဝေဖန်မှုများကြောင့်ထိန်းသိမ်းခံရသူ

ပြီးခဲ့တဲ့နွေဦးနဲ့နွေရာသီ၈၁ ရက်အတွင်းမှာတော့ ဘယ်ရောက်မှန်းမသိပျောက်ဆုံးသွားသူတွေထဲမှာ အနုပညာရှင်အိုက်ဝေဝေဟာ အထင်ရှားဆုံးဖြစ်ခဲ့ပါတယ်။ ပေကျင်းရဲ့အထင်ကရ ငှက်သိုက်ပုံ အမျိုးသားကစားကွင်းကြီးကို ဖန်တီးရာမှာ အနုပညာအကြံပေးအနေနဲ့အဓိက အိုင်ဒီယာပေးသူဖြစ်ခဲ့တဲ့ အိုက်ဝေဝေဟာ ဧပြီလ ၃ ရက်နေ့ ဟောင်ကောင်ကိုသွားဖို့ပြင်ဆင်နေချိန်မှာ အဖမ်းခံခဲ့ရတာပါ။

သူ့ကိုလွှတ်ပေးဖို့ ကမ္ဘာတစ်ဝန်းက သူ့မိတ်ဆွေတွေနဲ့သူ့ပရိသတ်တွေက တောင်းဆိုအသနားခံနေကြတဲ့အချိန်မှာ အိုက်ဝေဝေတစ်ယောက် ကတော့ အားလုံးနဲ့အဆက်အသွယ်ဖြတ်တောက်ခံထားခဲ့ရသလို အကြိမ် ၅၀ လောက် စစ်မေးခံခဲ့ရတယ်။

နိုဝင်ဘာလမှာ အခွန်အကြွေးကျန် ကိစ္စနဲ့ပြဿနာထပ်ရှာခံရပြီး ထောက်ခံသူတွေ၊ မိတ်ဆွေတွေက ကူညီပေးခဲ့ကြပါတယ်။ တော်လှန်ရေးကဗျာဆရာ တစ်ဦးရဲ့သား အသက် ၅၂ နှစ်ရှိပြီဖြစ်တဲ့ အိုက်ဝေဝေဟာ မကြာသေးမီနှစ်များအတွင်းမှာ အာဏာအလွဲသုံးမှုတွေနဲ့ပတ်သက်လို့ သူ့ဒေါသကိုထုတ်ဖော်ခဲ့သလို အွန်လိုင်းကနေ လှုံ့ဆော်မှုတွေလုပ်ခဲ့ပါတယ်။ ၂၀၀၈ စီချွမ်ငလျင်မှာ ကျောင်းတွေပြိုကျပြီး ကလေးတွေ သေကြတာကို စေတနာ့ဝန်ထမ်းစုံစမ်းမှုတွေတောင်လုပ်ခဲ့ပါသေးတယ်။ အာရပ်နွေဦးအရှိန်မြင့်စဉ်မှာ တရုတ်ဘက်လှည့်မလာအောင်ထိန်းသိမ်းမှုတွေ လုပ်စဉ်မှာ အိုက်ဝေဝေလည်း ပါသွားခဲ့တာပါ။ တရုတ်ကိုပြောင်းလဲဖို့အတွက် အနောက်ကို ဖွင့်ပေးရမယ်၊ အင်တာနက်ကိုဖွင့်ပေးရမယ်၊ သတင်းအချက်အလက်တွေကို စိစစ်ပိတ်ပင်တာ မလုပ်ရဘူးဆိုတာ သူ့အယူအဆပါ။

အမှန်တရားအတွက် တိုက်ပွဲဝင်နေသူဖြစ်တဲ့အတွက် သူဟာ တရုတ်အစိုးရရဲ့ရန်သူတော်လိုဖြစ်နေကြောင်း လွတ်လပ်စွာ ရေးသား ပြောဆိုခွင့်အတွက် တိုက်ပွဲဝင်နေတဲ့ အိုက်ဝေဝေက ပြောခဲ့ပါတယ်။

## အကန့်အသတ်ရှိသော စူပါပါဝါကို အလုပ်ဖြစ်အောင်အသုံးချသူ

■ ဟီလာရီကလင်တန်၊ ဗဟုစုံကမ္ဘာတွင် အကန့်သတ်ရှိသော အမေရိကန်စူပါပါဝါကို အလုပ်ဖြစ်အောင်အသုံးချနိုင်သူ

ဟီလာရီ၏စမတ်ပါဝါကို အသုံးချနိုင်မှုတွင် လစ်ဗျားအရေးသည်စံနမူနာဖြစ်ခဲ့ပါတယ်။ စီးပွားရေးအကျပ်အတည်းကြားက ရှုန်းထနေရတဲ့ အမေရိကန်ဟာ နောက်ထပ်စစ်ပွဲတစ်ပွဲကို ဦးမဆောင်လိုတော့။ ဦးဆောင်ကာ လစ်ဗျားမြေကို ဝင်လျှင်လည်း ရလဒ်တို့က မရေရာမှန်းသင်ခန်းစာရခဲ့ပြီးပြီ။ ဒီအချိန်မှာ ကလင်တန်ဟာ ပြင်သစ်နဲ့ဗြိတိန်ကိုမပျံ့သန်းရဇုန်သတ်မှတ်ရေးမှာဦးဆောင်စေဖို့၊ အာရပ်ခေါင်းဆောင်များပါပါဝင်ကြဖို့ သွေးဆောင်နိုင်ခဲ့ပါတယ်။

လွှမ်းမိုးမှုရှိဆဲ စစ်ရေးပါဝါအမာနဲ့ စီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့်နည်းပညာနယ်ပယ်ကပါဝါအပျော့ကို ရောသုံးပေမဲ့ အမေရိကအတွက် ၂၁ ရာစုမှာ အကန့်အသတ်ရှိလာပြီဆိုတာကို သူနားလည်ထားခဲ့သည်။ 'ပါဝါတွေအားလုံးမှာအကန့်အသတ်ရှိပါတယ်။ ပိုပြီးကွန်ရက်ချိတ်ဆက်နိုင်တဲ့ ဝင်ရိုးစုံကမ္ဘာမှာပေါ့။ တရုတ်၊ ဘရာဇီး ဒါမှမဟုတ် အိန္ဒိယကို မတိုးတက်ကြပါနဲ့လို့ မော်ကြိမ်လုံးယမ်းပြီး အမိန့်မပေးနိုင်ဘူး"ဟု ဟီလာရီကဆိုခဲ့ပါတယ်။

ဟီလာရီဟာ နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်အနေနဲ့ ဒီနှစ်ထဲမှာ စံချိန်တင်ကမ္ဘာလှည့်ခရီးထွက်ခဲ့သူပါ။ အသက် ၆၄ နှစ်ရှိပြီဖြစ်ပေမဲ့ ဟီလာရီဟာ တစ်နေ့ ၁၈ နာရီအလုပ်ချိန်ကို လေယာဉ်ပေါ်မှတစ်ရေးတမောအိပ်ချိန်နဲ့အားဖြည့်ပြီးခရီးဆက်ခဲ့သူပါ။ လူမှုကွန်ရက်နဲ့ အစိုးရမဟုတ်သော ဇာတ်ဆောင်တွေရဲ့ကဏ္ဍအရေးပါလာတဲ့ ခေတ်အခါမှာနေရာတကာဦးဆောင်မှုဆိုတဲ့ အကုန်အကျများတဲ့ဇာတ်ကွက်ကို ကစရာမလိုဘဲ စူပါပါဝါအဖြစ်ဆက်ရပ်တည်ဖို့ ဟီလာရီကဦးဆောင်နိုင်ခဲ့ပါတယ်။

## ဘဏ္ဍာရေးမုန်တိုင်းကြားက ဥရောပ၏ဘုရင်မ

■ အင်ဂျလာမာကယ်လ်၊ ဥရောပဘဏ္ဍာရေးအကျပ်အတည်းကို ဦးဆောင်ကိုင်တွယ်သူ

ဥရောပရဲ့ အနာဂတ်ဟာ သီးသန့်ဆန်လွန်းတဲ့ခေါင်းဆောင်တစ်ယောက်ရဲ့လက်ထဲမှာရှိနေပါတယ်။ ဥရောပရဲ့ဘုရင်မလို့တင်စားကြတဲ့ မာကယ်လ်ဟာ အတွေ့အကြုံရင့်သူတွေကိုမှ လိုလားသူပါ။ အသက် ၅၇ နှစ်ရှိပြီဖြစ်တဲ့မာကယ်လ်ရဲ့နံဘေးမှာ မုတ်ဆိတ်ကျင်စွယ်သေချာစွာ ရိတ်သင်ထားတဲ့စမတ်ကျတဲ့ (ခေါင်းဖြူနေသူတွေလည်း ပါပါတယ်)။ သူတွေနဲ့ဝန်းရံထားပါတယ်။ သူ့ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်အူးလ်ရစ်ချ်ဝီလ်ဟိမ်းကိုပဲကြည့်ကြည့်၊ သမ္မတနေရာတင်ထားတဲ့ တစ်ဖြော င့်တည်းသမားလို့ပြောရမဲ့ ခရစ်ရှန်ဝုဖ်ကိုပဲ ကြည့်ကြည့်ပေါ့။ ဗဟိုဘဏ်ဥက္ကဋ္ဌဆိုလည်း ဒီလိုဗီဇမျိုးနဲ့သူ ကိုမှရွေးထားတာပါ။ ဒါပေမဲ့ မာကယ်လ်က စမတ်ကျတာကိုသဘောကျလို့မဟုတ်ဘဲ ဂျာမနီရဲ့ကမ္ဘာ့အကျပ်အတည်းမှာ ချည်းကပ်ပုံဖြစ်တဲ့ စည်းဘောင်ထဲက စနစ်တကျသွားဆိုတဲ့သဘောအရလေးနက်တည်ကြည်သူတွေကို ရွေးရတာပါ။ ယူရိုအကျပ်အတည်းအတွက် ဥရောပကို ဦးဆောင်ရတဲ့ မာကယ်လ်ဟာ နိုင်ငံရေးအရအရေးပါတဲ့ ဖြေရှင်းမှုတွေကို ဆောင်ရွက်ခဲ့ပြီး ယူရိုဇုန် ကယ်ဆယ်ရေးမတည်ငွေကို ထူထောင်ဖို့ ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ပါတယ်။ ယူရိုဇုန်ကယ်ဆယ်ရေးအတွက် ဂျာမနီတွေက သူတို့ရဲ့အခွန်တွေကို မသုံးချင်ပါဘူး။ ဒါကြောင့် ပြည်တွင်းမှာ မဟာမိတ်အစိုးရမှာပါတဲ့ အဖွဲ့ငယ်တွေရဲ့ကန့်ကွက်မှုကို ရင်ဆိုင်ခဲ့ရပေမဲ့ ကျော်လွှားနိုင်ခဲ့သလို ဥရောပနိုင်ငံတွေကိုလည်း စည်းရုံးနိုင်ခဲ့ပါတယ်။ ဂျာမနီအဓိပတိဟောင်း ဟဲမို့ခိုးက 'မိန်းကလေး'လို့ခေါ်တဲ့ မာကယ်လ်ဟာအမျိုးသားများလွှမ်းမိုးထားတဲ့ဂျာမန်နိုင်ငံရေးအသိုင်းအဝိုင်းမှာ သူ့ရဲ့အခန်းကဏ္ဍကို ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သလို ရေတိုမှာ ဥရောပစီးပွားရေး နှေးကွေးသွားစေနိုင်ပေမဲ့ ရေရှည်မှာတိုးတက်မှုရလာစေဖို့ ခြိုးခြံခြွေတာမှုတွေလုပ်ရမယ်ဆိုတဲ့ အိုင်ဒီယာကို ဥရောပနိုင်ငံတွေလက်ခံလာအောင် စည်းရုံးနိုင်ခဲ့ပါတယ်။

■

## ၂၀၁၁ ရွှေမင်းသမီး

ဘ်ဝင်မင်းသားတစ်ပါးနှင့် လက်ထပ်အပြီးနောက် ထင်ရှားမှုနှင့်အတူစံပြပုဂ္ဂိုလ်ဘဝကို ရုတ်ချည်းရောက်ရှိလာသူ

ထဲ ရောက်ရှိလာသူ မစ်ဒယ်လ်တန်ကြောင့် ဗြိတိန်တော်ဝင်အသိုင်းအဝိုင်းဟာ ပြည်တွင်းမှာသာမက ကမ္ဘာမှာပါ လူထုအာရုံစိုက်မှုကို ပြန်လည်ရရှိခဲ့ပါတယ်။ ကက်သရင်း(ကိတ်) မစ်ဒယ်လ်တန်ရဲ့ဝတ်ပုံစားပုံ ဖက်ရှင်ကနေ ကိုယ်ကျင့်အထိ စံပြပုဂ္ဂိုလ်ဘဝကို မရည်ရွယ်ဘဲနဲ့ပဲဖြစ်ဖြစ် ရောက်လာခဲ့ပါတယ်။

အသက် ၂၉ နှစ်ရှိပြီဖြစ်တဲ့ ကိတ်ရဲ့ ဝင်ဆာနေ့ရက်များဟာ လွန်ခဲ့တဲ့အနှစ် ၃၀ က ဒိုင်ယာနာရဲ့နေ့ရက်များကိုပြန်အမှတ်ရစေခဲ့ပါတယ်။ ဒိုင်ယာနာရဲ့ သားကြီးနဲ့လက်ထပ်ဖြစ်ခဲ့တဲ့ ကိတ်တစ်ယောက် သက်သေပြရမှာကသူဟာဒုတိယဒိုင်ယာနာ မဟုတ်ဘူးဆိုတာကိုပါပဲ။လေယာဉ်အမှုထမ်းလုပ်ခဲ့ဖူးတဲ့ အရပ်သားမိဘနှစ်ဦးက မွေးလာခဲ့တဲ့ ကိတ်ဟာ အစဉ်အလာကို ထိန်းသိမ်းရင်း ခေတ်မီမှုကို တော်ဝင် မိသားစုထဲသယ်ဆောင်လာမဲ့သူလို့ မျှော်လင့်ထားကြပါတယ်။

ပုဂ္ဂိုလ်ရေးဘဝကို သိုသိုသိပ်သိပ်နေတတ်တယ်ဆိုပေမဲ့ ကမ္ဘာပေါ်မှာ ဓာတ်ပုံအရိုက်ခံရဆုံးအမျိုးသမီးတစ်ယောက်ဖြစ်လာတဲ့ ကိတ်တစ်ယောက် အမြွှာရင်သွေးလွယ်ထားရပြီလို့လဲ သတင်းများက ဖော်ပြထားပါတယ်။

■

# Network

Day of Rage ဆန္ဒပြမှုများဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်စတင်ခဲ့ပြီးဘုရင်ဟာမက်ဘင်အီစာအယ်လ်ခါလီဖာက ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်မည်ဟုကတိပြုခဲ့ပါတယ်။

### ၉ လစ်ဗျား

ဖေဖော်ဝါရီလမှာပြည်တွင်းစစ်စတင်ခဲ့ပြီး နိုင်ငံခြား၏စွက်ဖက်မှုကိုလက်ခံရယူခဲ့သည်။ ကဒါဖီသတ်ဖြတ်ခံရသည့်အောက်တိုဘာလ၂၀ရက်အထိပြည်တွင်းစစ်ဖြစ်ပွားခဲ့ပါတယ်။

### ၁၀ တိုရွန်တို

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းမှာ အကြမ်း ဖက်ခံရသူတို့၏ဝတ်စားဆင်ယင်မှုကြောင့်ဆိုခြင်းအား ဆန့်ကျင်ဖို့ ဧပြီလ ၃ ရက်နေ့က SlutWalk ဆန့်ကျင်ပွဲကို ကျင်းပခဲ့ပါတယ်။ အဲဒီကနေကမ္ဘာအနှံ့ SlutWalk တွေပျံ့နှံ့ခဲ့ပါတယ်။

### ၁၁ စပိန်

မက်ဒရစ်ရဲ့ပူအာတာဒဲလ်ဆိုလ်ကို မေလ ၁၅ ရက်နေ့က LosIndignados ချီတက်မှုပြုလုပ်ခဲ့ပြီး စခန်းချခဲ့ပြီး စပိန်တစ်ဝန်းက လူခြောက်သန်းခန့် ပူးပေါင်းခဲ့ပါတယ်။

### ၁၂ ဂရိ

နိုင်ငံရေးသမားတွေနဲ့ပြည်ပငွေချေးငှားသူတွေကိုရှုတ်ချဖို့ဆန္ဒပြသူထောင်ပေါင်းများစွာဟာအေသင်မြို့မှာစုဝေးကြပါတယ်။လများစွာကြာသည်အထိနေခဲ့ကြပါတယ်။

### ၁၃ အီရတ်

ဇွန်လက အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုတစ်ခု ချေမှုန်းခံခဲ့ရပြီး ဆန္ဒပြသူအချို့အရိုက်ခံခဲ့ရတယ်။

### ၁၄ တိဗက်

ယခုနှစ်အတွင်းတရုတ်၏ဖိနှိပ်မှုကိုဆန့်ကျင်တဲ့ အနေနဲ့ တိဗက်ဘုန်းတော်ကြီး၊သီလရှင်နဲ့ဘာသာရေးခေါင်းဆောင်ဟောင်းစုစုပေါင်း၁၂ ဦးဟာကိုယ့်ကိုယ်ကိုယ်မီးရှို့သတ်သေခဲ့ကြပါတယ်။

### ၁၅ ဆော်ဒီအာရေဗျ

ဇွန်လကအမျိုးသမီးဒါဇင်ပေါင်းများစွာဟာ အမျိုးသမီးများတွေကိုယာဉ်မောင်းခွင့်မပြုတဲ့ ဥပဒေကိုဆန့်ကျင်ခဲ့ကြပါတယ်။စက်တင်ဘာလမှာတော့ဘုရင်အက်ဘဒူလာဘင်အက်ဘဒူအဇစ်အယ်လ်ဆော့ဒ်ကအမျိုးသမီးများကိုမဲပေးခွင့်နဲ့အနာဂတ်မြူနီစီပယ်ရွေးကောက်ပွဲတွေမှာ ယှဉ်ပြိုင်အရွေးခံခွင့်ပြုမယ်လို့ကြေညာခဲ့ပါတယ်။

### ၁၆ အိန္ဒိယ

ခြစားမှုကိုဆန့်ကျင်တဲ့အနေနဲ့အန်နာဟာဇာရီဟာအစာငတ်ခံဆန္ဒပြခဲ့ပါတယ်။ဩဂုတ်လ မှာတော့ သူ့ရဲ့တောင်းဆိုမှုတွေကိုထောက်ခံကြောင်း ပါလီမန်ကထုတ်ဖော်ပြောကြားခဲ့ပါတယ်။

### ၁၇ မက္ကစီကို

ဂျေဗီယာဆစ်စီလီယာဟာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့အကြမ်းဖက်တိုက်ခိုက်မှုတွေကို ဆန့်ကျင်တဲ့ချီတက်ပွဲတစ်ခုကိုဦးဆောင်ခဲ့ပါတယ်။ ဇွန်လမှာတော့သူနဲ့တွေ့ဆုံဖို့ သမ္မတကယ်လ်ဒါရွန်က သဘောတူခဲ့ရပါတယ်။

### ၁၈ ချီလီ

ပညာရေးပေါ်လစီနဲ့ပတ်သက်လို့ကျောင်းသားများရဲ့ငြိမ်းချမ်းစွာဆန္ဒပြမှုဟာဩဂုတ်လ ၄ရက်နေ့မှာအကြမ်းဖက်မှုတွေရှိလာခဲ့ပြီး ၈၇၄ ဦးဖမ်းဆီးခံခဲ့ရပါတယ်။

### ၁၉ အစ္စရေး

အစ္စရေးနိုင်ငံသမိုင်းမှာအကြီးမားဆုံးဆန္ဒပြမှုဖြစ်ပြီး လူ၃၀၀၀၀၀လောက်ဟာတဲလ်အဗစ်မြို့မှာစုဝေးပြီး လူမှုရေးမျှတမှုတွေရှိဖို့တောင်းဆိုခဲ့ကြပါတယ်။

### ၂၀ ဗြိတိန်

ရဲတွေရဲ့ပစ်ခတ်မှုကြောင့် အာဖရိကနွယ်ဖွားတစ်ဦးသေဆုံးခဲ့ပြီးနောက်မှာ မငြိမ်မသက်မှုများဖြစ်ပေါ်ခဲ့ပါတယ်။

### ၂၁ နယူးယောက်

ဆန္ဒပြမှုများစက်တင်ဘာလကစပြီးမန်ဟက်တန်အောက်ပိုင်းကစပြီးOccupyဆန္ဒပြသူများက ကျွန်တော်တို့က၉၉ရာခိုင်နှုန်းပါဟု အော်ဟစ်ခဲ့ကြပါတယ်။ အလားတူလှုပ်ရှားမှုများကမ္ဘာတစ်ဝန်းရုတ်တရက်ပေါ်ပေါက်လာခဲ့ပါတယ်။

### ၂၂ အုတ်ကလန်၊ကယ်လီဖိုးနီးယား

ရဲတပ်ဖွဲ့ဝင်တွေဟာ အုတ်ကလန်က Occupy ဆန္ဒပြသူတွေကို မျက်ရည်ယိုဗုံးတွေ၊ ရာဘာကျည်တွေနဲ့နှိမ်နင်းခဲ့ပြီး လူ ၈၅ ယောက် ဒဏ်ရာရခဲ့ပါတယ်။

### ၂၃ ဂျပန်

နျူကလီးယားစွမ်းအင်ကို ဆန့်ကျင်ဆန္ဒပြမှုများ စက်တင်ဘာလကဖြစ်ပွားခဲ့သော်လည်း စီးပွားရေးအရ ကုန်ကျမှုသက်သာရန်နျူခါတ်ပေါင်းဖိုများပြန်လည်အသုံးပြုရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ယိုရှိဟီကိုနိဒါက အခိုင်အမာပြောကြားခဲ့သည်။

### ၂၄ တရုတ်

ပေကျင်းနဲ့အခြားမြို့ကြီးတွေက ဒီမိုကရေစီလိုလားတဲ့ဆန္ဒပြမှုတွေဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူတွေဖမ်းဆီးခံခဲ့ရပါတယ်။

### ၂၅ အီသီယိုပီးယား

နိုဝင်ဘာလကလူတစ်ယောက်ဟာ ဆန္ဒပြတဲ့အနေနဲ့ကိုယ့်ကိုယ်ကိုယ်မီးရှို့သတ်သေသွားခဲ့ပါတယ်။

### ၂၆ ရုရှား

ဒီဇင်ဘာလမှာ ထောင်ပေါင်းများစွာရှိတဲ့ ဆန္ဒပြသူတွေဟာမော်စကိုမှာစုဝေးခဲ့ပြီးဝန်ကြီးချုပ်ပူတင်နဲ့ချိတ်ဆွယ်နွှင်းချက်ရှိတဲ့ ပါလီမန်ရွေးကောက်ပွဲတွေကို ရှုတ်ချခဲ့ပါတယ်။





တစ်ခါတစ်ရံမှာတော့သမိုင်းသည် အတိတ် ကို ရောင်ပြန်ဟပ်ပြီးမှ ထွက် ပေါ်လာသည်။ အတိတ်ကိုငဲ့ကြည့်လျှင် ဖြစ်စဉ်တွေသည် ဗီပြင်ထင်ရှားလာသည်။ ၂၀၁၁ သည် ၁၉၈၉ ခုနှစ်နောက်ပိုင်း ဘယ်နှစ်နှင့်မှ မတူသောနှစ်။ ၈၉ ထက် ပိုထူးကဲ ပိုကမ္ဘာဆန်၊ ပိုဒီမိုကရက်တစ်ဆန်သည်။ ၈၉ တုန်းကဆိုလျှင် ဗဟိုချက်မမှာ အစိတ်စိတ်အမွှာမွှာကွဲခြင်းဆိုသော ရလဒ်ထွက်မှသာ အစိုးရများပြိုလဲခြင်းဖြစ်သည်။ ၁၉၆၈ နှင့် ယှဉ်လျှင်ရော။ ၆၈ ထက်သာသည်က ပါဝင်သောကန့်ကွက်သူများသည် ပိုအရောင်အသွေးစုံခြင်းဖြစ်သည်။ ၆၈ လို ယဉ်ကျေးမှုတော်လှန်ရေး၏ တစ်စိတ်တစ်ပိုင်းမဟုတ်။ ၁၈၄၈ နှင့်တော့ ဆင်တူတာတွေရှိသည်။ ပါရီက လမ်းပေါ်ထွက် ဆန္ဒပြမှုတစ်ခုက သုံးရက်ကြာတော်လှန်ရေးကိုပေါ်ပေါက်စေခဲ့ပြီး ဘုရင်စနစ်ကနေ သမ္မတနိုင်ငံစနစ်သို့ ပြောင်းလဲသွားစေသည်။ မြူးနစ်၊ ဘာလင်၊ ဗီယင်နာ၊ မီလန်၊ ဗင်းနစ်နှင့် ဥရောပမှ မြို့ကြီးများစွာသာမက နယူးယောက် ဘရော့ဝေးလမ်းမထက်အထိ ငြိမ်းချမ်းစွာဆန္ဒပြမှုများ ကူးစက်သွားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အာဏာရှင်အစိုးရတို့ကို ဖြုတ်ချနိုင်ခဲ့ကြသည်။ သမိုင်းလမ်းကြောင်းသည် တစ်မုဟုတ်ချင်းပြောင်းလဲသွားခဲ့သည်။ အချိန်၏ဝိညာဉ်ဆိုသော ဂျာမန်စကားလုံး Zeitgeist သည် မမျှော်လင့်ဘဲ အံ့အားသင့်ဖွယ် နိုးထမှုများ၏ နှစ်အတွက် အသင့်တော်ဆုံး ဝေါဟာရဖြစ်သည်။ ဒိုမီနိုတုံးလေးတွေ ထောင်ထားသလို။ တစ်တုံးလဲသည်နှင့် ဆက်တိုက်ပြိုလဲမှု။ ဒီနှစ်တော့ တစ်ကယ်ဖြစ်ခဲ့ပြီ။ မျှော်လင့်ချက်ကင်းမဲ့မှုသည် သေခြင်းတရားထက် ကြောက်စရာကောင်းလာသောအခါ အာရပ်နွေဦးသည် ဖွံ့တည်လာသည်။ ဘာလိုချင်သလဲဆိုတာကတော့ အတိအကျပြောဖို့ခက်သည်။ သို့ပေမဲ့ ဘာမလိုချင်သလဲဆိုတာကိုတော့ ရှင်းရှင်းလင်းလင်းဖော်ပြခဲ့ကြသည်။ ဥရောပနှင့်အမေရိကကိုရောက်တော့လည်း ကန့်ကွက်မှုများသည် ဝေါဟာရမတူ။ ဘာသာဗေဒအရတော့တူသည်။ အလုပ်အကိုင်ရှားပါးမှု၊ လူနေမှုစရိတ်မြင့်တက်မှု၊ နိုင်ငံရေးနယ်ပယ်၏ ခြစားအကျင့်ပျက်မှု၊ ချိတ်ဆက်မှုကောင်းသော လူတစ်စုသာ ကြွယ်ဝပြီးရင်းကြွယ်ဝလာမှု . . .





**စံပယ်ဖြူမှသည် အာရပ်နွေဦးသို့**

တူနီးရှားမှစခဲ့သည်။ ရွေးကောက်ပွဲငါးကြိမ်နိုင်သော အာဏာရှင်၏ ချုပ်ကိုင်မှုနှင့် နေထိုင်မှုစရိတ်က အရှက်တရားမရှိလောက်အောင် ဆိုးရွားနေသည်။ မြေပုံပေါ်မှာရှာကြည့်လျှင်ဖြင့် ရေးရေးသာမြင်ရသော ဆီဒီဘူဇစ်မြို့နေ ဘွဲ့ရပညာတတ် လမ်းဘေးဈေးသည်တစ်ဦးက စခဲ့ပါသည်။ ရဲများကို ပေးကမ်းပြီး လမ်းဘေးမှာ သစ်သီးရောင်းသော ၂၆ နှစ်အရွယ် ဘူအာဇီဇီဆိုသော အမျိုးသားသည် တစ်ခုသောကြာနေ့မှာတော့ ရဲမေတစ်ဦး၏ပါးရိုက်မှုကိုပါ ခံလိုက်ရသည်။ တိုင်ကြားလို့လည်းအရာမထင်သောအခါတွင်တော့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်။ တူနီးရှား၏စံပယ်ဖြူသည် အာရပ်ကမ္ဘာကိုပြန့်တော့ အာရပ်နွေဦးဖြစ်လာသည်။ တူနီးရှား၊ အီဂျစ်၊ လစ်ဗျားအာဏာရှင်တွေ ပြုတ်ကျစေဖို့၊ ဆီးရီးယား၊ ဘာရိန်းတို့၏အုပ်ချုပ်သူတွေ ထိုင်ခုံလှုပ်သွားစေဖို့ သစ်သီးရောင်းသူတစ်ဦးက အစပြုလိမ့်မည်ဟု မည်သူမျှမထင်ခဲ့ကြ။ မျှော်လင့်မထားတာတွေသည် ဖြစ်လာခဲ့ပြီ။ ပေးဆပ်ခဲ့ရမှုကတော့ ကြီးမားလှသည်။ ပါရှန်းပင်လယ်ကွေ့တစ်လျှောက် မိုင် ၆၀၀၀ ရှည်သော ရပ်ဝန်းဆီမှ ဆီဒီဘူဇစ်နှင့် တူးနစ်၊ အလက်ဇန္ဒြီးယားနှင့် ကိုင်ရိုအစချီသော မြို့များမှသည် အတ္တလန္တိတ်သမုဒ္ဒရာ တစ်ဖက်ခြမ်းအထိ ကန့်ကွက်မှုဒီရေတက်ခဲ့သည်။ ဒီနှစ်အဆုံးသတ်အနေနှင့်တော့ ကွန်မြူနစ်စနစ် အဆုံးမှာ ဒီမိုကရေစီဖြစ်မလာဘဲ အော်တိုကရက်ဆန်လာတဲ့ ရုရှားခေါင်းဆောင်တွေကို ဆန္ဒပြကြသည်။





**အပြောင်းအလဲ ခေါင်းလောင်း ထိုးသံ**

စုစုပေါင်းလူဦးရေ သန်း ၃၀၀၀ ခန့်ရှိသော နိုင်ငံများသို့ ပျံ့နှံ့ခဲ့သည်။ နေရာတိုင်းမှာ လူတွေကပြောနေကြသည်။ ဒီလောက် (သည်းညည်းခံခဲ့ကြတာ) တော်လောက်ပြီဟု။ သူတို့ အတိုက်အခံလုပ်ကြသည်။ တောင်းဆိုကြသည်။ သူတို့ပြိုကွဲမသွားခဲ့။ အဖြေသည် မျက်ရည်ယိုဗုံးတိမ်တောင်များ၊ တဒက်ဒက်မည်သော သေနတ်သံများဖြစ်ခဲ့သောအခါတွင်ပင် နောက်မဆုတ်ကြတော့။ တစ်ဦးတစ်ယောက်ချင်းစီ၏ ဆောင်ရွက်မှုတို့စုပေါင်းပြီး ထူးကဲသော အပြောင်းအလဲသည် ဖြစ်နိုင်သည်ဆိုသော ယုံကြည်မှုမှာ ပျော်ဝင်ခဲ့ကြသည်။ ကာလံဒေသံ မတူပေမဲ့ စုဝေးမှုတိုင်းမှာ ဒီမိုကရေစီဆိုသော အိုင်ဒီယာက တည်ရှိနေခဲ့သည်။ ဒီမိုကရေစီ၏ စကားလုံး ဇာစ်မြစ်သည် Demos ပြည်သူ၊ ဒီမိုကရေစီဆိုသည်မှာ ပြည်သူ့အုပ်စိုးမှု၊ ပြည်သူ့အာဏာ။ ဒီအတွက် သူတို့ရဲရင့်ခဲ့ကြသည်။ မဲပုံးတွေပေါ်မှာ အကောင်အထည် ပေါ်မလာခဲ့သည့်အခါများမှာတော့ လမ်းတွေပေါ်မှာ။ ကန့်ကွက်ဆန္ဒပြမှုဆိုသည်မှာ ဒီမိုကရေစီ၏ အရင်းအမြစ်ဖြစ်သလို ဒီမိုကရေစီကင်းမဲ့မှုကိုပြသော သက်သေသာဓက။ ထိုထိုသော ကန့်ကွက်မှုများသည် ဖြစ်ပေါ်ခဲ့သောနိုင်ငံတွေမှာတင်မက ဖြစ်ပေါ်လာမှာ မလိုလားသော နိုင်ငံတွေမှာပါ ပိုပြီးဒီမိုကရက်တစ်ဆန်ဖို့၊ ပြောင်းလဲဖို့ (မကျေနပ်မှုတွေ ပေါက်ကွဲမထွက် သွားစေဖို့ရာ ချွေးသိပ်ပေးမှုလောက်ပဲ ဖြစ်ပါစေ) ပြည်သူလိုလားတဲ့ လမ်းကြောင်းအပေါ် လျှောက်လှမ်းဖို့တွန်းအားပေးနိုင်ခဲ့တာကတော့ အမှန်ပင်ဖြစ်သည်။



**လူငယ်နှင့် ကွန်ရက်ကမ္ဘာ**

ကန့်ကွက်မှုများသည် မျိုးဆက်သစ်တစ်ခုနိုးထလာမှုကိုလည်း ဖော်ကျူးနေခဲ့ပါသည်။ အီဂျစ်မှာက လူဦးရေ ၆၀ ရာခိုင်နှုန်းသည် ၂၅ နှစ်အောက်များ။ နည်းပညာကတစ်ခေတ်ဆန်းလာသည်။ လူမှုရေးကွန်ရက်ဝက်ဘ်ဆိုက်တို့သည် လှုပ်ရှားမှုများကို ဖြစ်ပေါ်စေခဲ့သည့် မူလဘူတစေ့ဆော်မှုမဟုတ်။ သို့ပေမဲ့ ရှင်သန်ချိတ်ဆက်နိုင်ဖို့ အဓိကအသက်သွေးကြောဆိုတာကတော့ သေချာသည်။

**စာမျက်နှာ (V) သို့**

ကျွန်တော်တို့ အားမာန်

Our Inspiration Academic Center - 1 (Yangon) နှင့်
Our Inspiration Academic Center - 2 (Nay Pyi Taw) တို့တွင်


Ma Su Myat Yi Win 6-Distinctions Yangon.
Ma Zin Mar Soe 6-Distinctions Pakukku Kamma.
Ma Aye Chan Soe 6-Distinctions Yangon.
Ma Ei Chaw Phyu 6-Distinctions Myaung Mya.

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက်

၅-တန်း မှ တက္ကသိုလ်ဝင်တန်း အထိ

စတင်ကျောင်းအပ်လက်ခံနေပါပြီ

OIAC (1) (YGN)
အမှတ်-(၄၆၄)၊သစ္စာလမ်း၊(၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၇၇၇၉၃၆၊ ၀၉ ၇၃၀၀၆၈၅၉၀၊ ၀၉ ၄၃၁၀၇၀၁၉၀၊ ၀၉ ၄၃၁၀၇၀၁၉၁၊ ၀၉ ၅၀၆၅၃၅၅၊ ၀၉ ၅၁ ၂၆၅၅၄။
Fax : ၀၁ ၅၇၇၇၉၃၆၊ E-mail : oiacygn@gmail.com

OIAC (2) (NPT)
အမှတ်(၂၈)၊(၁)လမ်းနှင့်(၆)လမ်းထောင့်၊ရတနာသိမ်ဘုန်းကြီးကျောင်းအနီး၊ဒက္ခိဏသီရိမြို့၊ နေပြည်တော်။ဖုန်း-၀၉ ၈၁၀၀၈၅၁၊ ၀၉ ၈၆ ၂၂၈၁၀၊ ၀၉ ၄၉ ၂၀၁၉၀၊ ၀၉ ၄၉ ၂၆ ၂၈၀၈၊ ၀၉ ၄၉ ၂၆ ၂၉၉၉။ ဖက်စ်-၀၆၇ ၄၁၇၀၅၈၊ E-mail : oiacnpt@gmail.com

Weekly ELEVEN NEWS
No.14 Vol.7 December 26 Wednesday 2012
Supplement အချပ်ပို

# ယုံကြည်အပ်နှံမှုအပေါ် အလွဲသုံးစားပြုခဲ့သော စင်ကာပူပင်နီစူလာပလာဇာရှိ ဟွန်ဒီငွေလဲဈေးကွက်ပြိုလဲမှု ပြည်တွင်းငွေကြေးဈေးကွက်နှင့် စီးပွားရေးလုပ်ငန်းများအပေါ် ကြီးမားသည့်ရိုက်ခတ်မှုများ ဖြစ်လာနိုင်



စင်ကာပူနိုင်ငံ ပင်နီစူလာပလာဇာတွင် ဖွင့်လှစ်ထားသော ရွှေရတနာဆိုင်ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်းကတွေ့ရစဉ်

စင်ကာပူနိုင်ငံတွင် မကြာခင်က ဖြစ်ပွားခဲ့သော ပင်နီစူလာပလာဇာရှိ ရွှေရတနာဆိုင်မှ ဒေါ်တင်တင်မြင့် ဆိုသူကဟွန်ဒီငွေလွှဲရေးလုပ်ငန်းများ၏ယုံကြည်အပ်နှံမှုအပေါ်အလွဲသုံးစားပြုလိမ်လည်သွားသောဖြစ်ရပ်ကြောင့် ငွေကြေးဈေးကွက်အပေါ်ကြီးမားသည့် ရိုက်ခတ်မှုများ ရှိလာနိုင်ကြောင်း၊ အလားတူဟွန်ဒီလုပ်ငန်းများကို မှီခိုနေကြသော ငွေလွှဲသူများအပေါ်တွင် ရိုက်ခတ်မှုရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ စင်ကာပူပင်နီစူလာပလာဇာတွင် ဖွင့်လှစ်ထားသော ရွှေရတနာငွေလွှဲလုပ်ငန်းဦးစီးလုပ်ကိုင်သူ ဒေါ်တင်တင်မြင့်နှင့်အဖွဲ့သည်လက်ခံရရှိသည့်ငွေလွှဲရန်ဒေါ်လာများကို ဒီဇင်ဘာလ ၁၉ ရက်နေ့ဉ်ဘဏ်တွင် စတိသာအသွင်းပြခဲ့ပြီး တနင်္လာ၊ အင်္ဂါနေ့များတွင် ထပ်မံဝင်ရောက်လာသော ငွေများကို စုစည်းကာ အစဖျောက်ခဲ့ကြောင်း၊ အင်္ဂါနေ့တွင်မူ ခန့်မှန်းခြေ ဒေါ်လာသန်း ၄၀ ခန့်ဖြင့် အင်္ဂလန်သို့ လိမ်လည်တိမ်းရှောင်သွားခဲ့ကြောင်း သိရှိရသည်။ ထိုအမျိုးသမီးထွက်ပြေးတိမ်းရှောင်သွားသည်ကို လွိုင်ဟိန်းဖနီးမောင်နှံကသိလျက်နှင့်ပင်ပင်နီစူလာဆိုင်များမှငွေများကို လက်ခံယူပြီး လက်ကျန်ဒေါ်လာနှစ်သန်းကိုပါ အစဖျောက်လိုက်ကြောင်း သတင်းများ ထွက်ပေါ်နေသည်။

"အခု စင်ကာပူမှာဖြစ်သွားတဲ့ကိစ္စကမြန်မာနိုင်ငံပြည်တွင်းငွေကြေးဈေးကွက်ပေါ်မှာ အများကြီးသက်ရောက်ပါတယ်။ အခုပင်နီစူလာပလာဇာကဟွန်ဒီငွေလွှဲတဲ့လုပ်ငန်း အသေးလေးနှစ်ခုလောက်ပဲ ရှိတော့တယ်လို့ သိရတယ်။ လိမ်တဲ့အမျိုးသမီးနာမည်ကဒေါ်တင်တင်မြင့်။ အခုတဖြည်းဖြည်းနဲ့ ပမာဏကများလာတယ်။ နောက်ဆုံးရရှိထားတဲ့သတင်းအရဆိုရင် စင်ကာပူဒေါ်လာသန်း ၄၀–၆၀ ကျော်လောက်လို့သိရတယ်။ တစ်ယောက်ထဲ သန်း ၂၀၊ ၃၀ ပါသွားတဲ့လူလည်းရှိတယ်။ ပထမပိုင်းတော့ ယုံအောင်လုပ်ထားတယ်။ ဈေးတောင်လျှော့ပေးထားတယ်။ အခုကတစ်ဆင့်လွှဲတဲ့သူတွေဆီကပါပြန်ယူသွားတာပါ"ဟု စင်ကာပူမှပြန်လာသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောပြခဲ့သည်။

"အခုလိမ်လည်သွားတဲ့ ဒေါ်တင်တင်မြင့်ရဲ့သမီး Stephineက လန်ဒန်မှာရှိတဲ့ Queen Marry Universityမှာတက်ရောက်နေတာပါ။ သူ့ယောက်ျားကတော့ စင်ကာပူမှာရှိပါတယ်။ စင်ကာပူမှာရှိတဲ့ရွှေရတနာဆိုင်မှာ ဟန်မပျက်ဆက်နေနေတယ်။ သူ့မိန်းမစီးပွားရေးကို မသိပါဘူးလို့လဲ ငြင်းထားတယ်။ ၂၀ ရက်နေ့ နံနက် ၁၂ နာရီနောက်ပိုင်းလောက်ကနေပြီးတော့ ညနေ ၄ နာရီအချိန်လောက်မှာ သူကရုံးခန်းကိုဆင်းလာပြီးသူနဲ့လည်းလုံးဝအဆက်အသွယ်မရဘူးလို့ပြောပါတယ်။ ၂၁ရက်နေ့မှာလည်းအများဆုံးပါသွားတဲ့သူကငိုယိုပြီးပြောလို့သူ့ညီမ(ဒေါ်တင်တင်မြင့်ညီမ)ကဖုန်းအဆက်အသွယ်ရပါတယ်။ သူ့ဆီ သူ့အစ်မ ပြန်ဆက်ရင်ဆက်ဆက်ပြောပေးပါမယ်လို့ပြောပါတယ်။ ၂၂ရက်နေ့ကိုရောက်တဲ့အခါလူပျောက်ကြော်ငြာဖို့ စလုပ်ခဲ့ကြပါတယ်။အဲဒီနေ့မှာပဲ M.A.S (Monetary Authority of Singapore) က ပင်နီစူလာမှာ စစ်ဆေးတယ်ဆိုတဲ့ သတင်းကြောင့် ကိုပြည့်ဖြိုး (Loi Heing) ကလည်း လုံးဝပျောက်သွားတယ်။ ကိုပြည့်ဖြိုးတို့လင်မယားက ဟောင်ကောင်ကိုသွားပြီး တရုတ်က

**အချပ်ပိုစာမျက်နှာ(II)သို့ ➢➢**

## The Voice Weekly ဂျာနယ်၏ CEO ဒေါက်တာနေဝင်းမောင် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကွယ်လွန်







The Voice Weekly ဂျာနယ်၏ CEO ဒေါက်တာ နေဝင်းမောင်သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နံနက် ၁ နာရီ ၁၀ မိနစ် အချိန်တွင် ရန်ကုန်ဆေးရုံကြီး၌နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားခဲ့ပြီး ယင်းနေ့မွန်းလွဲ ၂ နာရီအချိန်ခန့်တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါနာရေးအစီအစဉ်သို့နိုင်ငံရေးနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ စာနယ်ဇင်းအသီးသီးမှပုဂ္ဂိုလ်များနှင့်ဆွေမျိုးမိတ်သင်္ဂဟများလိုက်ပါပို့ဆောင်ခဲ့ပြီး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်း၊ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံရေးပါတီများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စာနယ်ဇင်းအသီးသီးများမှလည်း ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် လွမ်းသူပန်းခွေများနှင့် ပန်းခြင်းများ ပို့ဆောင် ပေးခဲ့ကြသည်။

ဒေါက်တာနေဝင်းမောင်ကို ၁၉၆၂ ခုနှစ်ဇွန်လ ၃၀ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီးသန်းမောင်(ငြိမ်း)နှင့်ဒေါ်ယဉ်ယဉ်တို့မှ မွေးဖွားခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ M.B.,B.S ဘွဲ့ရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု YALE တက္ကသိုလ် World Fellows Program တွင်နိုင်ငံရေးသိပ္ပံဘာသာအထူးပြုဖြင့် Fellowship ရရှိခဲ့ကြောင်းသိရသည်။ အောင်ထွန်း၊ ကျော်စွာ၊ အခြားကလောင်အမည်ပေါင်းများစွာနှင့်စာများ ရေးသားခဲ့ပြီး Living Color Media နှင့် The Voice Weekly ဂျာနယ်တို့တွင် CEO အဖြစ်လည်းကောင်း၊ Myanmar Egress အဖွဲ့တွင်အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ Myanmar Egress Capacity Development Center တွင် Program Director အဖြစ်လည်းကောင်း၊ Network Activities Group (Myanmar) တွင် Board of Governors အဖြစ်လုပ်ကိုင်ခဲ့ကြောင်းသိရှိရသည်။ ကွယ်လွန်ချိန်တွင် အသက် ၅၀ နှစ်ရှိပြီဖြစ်ကာ ဇနီးနှင့် သမီးလေးဦးကျန် ရှိခဲ့ကြောင်းသိရှိရသည်။

"ကျွန်တော်တို့ကငယ်သူငယ်ချင်းတွေပါ။ အခုအချိန်မှာ အမြင်တွေအကုန်လုံးမတူကြပေမယ့် ကျွန်တော့်အတွက်သူငယ်ချင်းကောင်းတစ်ယောက် တိုင်းပြည်အတွက်လူတော်တစ်ယောက်ဆုံးရှုံးသွားတာပါ"ဟု Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်က ပြောကြားခဲ့ပါသည်။

## ဂျာနယ်ကျော် ဦးချစ်မောင် နှစ် ၁၀၀ ပြည့်ပွဲကျင်းပ

ဂျာနယ်ကျော် ဦးချစ်မောင် နှစ်(၁၀၀)ပြည့်အခမ်းအနားကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က ရန်ကုန်မြို့ စာပေဗိမာန်ရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ခန်းမတွင် ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဆရာလယ်တွင်းသားစောချစ်ကအဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး ဆရာဦးအံ့မောင်နှင့် ဆရာမောင်ဝံသတို့မှ ဆရာကြီးဂျာနယ်ကျော်ဦးချစ်မောင်နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့်လုပ်ဆောင်ချက်များ၊ အရည်အချင်းများကို ပြောကြားခဲ့သည်။ ထို့နောက် ဆရာမောင်မျိုး (ကြောင်နစ်ကောင်)မှ ဆရာကြီးဂျာနယ်ကျော်ဦးချစ်မောင်၏ ဘဝဖြစ်စဉ်နေ့စွဲများကိုဖတ်ကြားခဲ့ကာ ဂျာနယ်ကျော်ဦးချစ်မောင်၏မြေးဖြစ်သူ ဦးသိမ်းစိုး(သီဟရတနာစာပေ)ကကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့သတင်းစာဆရာကြီးဟံသာဝတီဦးဝင်းတင်၊ ဟံသာဝတီဦးအုန်းကြိုင်၊ သတင်းစာဆရာကြီးဦးသာဘန်းစသည့်သတင်းစာကြီးများ၊ မောင်မိုးသူ၊ မင်းလူ၊ ချစ်ဦးညို စသည့် စာရေးဆရာများ၊ စာနယ်ဇင်းမှပုဂ္ဂိုလ်များနှင့်အတူစိတ်ဝင်စားသူများလည်း တက်ရောက်ခဲ့ကြသည်။

# ၂၀၁၂ ခုနှစ်ကိုကြိုဆိုသောနှစ်သစ်ကူးပွဲတော် ကမ္ဘာတစ်ဝန်းတွင်ဆင်နွှဲ

၂၀၁၂ ခုနှစ်ကိုကြိုဆိုသော နှစ်သစ်ကူးပွဲတော်အား အမေရိကန်နိုင်ငံ နယူးယောက်မှသည်ဩစတြေးလျနိုင်ငံ ဆစ်ဒနီ၊ တရုတ်နိုင်ငံမှ ဟောင်ကောင်အထိ ကမ္ဘာတစ်ဝန်း လူသန်းပေါင်းများစွာသည် ဒီဇင်ဘာလ ၃၁ ရက်တွင် ပါဝင်ဆင်နွှဲခဲ့သည်။

နယူးယောက်မြို့တွင် နှစ်သစ်ကူးကိုကြိုဆိုသော မီးရှူးမီးပန်းပစ်ဖောက်မှုအား လူသန်းပေါင်းများစွာ ရှုစားခဲ့သည်။ အိုလံပစ်အားကစားပြိုင်ပွဲပြုလုပ်မည့် လန်ဒန်မြို့ရှိ သိမ်းစ်မြစ်ပေါ်တွင် ၂၀၁၂ ခုနှစ်ကို ကြိုဆိုသည့်အနေဖြင့် မီးရှူးမီးပန်းပစ်လွှတ်ခဲ့သည်။စကော့တလန်၏ မြို့တော်အီဒင်ဘာ့ဂ်မြို့ရှိလမ်းများပေါ်တွင် လူ ၈၀၀၀၀ ခန့်က နှစ်သစ်ကိုကြိုဆိုသော ပါတီပွဲဆင်နွှဲခဲ့သည်။ အီတလီသမ္မတ Gigorgio Napolitano က နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာတွင် အီတလီနိုင်ငံဘဏ္ဍာရေးအဆောက်အဦမပြိုလဲစေရေးအတွက် ပြည်သူများ စွန့်လွှတ်အနစ်နာခံရန် တိုက်တွန်းခဲ့သည်။

စပိန်နိုင်ငံမြို့တော်မက်ဒရစ်တွင်လည်း ၎င်းတို့နိုင်ငံဘဏ္ဍာရေးအကျပ်အတည်းကြုံနေရမှုအပေါ် ခေတ္တမေ့ပစ်ကာ ဆန္ဒပြသူများ၏အချက်အချာဖြစ်သော Puerta del Sol ရင်ပြင်တွင် စုဝေးပြီး နှစ်သစ်ကိုကြိုဆိုခဲ့သည်။ ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးမြို့ ဆစ်ဒနီတွင် သမိုင်းဝင်ဆစ်ဒနီဆိပ်ကမ်းတံတား၌ မီးရှူးမီးပန်းများကို ပစ်ဖောက်၍ နှစ်သစ်ကူးပွဲတော်အား ခမ်းနားစွာကျင်းပခဲ့ရာ လူတစ်သန်းခွဲခန့် လာရောက်ကြည့်ရှုခဲ့သည်။



ရီယိုဒီဂျနေရိုးမြို့ရှိ ကိုပါကာဘာနာကမ်းခြေတွင် နှစ်သစ်ကိုကြိုဆိုနေသူများ



Photos:AFP

ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင်လည်းနှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် ပူဖောင်းများလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ တိုကျိုမျှော်စင်ကို အပြာရောင်မီးဆင်ခြင်းစသည်တို့ပြုလုပ်ခဲ့သည်။ ဟောင်ကောင်ရှိအထိမ်းအမှတ်အဆောက်အဦများတွင်လည်း မီးရှူးမီးပန်းများပစ်ဖောက်၍ နှစ်သစ်ကိုကြိုဆိုခဲ့သည်။

၂၀၁၂ ခုနှစ်သို့ကူးပြောင်းရောက်ရှိခြင်းကို စင်ကာပူတွင် လူ သုံးသိန်းခန့်က နာမည်ကျော် Marina Bay နေရာတစ်ဝိုက်၌ ရှစ်မိနစ်ကြာ မီးရှူးမီးပန်းပစ်ဖောက်မှုကိုကြည့်ရှုခဲ့သည်။ ရုရှားနိုင်ငံမြို့တော်မော်စကိုရှိ ရင်ပြင်နီတွင် နှစ်သစ်ကူးကို ကြိုဆိုခဲ့သည်။

ဒူဘိုင်းရှိ ကမ္ဘာ့အမြင့်ဆုံးလူလုပ်ဘာ့ဂျ်ဒူဘိုင်းမိုးမျှော်တိုက်၊ ဂျာမနီနိုင်ငံမြို့တော်ဘာလင်ရှိ Brandenburg Gate နှင့် ပြင်သစ်နိုင်ငံမြို့တော်ပါရီမြို့တွင် ရှောင်အယ်လီဆေတွင်လည်း လူများစွာက ၂၀၁၂ ခုနှစ်ကိုကြိုဆိုသည့် အခမ်းအနားများဆင်နွှဲခဲ့ကြပြီး ကမ္ဘာတစ်ဝန်း နိုင်ငံများရှိ မြို့များတွင် နှစ်သစ်ကူးပွဲတော်ကို ခံစားမှုမျိုးစုံဖြင့်ကြိုဆိုခဲ့သည်။ *Ref:AFP*

## တရုတ်အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေးဖြင့် သေဆုံးကြောင်း သတင်းထွက်

တရုတ်နိုင်ငံတောင်ပိုင်းရှိ အသက် ၃၉ နှစ်ရှိ အမျိုးသားတစ်ဦးသည် ဒီဇင်ဘာလ ၃၁ ရက်တွင် သေဆုံးခဲ့ရာ ကြက်ငှက်တုပ်ကွေးဖြင့်သေဆုံးခဲ့ဖွယ်ရှိကြောင်း နိုင်ငံပိုင်မီဒီယာက ယင်းနေ့တွင်ပင် ထုတ်ပြန်ခဲ့သည်။

မိသားစုနာမည်ချင်ဟုသာ သိရသော ဘတ်စကားဒရိုင်ဘာဖြစ်သည့် ယင်းအမျိုးသားသည်ဖျားနာမှုကြောင့် ဒီဇင်ဘာလ ၂၁ ရက်တွင် ဆေးရုံတက်ကုသမှုခံယူခဲ့ကြောင်း ဆင်ဟွာက ထုတ်လွှင့်ခဲ့သည်။ ၎င်းတွင် H5N1 ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း ပြည်နယ်ကျန်းမာရေးဌာနက အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ယင်းအမျိုးသားသည် ရှင်ကျင်းမြို့မှထွက်ခွာခြင်းမရှိသလို မဖျားနာမီအချိန်အထိ ကြက်၊ ငှက်များနှင့် တိုက်ရိုက်ထိတွေ့မှုမရှိကြောင်း ယင်းဌာန၏အစီရင်ခံစာအရ သိရသည်။ ရှင်ကျင်းမြို့မှာ ဟောင်ကောင်နှင့် နယ်စပ်ထိစပ်နေပြီး ချင်ဆေးရုံတက်သောနေ့တွင် ဟောင်ကောင်၌ ကြက်ကောင်ရေ ၁၇၀၀၀ ခန့်ကို သုတ်သင်ခဲ့သည်။ လယ်သမားများက ၎င်းတို့၏ကြက်များကို မရောင်းချရသည်မှာ ၂၁ ရက်ခန့်ရှိပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ *Ref:CNN*

## အိန္ဒိယတောင်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၄၀ ကျော်သေဆုံး

အိန္ဒိယနိုင်ငံတောင်ပိုင်းသို့ Thane ဆိုင်ကလုန်းသည် ဒီဇင်ဘာလ ၃၀ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ပြင်သစ်နိုင်ငံသားတစ်ဦးအပါအဝင်အနည်းဆုံးလူ ၄၂ ဦးသေဆုံးခဲ့ကြောင်း တမီလ်နာဒူChief Minister J.Jayalalithaa က ပြောကြားခဲ့သည်ဟု Press Trust of India (PTI) က ဖော်ပြခဲ့သည်။

တစ်နာရီလျှင် လေတိုက်နှုန်း ၈၅ မိုင်ရှိသော ယင်းဆိုင်ကလုန်းသည် တမီလ်နာဒူရှိ Cuddalore နှင့် Pondicherry ပိုင်နက်တို့အကြားရှိ ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မီးများပြတ်တောက်ခဲ့ကြောင်း သိရသည်။

ဆိုင်ကလုန်းတိုက်ခတ်မှုအများဆုံးခံရသော တမီလ်နာဒူတွင် အနည်းဆုံးလူ ၂၆ ဦး သေဆုံးခဲ့ကြောင်း United News of India သတင်းဌာနက ဖော်ပြခဲ့သည်။ သေဆုံးသူအများစုမှာ မုန်တိုင်းတိုက်ခတ်စဉ် ဓာတ်လိုက်ခြင်းနှင့် နံရံများပြိုကျရာမှ ပိမိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ ဧပြီလမှ နိုဝင်ဘာလအကြား ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပွားသော ဆိုင်ကလုန်းဝင်ရောက်တိုက်ခတ်မှုများကို ပုံမှန်ခံစားရလေ့ရှိသည်။ *Ref:AFP*

## တူရကီလေကြောင်းထိုးစစ်ကြောင့် လူ ၃၅ ဦးသေဆုံး

အီရတ်နယ်စပ်တွင် တူရကီဘက်မှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် အရပ်သား ၃၅ ဦး သေဆုံးခဲ့မှုနှင့်ပတ်သက်ပြီး ဝမ်းနည်းမိကြောင်း တူရကီဝန်ကြီးချုပ်ရီဆက်ပ်တေယက်ပ်အာဒိုဂန်က ဒီဇင်ဘာလ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

သေဆုံးသူအားလုံး၏ထက်ဝက်မှာ အသက် ၂၀ နှစ်အောက်များဖြစ်သည်ဟု သိရပြီး ၎င်းတို့သည် မြည်းများဖြင့် စီးကရက်များ၊ လောင်စာများကို မှောင်ခိုကူးရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း အာဒိုဂန်က ပြောကြားခဲ့ကာ စုံစမ်းစစ်ဆေးမှုပြည့်ပြည့်စုံစုံလုပ်သွားမည်ဟု ကတိပေးခဲ့သည်။

အဆိုပါအဖွဲ့သည် အကြမ်းဖက်အဖွဲ့များ အများဆုံးအသုံးပြုသည့် လမ်းကြောင်းမှသွားလာခြင်းဖြစ်ပြီး ယင်းလမ်းကြောင်းကို တူရကီစစ်တပ်က စောင့်ကြည့်နေခြင်းဖြစ်သည်။ ယင်းအုပ်စု၏ လူအရေအတွက်နှင့် မြည်းကောင်ရေများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သံသယရှိခဲ့ကြောင်း တူရကီဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တူရကီအစိုးရအပေါ် တုံ့ပြန်မှုများပြုလုပ်ရန် ကာ့ဒ်ခွဲထွက်ရေးလက်နက်ကိုင်တပ်ဖွဲ့မှ အကြီးတန်းအဖွဲ့ဝင်တစ်ဦးက တိုက်တွန်းခဲ့သည်။ *Ref:CNN*

## ဒိန်းမတ်နိုင်ငံက ဥရောပသမဂ္ဂအလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲယူ

ယူရိုငွေကြေးသုံးစွဲခြင်းမရှိသော ဒိန်းမတ်သည် ဥရောပသမဂ္ဂအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဒီဇင်ဘာလ ၃၁ ရက်တွင်လွှဲယူခဲ့ပြီး အဖွဲ့ဝင် ၂၇ နိုင်ငံ များအကြားကြွေးမြီအကျပ်အတည်းကိုဖြေရှင်းပေးသွားမည်ဟု ကတိပြုခဲ့သည်။

ဥရောပနိုင်ငံများတွင် အနည်းစုဖြစ်သော လက်ဝဲယိမ်းအစိုးရအုပ်ချုပ်သောဒိန်းမတ်နိုင်ငံသည် ယင်းဥက္ကဋ္ဌရာထူးကိုခုနစ်ကြိမ်မြောက်ထမ်းဆောင်မည်ဖြစ်ပြီး ပိုလန်နိုင်ငံထံမှ ယာယီဥက္ကဋ္ဌလွှဲပြောင်းယူမည်ဖြစ်သည်။

လူဦးရေ ၅ ဒသမ ၆ သန်းရှိသော ဒိန်းမတ်နိုင်ငံသည် ဥရောပဇုန်ကြွေးမြီအကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။ စကင်ဒီနေဗီးယန်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဒိန်းမတ်နိုင်ငံသည် ဗြိတိန်အပါအဝင် ယူရိုငွေကြေးမသုံးသော ဥရောပသမဂ္ဂအဖွဲ့ဝင်ကိုးနိုင်ငံစာရင်းတွင် ပါဝင်သည်။ ခြောက်လကြာမည့်ယင်းသက်တမ်းတွင် ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံများအကြား ညီညွတ်မှုရှိရေး ဦးစားပေးလုပ်သွားမည်ဖြစ်ကြောင်း ဒိန်းမတ်နိုင်ငံ၏ဥရောပသမဂ္ဂရေးရာဝန်ကြီးနီကိုလိုင်ဝမ်မင်က ပြောကြားခဲ့သည်။ *Ref:AFP*

## ကင်ဂျုံအွန်ကို ပြည်သူများက အသက်ပေးကာကွယ်ရန် နိုင်ငံပိုင်သတင်းစာတိုက်တွန်း

မြောက်ကိုရီးယားခေါင်းဆောင်သစ်ကင်ဂျုံအွန်ကို ပြည်သူများက အသက်ပေးကာကွယ်ရန် နိုင်ငံပိုင်သတင်းစာ၏ အယ်ဒီတာအာဘော်တွင်တိုက်တွန်းခဲ့သည်။ အာဏာရပါတီတစ်ခုလုံး၊ စစ်တပ်တစ်ခုလုံး၊ ပြည်သူအားလုံးက ကင်ဂျုံအွန်အား လူသားကတုတ်ကျင်းနှင့် လူသားဒိုင်းများဖြင့် သေသည့်အထိ ကာကွယ်ပေးရန် ယင်းအယ်ဒီတာအာဘော်တွင် တိုက်တွန်းခဲ့သည်။ ကင်ဂျုံအီလ်သေဆုံးပြီးနောက် ၎င်းနေရာဆက်ခံသော ကင်ဂျုံအွန်သည် 'မဟာဆက်ခံသူ' အဖြစ် ကြေညာခံရသည်။ ကမ္ဘာ့စတုတ္ထအကြီးဆုံး မြောက်ကိုရီးယားစစ်တပ်၏စစ်ဦးစီးချုပ်အဖြစ် ကင်ဂျုံအွန်ကို ဒီဇင်ဘာလ ၂၄ ရက်က သုံးနှုန်းခေါ်ဆိုခဲ့သည်။

ကင်ဂျုံအီလ်၏အကြီးသားဖြစ်သော အသက် ၄၀ နှစ်ရှိ ကင်ဂျုံနမ်သည် ကင်ဂျုံအီလ်စျာပနသို့တက်ရောက်ခဲ့ခြင်းမရှိပေ။ ကင်ဂျုံအီလ်သေဆုံးကြောင်း သတင်းကြားပြီးနောက် မကာအိုမှ ပြုံယမ်းသို့ ဒီဇင်ဘာလ ၁၇ ရက်တွင် လေယာဉ်ဖြင့်သွားရောက်ခဲ့ကြောင်း၊ ရက်အနည်းငယ်ကြာနေပြီးနောက် မကာအိုသို့ပြန်သွားခဲ့ကြောင်း ဂျပန်သတင်းစာယိုမီအုရီရှင်ဘွန်သတင်းစာက ဇန်နဝါရီလ ၁ ရက်တွင် ဖော်ပြခဲ့သည်။ *Ref:AFP*



Photo:AFP

ကင်ဂျုံအီလ်စျာပနတွင် ကင်ဂျုံအွန်ကိုတွေ့ရစဉ်